# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၊ ကြာသပတေး၊ (မေ ၁၂ ၊ ၂၀၁၁)



TRI
MEN'S AND LADIES' WEARS


# အရွယ်မရောက်သူစစ်မှုထမ်းခြင်း လျော့နည်းလာဟုဆို

မေဝင်းမွန်

ရန်ကုန်၊ မေ - ၂

တပ်သားစုဆောင်းသည့်စခန်းများတွင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ စစ်မှုထမ်းစေမှုအနေအထားမှာ အရေအတွက်အတိအကျမဆိုနိုင်သော်လည်း လျော့နည်းလာသည်ဟု ယူဆကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်အမ်ရှရက်စ်သာကပြောကြားသည်။

တပ်မတော်အတွင်း အရွယ်မရောက်သေးဘဲ တာဝန်ထမ်းဆောင်နေသည့် ကလေးစစ်သား ၄၁၂ ယောက်ကို နိုင်ငံတော်အစိုးရက ၂၀၀၄ ခုနှစ်မှစတင်၍ နေရပ်သို့ပြန်လွှတ်ပေးခဲ့သည်။ ယူနီဆက်ကအဆိုပါ ကလေးစစ်သားများအား မိသားစု၊ မိဘဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံရေးကိုအလေးထားဆောင်ရွက်ပေးခဲ့ပြီး နေရပ်ပြန်ကာကျောင်းတက်လိုသူ၊ ကိုယ်ပိုင်လုပ်ငန်းငယ်လုပ်လိုသူများကို MMCWA၊ World Vision၊ Save the Children စသည့်အင်န်ဂျီအိုများနှင့်ပူးပေါင်းကာ အသေးစားထောက်ပံ့ကူညီမှုများပေးအပ်ခဲ့သည်ဟုသိရသည်။

စာ(၁၂)သို့

# မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ နေရာပေးရေး မဆုံးဖြတ်ရသေး

ငြိမ်းငြိမ်းနိုင်

ဘန်ကောက်၊ မေ-၉

ယခုလ ၇ ရက်နှင့် ၈ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပပြုလုပ်ခဲ့သည့်အာဆီယံထိပ်သီးအစည်းအဝေးတွင်မြန်မာနိုင်ငံအားအာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်လက်ခံရေးမခံရေးကို အစည်းအဝေးနောက်ဆုံး နေ့အထိ အာဆီယံအဖွဲ့ကြီးက ဆုံးဖြတ်ချက်မချနိုင်ခဲ့သေးကြောင်း ယနေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

"အာဆီယံထိပ်သီးအစည်းအဝေးကို ၂၀၁၄ မှာ မြန်မာနိုင်ငံမှာကျင်းပခွင့်ရဖို့ အဆိုပြုချက်ကို အာဆီယံအနေနဲ့ မြန်မာနိုင်ငံက အဖွဲ့ကြီးရဲ့ အခြေခံသဘောထားဥပဒေသတွေအပေါ်မှာထားတဲ့ ကတိကဝတ်တွေပေါ်ကြည့်ပြီး စဉ်းစားသွားမှာပါ"ဟု လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သောအင်ဒိုနီးရှားနိုင်ငံက ထုတ်ပြန်ချက်တွင်ရေးသားဖော်ပြထားသည်။ သို့သော်လည်း ယင်းဆုံးဖြတ်ချက်သည် အလျင်စလိုဆုံးဖြတ်ရန်မလိုသည့် နှစ်ကုန်ပိုင်း အောက်တိုဘာလတွင် ဘာလီ၌ ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးကောင်းဆွေးနွေးနိုင်လိမ့်မည်ဟု အလှည့်ကျဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားနိုင်ငံက ထပ်မံပြောဆိုလိုက်သည်။

စာ(၁၂)သို့

# ကုမ္ပဏီများသို့ စားအုန်းဆီ တင်သွင်းခွင့်ပြု၍ ပို့ကုန်ရငွေတန်ဖိုးတက်

အားမာန်

ရန်ကုန်၊ မေ-၅

ပြည်တွင်းလုပ်ငန်းရှင်များကို စားအုန်းဆီတင်သွင်းခွင့် စတင်ခွင့်ပြုခဲ့ပြီးနောက် ပို့ကုန်ရငွေ (Export Earning)တန်ဖိုးများ ရက်ပိုင်းအတွင်းမြင့်တက်လာခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၁ ခုနှစ် ဧပြီလကုန်အထိ တစ်ယူနစ်လျှင် ကျပ် ၉၀၀ အောက်သာ တန်ဖိုးရှိခဲ့သော ပို့ကုန်ရငွေမှာ မေလဆန်းမှစတင်၍ ဆက်တိုက်မြင့်တက်လာသည်။ မေ ၃ ရက်တွင် တစ်ယူနစ် ၉၂၅ ကျပ်အထိ ဈေးတက်ခဲ့ပြီး မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ၉၁၈ ကျပ်ဝန်းကျင်ဈေးပေါက်နေသည်။ ထိုသို့ ပို့ကုန်ရငွေတန်ဖိုးများ မြင့်တက်လာခြင်းမှာစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အင်အားကြီးကုမ္ပဏီနှင့် ကုမ္ပဏီငယ်များ စုပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီစုစုပေါင်း ၁၀ ခုကို ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် စားအုန်းဆီတင်သွင်းခွင့်ပြုခဲ့ခြင်း ကြောင့်ဖြစ်ကြောင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များက ပြောသည်။

စာ(၃၀)သို့



ရန်ကုန်မြို့တွင် မေလ ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မိုးရေထဲပျော်ရွှင်စွာဆော့ကစားနေသောကလေးငယ်များကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြန်မာနိုင်ငံတောင်ပိုင်းဒေသသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်

အားမာန်၊ အောင်သူရ

ရန်ကုန်၊ မေ - ၉

အနောက်တောင်မုတ်သုံလေသည်ကပ္ပလီပင်လယ်ပြင်နှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်းသတင်းရရှိသည်။

"တောင်ပိုင်းနဲ့မြစ်ဝကျွန်းပေါ်ဒေသကို တစ်ပတ်လောက်နောက်ကျပြီး မေ ၁၅ ရက်နောက်ပိုင်းလောက်မှာဝင်မယ်လို့ မှန်းထားခဲ့ပေမယ့် ယခုမေလဆန်းမှာ ပစိဖိတ်သမုဒ္ဒရာမှာ မုန်တိုင်း AERE ဖြစ်လာခဲ့တာကြောင့် ဘင်္ဂလားပင်လယ်အော်မှာ မုန်သုံလေဝင်ရောက်မှုဟာ နောက်မကျတော့ဘဲ ပုံမှန်အတိုင်းဝင်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိအားဖြင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများကိုဝင်ရောက်လျက်ရှိနေပြီး တစ်ဆက်တည်းမှာပဲ မြစ်ဝကျွန်းပေါ်ဒေသများကို ဆက်လက်ဝင်ရောက်ဖွယ်ရာရှိနေပါတယ်"ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် မေ ၈ ရက်ညက ဖော်ပြထားသည်။

မြောက်ပစိဖိတ်သမုဒ္ဒရာတွင် AERE အမည်ရှိ အပူပိုင်းမုန်တိုင်းသည် မေလ ၆ ရက်တွင် စတင်ဖြစ်ပေါ်ခဲ့ကြောင်း ဦးထွန်းလွင်က ပြောသည်။

ယခုရက်သတ္တပတ်အတွင်း ဆက်တိုက်ရွာသွန်းနေသော မိုးများမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အတွင်း

စာ(၁၂)သို့

# ငါးသိန်းတန် စီဒီအမ်အေဖုန်းများ လျှောက်ထားခွင့် ရပ်ဆိုင်းတော့မည်

ယုဇနကိုကို

ရန်ကုန်၊မေ-၈

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟာဇ်နှင့် ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများလျှောက်ထားခွင့်ကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# မြစ်ဆုံစီမံကိန်းကြောင့် ရေဝပ်မည့်ဧရိယာမှ ရွာအားလုံးနီးပါး ပြောင်းရွှေ့ပြီးစီး

**အေးမြကျော်**

**မြစ်ကြီးနား၊ ဧပြီ - ၂၉**

မေခနှင့် မလိခမြစ်နှစ်စင်းဆုံရာတွင် တည်ဆောက်လျက်ရှိသော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်း ကျရောက်သောကျေးရွာများကို နေရာပြောင်းရွှေ့ချထားပေးလျက်ရှိရာ ပြောင်းရွှေ့ခြင်းများ ပြီးစီးလုနီးပါးရှိနေပြီဖြစ်ကြောင်း မြစ်ဆုံဒေသတွင် နေထိုင်သူများက ပြောသည်။

စီမံကိန်း၏ဧရိယာအတွင်း ကျရောက်သော ကျေးရွာပေါင်း ၃၀ ကျော်ကို မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းနံဘေးရှိ အောင်မြေသာစံပြကျေးရွာသို့ရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း ဒေသခံများကဆက်လက်ပြောသည်။



မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်ဒေသခံများအတွက် အစားထိုးဆောက်လုပ်ထားသော အောင်မြင်သာကျေးရွာသစ်

အောင်မြေသာစံပြကျေးရွာကို အေးရှားဝေါလ်ကုမ္ပဏီက ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကတည်းက စတင်တည်ဆောက်ခဲ့ရာ အဆိုပါရွာတွင် ပုံစံတူ နှစ်ထပ်အိမ် ၃၄၅ လုံးကိုတည်ဆောက်ပေးထားပြီး ဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်း၊ ဆေးရုံ၊ ဘုရားကျောင်းတို့ပါဝင်ကြောင်း အဆိုပါရွာတွင် ပြောင်းရွှေ့နေထိုင်နေကြသော ဒေသခံရွာသားများထံမှသိရသည်။

ပြောင်းရွှေ့လာသော သန်းခေါင်စာရင်းရှိ ဒေသခံ မိသားစုဝင်များကို နှစ်ထပ်အိမ်တစ်လုံးနှင့် တီဗီတစ်လုံးအပြင် ငွေကျပ်တစ်သိန်းနှင့် တစ်နှစ်စာဆန်များ ထောက်ပံ့ပေးကြောင်း သိရသည်။

ပြောင်းရွှေ့လာသော ဒေသခံအများစုမှာ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ၎င်းတို့၏ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် အောင်မြေသာစံပြကျေးရွာနှင့် ဆယ်မိုင်ခန့်ကွာဝေးသောနေရာတွင် အေးရှားဝေါလ်ကုမ္ပဏီက လယ်မြေဧက ၄၀၀ ကျော်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

"ရွာကနေ အဲဒီနေရာကနည်းနည်းလှမ်းတော့ သွားရလာရတာတော့ နည်းနည်းခက်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် ၂၀၁၉ ခုနှစ်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်သည်။

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေဘိုမြို့အနီးတစ်ဝိုက် နွေစပါးစိုက်ခင်းအချို့ရေလွှမ်း

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၇**

မြန်မာနိုင်ငံအထက်ပိုင်း အဓိကစပါးကျီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုမြို့အနီးတစ်ဝိုက်ကျေးရွာများ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မေလဆန်းပိုင်းတွင်နွေစပါးစိုက်ခင်းအချို့ရေလွှမ်းမိုးမှုများကြုံတွေ့ခဲ့ရကြောင်း ရွှေဘိုမြို့နယ်ဒေသခံတောင်သူများက ပြောကြားသည်။

"ပြီးခဲ့တဲ့ဧပြီလကုန်ရက်ပိုင်းကစပြီးနေ့တိုင်းလိုလို မိုးသည်းသည်းရွာလို့နွေစပါးစိုက်ခင်းတွေ ရေနစ်ကုန်တာတွေရှိတယ်။ ရွှေဘိုမြို့တောင်ဘက်ကနေ စိုင်နိုင်ကွေ့အထိ ကြားရွာတွေမှာ စပါးခင်းတွေရေဖွေးကုန်ပြီ။ ရွှေဘို-မန္တလေးကားလမ်းနဲ့ရွှေဘို-မုံရွာကားလမ်းအချို့နေရာတွေမှာ မိုးရေတွေများပြီး လမ်းပေါ်ရေကျော်ထိဖြစ်သွားတယ်"ဟု မုံရွာ-ရွှေဘိုယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကပြောသည်။

ရွှေဘိုမြို့တွင် ပြီးခဲ့သည့်ဧပြီလ ၂၉ ရက်တွင်မိုးရေချိန် ၃ ဒသမ ၁၅ လက်မအထိရွာသွန်းခဲ့သည်။ ဧပြီလကုန်မှ မေလဆန်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရွှေဘိုမြို့ တောင်ဘက် တဂဏာန်းကျေးရွာ၊ သားနားကျေးရွာ၊ စိုင်နိုင်ကျေးရွာစသည့် ကျေးရွာများရှိနွေစပါး စိုက်ခင်းအချို့မိုးရေနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"နွေစပါးစိုက်ခင်းအချို့ကစောစောစိုက်တော့ရိတ်ချိန်နီးနေပြီ။ ရင့်နေတဲ့စပါးကွင်းတွေကတော့ ရေထဲမှာ ရသလောက်ရိတ်နေကြတယ်။ အချို့စပါးခင်းတွေက စိုက်ချိန်နောက်ကျတော့ အနှံစုံတဲ့အချိန်မှာ ရေနစ်သွားတာ ရေနစ်သွားတဲ့စပါးတွေရင့်တဲ့သူကပြန်ရတာလေ။ နေလှန်းသူလှန်းနေရတယ်။ နွေစပါးခင်းတွေ ရေမြုပ်လောက်အောင်မိုးကြီးတာ တစ်ခါမှ မကြုံဖူးဘူး"ဟု ရွှေဘိုမြို့နယ် ဒေသခံတောင်သူတစ်ဦးကပြောသည်။

ဧပြီလ ၂၉ ရက်တွင် ရွှေဘိုမြို့နည်းတူ မုံရွာမြို့တွင်လည်း မိုးရေချိန် ၂ ဒသမ ၂၄ လက်မ အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့်မုံရွာမြို့အနီးတစ်ဝိုက်အင်းကြီးများအတွင်း စိုက်ပျိုးသောနွေစပါးစိုက်ခင်းအချို့ ရေနစ်မြုပ်ခဲ့ကြောင်းသိရသည်။

"နွေစပါးရိတ်လို့ရတဲ့စပါးခင်းတွေက ရိတ်သိမ်းနေပြီ။ ရေအောက်မြုပ်နေတဲ့ နွေစပါးခင်းအများစုက စပါးနှံမစုံသေးတာလည်းရှိတယ်။ စပါးရင့်လို့ ရိတ်ပေမယ့် ရေမြုပ်စပါးတွေက စားလို့တော့ရတယ်စိုက်ဖို့ မျိုးစေ့မရတော့ဘူး။ မရင့်မမှည့် ရိတ်ရတာရော ရေမြုပ်လို့ အညှောင့်ပေါက်ကုန်တာရောကြောင့် မျိုးစေ့မရဘူး။ နွေစပါးအများစု မိုးကြီးလို့ပျက်တာစီးတာနှစ် ၂၀ ကျော်အတွင်း ဒီတစ်ခါပဲကြုံဖူးတယ်"ဟု မုံရွာမြို့နယ် ကျွဲရဲအင်းအတွင်း နွေစပါးစိုက်ပျိုးသူတစ်ဦးကပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နွေစပါးစိုက်ခင်းအချို့ မိုးရေနစ်မြုပ်ပျက်စီးမှုများရှိခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းစပါးဈေးကွက်ကိုထိခိုက်မှုအနည်းငယ်သာဖြစ်ကြောင်း ရွှေဘိုဒေသခံဝါရင့် ဆန်စပါးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

# ရေထွက်ပို့ကုန်များ ဈေးနှုန်းသတ်မှတ်သည့် ပုံစံပြောင်းလဲ

**သန်းဌေး**

**ရန်ကုန်၊ မေ-၃**

ရေထွက်ကုန် ပို့ကုန်များကို ငါးလုပ်ငန်းဦးစီးဌာနက ဈေးနှုန်းသတ်မှတ်ပေးခဲ့ရာမှ ယခုဈေးကွက်ကသတ်မှတ်သည့် ဈေးနှုန်းစနစ်သို့ပြောင်းလဲကျင့်သုံးမည်ဖြစ်၍ ပို့ကုန်လုပ်ငန်းရှင်များ ယခင်ထက် အခွန်ငွေပိုမိုပေးဆောင်ရဖွယ်ရှိကြောင်း သတင်းရရှိသည်။

"မိမိတို့ရဲ့ရေထွက်ကုန်တွေကို အရည်အသွေးလျှော့ချပြီး ဈေးလျှော့ရောင်းတာမျိုး မဖြစ်စေဘဲ နိုင်ငံတကာနဲ့တစ်ပြေးညီပေါက်ဈေးရစေချင်လို့ပါ"ဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက ယခုကဲ့သို့ စနစ်ပြောင်းလဲရခြင်းနှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ပြောကြားသည်။

အမှန်တကယ်ရောင်းဈေးပေါ်တွင် ပို့ကုန်ရငွေခွန် တစ်ဆယ်ရာခိုင်နှုန်းကို ပေးဆောင်ရတော့မည်ဖြစ်၍ ပို့ကုန်လုပ်ငန်းရှင်များမှာ ယခင်ကထက်ပိုမိုခက်ခဲလာဖွယ်ရှိနေသည်။

"ဒီဆယ်ရာခိုင်နှုန်းက ကျွန်တော်တို့ ပုစွန်လုပ်ငန်းရှင်တွေအတွက်တော့ ထိခိုက်ပါတယ်။ နည်းပညာနဲ့ ကုန်ကြမ်းကြောင့် ရေငန်ပုစွန်ရဲ့အဆင့်က သုညဖြစ်နေပြီ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၂) ဦးနှင်းဦးက ပြောသည်။

ထို့အပြင် ဈေးကွက်ပေါက်ဈေးပေါ်တွင်တွက်ချက်ပြီး အခွန်ပေးဆောင်ရမည်ဆိုပါက ပို့ကုန်ရငွေတန်ဘိုးအား မြန်မာကျပ်ငွေဖြင့် လဲလှယ်နှုန်းတည်ငြိမ်ရေးမှာ အဓိကကျလာကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

"ဈေးနှုန်းချရောင်းတာ မဟုတ်ဘူး။ တစ်ကီလိုကို ဘယ်ဈေးဆိုရင် သူတို့က ပေးပါတယ်။ ဒါပေမဲ့ ငွေပြန်လဲတဲ့အခါ ကျတာပါ။ငွေလဲနှုန်း ပြောင်းလဲလို့ ဖြစ်ရတာ" ဟု ၎င်းကပြောသည်။

ထို့အပြင်ငါးမွေးမြူရေးလုပ်ငန်းသည် နှစ်ချီလချီမွေးမြူကြရသည့်အတွက် အစာဈေးနှုန်းမှာ စမွေးစဉ်ကထက် တက်လာသောအခါ မွေးမြူထုတ်လုပ်စရိတ်မှာလည်း တက်လာသည်။ မူလငွေလဲနှုန်းဖြင့် သတ်မှတ်စဉ်ကရသောဈေးနှုန်းမှာ အဆင်ပြေနိုင်သော်လည်း ငွေလဲနှုန်းကျလာလေပြည်ပတင်ပို့သူက ငါးကန်မှ ဝယ်ဈေးနှုန်းအား လျှော့ချဝယ်ယူလေဖြစ်လာကြသည့်အတွက် မွေးမြူထုတ်လုပ်သူများသာ အရှုံးနှင့် ရင်ဆိုင်လာကြရကြောင်း ၎င်းက အသေးစိတ်တွက်ချက်ကြသည်။



ဈေးကွက်သို့တင်ပို့ရန် ပုဇွန်များကို သန့်စင်နေကြစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ဌာနတွေအနေနဲ့လည်း ဘာပဲလုပ်လုပ် ကိုယ်ဌာနက ခိုင်ခိုင်မာမာဖြစ်အောင် လုံးဝတာဝန်ယူရတော့မှာပါ"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

အထက်ပါကဲ့သို့ ဈေးကွက်ပေါက်ဈေးမှန်အတိုင်း အခွန်ငွေပေးဆောင်ရမည်ဆိုပါက ငွေလဲလှယ်နှုန်းပြောင်းလဲကျဆင်းမှုဒဏ်မှ ပြေလည်စေရန် ဘဏ်ကဲ့သို့သောကြားခံအဖွဲ့အစည်းတစ်ခုမှ တာဝန်ယူညှိနှိုင်းပေးလျှင် ပြေလည်ဖွယ်ရှိကြောင်း ဆန်းမြန်မာအင်တာနေရှင်နယ် အင်ပက်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်ကပြောသည်။

"သုံးလ၊ ခြောက်လ သတ်မှတ်ပေးပြီး ငွေလဲနှုန်းတစ်ခုခုကို မူတည်ပေးထားရင်တော့ အခုလိုပြောင်းလဲလာတဲ့ အခြေအနေနဲ့ အဆင်ပြေမှာပါ" ဟု ၎င်းကပြောသည်။

အထက်ပါ ပြောင်းလဲလာသော ကိစ္စအား ရေလုပ်ငန်းရှင်များ ကော်မတီတစ်ရပ်ဖွဲ့ကာ ညှိနှိုင်းတိုင်ပင်ကြရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အမှုဆောင်ဥက္ကဋ္ဌဦးဟန်ထွန်းကပြောသည်။

# ဟိုတယ်များကို ကြယ်ပွင့်အဆင့် ခွဲခြားသတ်မှတ်မည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၇**

မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်လုပ်ကိုင်နေသော ဟိုတယ်များအား ဟိုတယ်အဆင့် ခွဲခြားသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ဧပြီလ ၂၉ ရက်က ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြုလုပ်သော အစည်းအဝေး၌ ဟိုတယ်ခရီးဝန်ကြီးက အထက်ပါအတိုင်းပြောကြားခဲ့ကြောင်း အဆိုပါအစည်းအဝေးတက်ရောက်ခဲ့သူများကဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသောဟိုတယ်များအား ဟိုတယ်လုပ်ငန်းရှင်များက မိမိဘာသာ အဆင့်ခွဲခြား၍ ကြယ်လေးပွင့်၊ ကြယ်ငါးပွင့်အဖြစ်သတ်မှတ်ထားကြသည်။

"နိုင်ငံအများစုမှာတော့ သက်ဆိုင်ရာက အဆင့်သတ်မှတ်ပေးတယ်။ သတ်မှတ်ပေးထားတာကို ဟိုတယ်ရဲ့ မြင်သာထင်သာရှိတဲ့နေရာမှာ ကပ်ထားတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.10, No.8 ▪ MAY 12, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာမစိတ်နိုးကြွစေသော ကော်ဖီ၊ ချောကလက် ရောင်းချသူများအား အရေးယူတော့မည်

ကျော်သီဟ

ရန်ကုန်၊ မေ- ၉

တရားမဝင် ဝင်ရောက်လာသော လိင်စိတ်နိုးကြွစေသည့် ကော်ဖီ၊ချောကလက်နှင့်ဆေးများ ရောင်းချသူများအား ပြစ်မှုဆိုင်ရာ ဥပဒေများဖြင့်အရေးယူတော့မည်ဖြစ်ကြောင်းသက်ဆိုင်ရာမှ သတင်းရရှိသည်။



တရားမဝင် ဝင်ရောက်လာသော ကာမစိတ်နိုးကြွစေသည့် ကော်ဖီမစ် ဓာတ်ပုံ - အောင်အောင်

လူငယ်များအကြားတွင် များ ယွင်းစွာ အသုံးချနိုင်သော၊ ကာမ စိတ်ကို နှိုးဆွနိုင်သော ကော်ဖီ မစ်များ၊ ဆေးဝါးများ၊ ချောက လက်များအား သက်ဆိုင်ရာမှ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲ ခြင်းစသည်တို့ကို တွေ့ရှိပါကပြစ် မှုကြောင်းအရ ထိရောက်စွာ အ ရေးယူသွားမည်ဖြစ်ပြီး ယင်းလိင် စိတ်ကြွကော်ဖီမစ်များမှာ ဈေးနှုန်း ပေါခြင်းနှင့်အာနိသင်မှာသောက် မိပါက လိင်စိတ်လှုံ့ဆော်စေနိုင် ကြောင်းသိရသည်။

"ဒီနှစ်သင်္ကြန်မတိုင်မီက တရားမဝင်ရောက်လာတဲ့ အဲဒီ ကော်ဖီမစ်တွေကို ရန်ကုန်တိုင်း ဒေသကြီးအတွင်းထိရောက်စွာ အရေးယူဖို့ ဒီလဆန်းအတွင်း ညွှန်ကြားထားတယ်။ ဒါဟာ အ များပြည်သူများအတွက် ကောင်း တဲ့ အစိုးရရဲ့ လုပ်ဆောင်ချက် တစ်ခုဖြစ်တယ်"ဟု သက်ဆိုင်ရာ မှ တာဝန်ရှိသူတစ်ဦးက 7Day News သို့အတည်ပြုပြောကြား သည်။

သင်္ကြန်မတိုင်မီဝင်ရောက် လာသော အဆိုပါ လိင်စိတ်ကြွ ကော်ဖီမစ်များမှာ အမျိုးသား သုံးကော်ဖီမစ်နှင့် အမျိုးသမီးသုံး ကော်ဖီမစ်ဟူ၍ နှစ်မျိုးခွဲခြားထား ပြီးအမျိုးသားများအတွက် အင်္ဂလိပ်စလုံး Man's Coffee နှင့် အမျိုးသမီးသုံးအား တရုတ်စာဖြင့် ရေးသားထားကြောင်း သိရသည်။

ထို့ပြင် ယင်းကော်ဖီမစ်များ ကိုလည်း အမျိုးကောင်းသား အမျိုးကောင်းသမီးများအနေဖြင့် အထူးရှောင်ကြဉ်ရန်လိုအပ်ပြီး သတိထားသင့်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌနေရာ အပ်နှင်းရန် အာဆီယံလမ်းဖွင့်ထား

ဂျကာတာ၊ မေ - ၈

အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ဥက္ကဋ္ဌနေရာအတွက် မြန်မာနိုင်ငံ၏ အဆိုပြုတင်ပြမှုကို အာဆီယံနိုင်ငံခေါင်းဆောင်များက ကန့်ကွက်မှုမရှိခဲ့ကြောင်း သိရသည်။

"မူအားဖြင့် အာဆီယံခေါင်းဆောင်တွေက ကန့်ကွက်မှုမရှိပါဘူး"ဟု ထိပ်သီးဆွေးနွေးပွဲပြီးဆုံးချိန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုကပြောကြားသည်။ သို့သော် ကမ္ဘာကြီး၏အာရုံစိုက်မှုကိုရရှိထားသော မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီထွန်းကားရေးနှင့်ပတ်သက်၍ ဆက်လက်တိုးတက်အောင်လုပ်ဆောင်နိုင်မည်ဟုမျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံခေါင်းဆောင်များ၏ နှစ်ရက်ကြာထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲကြေညာချက်တွင်လည်း "အာဆီယံ၏ အခြေခံမူများအပေါ် မြန်မာနိုင်ငံ၏အလေးအနက်ထားမှုကိုထောက်ရှု၍ ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးဆွေးနွေးပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးဟူသည့် မြန်မာနိုင်ငံ၏ အဆိုပြုတင်ပြချက်ကိုလည်း စဉ်းစားတိုင်ပင်ခဲ့ကြောင်း" ဖော်ပြပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး မတ်လအတွင်း အစိုးရသစ်တစ်ရပ်ထွက်ပေါ်လာပြီးနောက် မြန်မာနိုင်ငံ၌ဖြစ်ပေါ်လာသော တည်ငြိမ်သောဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံရေးအရတိုးတက်မှုများကို အာဆီယံခေါင်းဆောင်များက ထောက်ခံပါကြောင်း ပူးတွဲကြေညာချက်က ဖော်ပြသည်။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲမှာလည်း အောင်မြင်သောရွေးကောက်ပွဲဖြစ်ကြောင်း အာဆီယံခေါင်းဆောင်များကပြောကြားသည်။ *—Ref: Reuters*



7 DAY NEWS JOURNAL
Vol.10, No.8 ▪ MAY 12, 2011

CRIME CORNER

## နိုင်ငံခြားသားကို အထင်ကြီးမိ၍ ကျပ်သိန်း ၂၆၀ တန်နာရီ အခိုးခံရ

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ - ၃၀**

စိန်ပွင့်များနှင့် ရွှေဖြင့်ပြုလုပ်ထားသောကျပ်သိန်းနှစ်ရာကျော်တန်ရိုးလက်စ်အမျိုးအစား လက်ပတ်နာရီတစ်လုံးပျောက်ဆုံးမှုနှင့် ပတ်သက်၍ ချယ်ရီဦးနာရီဆိုင်မှ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အသက် ၃၀ ဝန်းကျင်နှင့် အသက် ၄၀ ဝန်းကျင် နိုင်ငံခြားသား နှစ်ဦးသည် ကုန်သည်ကြီးများ ဟိုတယ်ရှိချယ်ရီဦးနာရီဆိုင်တွင် အထက်ပါနာရီအားဝယ်ယူမည်ဆိုပြီး ကြည့်ရှု၍ ငွေမလောက်သဖြင့်ဆိုင်မှာပင်သိမ်းဆည်းပေးထားရန်ပြော၍ သိမ်းဆည်းခဲ့သည်။ သို့သော်နောက်ရက်များတွင် နာရီဝယ်သူလာ၍ သိမ်းဆည်းထားသောနာရီအားထုတ်ယူရာတွင်ဘူးအတွင်းနာရီမရှိဘဲပျောက်ဆုံးသွားသောကြောင့် ကျောက်တံတားရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

နာရီပျောက်ဆုံးမှုတွင်ဟိုတယ်မှတပ်ဆင်ထားသောကင်မရာများတွင် နိုင်ငံခြားသားနှစ်ဦး ဆိုင်းအတွင်း ဝင်ရောက်ခဲ့ပုံနှင့်ရေးကြီးသုတ်ပြာဖြင့်ဟိုတယ်ခြံစည်းရိုးအားကျော်ခွ၍ မော်တော်ယာဉ်တစ်စီးပေါ် တက်ရောက်သွားမှုကို မြင်တွေ့ရကြောင်း တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

၎င်းကိစ္စအား ရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး နာရီပျောက်ဆုံးမှုသည် နိုင်ငံခြားသားများအပေါ် အထင်ကြီး လေးစားခြင်းကြောင့်ဖြစ်ကြောင်း သို့သော်ဆိုင်တွင် ကျပ်သိန်းထောင်ဂဏန်းတန်သော နာရီများရှိသော်လည်း ကျပ်သိန်း၂၆၀ တန်သော နာရီသာပျောက်ဆုံးခဲ့သဖြင့် အဆိုးထဲမှ အကောင်းဟုပြောရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

နာရီပျောက်ဆုံးမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းမှာ သတင်းဌာနများနှင့် ဈေးဝယ်သူများ နာရီပျောက်ဆုံးခြင်း၏ အခြေအနေမှန်ကို ရှင်းလင်းစွာသိရှိရန်၊ ၎င်းဖြစ်စဉ်ပေါ် အခြေခံ၍ အခြားတန်ဖိုးကြီး ပစ္စည်းရောင်းချသော ဆိုင်များသတိမူနိုင်ရန်နှင့် ၎င်းဖြစ်စဉ်တွင် ကုန်သည်ကြီးများ ဟိုတယ်အနေတာဝန်လုံးဝမရှိကြောင်းသိရှိစေရန်ရည်ရွယ်ကြောင်း သိရသည်။

## ငွေသုံးသောင်းတောင်းရာမှ လူသတ်မှုဖြစ်

**ကျော်ဇေယျ**

နေပြည်တော်၊ မေ- ၂

ကုမ္ပဏီတစ်ခုတည်းအလုပ်လုပ်သူအချင်းချင်း အရက်သေစာသောက်စားပြီး ရရန်ရှိသော ငွေသုံးသောင်းတောင်းရာမှ လူသတ်မှုထိဖြစ်ပွားခဲ့သောဖြစ်စဉ်တစ်ခုဧပြီလ ၂၈ ရက်ကနေပြည်တော်ပျဉ်းမနားတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ဆေးရုံတွင် ဧပြီ ၂၈ ရက်နံနက် ၂း၄၅ အချိန်တွင် လူတစ်ယောက်သည် ဦးခေါင်း၌ ဒဏ်ရာဖြင့်ရောက်ရှိလာပြီး ရရှိလာသော ဒဏ်ရာဖြင့်ပင် သေဆုံးသွားကြောင်းသတင်းအရနေပြည်တော် ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာသေဆုံးသွားသူ၏ လူနာအစောင့်ပြောကြားချက်အရသေဆုံးသူမှာ လက်သမား ကိုမြင့်ဇော်ဖြစ်ကြောင်း သိရသည်။

မြင့်ဇော်ဆိုသူသည် ကုမ္ပဏီတစ်ခုတည်းမှာပင် အတူအလုပ်လုပ်သောဝင်းဇော်နှင့်အဆိုပါနေ့ည ၁၂း၃၀ အချိန်ခန့်က အရက်သေစာသောက်စားခဲ့ကြကြောင်း၊ ယင်းနောက်မြင့်ဇော်က ဝင်းဇော်ထံမှ ရရန်ရှိသောငွေသုံးသောင်းတောင်းခံရာ ဝင်းဇော်က မြင့်ဇော်အားပေးလိုက်ပြီး အလုပ်ဆက်မလုပ်ရန်ပြောဆိုသဖြင့် စကားများရန်ဖြစ်ကြကြောင်း သိရသည်။

စကားများရန်ဖြစ်ကြရာ၌ အလုပ်သမားတန်းလျားထဲမှာပင် ဝင်းဇော်က မြင့်ဇော်အား တုတ်နှင့်ရိုက်လိုက်သောကြောင့် မြင့်ဇော်၏ ဦးခေါင်းအနောက်ဘက်ခြမ်း၌ ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ဦးခေါင်းနောက်စေ့ဖူးရောင်ဒဏ်ရာ တစ်ချက်စီတို့ရရှိပြီး နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ပို့ဆောင်ကုသစေရာမှသေဆုံးသွားကြောင်း မျက်မြင်သက်သေတစ်ဦးကဆိုသည်။ သို့ဖြစ်၍ အဆိုပါအမှုအတွက် လိုအပ်သော စစ်ဆေးဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ပျဉ်းမနားရဲ စခန်း(ပ)၂၆၃/၂၀၁၁ ပုဒ်မ ၃၀၂ အရဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

## ဈေးဟောင်းအဆောက်အအုံတစ်ခု အမိုးအမြန်တပ်ဆင်သင့်ကြောင်း ဗိသုကာပညာရှင်တစ်ဦးအကြံပြု



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ဈေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးဟောင်းတွင် အမိုးများပွင့်လျက် မိုးရွာသွန်းလျက်ရှိသည်ကို မေလ ၇ ရက်ကတွေ့ရစဉ်*

**မေဝင်းမွန်**

ရန်ကုန်၊ ဧပြီ-၂၉

ရန်ကုန်မြို့တွင် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်ဈေးဟောင်းအဆောက်အဦငါးခုတွင်ပါဝင်ပြီး လေလံစာရင်းဝင်လည်း ဖြစ်သွားခဲ့သည့် မဟာဗန္ဓုလပန်းခြံလမ်းရှိလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံး (ယခင် ရိုးကုမ္ပဏီ) ဟောင်း၏အဆောက်အအုံအမိုးများတပ်ဆင်ခြင်းမပြုသေးသဖြင့် မိုးရာသီအမီတပ်ဆင်မှုများပြုလုပ်သင့်ကြောင်း အဆောက်အအုံဒီဇိုင်းပညာရှင်တစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင် ကိုလိုနီခေတ် လက်ရာဈေးဟောင်း အဆောက်အအုံပေါင်းများစွာရှိသည့်အနက် ပြုပြင်ထိန်းသိမ်းရန်အလိုအပ်ဆုံးအဆောက်အအုံ ငါးခုကိုသက်ဆိုင်ရာကဒီဇင်ဘာလကုန်ပိုင်းတွင် ပုဂ္ဂလိက ကန်ထရိုက်များကိုပြုပြင်စေခဲ့ခြင်းဖြစ်သည်။

အဆိုပါရိုးကုမ္ပဏီအဆောက်အအုံဟောင်းမှာ ၂၀၁၀ ဒီဇင်ဘာလကုန်ပိုင်းကတည်းကပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့သော်လည်း ပြီးခဲ့သောဖေဖော်ဝါရီလကပြုလုပ်သည့် အဆောက်အအုံလေလံတွင် ပါဝင်ခဲ့သဖြင့်လုပ်ငန်းရှင်တစ်ဦးကဝယ်ယူခဲ့ပြီးနောက်တပ်ဆင်ပြီးစီးသည့်အမိုးများဖြုတ်ကာပြုပြင်တည်ဆောက်မှု ရပ်နားထားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးများရုံးအဆောက်အအုံကို AM ဆောက်လုပ်ရေး၊ ကုန်သည်လမ်းရှိယခင်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းရုံးကိုဂရိတ်ဝေါလ်ဆောက်လုပ်ရေး၊ဆူးလေဘုရားလမ်းရှိ ယခင်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ရုံးကိုKMAဆောက်လုပ်ရေး၊ဗိုလ်ဆွန်ပက်လမ်းရှိယခင်စီးပွား/ကူးသန်း ဝန်ကြီးဌာနရုံးကို အေးရိပ်မွန်ဆောက်လုပ်ရေးတို့ကပြုပြင်ဆောင်ရွက်ပြီး မဟာဗန္ဓုလပန်းခြံလမ်းရှိ ရိုးကုမ္ပဏီအဆောက်အအုံကို ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တစ်မြို့လုံးတွင် ဈေးဟောင်းလက်ရာ အဆောက်အအုံပေါင်း ၁၀၂ လုံးရှိပြီး ကျောက်တံတားမြို့နယ်တွင် အများဆုံးတည်ရှိကာ အဆောက်အအုံပေါင်း ၃၉ ခုရှိကြောင်းသိရသည်။ သတ်မှတ်ဈေးဟောင်း အဆောက်အအုံ ၁၀၂ ခုထဲတွင်ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ယခင်အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံး၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဇဟိုမီးသတ်ကြီး၊ မြန်မာ့အာမခံလုပ်ငန်း၊ ကမ်းနားဟိုတယ်၊ ဇဟိုစာတိုက်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ပါဝင်သည်။

မြို့နယ်အလိုက် ဈေးဟောင်းလက်ရာအဆောက်အအုံများမှာ လမ်းမတော်မြို့နယ်တွင် ၇ ခု၊ လသာမြို့နယ်တွင် ၇ ခု၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁ ခု၊ ကျောက်တံတားမြို့နယ်တွင် ၃၉ ခု၊ ပုဇွန်တောင်မြို့နယ်တွင် ၄ ခု၊ ဒဂုံမြို့နယ်တွင် ၁၅ ခုရှိကြောင်းသိရသည်။

## ခရီးသွားရာသီတွင် နိုင်ငံခြားသားဧည့်သည် ငါးသိန်းဝင်ရောက်ရန်မှန်း

**အောင်သူရ**

**ရန်ကုန်၊ မေ-၅**

လာမည့် ခရီးသွားရာသီတွင် ကမ္ဘာ့လှည့်ခရီးသည် ငါးသိန်းဝင်ရောက်ရန် ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနက မျှော်မှန်း ထားကြောင်း သတင်းရရှိသည်။ နေပြည်တော်တွင်ပြုလုပ်သော အစည်းအဝေးတွင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီးကယင်းကဲ့သို့ပြောဆိုကြောင်းအဆိုပါအစည်းအဝေးသို့တက်ရောက်သူ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း မြန်မာနိုင်ငံသို့ ဧည့်သည်ဝင်ရောက်မှု ၂၇ ရာ ခိုင်နှုန်းတိုးတက်ခဲ့ပြီး ဧပြီလတွင် ဧည့်သည်ဝင်ရောက်မှုမှာ ၆၀ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဧည့်သည် ငါးသိန်းခန့်လာရောက်ရန်ခန့်မှန်းထားသော်လည်း ပုဂ္ဂလိက ခရီးသွားကုမ္ပဏီများကခြောက်သိန်းထိဝင်ရောက်နိုင်ရန်ခန့်မှန်းနေကြသည်ဟု သိရသည်။

မြန်မာနိုင်ငံအတွင်း ၂၀၀၈ ခုနှစ်ကတိုက်ခတ်ခဲ့သောနာဂစ်မုန်တိုင်း အပါအဝင်အခြားသော နိုင်ငံရေးဖြစ်စဉ်များကြောင့်မြန်မာနိုင်ငံအား လူသိများလာခဲ့ကာ ဧည့်သည်ဝင်ရောက်မှုမှာလည်း ၂၀၀၉ ခုနှစ်မှစ၍ တိုးလာခဲ့သည်။ ထို့ကြောင့် ယခုနှစ်မိုးရာသီမှစ၍ ဟိုတယ်များ ပြုပြင်ရန်နှင့် အခန်းများတိုးချဲ့ရန်ဝန်ကြီးက တိုက်တွန်းထားကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်မှစ၍ ဧည့်သည်ဝင်ရောက်မှုပြန်လည်မြင့်တက်လာခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် လေကြောင်းခရီးဖြင့်ကမ္ဘာ့လှည့်ခရီးသွားသုံးသိန်းလာရောက်ခဲ့ပြီး စံချိန်သစ်တင်ခဲ့သည်။ ထိုစံချိန်သစ်တင်ခဲ့သောခရီးသွားသုံးသိန်းမှာ ဒေသတွင်ရှိ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်နေပြီး လာအိုနိုင်ငံသည်ပင် ကမ္ဘာ့လှည့်ခရီးသွားဦးရေတစ်သန်းကျော်လာရောက်နေပြီဖြစ်သည်။

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်များရွေးချယ်ရာတွင် ငွေကြေးပြည့်စုံမှုရှိမရှိကိုပါ ထည့်သွင်းစဉ်းစား

**ကျော်သီဟ**

**ရန်ကုန်၊**

**မေ - ၄**

မြန်မာတစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးနေရာများတွင် ခန့်ထားအုပ်ချုပ်ရန် အုပ်ချုပ်ရေးမှူးအသစ်များအား ပြန်လည်ရွေးချယ်မှုများ ပြုလုပ်လျက်ရှိပြီးရွေးချယ်ရာတွင် ငွေကြေးအထိုက် အလျောက်ပြည့်စုံသူဖြစ်ရမည်ဟု သတ်မှတ်ချက်ပါဝင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မေလဆန်းပိုင်းမှစတင်၍ နေပြည်တော်မှ ညွှန်ကြားချက်များ ရရှိခြင်းဖြစ်ကြောင်း အထက်ပါရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရပ်ကွက်၊ ကျေးရွာအဆင့်အုပ်ချုပ်ရေးမှူးရုံးဆိုင်းဘုတ်များကိုယခုနှစ်မတ်လကုန်ပိုင်းမှစတင်ပြောင်းလဲတပ်ဆင်ခဲ့ပြီး၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်မှုအဆင့်တွင် ရပ်ကွက်၊ ကျေးရွာနှင့် ဒေသခံများလိုလားသူကိုသာ ရွေးချယ်တင်မြှောက်သွားကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ ရွေးချယ်မှုအား ရပ်မိ၊ ရပ်ဖများနှင့် မြို့နယ်အဆင့်ရှိ အုပ်ချုပ်ရေးမှူးရုံးများမှ ကြီးကြပ်စီစဉ်သွားမည်ဖြစ်သည်။

"လက်ရှိအသစ်အုပ်ချုပ်မယ့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်သူဟာ သတ္တိ၊ ဗျတ္တိပြည့်စုံရမယ်၊ ရပ်ကွက်၊ ကျေးရွာလူထုကလက်ခံတင်မြှောက်ရမယ်၊ ပညာရေး အဆင့်တစ်ခုရှိပြီး၊ ဒီတာဝန်အရေးသုံးပါးဦးထိပ်ပန်ဆင်သူဖြစ်ရမယ်၊ ငွေကြေးအထိုက်အလျောက်ပြည့်စုံရမယ်၊ ရပ်ကျိုးရွာကျိုး စေတနာ ထားလုပ်နိုင်သူကိုပဲ ရွေးချယ်ဖို့ရှိတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။


TRI
LIVES BRILLIANTLY
B-741
B-692


Giorenzo
COLLECTION
RAIN COAT
THE QUALITY OF DREAM
MEN'S AND LADIES' WEARS

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# ကြေးဝါရောင်ပစ္စည်းအား တူနှင့်ထုစဉ် ပေါက်ကွဲ လူနှစ်ဦး ဒဏ်ရာရ

**မင်းဒင်**

**မန္တလေး၊ မေ- ၉**

ပီနန်အိတ်၊ ပုလင်း၊ စက္ကူစသော ပစ္စည်းအဟောင်းများအရောင်းအဝယ်အသေးစားပြုလုပ်သည့် လုပ်ငန်း(ဘော်တယ်လုပ်ငန်း)တစ်ခုတွင် ကြေးဝါရောင်ပစ္စည်းတစ်ခုအား တူဖြင့်ထုစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် အ(၁၈)ရပ်ကွက်တွင် နံနက် ၈ နာရီကျော်အချိန်ခန့်က ကျည်ဟု ယူဆသည့် ကြေးဝါရောင်အစိတ်အပိုင်းတစ်ခုအား တူနှင့်ထုစဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ပြီးမန္တလေးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူခဲ့ရကြောင်း စုံစမ်းသိရသည်။

အဆိုပါဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သူ အမျိုးသားသည် ပီနန်အိတ်အဟောင်းရောင်းဝယ်ရေးလုပ်ငန်းအား ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိပြီး ယင်းအဟောင်းပစ္စည်းများအတွင်းမှ ပါလာသည့် ကြေးဝါရောင်အပိုင်းအစတစ်ခုကို တူနှင့်ထုမိရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ အနီးရှိ အမျိုးသမီး အလုပ်သမားတစ်ဦးလည်း ထပ်မံ၍ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

တူနှင့် ထုသူအမျိုးသားတွင် ဘယ်လက်ဖမိုး၊ ညာခြေဖမိုး၊ ဘယ်ခြေသလုံးတို့တွင် အသီးသီး ထိခိုက်ဒဏ်ရာများရရှိပြီး နံဘေးရှိ အမျိုးသမီးအနေဖြင့် ဦးခေါင်းခွဲစိတ်ဌာနတွင်ကုသလျက်ရှိကြောင်းသတင်းရရှိသည်။“ပေါက်ကွဲသံကြားလိုက်ရတယ်။ ကားဘီးပေါက်တယ်ပဲ အောက်မေ့တာ။ နောက်ပိုသံတွေကြားလိုက်ရတယ်။ အဲဒီတော့မှ တစ်ခုခုပေါက်လို့ ထိခိုက်မိတာသိရတယ်” ဟု အဆိုပါဖြစ်ပွားသည့် အိမ်၏ အနီးဝန်းကျင်ရှိ အိမ်နီးနားချင်းတစ်ဦးက ပြောသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား၏ ဇနီးဖြစ်သူက “ကံမကောင်းလို့ပေါ့လေ။ ဒီလုပ်ငန်းလုပ်လာတာကြာပြီ။ ဒီလိုတစ်ခါမှလည်း မဖြစ်ဖူးပါဘူး။ ကြားလည်းမကြားဖူးဘူး။ ဒီကြေးဝါအစလေးကို တူနဲ့ထုလိုက်တာနဲ့ ပေါက်သံကြားရတာပါပဲ။ ဒဏ်ရာတွေလည်းရတယ်လေ”ဟုဖြစ်စဉ်အားပြန်လည်ပြောကြားသည်။

## ရန်ကုန်တွင် ထိုင်းဘတ်ငွေအတုများ ဖမ်းမိ

**ကျော်သီဟ**

ရန်ကုန်၊ မေ- ၉

ထိုင်းနိုင်ငံသုံး ဘတ်ငွေအတုများအားပန်းဘဲတန်းရဲစခန်းမှဖမ်းဆီးရမိကြောင်းသတင်းရရှိသည်။ ဖြစ်စဉ်မှာ မေလ ၆ ရက် ၁၆ နာရီ (ညနေ ၄ နာရီ)တွင် ဒုရဲအုပ်အောင်နိုင်မြင့်နှင့်အဖွဲ့ လှည့်ကင်းဆောင်ရွက်နေစဉ်ပန်းဘဲတန်းမြို့နယ် (၈)ရပ်ကွက်၊ အနော်ရထာလမ်းနှင့်လမ်း ၃၀ ထောင့်တွင် မသင်္ကာဖွယ်လှုပ်ရှားနေသူမ. . အားရှာဖွေရာထိုင်းနိုင်ငံသုံးဘတ်ငွေ ၁,၀၀၀ တန်ငွေစက္ကူအတု ၂၂ ရွက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထိုအမျိုးသမီးအားစစ်ဆေးမေးမြန်းခဲ့ပြီး သတင်းအရခွင့်ယူထားသော ထောက်ကြံ့ဘောလုံးကွင်းရပ်ကွက်နေတပ်မတော်သားတစ်ဦးကိုရှောင်တခင်စစ်ဆေးရာ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁,၀၀၀ တန်ငွေစက္ကူအတု၆၅ ရွက်ထပ်မံသိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။ ထို့ကြောင့် အဆိုပါတပ်မတော်သားနှင့် မ. . . တို့အား ပန်းဘဲတန်းရဲစခန်းမှ(ပ)၁၆၂/ ၂၀၁၁ ပုဒ်မ ၄၈၉(ခ)၄၈၉ (ဂ)ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ထိုတပ်မတော်သားအား တပ်ထိန်း(၁)သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဂိမ်းဆော့ရန် မုန့်ဖိုး မပေး၍အဒေါ်ဖြစ်သူအား တူကသတ်

**အိဖြူလွင်**

**ရန်ကုန်၊ မေ- ၇**

အဒေါ်အရင်းကို တူကဓားနှင့် ထိုးသတ်ခဲ့သည့်ဖြစ်ရပ်တစ်ခု ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်မွန် အိမ်ရာတွင် ယခုလ ၁ ရက်က ဖြစ်ပွားခဲ့သည်ဟု သိရသည်။

သေဆုံးသူမှာ နေပြည်တော်တွင် နေထိုင်သူ အသက် ၅၆ နှစ်ရှိ ဒေါ် . . . ဆိုသူဖြစ်သည်ဟု သိရသည်။ သေဆုံးသူနှင့် ပြစ်မှုကျူးလွန်သူလူငယ် (တူဖြစ်သူ)တို့မိသားစုမှာ လွန်ခဲ့သောလေးလခန့်အထိ အတူနေထိုင်ခဲ့ကြသူများဖြစ်သည်ဟု သိရသည်။

သေဆုံးသူနှင့် လူသတ်မှုကျူးလွန်သူ၏မိခင်တို့မှာညီအစ်မဖြစ်ပြီး အဆိုပါ တိုက်ခန်းတွင် မိသားစုနှစ်စု အတူနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

မိသားစု နှစ်စုမှာ ပြဿနာတစ်စုံတစ်ရာမရှိခဲ့ဘဲ ယခု ဒေါ် . . . သေဆုံးသွားချိန်အထိပင် မိသားစုအားလုံး စည်းလုံးစွာ ရှိနေကြပြီး တူဖြစ်သူက သတ်လိုက်သည်ဆိုခြင်းကို အများကမယုံနိုင်အောင်ဖြစ်နေသည် ဟု အနီးပတ်ဝန်းကျင်ရှိ မိသားစုများက ပြောသည်။

အခင်းဖြစ်ပွားရန် ၃၊ ၄ ရက်အလိုတွင် ဒေါ် . . . သည် အဆိုပါအိမ်သို့ခေတ္တပြန်လာခဲ့ခြင်းဖြစ်ပြီး ၎င်းအပြန်တွင်တူဖြစ်သူကိုပါ နေပြည်တော်သို့ ခေါ်သွားရန်စီစဉ်ထားခဲ့သည်ဟု သိရသည်။

အခင်းဖြစ်ပွားသောနေ့က အိမ်တွင်ဒေါ် . . . တစ်ယောက်တည်းရှိနေပြီးယင်း၏တူဖြစ်သူမှာ ၎င်း၏ သူငယ်ချင်းတစ်ဦးကို ဂိမ်းဆိုင်သို့လာခဲ့ဟု လမ်းတွင်ပြောခဲ့ပြီး အိမ်ပြန်လာကာဂိမ်းဆော့ရန်အတွက်အဒေါ်ထံပိုက်ဆံတောင်းရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ကာဓားနှင့် ၁၁ ချက်ခန့် ထိုးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဒေါ် . . . သေဆုံးသွားသည်ကို ယင်း၏ သမီးဖြစ်သူ အပြင်မှပြန်လာချိန် နေ့လယ်၃ နာရီကျော်အချိန်ခန့်မှ တွေ့ခဲ့ခြင်းဖြစ်ကာပြစ်မှုကျူးလွန်သူလည်း ည ၇ နာရီခန့်တွင်အဒေါ်အိမ်သို့ပင်ပြန်လာခဲ့ကြောင်းသိရသည်။ ယင်းနောက် အိမ်တွင် လူများစုရုံးနေသည်ကိုတွေ့၍ ကြောက်ပြီး ပုန်းနေခဲ့သည်။ ထိုနေ့ည ၈ နာရီခန့်အချိန်တွင် ၎င်းကို လူသတ်မှုကျူးလွန်သူဖြစ်သည်ဟု ယူဆ၍ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ပြစ်မှုကျူးလွန်သူဟု ဆိုသူသည် အသားဖြူဖြူ အရပ်ပုပုနှင့် အနေအထိုင် အေးဆေးသူဖြစ်ကြောင်း ထိုသို့ဖြစ်ပွားခဲ့ခြင်းကို မိသားစုဝင်များ အပါအဝင် ပတ်ဝန်းကျင်ရှိလူများကပါ မယုံနိုင်ဖြစ်နေကြသည်ဟု ပတ်ဝန်းကျင်နေထိုင်သူများက ပြောသည်။

ပြစ်မှုကျူးလွန်သူသည် ကွန်ပျူတာဂိမ်းကို အလွန်အကျွံဆော့သူတစ်ဦးဖြစ်ပြီး ဂိမ်းများထိုသို့ဆော့ရာမှ စိတ်စွဲလမ်းလွန်းခြင်းကြောင့်ပြစ်မှုကျူးလွန်ခြင်းလည်း ဖြစ်နိုင်သည်ဟု ၎င်းနှင့်နီးစပ်သူများကပြောကြားသည်။

# ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်သူတစ်ဦးအား စတင်ဖမ်းဆီးနိုင်



တရားခံထံမှ ဖမ်းဆီးရမိသော လိုင်စင်အတုများကို တွေ့ရစဉ်

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၉**

ယာဉ်မောင်းလိုင်စင်အတုများယခုနောက်ပိုင်းပေါ်ပေါက်လျက်ရှိရာ နေပြည်တော်တွင်ယာဉ်မောင်းလိုင်စင်အတုပြုလုပ်သူတစ်ဦးအား စတင်ဖမ်းဆီးနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

နေပြည်တော်ပျဉ်းမနားမြို့၊ နတ်သူရဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘသန်းကမေလ ၆ ရက်ည ၁၁ နာရီတွင် မင်းဘူးမြို့နေ ကို . . . (၄၇)နှစ်အား ရဲစခန်းသို့ခေါ်ဆောင်လာပြီး ကို . . . မှာ ယာဉ်မောင်းလိုင်စင်တစ်ခုလျှင် သုံးသောင်းကျပ်ဖြင့် လုပ်ပေးသူဖြစ်ကြောင်း တိုင်ကြားသည်။ ကို. . . လုပ်ပေးသော ယာဉ်မောင်းလိုင်စင်အားအစစ်အမှန်ထင်၍ ကိုင်ဆောင်အသုံးပြုမိသော နေပြည်တော်ပျဉ်းမနားပေါစံခေါ်ရွာနေ လူငယ်တစ်ဦးအား ယာဉ်ထိန်းက ဖမ်းဆီးစစ်ဆေးတော့မှအတုဖြစ်နေကြောင်း သိရပြီးထိုလိုင်စင်ပြုလုပ်ပေးခဲ့သူဖြစ်သော မင်းဘူးမြို့နေ ကို. . . (၄၇)နှစ်အားလိုအပ်သောအရေးယူမှုများ ဆောင်ရွက်ပေးပါရန် တိုင်ကြားလာခဲ့ခြင်းဖြစ်သည်။

ထိုတရားခံနှင့်အတူ ယာဉ်မောင်းလိုင်စင်အတု(၁၀)ခုပါလာကြောင်း၎င်းကဝန်ခံထွက်ဆိုခဲ့သဖြင့် သိမ်းဆည်းပြီး လိုအပ်သောစစ်ဆေးဆောင်ရွက်မှုများဆောင်ရွက်နိုင်ရန် နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၂၈၄/ ၂၀၁၁ ဥပဒေပုဒ်မ ၄၂၀/ ၄၆၈ အရအမှုဖွင့်ဆောင်ရွက်ခဲ့ရသည်ဟု ရဲမှတ်တမ်းများအရ သိရှိရသည်။

ပြစ်မှုကျူးလွန်သူကလည်း “ကျွန်တော့်အနေနဲ့ကလည်း မန္တလေးမှာရှိတဲ့ အဆက်အသွယ်ဖြစ်တဲ့ကို. . . နှင့်ကို. . . တို့ကိုလှမ်းမှာပေးရတာ လိုင်စင်တစ်ခုကိုနှစ်သောင်းအရင်းရှိပြီး ကျွန်တော်က သုံးသောင်းယူလို့ ကျွန်တော့် အတွက်တစ်ခုကိုတစ်သောင်းကျန်ပါတယ်”ဟု ဝန်ခံထွက်ဆိုခဲ့သည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

ထို့ပြင် ၎င်းနေထိုင်ရာ နေအိမ်သို့ရဲတပ်ဖွဲ့ဝင်များဝင်ရောက်ရှာဖွေရာတွင်ဓာတ်ပုံဖြတ်တောက်လှီးထုတ်ထားသော ယာဉ်မောင်းလိုင်စင်တစ်ခု၊ လိုင်စင်ပြုလုပ်သူများ၏ လိုင်စင်ဓာတ်ပုံ (၃၆)ပုံနှင့် လိုင်စင်ပြုလုပ်သူများ၏မှတ်ပုံတင်မိတ္တူများပါတွေ့ရှိသိမ်းဆည်းခဲ့ရကြောင်းလည်း တာဝန်ကျရဲအရာရှိတစ်ဦးမှ ပြောဆိုသည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူ၏ထွက်ဆိုချက်အရ နောက်ဆက်တွဲတရားခံများအား ဖမ်းဆီးရန်ဆောင်ရွက်လျက်ရှိကြောင်းလည်း သတင်းရရှိသည်။

“ဒီလို တာဝန်ရှိယာဉ်ထိန်းတွေစစ်မှ မိမိကိုင်ဆောင်တဲ့ လိုင်စင်ဟာ အတုဖြစ်ကြောင်းသိရတဲ့ဖြစ်ရပ်တွေက မကြာခဏပါပဲ။ သူတို့တွေက ယာဉ်မောင်းလိုင်စင်ကို လိုအပ်ပါလျက်နဲ့ ယာဉ်မောင်းသင်တန်းတက်ရမှာကိုအကြောင်းအမျိုးမျိုးနဲ့နောက်တွန့်နေပြီး လိုင်စင်ပွဲစားကနေတစ်ဆင့် လိုင်စင်ယူကြတဲ့သူတွေပါ။ တချို့ကျတော့လည်း အတုကိုအတုမှန်းမသိလို့ ကိုင်မိကြသလို တချို့ကျတော့လည်း သိသိကြီးနဲ့ကိုင်ဆောင်နေကြတဲ့သူတွေလည်း ရှိသေးတယ်ဗျ”ဟု တာဝန်ရှိသူတစ်ဦးကလည်း ပြောဆိုခဲ့သည်။

## မူးယစ်ဆေးသုံးသူများနှင့်လိင်လုပ်သားများအား ကျန်းမာရေးပစ္စည်းထောက်ပံ့ခြင်းမှာ ကာကွယ်ရေးအတွက်သာဖြစ်

**အေးသူစံ**

**ရန်ကုန်၊ မေ- ၇**

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) မှ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများအား ၎င်းတို့အတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းများထောက်ပံ့ပေးကမ်းခြင်းမှာ HIV/AIDS ရောဂါအန္တရာယ်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ခြင်းသာဖြစ်ပြီး ၎င်းတို့ကို အားပေးသည့်သဘောမဟုတ်ကြောင်း ယင်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးစောငွေက ပြောသည်။

ကျွန်တော်တို့က ရောဂါသုံးမျိုးစီမံချက်ထဲက HIV ကို ကိုင်တွယ်ရတော့ ဒီလိင်လုပ်သား (Commercial Sex Worker) တွေဆိုကွန်ဒုံးအခမဲ့ပေးတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူ (Drug User) တွေဆိုရင်လည်းဆေးထိုးပြွန်နဲ့အပ်ကို အလကားပေးတယ်။ ဒါတွေဟာ သူတို့ကို အားပေးတဲ့သဘောသက်ရောက်တယ်ဆိုတာမဟုတ်ပါဘူး။ ကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေကို မျှဝေပေးတာပါ။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ပိုးရှိတဲ့သူဆီကနေ မရှိတဲ့သူတွေဆီကို မကူးနိုင်တော့ဘူးပေါ့။ ဒါဟာ အမျိုးသားရေးတာဝန်တစ်ခုကို ထမ်းဆောင်တာပါ” ဟု ၎င်းက ပြောသည်။

MANA မှ Drop In Center များကိုပြည်ပအထောက်အပံ့ရရှိသည့် ရန်ပုံငွေများဖြင့် ရှမ်းပြည်နယ်လားရှိုးရှိ ရပ်ကွက် ၉၊ တောင်ကြီးတွင် နမ့်ပေါင်နှင့်နောင်မွန်ကျေးရွာ၊ မန္တလေးတွင် ပြည်ကြီးတံခွန်မြို့နယ်၊ရန်ကုန်တွင်တာမွေနှင့်ရန်ကင်းမြို့နယ်တို့တွင် ဖွင့်လှစ်ထားပြီး ယင်းစင်တာများတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများ စသူတို့ကို စည်းရုံးခေါ်ဆောင်ပြီး အသိပညာပေးလျက်ရှိသည်။

ယခုနှစ်တွင်မူ ယင်းခုနစ်နေရာအနက် လားရှိုးရပ်ကွက် ၉၊ တောင်ကြီး၊ ရန်ကင်း နှင့် တာမွေတို့မှာ အထောက်အပံ့မရရှိတော့သဖြင့် MANA မှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ယင်းလေးနေရာကိုဆက်လက်ဖွင့်လှစ်ထားပြီး ရန်ကင်းနှင့်တာမွေရှိ စင်တာနှစ်ခုကိုကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားသည်ဟု ဦးစောငွေက ဆက်လက်ပြောပြသည်။

7 DAY NEWS JOURNAL
Vol.10, No.8 ▪ MAY 12, 2011

# ကုန်သွယ်ရေးမူအပြောင်းအလဲအပေါ် လုပ်ငန်းရှင်များ ကြိုက်နှစ်သက်

**အားမာန်**

ရန်ကုန်၊ မေ-၅

ပို့ကုန် သွင်းကုန်လိုင်စင်များ မြန်ဆန်လာခြင်း၊ ကန့်သတ်ထားသော စားအုန်းဆီတင်သွင်းမှုကို လုပ်ငန်းရှင်များသို့ စတင်ခွင့်ပြုခြင်း စသည်တို့ကဲ့သို့ မူဝါဒအပြောင်းအလဲနှင့် ဝန်ဆောင်မှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ခဲ့ခြင်းအား ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များက ကြိုက်နှစ်သက်ကြကြောင်း တူညီတညွတ်တည်းပြောသည်။

"အစိုးရသက်တမ်းတစ်လအတွင်းမှာပဲ ၂၀၀၄ နောက်ပိုင်းမှာ ကုမ္ပဏီအနည်းငယ်ကသာ တင်သွင်းခွင့်ရှိခဲ့တဲ့စားအုန်းဆီကို ကုမ္ပဏီအများအပြား တင်သွင်းခွင့်ရတယ်ဗျာ။ ဒီတစ်လအတွင်းမှာ ပဲပို့ကုန် သွင်းကုန်လိုင်စင် လျှောက်ထားမှုတွေလည်း ပို မြန်ဆန်လာတယ်။ ဒါတွေ အကောင်အထည်ဖော်ပေးတဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို အသိအမှတ်ပြုပါတယ်။ ရှေ့ဆက်ပြီးတော့လည်း တိုင်းပြည်နဲ့ လူထု အကျိုးရှိမဲ့ လုပ်ငန်းတွေ ဆက်လုပ်စေချင်တယ်" ဟု ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏အမြင်ကိုပြောသည်။

"ပို့ကုန် သွင်းကုန်လိုင်စင်တွေ မြန်လာတာ အဆင်ပြေတယ်။ ကျွန်မတို့ မြန်မာပို့ကုန် သွင်းကုန်လုပ်ငန်းရှင်တွေ အဓိကကြုံတွေ့ရတာက ငွေကြေးလဲလှယ်နှုန်း မတည်ငြိမ်တာနဲ့၊ ကုန်စျေးနှုန်း အတက်အကျ မြန်တာတွေပဲ။ ကိုယ်အရောင်းအဝယ်ဖြစ်တဲ့ အချိန်နဲ့လိုင်စင်ကျပြီး တကယ်ပို့တဲ့အချိန်ငွေစျေး(ပို့ကုန်ရငွေစျေး) ကျသွားရင် နစ်နာဆုံးရှုံးတယ်။ ဒီလိုပဲရောင်းတဲ့အချိန် ဉပမာ-ပဲစျေးကကောင်းပေမယ့် တကယ်လိုင်စင်ကျပြီး ပို့တဲ့အချိန် စျေးကျသွားရင် ဝယ်တဲ့သူက သိပ်မဝယ်ချင်တော့တာမျိုးရှိတယ်။ အခုလိုလိုင်စင် မြန်မြန်ဆန်ဆန်ရ၊ မြန်မြန်ပို့နိုင်တာကိုသဘောကျတယ်။ ဒီလိုလုပ်ပေးတာကို တကယ်အသိအမှတ်ပြုတယ်။ တခြားဌာနတွေကိုလည်း စီးပွားကူးသန်းလိုပြည်သူတွေအကျိုးရှိမဲ့ အပြောင်းအလဲတွေ မြန်မြန်လုပ်စေချင်တယ်"ဟုပြည်ပပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ အစိုးရစတင် တာဝန်ယူသော မတ် ၃၁ ရက်နောက်ပိုင်း ပို့ကုန်၊သွင်းကုန်လိုင်စင်များ စိစစ်ပေးခဲ့သော ကုန်သွယ်မှုမူဝါဒကောင်စီ Trade Council ကို ဖျက်သိမ်းခဲ့ပြီး ပို့ကုန်သွင်းကုန် လိုင်စင်များကို ယခင်ထက်ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးခဲ့သည်။ ထိုကြောင့် ယခင်က အကြမ်းဖျင်း လိုင်စင်တစ်စောင်လျှောက်နှစ်ပတ်ခန့်ကြာရာမှ ယခုအခါတစ်ပတ်အတွင်းမှာပင် လိုင်စင်ရကြောင်း လက်တွေ့ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ လုပ်ကိုင်နေသူများက ပြောသည်။ ထို့အပြင် ပို့ကုန် သွင်းကုန်ကုမ္ပဏီ လိုင်စင်များမှာလည်း ယခင်က ထက်မြန်ဆန်လာကြောင်း သတင်းရရှိသည်။

ကုန်သွယ်ရေးမူဝါဒကောင်စီ မရှိတော့သည့်နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစသည့်ဌာနများမှ တာဝန်ရှိသူများပါဝင်သော TISC-Trade Investment Supervising Committee ကို ဖွဲ့စည်းပြီး ပို့ကုန်သွင်းကုန်လိုင်စင်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သတင်းရရှိသည်။

၂၀၀၄ ခုနှစ်နောက်ပိုင်း ကုမ္ပဏီအနည်းငယ်သာ တင်သွင်းခွင့်ရှိခဲ့သော စားအုန်းဆီတင်သွင်းမှုကို ဧပြီလကုန်ပိုင်းမှစ၍ တင်သွင်းလိုသော ကုမ္ပဏီတစ်ရာကျော်အား စီးပွားရေးကူးသန်းက စတင်ခွင့်ပြုခဲ့သည်။ ထိုသို့ခွင့်ပြုရာတွင် ကုမ္ပဏီတစ်ခုတည်း တန်ချိန် ၃၀၀၀ တင်သွင်းနိုင်သော ကုမ္ပဏီကြီးများကို တစ်ခုချင်းခွင့်ပြုခဲ့ပြီး ကုမ္ပဏီအငယ်များကိုလည်း ကုမ္ပဏီများစုပေါင်းကာ တင်သွင်းခွင့်ပြုခဲ့သည်။ စားအုန်းဆီတင်သွင်းခွင့် လိုင်စင်ချထားရာတွင် တောင်သူများသို့ ချေးငွေများ ထုတ်ချေးပေးသော ကုမ္ပဏီ၊ စားအုန်းဆီတန်ချိန် ၃၀၀၀ ကျော်တစ်ပြိုင်နက်တင်သွင်းနိုင်အောင် ငွေကြေးအင်အားတောင့်တင်းသော ကုမ္ပဏီများကို ဦးစားပေးစိစစ်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့အပြင် စီးပွားကူးသန်းက ဆန်ပြည်ပတင်ပို့မှုကို ဆန်အထူးပြုကုမ္ပဏီများသာမက ဆန်ပြည်ပတင်ပို့သော ကုမ္ပဏီ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများကိုပါ အချိုးကျတင်ပို့ခွင့်ပြုရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အကြံပြုမှုပူးပေါင်းမှုများဖြင့် သက်ဆိုင်ရာသို့ တင်ပြထားပြီး ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် စီစဉ်နေသည်။

"သွင်းကုန် လိုင်စင်တွေလည်း မြန်မြန်ချပေးနေပါတယ်။ တစ်ခုရှိတာက နိုင်ငံခြားက ရောင်းသူက အထူးလျှော့စျေးနဲ့ ရောင်းပေးတာမျိုး ဝယ်ရင်တော့ ကိုယ်တင်ပြတဲ့စျေးက စျေးနှုန်းသတ်မှတ်ရေးအဖွဲ့က သတ်မှတ်ထားတဲ့ စျေးထက် နည်းနေတယ်ဆိုပြီး ခွင့်မပြုတာမျိုးရှိတယ်။ အဲဒါမျိုးကျ ဘာကြောင့်စျေးဒီလိုဖြစ်လည်းဆိုတာပြန်တင်ပြရတယ်။ ဘာပဲပြောပြော လိုင်စင်တွေ ပိုမြန်ဆန်လာတာကြိုဆိုပါတယ်။ ဒီထက်ပိုမြန်ဆန်လာရင် ပိုကောင်းလာပေါ့" ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦး ကပြောသည်။

"လိုင်စင်တွေ မြန်မြန်ချပေးတာ လုံးဝကျေနပ်တယ်။ ဒီနေ့လျှောက်၊ ဒီနေ့ခွင့်ပြုရင် ပိုတောင်ကောင်းသေးတယ်"ဟုပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏ အမြင်ကို ပြောသည်။ ပို့ကုန်သွင်းကုန်လိုင်စင်များ အမှန်တကယ်မြန်ဆန်လာပြီး ထိုသို့အဆင်ပြေရန် မည်သူက အဓိကဆောင်ရွက်ပေးနေသည်ကို မသိသော်လည်း ကျေးဇူးတင်ကြောင်း လည်း လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းသုံးသင်းစုပေါင်း အသင်းကြီးတစ်သင်းအဖြစ် တည်ထောင်ရန်စီစဉ်

**အောင်သူရ**

ရန်ကုန်၊ မေ-၅

မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်စေရန် လက်ရှိ ရှိနေသော ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းသုံးသင်းအပါအဝင် အခြားသောအသင်းများစုပေါင်း၍ အသင်းကြီးတစ်သင်းတည်ထောင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ခရီးသွားလုပ်ငန်းတွင် လက်ရှိတည်ရှိနေသော မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (MHA) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစျေးကွက်မြှင့်တင်ရေးကော်မတီ(MMC)တို့အပါအဝင် အသင်းသစ်ဖွဲ့စည်းမည့်အသင်းများပေါင်းကာ မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ MTB အသင်းကြီးတစ်သင်းတည်ထောင်ရန် စီစဉ်နေခြင်းဖြစ်သည်။ စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

၂၀၁၁ ခုနှစ် မေလ ၁၂ မှ ၁၈ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်ခန့်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင်၇၅ စင်တီမီတာ (၂-ပေခွဲခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်၆၀စင်တီမီတာ(၂-ပေခန့်)ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင်၄၅စင်တီမီတာ(၁-ပေခွဲခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၆၀ စင်တီမီတာ (၂-ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀ စင်တီမီတာ(၁-ပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# ကန်ထရိုက်တိုက်ခန်းအချို့ အရောင်းစာချုပ်ထဲ၌ ကန့်သတ်ချက်တစ်ခု ထည့်သွင်းလာ

နေလင်းအောင်

**ရန်ကုန်၊ မေ-၅**

ရန်ကုန်မြို့တွင်း၌ ကန်ထရိုက်တိုက် အကျိုးတူဆောက်လုပ်ရောင်းချရာတွင် စာချုပ်ချုပ်ဆိုရာ၌ပြန်လည်ရောင်းချခွင့်အား ကန့်သတ်ချက်တစ်ခုထည့်သွင်းလာကြကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါ ကန့်သတ်ချက်မှာ ကန်ထရိုက်နှင့် မြေရှင်အခန်းခွဲဝေပြီးပါက မြေရှင်အနေဖြင့် လူမျိုးတူသူများကိုသာ ပြန်လည်ရောင်းချရန်အချက်အား စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခြင်းဖြစ်ကြောင်း မြေရှင်တစ်ဦးကပြောသည်။

“ဒီနောက်ပိုင်းမှာ စာချုပ်ချုပ်ရင် အဲဒီအချက်ကို အချို့ကန်ထရိုက်နဲ့ မြေရှင်ညှိပြီး လုပ်လာကြတယ်။အမှန်တော့ဒီအကန့်အသတ်က မရှိသင့်ပါဘူး။ ဒါပေမဲ့လည်း အချို့ကျတော့ ဝယ်တဲ့သူထဲက ပေါင်းလို့ မသင့်မြတ်ဖြစ်မှာကို စိုးရိမ်ပြီး ထည့်ကြတာပါ” ဟု အိမ်ခြံမြေအကျိုးဆောင်အကြံပေး ရှေ့နေတစ်ဦးကဆိုသည်။



*ရန်ကုန်မြို့တစ်နေရာမှ အထပ်မြင့်တိုက်များကို တွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယင်းသတ်မှတ်ချက်မှာအကျိုးတူ ကန်ထရိုက်ဆောက်လုပ်ရေးတွင် ထည့်သွင်းလာရုံမက အချို့တိုက်ခန်း၊ရောင်းဝယ်၊ငှားရမ်းမှုများတွင်လည်း ရှိလာကြောင်း စုံစမ်းသိရှိရသည်။

“ကျွန်မတို့အိမ်ကို ပေးတုန်းက ကန်ထရိုက် သုံးဦးလောက်နဲ့ညှိပြီးမှ အဆင်ပြေသွားတယ်။ အဲဒီမှာ ခြောက်လွှာနှစ်ခြမ်းကို ကန်ထရိုက်နဲ့ တစ်ဝက်စီခွဲရတာပေါ့။ အဲဒါကို စာချုပ်မှာ ဟိုလူ မငှားရဘူး။ ဒီလူမျိုးကို မရောင်းရဘူးဆိုပြီး ပါတယ်။ မေးကြည့်တော့ ဒါထုံးစံပါပဲဆိုတော့ မလုပ်ဖြစ်ဘူး” ဟုကြည့်မြင်တိုင်မြို့နယ်ကမ်းနားလမ်းမပေါ်မှ မြေပိုင်ရှင်တစ်ဦးကပြောသည်။

ယင်းဖြစ်ရပ်များမှာ လွန်ခဲ့သည့် သုံးနှစ်ခန့်မှ စတင်လာခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် ပိုမို များပြားလျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

# အင်းအငှားဂရန်အခွန်ကောက်ခွင့်အား ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများရရှိ

သန်းဌေး

**ရန်ကုန်၊ မေ-၃**

ယခင်က မြန်မာနိုင်ငံငါးလုပ်ငန်း ဦးစီးဌာနက ချထားပေးသည့် နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်)အား ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများက ယခုဘဏ္ဍာနှစ်မှစတင်ကာချထားပေးနေပြီဖြစ်ကြောင်းသတင်းရရှိသည်။

အင်းအိုင်ငါးထုတ်လုပ်မှုလုပ်ငန်းအား အင်းလုပ်သူကိုသာ အင်းလုပ်ပိုင်ခွင့်ပြုရေးမူအရ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးဌာနများအတွက် အင်းခွန်ကောက်ခံခွင့်ရရှိစေရန် စီစဉ်ပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ “ဟုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ကြေးတိုင်ကို ဒီနှစ်က စပြီးတိုင်းဒေသကြီးထဲမှာပဲ လေလံဆွဲရတော့မှာပါ”ဟု ဟင်္သာတမြို့နယ်မှငါးလုပ်ငန်းရှင်ဦးညွှန့်ဦးကပြောသည်။

ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ-၂၃၊ ပုဒ်မခွဲ(ဂ)နှင့်အညီ အင်းအိုင်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် အင်းအိုင်များတွင် အင်းရာသီကုန်ဆုံးသည့်အခါ ငါးမျိုးများချန်လှပ်ရန် နောင်နှစ်များအတွက် မွေးမြူထားစေပြီး အင်းချောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက်လည်း အင်းကောများကိုပြုပြင်စေရန် ငါးမျိုးကောင်းမျိုးသန့်စိုက်ထည့်ခြင်းများ ဆောင်ရွက်စေရန် ရည်ရွယ်ကာ ငါးလုပ်ငန်းဦးစီးဌာနက နှစ်ရှည်ဂရန်ပေးသည့် ကြေးတိုင်စနစ်ကို ကျင့်သုံးခဲ့သည်။

အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘုံငါးဖမ်းအင်းနှင့်ကန့်သတ်အင်းဟူ၍ ရှိရာ ဂရန်အင်းကိုသာ နှစ်ရှည်အငှားဂရန်ဖြစ်သော ကြေးတိုင်ချပေးခြင်းဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်နှင့်တိုင်းဦးစီးမှူးများသည် မိမိတို့ဒေသရှိဂရန် အင်းများကို ဧပြီလတွင် လေလံတင်ရောင်းချနိုင်ရန် နှစ်စဉ် ဖေဖော်ဝါရီလတတိယပတ်၌ ခရိုင်ဦးစီးဌာနမှူးများ နှင့် မြို့နယ်ဦးစီးဌာနမှူးများအား အစည်းအဝေးခေါ်သည်။ ထို့နောက် ပြည်နယ်နှင့်တိုင်းအတွင်းတစ်ပြေးညီလေလံစည်းကမ်းများ ညှိနှိုင်းကာ လေလံကျင်းပမည့် နေ့ရက်များကို ရွေးချယ်ကြသည်။ ယခုနှစ် ဧပြီ ၂၆ ရက်တွင် ယခင်အတိုင်း မပြုလုပ်တော့ဘဲ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးဌာနများအားလုပ်ပိုင်ခွင့်ပြုကြောင်း အကြောင်းကြားလာသည်ဟူ၍ သတင်းရရှိသည်။

၂၀၀၈-၀၉ခုနှစ်အင်းရာသီတွင်အမှန်တကယ်လေလံတင်ရောင်းချနိုင်ခဲ့သောအင်းအရေအတွက်မှာ ၃,၄၅၃ အင်းရှိပြီး ၂၀၀၇-၀၈ ဘဏ္ဍာနှစ်အတွင်းကပင် အင်းခွန်ရရှိငွေမှာ ၂,၉၃၄ ဒသမ ၅၆၈ သန်းရှိကြောင်း စာရင်းဇယားများအရ သိရှိရသည်။ တစ်နိုင်ငံလုံး ရေချိုငါးထုတ်လုပ်မှု ၁,၄၈၉,၆၃၀ မက်ထရစ်တန်ချိန်အနက် အင်းအိုင်မြစ်ချောင်းများမှ ၈၁၄,၇၄၀ မက်ထရစ်တန်ထွက်ရှိကြောင်း သတင်းရရှိသည်။

# “ပုံနှိပ်မီဒီယာတွေနဲ့ပတ်သက်ပြီး လွတ်လပ်ခွင့်ရှိလာမှာပါ”

\- ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး

ဥက္ကာကိုကို

**ရန်ကုန်၊ မေ - ၅**

ပုံနှိပ် မီဒီယာများအတွက် စာပေလွတ်လပ်ခွင့်ကို ရရှိစေမည်ဖြစ်ကာ တစ်ဖက်မှာလည်း စည်းမျဉ်းစည်းကမ်းများ ရှိနေလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပြောကြားသည်။

မေလ ၂ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးချုပ်ခန်းမ၌ ပြုလုပ်သော မီဒီယာကော်နာဆိုင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဒီနေ့ စာအုပ်စာစောင်တွေဟာ ကျေးလက်နေ ပြည်သူတွေဆီကို ထိရောက်စွာ မထိုးဖောက်နိုင်သေးဘူး။ ကျေးလက်က လူတွေ စာဖတ်နိုင်အောင် အရှိန်မြှင့် လုပ်ဆောင်သွားမယ်။ ပုံနှိပ် မီဒီယာတွေနဲ့ပတ်သက်ပြီး လွတ်လပ်ခွင့် ရှိလာမှာပါ။ ရှိရမှာပါ။ လွတ်လပ်ခွင့်နဲ့အတူ ဂျာနယ်လစ်လောကသားများကလည်း တာဝန်ယူမှု၊ တာဝန်သိမှုတွေရှိရမှာပါ။ စည်းမျဉ်းစည်းကမ်းတွေလည်း ရှိနေမှာပါ” ဟု ဝန်ကြီးက အခမ်းအနားအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့အပြင် အခြားတိုင်းပြည်များကို လေ့လာကြည့်ပါက မီဒီယာများကို အခန်းကဏ္ဍလေးမျိုးနှင့် သတ်မှတ်အကောင်အထည်ဖော်ထားကြတာတွေ့ရကြောင်း၊ ၎င်းအခန်းကဏ္ဍများမှာ (၁)သက်ဆိုင်ရာမီဒီယာများအတွက် လွတ်လပ်ခွင့်ပေးခြင်း (၂) လွတ်လပ်ခွင့်ပေးသကဲ့သို့ သက်ဆိုင်ရာစာပေမီဒီယာများက လိုက်နာရမည့် စည်းမျဉ်းများလည်း သတ်မှတ်ထားခြင်း (၃) သက်ဆိုင်ရာဂျာနယ်လစ်များကိုယ်တိုင်ကၡင်းတို့ လိုက်နာသင့်သည့် စည်းမျဉ်းများကို ချမှတ်လိုက်နာကြခြင်း၊ (၄)သတ်မှတ်စည်းကမ်းစည်းမျဉ်းများ ဖောက်ဖျက်ပါက ပြစ်ဒဏ်ပေးသော ကန့်သတ်ချက်များထားရှိခြင်း စသည်တို့ကို တွေ့ရှိကြကြောင်း ဝန်ကြီးကဆိုသည်။



*ဂျာနယ်လက်ပွေ့ရောင်းချနေသူတစ်ဦးကို တွေ့ရစဉ်*

ပုံနှိပ်မီဒီယာများကိုလွတ်လပ်ခွင့်ပိုရှိလာမည်ဆိုခြင်းနှင့် ပတ်သက်၍ သတင်းစာဆရာဦးရဲနိုင်မိုးက “မီဒီယာလွတ်လပ်ခွင့်ရလာလေမီဒီယာသမားတွေမှာတာဝန်ပိုရှိလာလေဆိုတာမှန်ပါတယ်။ ဒါပေမဲ့မီဒီယာသမားတွေမှမဟုတ်ပါဘူး။ တရားရုံးတွေကလည်း အလုပ်ပိုလုပ်လာကြရမှာပါ။ မီဒီယာတွေက ရေးသားတာတွေအပေါ် ထိခိုက်နစ်နာသူတွေဟာ တရားရုံးမှာဦးတိုက်ပြီး Libel တို့ Defamation တို့နဲ့တရားစွဲဆိုနိုင်ပါတယ်” ဟု ၎င်း၏အမြင်အား ပြောသည်။

နိုင်ငံတော်မှ မီဒီယာအား စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုနေရာပေးလာခြင်းသည် ယခုနှစ်အတွက် မီဒီယာလောကအနေဖြင့် အကြီးမားဆုံး တိုးတက်မှုတစ်ခုဖြစ်ပြီး မီဒီယာသမားများအနေဖြင့် ယခုအချိန်မှစ၍ မီဒီယာလွတ်လပ်ခွင့်၊ တစ်စုံတစ်ဦး၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကိုထိခိုက်စေမှု၊ အသရေဖျက်မှု အပါအဝင် ဥပဒေအကြောင်းအရာများကို စတင်လေ့လာရန် လိုအပ်နေပြီဖြစ်ကြောင်း ဦးရဲနိုင်မိုးက ဆက်လက်ပြောကြားသည်။

စာ(၁၂)သို့

Life
7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



# လူနာဆောင် ခွန်ရှစ် ဝါဒ်

မြတ်စုမွန်

(၁)

ခွဲစိတ်ခန်းတစ်ခုလုံး ဖြတ်ခနဲအမှောင်အတိကျသွားသည်။ အချိန်ကားည ၈ နာရီခန့်ရှိမည်ထင်သည်။ ခွဲစိတ်ခုတင်ပေါ်တွင်ပက်လက်အနေအထားဖြင့် လဲလျောင်းနေသော ကျွန်မဗိုက်ကဟောင်းလောင်းပွင့်လျက်သား။

အခန်းတစ်ခုလုံးတွင် ခွဲစိတ်ခန်းသုံး သွေးပေါင်ချိန်တိုင်းစက်မှ မီးသီးသေးသေးလေး၏အလင်းရောင်နှင့် နှလုံးခုန်တိုင်းစက်မှ မီးသီးသေးသေးလေး၏ အလင်းရောင်ကလွဲလျှင် အမှောင်အတိ။ ခွဲစိတ်ဓားကိုပိုင်ပိုင်နိုင်နိုင်ကိုင်ထားမည့် ဆရာဝန်ကသူ့အကူအလုပ်သင် ဆရာဝန်လေးအား အသံဖြင့်ဆက်သွယ်လျက်ရှိသည်ကို ကျွန်မအတိုင်းသား ကြားနေရသည်။ ပြီးလျှင် ကျွန်မ၏ဘယ်လက်ညှိုးနှင့် ဆက်သွယ်ထားသည့်နှလုံးခုန်တိုင်းကိရိယာမှ 'တတီတီ'မြည်လျက် ရှိသောအသံကိုလည်းစောစောကထက်ခပ်မြန်မြန်လေးကြားနေရသည်။ ကျွန်မ၏နှလုံးခုန်သံသည်စိတ်လှုပ်ရှားမှုကြောင့် ပိုမိုမြန်ဆန်လာသလားမပြောတတ်။

သို့သော် သေချာသည်ကထိုအချိန်တွင်ဖြစ်ပေါ်လာသော ကျွန်မ၏ ခံစားချက်မှာ ရယ်ချင်သောစိတ်ပင်ဖြစ်သည်။ ပြီးတော့ ဒုတိယခံစားချက်ကကျွန်မကိုတာဝန်ယူခွဲစိတ်ပေးနေသော ခွဲစိတ်ဆရာဝန်၏ အကူအလုပ်သင်ဆရာဝန်ကလေး နဖူးမှ စို့တို့တို့ချွေးစက်များက ဟောင်းလောင်းပွင့်နေသော ကျွန်မဗိုက်အတွင်းဆီသို့ ပေါက်ခနဲ ပေါက်ခနဲကျနေမည်ကိုစိုးရိမ်စိတ်ဖြစ်သည်။

တစ်ခုခုလိုအပ်ပါက ကူညီရန် အသင့်စောင့်နေသည့် အမျိုးသမီးဆရာဝန်တစ်ယောက်က မီးအလင်းရောင် တစ်ခုခုရနိုင်ရန်အတွက်ခွဲစိတ်ခန်းအပြင်ဘက်သို့ ထွက်သွားသည့်အသံကို ကြားရသည်။ ထိုအမှောင်ခန်းထဲတွင် ကျွန်မရယ်၊ ခွဲစိတ်ဆရာဝန်ရယ်၊ အကူအလုပ်သင်ဆရာဝန်လေးရယ်ကျန်ခဲ့ကြသည်ဟုကျွန်မထင်သည်။

"ဘာဆက်လုပ်ရမှာလဲဆရာ" ဆိုသည့် အမေးစကားနှင့် "ဘာမှဆက်လုပ်လို့မရတာ" ဆိုသည့် အဖြေစကားနှစ်ခွန်းကိုတစ်လှည့်စီကြားရသည်။ သူတို့ကို ကျွန်မ မမြင်ရ။ သို့သော်ကျွန်မဗိုက်ကို လက်ဖြင့် ဖိထားသည့် ခံစားချက်ကိုတော့ သိနေသည်။ သွေးထွက်လွန်မည်စိုးသောကြောင့်ထင်၏။ လာမည့်မီးအလင်းရောင်ကိုစောင့်ရင်းကျွန်မပြည်သူ့ဆေးရုံကြီးသို့ ရောက်လာရသည့်အဖြစ်ကို ပြန်သတိရမိသည်။

(၂)

သင့်တော်သော မေ့ဆေး၊ ထုံဆေးဖြင့် ခွဲစိတ်ကုသရန် သဘောတူပါသည်

အရေးပေါ်ဌာနတွင်တာဝန်ကျနေသည့် သူနာပြုဆရာမတစ်ဦးယူဆောင်လာသော စာရွက်စာတမ်းပေါ်မှ တံဆိပ်ရိုက်စာတန်းလေးပေါ်တွင် ကျွန်မခပ်မြန်မြန်လက်မှတ်ထိုးပေးလိုက်သည်။

မြန်မြန်ခွဲထုတ်ဖြတ်တောက်လိုက်မှသာလျှင် ညဦးကတည်းကဒုက္ခပေးနေသည့် အူအတက်ကိစ္စက ရှင်းမည်။ မနက်လင်းသည်နှင့်ဗိုက်ထဲက မခံမရပ်နိုင်အောင် ထိုးအောင့်လာသဖြင့်ဗဟိုစည်အထူးကုဆေးခန်းသို့ သွားရောက်ပြသပြီး အာထရာဆောင်းရိုက်သည်။ မည်သည့်လက္ခဏာမှမပြ။ နောက်ဆုံးတွင် အခြားဌာနတွင် ဆေးခန်းထိုင်နေသည့် အထူးကုဆရာဝန်ကြီးတစ်ဦးက လာရောက်ကြည့်ရှုစမ်းသပ်ကာ အူအတက်ရောင်သည်၊ ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အဖြေထုတ်ပေးသည်။ ဆေးခန်းအရေးပေါ်ဌာနတွင် တာဝန်ကျနေသည့် ဆရာဝန်ကအကယ်၍ ဆေးခန်း၌ ခွဲစိတ်မည်ဆိုပါက ကျပ်ငါးသိန်းမှ ကျပ်ဆယ်သိန်းကြားကုန်ကျနိုင်သည်ဟု အကြမ်းဖျင်းပြောပြသည်။ ထို့ကြောင့်အထူးကုဆေးခန်းများလိုဝန်ဆောင်မှုမကောင်းသော်လည်း စရိတ်စကသက်သာသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကူးပြောင်းလာရခြင်းဖြစ်သည်။

မိမိအား အူအတက်ရောင်သည်ဟု ရောဂါနာမည်တပ်ပေးသော ခွဲစိတ်အထူးကုဆရာဝန်ကြီးကလည်း အဲသည်လိုသေသေချာချာ ရှင်းပြပြီးသားဖြစ်သလိုမိုင်နာကေ့စ်ဟု ပြောထားသဖြင့် အကြီးအကျယ်စိုးရိမ်မှုတော့မရှိ။ လေယာဉ်မောင်၊လေယာဉ်မယ်တွေ၊ သင်္ဘောနှင့် ပင်လယ်ပြင်တွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ရန်သွားမည့် သင်္ဘောသားတွေသည်ပင်လျှင် အချိန်မရွေးဒုက္ခပေးနိုင်သည့်အူအတက်ကိုကြိုတင်ဖြတ်တောက်သွားကြသည် ဟု အားပေးကြသောမိတ်ဆွေများ၏ အားပေးစကားကလည်း အတော်လေးပင် ခွန်အားဖြစ်စေသည်။ ပိုပြီး စိတ်အေးလက်အေးဖြစ်စေသည့်အချက်ကခွဲစိတ်ပေးမည့် ဆရာဝန်ကမိမိအား ထုံဆေးဖြင့် ခွဲရမည်ဖြစ်ကြောင်း အခြေအနေကို ကြိုတင်ရှင်းပြပေးခြင်းဖြစ်သည်။ ဆရာဝန်များက ချုပ်နှောင်ကာ ခါးရိုးထဲသို့ ဆေးထိုးအပ်ကောက်ကောက်ရှည်ရှည်ကြီးဖြင့် ထုံဆေးထိုးပေးသည်ဟု ကြားဖူးနားဝရှိထားသော မိမိသည် ထိုအချက်မှလွဲလျှင် ဘာကိုမျှ မစိုးရိမ်တော့ပေ။ မျက်စိထဲတွင် အပ်ရှည်ရှည်ကောက်ကောက်ကြီးကို မြင်ယောင်လျက်ပင် သင့်တော်သောမေ့ဆေး/ထုံဆေးဖြင့် ခွဲစိတ်ရန်သဘောတူကြောင်း ခပ်မြန်မြန်လက်မှတ်ထိုးပေးလိုက်သည်။

စာ(၁၁)သို့



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### ဝက်ပဲပြားအစပ်ဟင်း



သည်တစ်ပတ်တော့ မြန်မာထမင်းဝိုင်းစစ်စစ်တွေမှာ ပြင်ဆင်ချက်ပြုတ်တာသိပ်မတွေ့ရတဲ့ ယိုဒယားမကျ တရုတ်မကျ စတိုင်တစ်မျိုးနဲ့ ဟင်းတစ်ပွဲကို ချက်ပြပါရစေ။ အဲဒီဟင်းလေးကတော့ ဝက်ပဲပြားအစပ်ဟင်းလေးပဲဖြစ်ပါတယ်။ ဝက်သားမစားတဲ့သူတွေကတော့ ကြက်သားနဲ့လည်း ချက်လို့ရပါတယ်။

အဲဒီဟင်းလေးကိုချက်ပြုတ်ဖို့က ဝက်သားလိုင်းသား ၁၀ ကျပ်သား၊ လတ်ဆတ်တဲ့ ပဲပြားတစ်တုံး၊ ထိုင်းကလာတဲ့ ပုလင်းနဲ့ တရုတ်ပဲငါးပိဟင်းခတ်ဇွန်းနဲ့ နှစ်ဇွန်း၊ ကော်မှုန့်၊ ပဲငံပြာရည်အကြည်၊ သကြား၊ ဟင်းခတ်မှုန့်တို့ကို အနေတော်ရောဖျော်ထားတဲ့အနှစ်ရည်လက်ဖက်ရည်ပန်းကန်တစ်ဝက်ကျော်ကျော်၊ ငရုတ်ကောင်းမှုန့်၊ ငရုတ်သီးစိမ်းနဲ့ ကြက်သွန်မြိတ်တို့ပဲဖြစ်ပါတယ်။

ဒီဟင်းလေးချက်တော့မယ်ဆိုရင် ဝက်သားလိုင်းသားကို ရေစင်အောင်ဆေးပြီး လက်သည်းခွံသာသာလေး အနေလေးတွေလှီးလိုက်ပါ။ ပြီးရင်တော့ ကြိတ်စက်ထဲကိုထည့်ပြီး ကြိတ်လိုက်လို့ရပါတယ်။ ကြိတ်စက်မရှိရင်တော့ စဉ်းတီတုံးပေါ်တင်ပြီး နုတ်နုတ်ဆင်းရင်လည်းအဆင်ပြေပါတယ်။

စာ(၂၅)သို့



## အများနဲ့မတူတဲ့ ဖက်ရှင်တွေကိုပဲ ဝတ်ချင်တဲ့ လူငယ်တွေအတွက်

အိဖြူလွင်


အလန်းဇယားဆိုတာနဲ့ သူများတွေနဲ့ ကွဲထွက်နေတဲ့ ဒီဇိုင်းတွေစတိုင်တွေနဲ့ခြားနားနေတဲ့ အပြင်အဆင်ဖက်ရှင်တွေကို ပြေးမြင်မိမယ်ထင်ပါတယ်။

ဈေးဝယ်ထွက်မယ့်ပရိသတ်ကြီးကိုလည်း ထူးထူးခြားခြားလေးဖြစ်အောင် အလန်းဇယားနဲ့ စတိုင်မိုက်လေးတွေရှိတဲ့နေရာကို လမ်းညွှန်ပေးပါရစေ။

အမျိုးသားတွေအတွက် သီးသန့်ဝတ်တဲ့ဆိုင်တွေပေါ်များလာတယ်ဆိုပေမယ့်လည်း စတိုင်ကိုအဓိကထားပြီးအများနဲ့မတူတဲ့ ဖက်ရှင်တွေကိုမှ ဝတ်ချင်သူလူငယ်တွေအတွက်တော့ အမျိုးသားဝတ်ဒီဇိုင်းအလန်းနဲ့ ပစ္စည်းကောင်းတွေကိုပဲသီးသန့် ရောင်းတဲ့ ဆိုင်တွေရှားပါးနေဆဲပါ။







ဒီဆိုင်မှာရနိုင်တဲ့ ပစ္စည်းတွေက တရုတ်နိုင်ငံထုတ်လုံးဝမပါဘဲ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံထုတ် ပစ္စည်းတွေသာ သီးသီးသန့်သန့်တွေတင်ထားတယ်လို့သိရပါတယ်။

ထူးထူးဆန်းဆန်း အနေနဲ့ဆိုရင် အမျိုးသားဝတ် အသားကပ်ခြေအိတ် (Stocking) တွေကို ရွှေရောင်၊ ငွေရောင်စတဲ့ အရောင်ဆန်းဆန်းတွေကနေ စပြီးချည်ထည်အစစ်ဘောင်းဘီတွေ အမြဲတမ်းမရှိးနိုင်တဲ့ ဂျင်းဘောင်းဘီတွေကစပြီး စတိုင်ကျကျ အင်္ကျီတွေရှိနိုင်တဲ့ နေရာလေးဖြစ်ပါတယ်။

အနုပညာရှင်တွေ၊ စင်ပေါ်တက်ဖို့လိုအပ်သူတွေ၊ ဒါမှမဟုတ်လည်း ကိုယ့်ဖက်ရှင်တွေကို ထူးထူးဆန်းဆန်းဖြစ်ချင်သူတွေအတွက် စိတ်ကြိုက်ဒီဇိုင်းနဲ့ အသုံးဆောင်ပစ္စည်းတွေကို ဒီဆိုင်မှာရနိုင်တာပါ။

စာ(၂၅)သို့

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## ရန်ကုန်တွင် လူမှုရေးကူညီမှု ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး နာရေးကိစများ အဓိကထားကူညီမည်ဟုဆို


နာရေးကူညီမှုလုပ်ငန်းများကို အသင်းအဖွဲ့အနေဖြင့် စတင်တည်ထောင်ကူညီလျှက်ရှိသည့် နာရေးကူညီမှု အသင်း၏ နာရေးကူညီမှုယာဉ်တစ်စီးကို တွေ့ရစဉ်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဧပြီ - ၂၈**

ပြည်ခိုင်ဖြိုးပါတီမှ ကွပ်ကဲမည့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးကူညီမှုကော်မတီတစ်ရပ်ကို ရန်ကုန်တိုင်း ၄၅ မြို့နယ်တွင် ဖွဲ့စည်းသွားမည်ဖြစ်ပြီး နာရေးကို အဓိကထားကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြို့နယ် ၄၅ မြို့နယ်တွင် မြို့နယ်ကော်မတီတစ်ခုစီ ဦးစွာဖွဲ့စည်းပြီးမှ ရန်ကုန်တိုင်းဒေသကြီး ကော်မတီတစ်ရပ်အနေဖြင့် စုစည်းဆောင်ရွက်သွားမည်ဖြစ်ကာ မကြာမီ အမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဟု သိရသည်။

ယင်းကော်မတီသည် သေဆုံးသူတို့၏ မိသားစုနှင့်ပတ်သက်သော ကိစ္စရပ်များကို အလောင်းမီးသဂြိုဟ်ပြီးသည်အထိ အခမဲ့ ဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးပြည်ခိုင်ဖြိုးပါတီမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကော်မတီဖွဲ့စည်းမှုအား ပြီးခဲ့သည့် မတ်လမှစတင်၍ အချို့မြို့နယ်များတွင်ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိဖွဲ့စည်းဆောင်ရွက်ပြီးနေသော မြို့နယ်များမှာ သာကေတ၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံမြို့သစ်၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရွှေပြည်သာ၊ အင်းစိန်၊ ဒလ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်းမြို့နယ်များဖြစ်ကြပြီး ယင်းအဖွဲ့တွင် နာရေးကူညီမည့် ကားများလည်း ရှိနေကြောင်း သိရသည်။

## ရွှေအမြုတေ စာပေဆုပေးပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ- ၇**

ရွှေအမြုတေစာပေဆုပေးပွဲကို ယခုလ ၂၇ ရက်တွင် ဆဋ္ဌမအကြိမ်အဖြစ် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ယခုနှစ်ရွှေအမြုတေဆုပေးအပ်ပွဲတွင် ဝတ္ထုရှည်စဆုံး၊ ဝတ္ထုတို၊ မျိုးဆက်သစ်ဝတ္ထုတို၊ ရသစာတမ်း၊ ဆောင်းပါးနှင့် ကဗျာဆုအပါအဝင် ရွှေအမြုတေစာပေဆု ၆ ဆုကို ချီးမြှင့်မည်ဖြစ်သည်။ ဆုရွေးချယ်ရာတွင် ဆုရွေးချယ်ရေးအဖွဲ့က ခေတ်ပြိုင်ခံစားမှုကို ထင်ဟပ်စေသော အကြောင်းအရာ အနုပညာမြောက်စွာတင်ပြနိုင်မှု၊ စာရေးသားသည့် အတတ်ပညာရှိမှု၊ စာဖတ်သူကိုသတင်းအချက်အလက်တစ်စုံတစ်ရာပေးနိုင်စွမ်းမှု၊ ဆုနှင့် ထိုက်တန်သည့် စာမူဖြစ်မှုဟူသည့် အချက်များအပေါ်တွင် မူတည် ရွေးချယ်ကာ ဆုရွေးချယ်ရေးအဖွဲ့ကိုလည်း နှစ်စဉ်ပြန်လည်ဖွဲ့စည်းကြောင်း ရွှေအမြုတေမဂ္ဂဇင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရသစာပေဖွံ့ဖြိုးရေးရည်ရွယ်ချက်ဖြင့် ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ်ဦးဝင်းငြိမ်းက ၂၀၀၆ ခုနှစ်ကစတင်ကာ ၎င်း၏ အသက် ၆၀ ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ရွှေအမြုတေဆုပေးပွဲကို ကျင်းပပြုလုပ် ချီးမြှင့်ခဲ့သည်။









## စာ(၉) - လူနာဆောင် ခွန်ရှစ် ဝါဒ့် မှ

လူနာတင်ခုတင်ပေါ်ရှိမသတီစရာ ကြေး(ချေး)အကွက်များပေါ်တွင် လဲလျောင်းနေရသည့်အဖြစ်ကလည်း မခံချည့်မခံသာ။

ထိုခဏအတွင်းကျွန်မခုတင်ဘေးတွင် ရပ်လျက်ရှိသည့် ဆရာဝန်၊ သူနာပြုများက ခွဲစိတ်ခန်းဝင်ရန် လိုအပ်ချက်များကို ဂရုတစိုက်ပင်စီစဉ်ကြသည်။ အကြောရှာရခက်သော ကျွန်မလက်ကို ဆေးထိုးအပ်များဖြင့် အကြိမ်ကြိမ်ဖောက်ကာ စိတ်ရှည်လက်ရှည် ဆေးသွင်းပေးနေသော အလုပ်သင် ဆရာဝန်လေးများကို နာလျက်ပင်ကျေးဇူးတင်ရသည်။ မကြာမီကျွန်မခွဲစိတ်ခန်းဝင်ရမည့် အလှည့်ရောက်လာသည်။ ခွဲစိတ်ခန်းဝင်ရန် အကြောဆေးသွင်းရင်း စောင့်နေသည့် ကျွန်မကိုဆေးရုံသန့်ရှင်းရေးဝန်ထမ်းက ခွဲစိတ်ခန်းဝင်ရန်အတွက် အဝတ်လဲရမည်ဟု ပြောကာအရေးပေါ် လူနာအခန်းထောင့်မှ လိုက်ကာရှည်ကြီးများ နောက်သို့ငိုးချဲ ပေါ်တွင် ထိုင်စေလျက်ခေါ်ဆောင်သွားတော့သည်။

ခွဲစိတ်ခန်းဝတ်စုံစိမ်းကြီးကို ဝတ်ရမည်အထင်နှင့် လိုက်ကာရှည်ကြီးများနောက်သို့ ဝင်လိုက်ချိန်တွင် ခုတင်တစ်လုံးထောင့်၌ လုံးထွေးလျက်ဖြစ်ကတတ်ဆန်းပုံထားသည့် အဝတ်ပုံတစ်ခုကို မြင်လိုက်ရသည်။ အဖြူရောင်လုံးဝမဟုတ်တော့သော ဝါကျင့်ကျင့်နှင့် ညစ်ပေနေသည့် ဝတ်စုံကိုလက်ညှိုးထိုးပြပြီးလဲခိုင်းသည့် ထိုဝန်ထမ်းစကားကို အောင့်သက်သက်နှင့် လိုက်နာရသည်။ ထိုအဝတ်ကိုလက်လျှိုမဝတ်တော့ဘဲ ကိုယ်ပေါ်တွင် လွှမ်းလျက်ခွဲစိတ်ခန်းသို့ဝင်ခဲ့သည်။

(၃)

ဆရာဝန်ရောက်လာလျှင် ခွဲစိတ်ရန် အဆင်သင့်ဖြစ်နေစေရန်အတွက် စောစောက ဝန်ထမ်းက သေသေချာချာ ဂရုတစိုက် စီစဉ်ပေးသည်။ ငါးမိနစ်တစ်ကြိမ် အချက်ပြမည့်ခွဲစိတ်ခန်းသုံးသွေးပေါင်ချိန်တိုင်းစက်ကြောင့် မစိုးရိမ်ရန်သေချာရှင်းပြသည်။

ဆရာဝန်တွေရောက်လာပြီး သိပ်မကြာခင် ကျွန်မကိုထုံဆေးပေးသည်။ ဖြစ်လာမည့် ခံစားချက်ကို သေသေချာချာ ရှင်းပြသည်။ ခွဲစိတ်ဆရာဝန်၏ ရှင်းပြပုံကစိတ်ရှည်သည်။ လူနာကိုစိတ်လှုပ်ရှားမှုလျော့ကျစေသည်။ ခွန်အားဖြစ်စေသည်ဟု အမှန်တကယ် ခံစားလိုက်ရသည်။ ခါးရိုးထဲသို့ ထိုးထည့်လိုက်သည့် ထုံဆေးကြောင့် ထိုစက္ကန့်ပိုင်းအတွင်း ခန္ဓာကိုယ်တစ်ခုလုံး ပျောက်သွားသလို ထင်လိုက်မိသည်။

"ကဲ စပြီနော်" ဟုတစ်ဦးနှင့်တစ်ဦးအချက်ပေးသည့် ဆရာဝန်၏ အသံနှင့်အတူ ကျွန်မ၏ ဘယ်လက်ညှိုးနှင့်ဆက်သွယ်ထားသော နှလုံးခုန်တိုင်းစက်က တတီတီနှင့် မြည်သံကိုကြားရသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် ရယ်စရာ၊ မောစရာလေးများပြောလျက် ပေါ့ပေါ့ပါးပါးပင် ခွဲစိတ်မှုစတင်တော့သည်။ စောစောက စိတ်လှုပ်ရှားမှုက အတော်ပင်ပြေလျော့သွားလေပြီ။ "အူအတက်ကို တွေ့ပြီးလားဆရာ" ဟု ကျွန်မက လှမ်းမေးတော့ ဆရာဝန်က "ညည်းဗိုက်က ပွင့်တောင် မပွင့်သေးဘူးဟ" ဟု ပြန်ဖြေသည်။ မျက်နှာပေါ်တွင် အုပ်ပေးထားသည့် အဝတ်လေးဟနေသည့်နေရာမှ မျက်နှာကြက်ပေါ်ရှိ ခွဲစိတ်ခန်းမီးဆလောင်းကိုချောင်းကြည့်လိုက်တော့ ခွဲစိတ်ကိရိယာတွေကိုင်ထားသည့် လက်နှင့် ကျွန်မဗိုက်ပေါ်မှ သွေးတွေကို ခပ်ဝါးဝါး မြင်နေရသည်။ သိပ်မကြာခင် ခပ်ဟဟကွဲနေသော ကျွန်မဗိုက်ကို မြင်လာရသည်။ ဆရာဝန်က ကျွန်မအား မမြင်ရစေရန် ရင်ဘတ်ပေါ်မှကာထားသည့်အဝတ်တန်းလေးကို ကျော်ကြည့်ကာ စိတ်လှုပ်ရှားမှုလျော့စေရန် အရွှန်းစကားလေးများကို ပြောသည်။ လူနာအား ဂရုတစိုက်ရှိလှသည်ကို တွေ့ရသည်။ ပြီးလျှင် စိတ်လှုပ်ရှားမှုကြောင့်ချွေးပြန်နေသည့် အလုပ်သင်ဆရာဝန်လေးကို နောက်ရင်း ပြောင်ရင်းနှင့်ပင် သင်စရာရှိတာ သင်ပေးသွားနေသည်။ ကျွန်မဗိုက်ထဲမှ ကိရိယာများ၏ ဆေးပညာအခေါ်အဝေါ်များကို လက်တွေ့စာမေးပွဲစစ်သလို မေးမြန်းနေလေသည်။ စိတ်လှုပ်ရှားမှုကြောင့်ထင်သည်။ မေးသမျှတလွဲဖြေနေသော ထိုဆရာဝန်လေးကို ခွဲစိတ်ဆရာဝန်ကစိတ်ရှည်လက်ရှည်ပြင်ပေးသည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်ကြားမှပင် ကျွန်မအသံထွက် အော်ရယ်လိုက်မိသည်။ အကူဆရာဝန်လေးနဖူးမှချွေးများစီးကျကာအတော်ပင် စိတ်လှုပ်ရှားနေသည့်အတွက် ဆရာဝန်မလေးတစ်ဦးက လူစားထိုးဝင်ကူဖို့ဆဲဆဲမှာပင် ခွဲစိတ်ခန်းတစ်ခုလုံး အမှောင်အတိကျသွားပါတော့သည်။

တစ်မိနစ်လောက်ရှိမည်ထင်သည်။ စောစောကထွက်သွားသည့် ဆရာဝန်မလေးက LCD မီးချောင်းလေးတစ်ခုဆွဲလျက်အခန်းတွင်းသို့ပြန်ဝင်လာကာ ခပ်ဝါးဝါး အလင်းရောင်ဖြင့်သာ ခွဲစိတ်မှုကို ဆက်လက်လုပ်ကြသည်။ သေသေချာချာကို ဂရုစိုက်ကြသည်။ လေးမိနစ်ခန့်ကြာတော့ မီးပြန်လင်းလာသည်။ အိမ်မှာသာဆိုလျှင် ထုံးစံအတိုင်း 'ဟေးခနဲ' ထအော်မိပေမည်။

(၄)

ခွဲစိတ်ခန်းအတွင်းသို့ စဝင်ချိန်မှ စုစုပေါင်းအချိန် တစ်နာရီခွဲခန့်အကြာတွင် ကျွန်မသက်သောင့်သက်သာဖြင့်ပင် ပင်ပန်းလှပြီဖြစ်သော ဆရာဝန်များအား ကျေးဇူးတင်စကားပြောလျက် ခွဲစိတ်ခန်းအပြင်ဘက်သို့ထွက်လာနိုင်ခဲ့သည်။ သန့်ရှင်းရေးလုပ်ပေးသည့် ဦးလေးကို ၅,၀၀၀ ကျပ်ပေးလိုက်ရသည်။ လိုအပ်သောဆေးဝါး၊ ပစ္စည်းကိရိယာများကို ကိုယ်တိုင်ဝယ်ယူရသည်ကလွဲလျှင် ဆရာဝန်ကြေး၊ ခွဲစိတ်ခန်းကြေး၊ ခွဲစိတ်ခ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုသော ပြည်သူ့ဆေးရုံကြီး၏စနစ်ကို ကိုယ်တွေ့ကြုံလိုက်ရသည်။

ကျွန်မတက်ရမည့် လူနာဆောင်က 7/8 Word ဖြစ်သည်။ လက်တွန်းလှည်းပေါ်တွင် ကျွန်မကိုတင်လျက် ခွဲစိတ်ခန်းမှ ခွဲစိတ်လူနာဆောင် 7/8 Word သို့ခေါ်ဆောင်သွားလေသည်။ ထုံဆေးအသုံးပြုကာ ခွဲစိတ်ထားခြင်းဖြစ်သဖြင့် ခေါင်းနှင့်ခါးကို မလှုပ်ရှားရဟုဆိုသဖြင့် မျက်စိကိုအသာဖွင့်လျက်လိုက်ပါလာခဲ့မိသည်။

အလင်းရောင် ခပ်မှိန်မှိန်လေးကျနေသည့် လမ်းချိုးလေးတစ်ခုသို့ ချိုးဝင်လိုက်သည်။ လက်တွန်းလှည်းကို တွန်းသွားရင်း တဖြည်းဖြည်းမှောင်လာသည်။ အပြင်ဘက်က ထိုးကျနေသည့် အလင်းရောင်ခပ်မှိန်မှိန်ကိုအားကိုးကာ ကျွန်မကို တွန်းလာသော ဆေးရုံဝန်ထမ်းကို လှမ်းကြည့်တော့ ဘာဆိုဘာမှ သဲသဲကွဲကွဲမမြင်ရ။ လူတစ်ရပ်စာထက် နည်းနည်းသာမြင့်သော မျက်နှာကြက်တွေကို ကြည့်ရင်းက ကျွန်မကို မြေအောက်ဥမင်တစ်ခုမှ ဖြတ်ကာ လူနာဆောင်သို့ ခေါ်ဆောင်သွားခြင်းမဟုတ်ဘဲ ရင်ခွဲရုံသို့များ ခေါ်ဆောင်သွားနေသလားဟု မဖွယ်မရာ အထင်ရောက်ကာ ရယ်ချင်သွားလေသည်။ ရေစပ်စပ်ရှိနေသည့် နေရာမျိုးကိုလည်း ဖြတ်သွားရသည်။ မျက်စိမှိတ်ထားရန် ထိုဝန်ထမ်းကပြောသည့် အချိန်အထိ မီးသီးတစ်လုံးမှ မမြင်ရသေးပေ။ တကယ့်ကို ငိုအားထက် ရယ်အားသန်ခဲ့ရသော ညဦးပိုင်းတစ်ခုဖြစ်လေသည်။

မျက်စိမှိတ်ထားလိုက်သည်။ မညီညာသော ကြမ်းပြင်တွင် တွန်းလှည်းက မကြာခဏ ခလုတ်တိုက်သည်။ ကျွန်မခန္ဓာကိုယ်ကလည်း ဆတ်ခနဲ ဆတ်ခနဲ။ ထုံဆေးအရှိန် မပြယ်သေးဖြင့် မနာသော်လည်း ဗိုက်ထဲက လှိုက်ခနဲ လှိုက်ခနဲ။ သည်လိုနှင့်အချိန် အတော်ကြာကြာတွန်းလာပြီးနောက် အကွေ့တွေ၊ အကွေ့တွေ အများကြီးကို ကွေ့ကာဖြတ်သန်းခဲ့ပြီးတဲ့ အဆုံးမှာ လူတိုင်းစီးလို့မရသည့် ဆေးရုံဓာတ်လှေကားထဲကိုတွန်းဝင်လိုက်သည်။ ကျွန်မဆေးရုံတက်ရမည့်လူနာအဖြစ် ရောက်ရတော့မှာမို့စိတ်ကို ဒုံးဒုံးချလိုက်သည်။ ဒါတောင်မှ ဓာတ်လှေကားအထွက် ခြေဘောင်လေးက တွန်းလှည်းဘီးကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်သည်။ ဗိုက်ထဲက လှိုက်ခနဲ။

ခုတင်ပေါ်နေသားတကျရောက်ပြီးသည့်နောက် ရပ်စောင့်နေသော ဆေးရုံဝန်ထမ်းကို တွန်းလှည်းတွန်းပေးသည့် အတွက် ကျေးဇူးတင်စွာဖြင့် လက်ဖက်ရည်ဖိုး ၁,၀၀၀ ကျပ်ပေးလိုက်သည်။ ညတာဝန်ကျ ဆရာဝန်များက မိနစ်အနည်းငယ်ခြားလျှင်တစ်ကြိမ် လူနာခုတင်တွေဆီ ရောက်လာပြီးလိုအပ်သလိုကူညီပေးသည်။ ဆေးပိုက်လေခိုတာ၊ ခွဲထားသည့်အရှိန်ကြောင့် ကိုယ်ပူချင်သလိုဖြစ်တာ၊ ဆေးပုလင်းကုန်သွားလို့ နောက်တစ်လုံးချိတ်ရန်လိုအပ်တာ၊ထုံဆေးပြယ်သဖြင့် နာကျင်မှုကိုစတင်ခံစားလာရတာစသဖြင့် လိုအပ်သမျှ အချိန်တိုင်းမှာ ဆရာဝန်ကို ပြေးလွှားခေါ်ကာ အကူအညီတောင်းရသည်။ တစ်ညလုံးသူတို့ မနားကြရ။ တာဝန်ကျဆရာဝန်လေးတစ်ယောက်ဆိုလျှင် ဝါသနာပါလွန်းသဖြင့် သည်အလုပ်ကိုလုပ်သည့် အမူအရာပေါ်လွင်လှသည်။ တစ်ညလုံး အနားမနေဘဲ လူနာခုတင်တွေဆီ လှည့်ပတ်ကြည့်ရှုနေသည်ကိုတွေ့ရသည်။ အမျိုးသမီးလူနာဆောင် အတွင်းလူနာခုတင်အလုံး ၃၀ ခန့်ရှိသည်။

သည်လိုနှင့် မနက် ၂ နာရီလောက်တွင် မလှုပ်မရှားပက်လက်အနေအထားနှင့် နေရသည့် ကျွန်မသန့်စင်ခန်းသွားရန် ဝေးလို့ ခုတင်အောက်သို့ပင် မဆင်းနိုင်သည့်အတွက် ခုတင်ပေါ်တွင်ပင် ကျင်းမာရေးပြဿနာဖြေရှင်းရန် ကြုံလာလေတော့သည်။ ဝရန်တာဘက်ရှိသံချိတ်ကြီးနှစ်ခုတပ်ထားသည့် တစ်ခုတည်းသော အစိမ်းရောင်လိုက်ကာလေးကို အားကိုးတကြီးအသုံးပြုရသည်။ အမျိုးသမီးဆောင်ဖြစ်သည့်အတွက် ထိုလိုက်ကာလေးမှာ မျက်နှာပွင့်လှသည်။ သူ့အကာအကွယ်ကို ယူကာ အရှက်လုံလုံဖြင့် ကျန်းမာရေးပြဿနာကို ဖြေရှင်းကြရသည်။ သို့သော် ခုတင်အလုံး ၃၀ ခန့်ရှိသော ထိုအမျိုးသမီးလူနာဆောင်အတွင်း သူတစ်ခုတည်းရှိနေခြင်းအတွက်တော့ ကရိကထအတော်ပင် ဖြစ်ရသည်။

(၅)

ဝန်ဆောင်မှုနှင့်ပတ်သက်လာလျှင် ပုဂ္ဂလိကအထူးကုဆေးခန်းကြီးများကို မယှဉ်သာသော်လည်း ကုန်ကျစရိတ်သက်သာသည့် ပြည်သူ့ဆေးရုံကြီးတွင် မိမိအတွက် အသုံးပြုရမည့် ဆေးဝါးများ ဝယ်ရသည်က လွဲလျှင် ဆေးရုံဝန်ထမ်းကိုတွန်းလှည်းတွန်းပေးခ၊ သန့်ရှင်းရေးလုပ်ပေးခပေးရသည်များမှလွဲလျှင်၊ ဆေးရုံဝင်ပေါက်မှ အစောင့်ကို လူနာလာမေးသည့် ဧည့်သည်က ဝင်ခပေးရသည်ကလွဲလျှင်၊မည်သည့်ဆရာဝန်ကိုမျှ ငွေပေးရန် မလို။ မည်သည့် ဆရာဝန်ကိုမျှ လူနာတစ်ကြိမ် လာကြည့်တိုင်း အခကြေးငွေပေးဆောင်ရန် မလို။ သည့်အတွက်လည်း မစည်ကားအပ်သော ထိုနေရာမျိုးတွင် စည်ကားနေကြခြင်းဖြစ်ပေလိမ့်မည်။

ငါးရက်မြောက်နေ့တွင် ကျွန်မရန်ကုန်ဆေးရုံကြီး၏ လူနာဆောင် ၇၊ ၈ မှ ဆင်းရတော့မည်။ သို့သော် ကျွန်မရင်ထဲတွင် ဝေဒနာတစ်ခု အစားထိုးဝင်ရောက်လာသည်။ ဘယ်တော့မှ မေ့ပျောက်မည်မဟုတ်သော အရေးပေါ်ခန်းတွင်လုံးထွေးပုံထားသည့် ခွဲစိတ်ခန်းအဝင် ဝတ်စုံ၊ ဖျတ်ခနဲ အမှောင်အတိကျသွားသည့် အခန်း၊ ရင်ခွဲရုံသို့ ခေါ်ဆောင်သွားလေသလားဟု ထင်မှတ်မှားမိသော မြေအောက်လမ်းကလေးနှင့် အစိမ်းရောင်လိုက်ကာ ကလေးတို့ကိုအကြောင်းကို တရေးရေးပြန်တွေးမိသည်။ ထိုအသုံးအဆောင်များကိုသုံးစွဲရင်း မိမိတို့တွင်လည်း တာဝန်ရှိသည်ဟု ထိုခဏအတွင်း ခံစားလိုက်ရသည်။

ရန်ကုန်မြို့တွင်နိုင်ငံခြားဖြစ်ဆေးဝါးများ တင်သွင်းရောင်းသည့် ဆေးကုမ္ပဏီပေါင်း ၁၀၀ ဝန်းကျင်ရှိသည်ဟုသိရသည်။ ဆေးဝါးများအရောင်းမြှင့်တင်ရေးအတွက်ပရိုမိုးရှင်းတွေလုပ်ကြသည်။ ကြော်ငြာကြသည်။ ရုံဖန်ရံခါတွင် လမ်းပေါ်၌ ကမ်းသောလက်ဆောင် နမူနာဆေးလုံးလေးတွေ၊ ရုံးကစားပွဲပေါ်တွင် ဆေးကုမ္ပဏီများမှ ပို့လိုက်သော နမူနာဆေးလုံးလေးတွေ ခဏခဏရတတ်သည်။ ဆေးရုံများရှိ ပြင်ပလူနာဌာနများ၏ ရှေ့တွင် နမူနာဆေးကတ်လေးများ လက်ဆောင်ပေးမည့်ဆေးကုမ္ပဏီဝန်ထမ်းများကို အမြဲလိုလိုတွေ့ရတတ်သည်။ စောစောကအသုံးအဆောင်များကိုမလွဲသာမရှောင်သာ သုံးစွဲကြရသူများအားလုံးကိုယ်စား ထိုဆေးကုမ္ပဏီများကို အကြံပြုမေတ္တာရပ်ခံချင်သည့် စိတ်ကလေးကပေါ်လာသည်။ အားလုံးအကျိုးရှိစေမည့် ဝင်းဝင်းသီအိုရီလို အကြံမျိုးဖြစ်သည်ဟု ယူဆမိသည်။

အကယ်၍ ဆေးရုံမှတာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး တန်ဖိုးကြီးကြီး ကုန်ကျခံကာ ပရိုမိုးရှင်းပွဲတွေ လုပ်သည့် စရိတ်စကများထဲမှ အနည်းငယ်ဖဲ့ကာ ကုမ္ပဏီတံဆိပ်လေးများပါသော ခွဲစိတ်ခန်းအဝင်ဝတ်စုံ သန့်သန့်ရှင်းရှင်းများ၊ အရေးပေါ်ခန်းခုတင်အခင်းသစ်များ၊ ကုမ္ပဏီမှ လှူဒါန်းပါသည်ဟု ကဗ္ဗည်းစာသားထိုးထားသော အော်တိုဂျင်နရေတာ၊ လူနာဆောင်သို့ သွားရာလမ်းတစ်လျှောက် မျက်နှာကြက်များတွင် ကုမ္ပဏီတံဆိပ်လေးများပါသော မီးသီးကလေးများနှင့် လူနာဆောင်များတွင်လည်း ကုမ္ပဏီတံဆိပ်လေးများပါသောလိုက်ကာလေးများကို ဖြည့်ဆည်းလှူပေးမည်ဆိုပါက အားလုံးအကျိုးရှိစေမည်မှာသေချာလှသည်။ လူနာများအတွက်လည်း ချက်ချင်းလက်ငင်းပင် များစွာအဆင်ပြေစေပါမည်။ ကုမ္ပဏီများအတွက်လည်း ကြော်ငြာပြီးသားဖြစ်စေကာ အကျိုးလည်း ရှိပေမည်။

ငါးရက်မြောက်နေ့တွင်ဆေးရုံကြီးမှ ကျန်းမာစွာ ဆင်းခဲ့ရလေပြီ။ သို့သော် လူနာဆောင် ၇၊ ၈ ဝါ့ဒ်ကိုတော့ ဘယ်သောအခါမှ မေ့မည်မထင်။

---



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ဘုရားဟောတဲ့ ကာလာမသုတ်မှာ အမှန်တရားဟာ ဘာလဲ . . .

ဗုဒ္ဓက သူ့ရဲ့နောက်လိုက်သာဝကများကို ဘယ်ကိစ္စပဲဖြစ်ဖြစ် သေသေချာချာစဉ်းစားသုံးသပ်ခြင်းမရှိဘဲနှင့် လက်ခံခြင်း မပြုကြဖို့ ဆုံးမတော်မူခဲ့တယ်။ ကာလမသုတ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အောက်ပါလမ်းညွှန်ချက်များကို ကာလမလူငယ်များအတွက် ချမှတ်ပေးတော်မူခဲ့ပါတယ်။

ဘယ်အရာကိုမျှ သတင်းစကားအပေါ် အခြေပြု၍ မှန်ပြီဟု မယူကြလေနှင့်။ ဘယ်အရာကိုမျှ ထုံးစံရှိသည်ဆိုပြီး မှန်သည်ဟုမယူလေနှင့်။ ဘယ်အရာကိုမျှပြောသံကြားနှင့်မှန်ပြီဟုမယူလေနှင့်။ ဘယ်အရာကိုမျှငါတို့ဘာသာကျမ်းဂန်စာပေမှာပါသည်ဖြစ်၍ မှန်သည်ဆိုပြီးလည်း မယူကြလေနှင့်။ ဘယ်အရာကိုမျှ ဆင်ခြင်၍ဖြစ်ဖြစ်၊ စောဒကတက်ပြီးဖြစ်ဖြစ် မှန်ပြီဟုမယူဆလေနှင့်။ မိမိဘာသာတွေးခေါ် ဆင်ခြင်းဖြင့်လည်း မှန်ပြီမယူဆနှင့်။ မိမိစိတ်အထင် မှန်နိုင်သည်ဆိုပြီးလည်း အမှန်မယူကြနှင့်။ မိမိ၏ ကိုယ်ပိုင်တွေးတောမျှော်ခေါ်သော ထင်မြင်ချက်ကြောင့်လည်း မှန်ပြီမယူလေနှင့်။ သူတစ်ပါးကို အားကိုးပြီးလည်း မှန်သည် မယူလေနှင့်။ ဒါငါတို့ဆရာပဲဆိုပြီး မှန်ပြီမယူလေနှင့်။

သို့သော် သင်ကိုယ်တိုင်က ဤသို့သောအရာသည် အကုသိုလ်ဖြစ်၏။ မကောင်း။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း ဥပဒ်အန္တရာယ်ဖြစ်စေ၏။ ဤသို့ဖြစ်လျှင် ထိုအရာကို ငြင်းပယ်ရမည်။ သင်ကိုယ်တိုင် ဤအရာသည် ကုသိုလ်ဖြစ်၏။ ကောင်း၏။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း အကျင့်သီလတိုးတက်ဖွံ့ဖြိုးခြင်းငှာဖြစ်၏။ အကျိုးစီးပွားဖြစ်၏။ ဆင်ခြင်တုံတရားနှင့်လည်းကိုက်ညီ၏။ ပညာရှိတို့ချီးမွမ်း၏။ ထိုသို့ဖြစ်မှုကား ထိုအရာကိုသာ အမှန်ဟု လက်ခံရမယ်လို့ ညွှန်ပြတော်မူခဲ့ပါတယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ - ၂၀၀၂)

7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## မျက်နှာဖုံး - အရွယ်မရောက်သူစစ်မှုထမ်းခြင်း လျော့နည်းလာဟုဆို မှ

“ကလေးတွေကိုယ်တိုင်စစ်ထဲဝင်ချင်လို့ လာတာမျိုးတွေလည်းရှိပါတယ်။ ကလေးစစ်သားတိုင်းလိုလိုမှာ အသက်နဲ့ပတ်သက်တဲ့ မွေးစာရင်းတို့၊ မှတ်ပုံတင်တို့လို အထောက်အထားမရှိကြပါဘူး။ ခန္ဓာကိုယ်အရွယ်အစားတွေကအတူတူလိုဖြစ်နေတော့ ၁၈ နှစ်လား၊ ၁၇ နှစ်လားခွဲခြားမသိနိုင်ပါဘူး။ ကလေးတချို့ကသူတို့အမြဲမြင်နေကျဖြစ်တဲ့ တပ်မတော်အရာရှိတွေကိုအားကျပြီးတပ်ထဲဝင်လာ တာမျိုးတွေလည်းရှိပါတယ်”ဟု မစ္စတာရာမက်ရှ်ကပြောကြားသည်။

အရွယ်မရောက်သေးသူများစစ်မှုထမ်းမှုကာကွယ်ရေး သင်တန်းများကိုလည်း ယူနီဆက်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ တပ်သားစုဆောင်းရေးစခန်းများမှ အရာရှိများနှင့် အစိုးရအဆင့်မြင့်အရာရှိများကိုသင်တန်းပို့ချလျက်ရှိသည်ဟုသိရသည်။

သင်တန်းတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ ကလေးသူငယ်ဥပဒေ၊နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေ၊ လူသားချင်းစာနာမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများစသည်တို့အပြင် ကျန်းမာရေး၊ ပညာရေးနှင့်သက်ဆိုင်သည့်အကြောင်းအရာများကို ၄ ရက်ကြာ ဆွေးနွေးသင်ကြားခြင်းဖြစ်ကာ ရန်ကုန်၊ မန္တလေးနှင့် ရွှေဘိုမြို့ရှိ လူမှုဝန်ထမ်းသင်တန်းကျောင်းများ၊ တပ်မတော်ကျောင်းများတွင် ဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရသည်။

“ယူနီဆက်ရဲ့အဓိကအခန်းကဏ္ဍကတော့ မြန်မာနိုင်ငံအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာတွေ၊ တပ်သားသစ်စုဆောင်းရေးမူဝါဒတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုယ်နဲ့သက်ဆိုင်တဲ့နေရာဒေသတွေမှာ သင်တန်းပြန်လည်ပို့ချပေးနိုင်မယ့် တပ်မတော်အရာရှိတွေကို မြန်မာနိုင်ငံအစိုးရက ရွေးချယ်ပြီး သင်တန်းတက်ရောက်စေတာဖြစ်တဲ့အတွက် ၂၀၀၈ ခုနှစ်ကနေ ယခုအချိန်အထိ သင်တန်းပေါင်း ၂၅ ခုဖွင့်လှစ်ပြီး တပ်မတော်အရာရှိတွေနဲ့ အစိုးရအရာရှိစုစုပေါင်း ၉၀၀ ကျော်တက်ရောက်ပြီးဖြစ်ပါတယ်။ အရွယ်မရောက်သေးသူစစ်မှုထမ်းမှုကာကွယ်ရေးသင်တန်း၂ နှစ်ကျော်ကာလအတွင်းမှာရလဒ်ကောင်းတွေ တွေ့ရပြီးတပ်သားသစ်စုဆောင်းရာမှာ ကလေးသူငယ်တွေကိုခေါ်ယူတာမျိုးတွေလျော့နည်းလာတာကို တွေ့ရပါတယ်။ အနာဂတ်မှာမရှိသလောက်ဖြစ်အောင် လုပ်ဆောင်သွားနိုင်မယ် လို့ယူဆပါတယ်”ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) ဌာနကိုယ်စားလှယ် မစ္စတာရာမက်ရှ်အမ်ရှရက်စ်သာက ပြောကြားသည်။

အရွယ်မရောက်သေးသည့်ကလေးစစ်သားများမှာနိုင်ငံတော်အစိုးရတပ်မတော်များတွင်သာမက အက်စ်အက်စ်အေ၊ ကေအင်န်ယူ၊ ဒီကေဘီအေ၊ ကေအိုင်အို၊ ကေအင်န်ပီပီစသည့်သောင်းကျန်းသူတပ်များတွင်လည်းရှိနေကြသည်ဟု သိရသည်။

## မျက်နှာဖုံး - ငါးသိန်းတန် စီဒီအမ်အေဖုန်းများ လျှောက်ထားခွင့် ရပ်ဆိုင်းတော့မည် မှ

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဖုန်းနှင့်စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်ဖုန်းများ၏ လျှောက်လွှာလျှောက်ထားခွင့်ကို ယခုလဆန်းပိုင်းတွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်နီးစပ်သည့် ရန်ကုန်မြို့မှ ဖုန်းဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကယခုကဲ့သို့ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများဆက်လက်လျှောက်ထားခွင့်ကို ရပ်ဆိုင်းခြင်းသည် ယာယီသဘောသာဖြစ်သည်ဟုဆိုထားပြီး ရန်ကုန်မြို့တွင်းရှိ မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းဈေးကွက်မှ ကျွမ်းကျင်သူများကမူ ဂျီအက်စ်အမ်ဖုန်းလိုင်းအင်အား အဆများစွာတိုးလာမည်ဆိုပါက အဆိုပါဖုန်းများအား ဆက်လက်ချထားပေးတော့မည်မဟုတ်ဟုသုံးသပ်ကြသည်။

အစိုးရမှအသုံးပြုခွင့်ချထားပေးမည့် သတ်မှတ်အရေအတွက် ကျော်လွန်နေပြီဖြစ်နေပြီဖြစ်သဖြင့်ယခုကဲ့သို့လျှောက်ထားခွင့်ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသည့်မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များမှ ဆက်လက်သိရသည်။

“အခုက သူတို့ချထားပေးမယ်လို့ပြောတဲ့ ပမာဏထက်အရမ်းများနေလို့ရပ်လိုက်တာပါ။ အသုံးပြုနေတဲ့ ပမာဏကသတ်မှတ်ပမာဏထက်အရမ်းများနေတော့ ဖုန်းတာဝါတိုင်တွေမှာကြာလာရင်လိုင်းဆွဲအားတွေကျပ်လာနိုင်တယ်။ ဒီလိုရပ်လိုက်တာက အမြဲတမ်းလည်းဖြစ်သွားနိုင်တယ်”ဟု ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းဝန်ဆောင်မှုကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောကြားသည်။

“ဒီငါးသိန်းစီဒီအမ်အေတွေကြောင့်နိုင်ငံရဲ့ဖုန်းအသုံးပြုသူအရေအတွက်က သိသိသာသာကြီးတိုးလာတယ်။ အခုလိုမျိုး သတ်မှတ်ပမာဏပြည့်သွားလို့ရပ်လိုက်တယ်ဆိုပေမယ့်တိုင်းပြည်ဖုန်းသုံးစွဲနိုင်မှုကို ဒီလောက်ပဲသတ်မှတ်ထားသလိုဖြစ်သွားလိမ့်မယ်။ ဒါကြောင့် နောက်ထပ်ဒီလိုဈေးသက်သာတဲ့မိုဘိုင်းဖုန်းတွေကို အချိန်အကြာကြီးဖြတ်မထားဘဲ ပြည်သူတွေကိုအဆက်မပြတ်ချထားပေးသင့်တယ်လို့ထင်တယ်”ဟု ပြည်တွင်းအခြေစိုက် မိုဘိုင်းဖုန်းနည်းပညာကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ထိုကဲ့သို့အခြေအနေကြောင့် ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားကြသည့် မိုဘိုင်းဖုန်းအရောင်းဆိုင်များက အဆိုပါကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများကိုကျပ်ငါးသောင်းအပိုပေးကာ လိုက်လံဝယ်ယူမှုများရှိနေပြီး ရည်ရွယ်ချက်မှာ ထပ်မံလျှောက်ထားနိုင်ခြင်းမရှိတော့သည့်အတွက် အသုံးပြုလိုသူများသို့ ဈေးနှုန်းထပ်မံမြှင့်တင်ကာ ပြန်လည်ရောင်းချပေးရန်အတွက်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုလက်ရှိအချိန်တွင် ယင်းစီဒီအမ်အေ၄၅၀နှင့်၈၀၀မဂ္ဂါဟတ်ဖုန်းများကြောင့် ပြည်တွင်း၏ဖုန်းသုံးစွဲနိုင်သူအရေအတွက်မှာ နှစ်သိန်းငါးသောင်းကျော်ရှိလာပြီဖြစ်သည်။

## စာ(၇) - ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းသုံးသင်းစုပေါင်း အသင်းကြီးတစ်သင်းအဖြစ် တည်ထောင်ရန်စီစဉ် မှ

“ဒီအသင်းကြီးက အဓိကဘာလုပ်မလဲဆိုတော့ အဓိကအစိုးရနဲ့ ဆွေးနွေးညှိနှိုင်းပြီး အလုပ်လုပ်ဖို့ရည်ရွယ်ထားတယ်”ဟု မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအသင်းကြီးက လာမည့် ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသွားခြောက်သိန်း ဝင်ရောက်ရန် ရည်မှန်းချက်ထားကြောင်းလည်း သိရှိရသည်။

ယခုနှစ် ခရီးသွားရာသီတွင် လေကြောင်းလိုင်းဖြင့်ကမ္ဘာလှည့်ခရီးသွား သုံးသိန်းကျော်ဝင်ရောက်ခဲ့ပြီး ဧပြီလ၏ ဧည့်သည်ဝင်ရောက်မှုမှာ ယခင်နှစ်ကထက် ၆၀ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး - မြန်မာနိုင်ငံတောင်ပိုင်းဒေသသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက် မှ

တိမ်ထူထပ်နေခြင်းကြောင့် ရွာသွန်းသော မိုးကြိုမိုးများဖြစ်ကြောင်းမိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။ ဆက်လက်၍ အနောက်တောင်မုန်သုံလေမှာ မြန်မာနိုင်ငံသို့ မေ ၁၂ ရက်၊ ၁၃ ရက်ဝန်းကျင်တွင် စတင် ဝင်ရောက်မည်ဟု ၎င်းကဆက်လက်ပြောသည်။

မုတ်သုံမှာ မေလ ၁၅ ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၂၅ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလကုန်တွင် အလယ်ပိုင်းဒေသများသို့လည်းကောင်း၊ ဇွန်လဆန်းတွင် မြန်မာတစ်နိုင်ငံသို့လည်းကောင်း ဝင်ရောက်လေ့ရှိသည်။ ထို့ကြောင့် ယခုနှစ်မှာ မုတ်သုံ ပုံမှန်ဝင်ရောက်သော နှစ်ဖြစ်သည်ဟု မိုးဇလမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မုတ်သုံကို မေဆန်း ၂၅ ရက်နောက်ပိုင်းတွင် စတင်ဝင်မည်ဟု ခန့်မှန်းထားပြီး၊ မိုးဇလကလည်း မေလ ၁၀ ဒုတိယရက်သတ္တပတ်တွင် ဝင်မည်ဟု ကြိုတင်မှန်းထားသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ မိုးဇလဌာနကလည်း ၎င်းတို့နိုင်ငံသို့ မုတ်သုံလေ စတင်ဝင်ရောက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ထို့အပြင် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော မုန်တိုင်း၊ ကပ္ပလီနှင့် ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေခြင်းတို့ကြောင့် ဒေသအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး၊ လေပြင်းတိုက်ခတ်မည်ဟု ထိုင်းမိုးဇလက သတင်းထုတ်ပြန်ထားသည်။

ထိုသို့ မုတ်သုံလေ ဝင်လာခြင်းမှာ AERE မုန်တိုင်းဖြစ်ပေါ်ခဲ့ခြင်းနှင့် ဆက်စပ်ကြောင်း မိုးလေဝသပညာရှင်များက ပြောသည်။ ထိုမုန်တိုင်းမှာ ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော်လည်း မြောက်နှင့် အနောက်မြောက်ဘက်သို့ ရွေ့လျားခြင်းကြောင့် မုတ်သုံကို ဆွဲခေါ်သကဲ့သို့ ဖြစ်သွားခြင်းဖြစ်သည်။

“သတိထားရမှာကတော့ လျှပ်တစ်ပြက် ရေကြီးမှုနဲ့ မြေပြိုမှုတွေဖြစ်ပါတယ်။ ဒီထက်ပိုအရေးကြီးတာကတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာ မေ ၁၀ ရက်မှ ၁၇ ရက်အတွင်း မုန်တိုင်းတစ်လုံးဖြစ်လာနိုင်ပါတယ်”ဟု မိုးကြိုကာလတစ်လျှောက်လုံး မုန်တိုင်းအန္တရာယ်ကို သတိထားရန် ဆက်တိုက်သတိပေးခဲ့သော ဒေါက်တာထွန်းလွင်က မုန်တိုင်းနှင့်ပတ်သက်၍ ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မိုးလေဝသပညာရှင်များက မေ ၃ ရက်မှ ၁၀ ရက်အတွင်း မြောက်ပစိဖိတ် သမုဒ္ဒရာတွင် အပူပိုင်းမုန်တိုင်းတစ်လုံးဖြစ်နိုင်ပြီး ဘင်္ဂလားပင်လယ်အော်တွင် မေ ၁၀ မှ ၁၇ ရက်အတွင်း မုန်တိုင်းတစ်လုံး ဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်းရှိကြောင်း မေလဆန်းက ခန့်မှန်းထားခဲ့သည်။

လက်ရှိအနေအထားအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့မဟုတ် အနောက်ပိုင်း၌သာ မုန်တိုင်းစတင်ဖြစ်နိုင်ရန် အခြေအနေများနေသည့်အတွက် မြန်မာနိုင်ငံအတွက် စိုးရိမ်မှုအခြေအနေနည်းသည်ဟု ဦးထွန်းလွင်ကခန့်မှန်းထားသည်။

သို့သော် မုန်တိုင်းဖြစ်လာနိုင်သည့် ကာလသည် မိုးကြိုကာလဖြစ်နေခြင်းကြောင့် သတိထားရပေမည်။ မြန်မာနိုင်ငံတွင် ၁၉၇၈ နောက်ပိုင်းမှစ၍ မိုးကြိုကာလမှာ ဧပြီ ၁၅ ရက်မှ မေလ ကုန်အထိဖြစ်သည်။

မိုးဇလကလည်း မေလဒုတိယ ၁၀ ရက်သတ္တပတ်(မေ ၁၀ မှ မေ ၂၀ အတွင်း)အတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

## မျက်နှာဖုံး - မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျဥက္ကဋ္ဌ နေရာပေးရေး မဆုံးဖြတ်ရသေး မှ



သမ္မတဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတတို့ကို တွေ့ရစဉ်

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲကို ပြောင်းလဲမှုအစအဖြစ်ယူဆထားသည့်အတွက် မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌနေရာ လက်ခံရန် ထိုင်းနိုင်ငံအနေဖြင့် ငြင်းချက်ထုတ်ခြင်းမရှိဟု ထည့်သွင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌနေရာအတွက် အဆိုပြုမှုကို မူအားဖြင့် အာဆီယံခေါင်းဆောင်များက ကန့်ကွက်မှုမရှိကြောင်း အင်ဒိုနီးရှားသမ္မတ မစ္စတာဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုကထိပ်သီးဆွေးနွေးပွဲအပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူတစ်ဦးက“အာဆီယံအနေနဲ့မြန်မာကိုလက်ခံမယ်ထင်တယ်။ လက်ခံဖို့က သေချာသလောက်ရှိနေတယ်။ အာဆီယံက အဲဒါမျိုးနဲ့ထိန်းညှိသွားမယ်လို့လည်းယူဆလို့ရတယ်”ဟု အာဆီယံအစည်းအဝေးအပြီး သုံးသပ်ပြောကြားသည်။(၁၈)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်ဖြင့် တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတဖြစ်အပြီး ၎င်း၏ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံထုတ် သတင်းစာအယ်ဒီတာလည်းဖြစ် အာဆီယံကျွမ်းကျင်သူလည်းဖြစ်သည့် ခွန်ကပီက ပြီးခဲ့သည့်လအတွင်းက ၂၀၁၄ အာဆီယံဥက္ကဋ္ဌနေရာနှင့်ပတ်သက်ပြီး ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်တွင် မြန်မာနိုင်ငံအစိုးရက အလှည့်ကျဥက္ကဋ္ဌနေရာနှင့်ပတ်သက်ပြီး အာဆီယံခေါင်းဆောင်များကို ယခုအစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်စုံတစ်ရာပေးစေလိုနေသည်၊ သို့မှသာ သုံးနှစ်အတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ပြင်ဆင်ချိန်လုံလောက်မည်ဖြစ်သည်ဟု သုံးသပ်ရေးသားထားသည်။ သို့ရာတွင် အာဆီယံခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်မချမီမြန်မာနိုင်ငံ၏ နောက်ဆုံးအခြေအနေနှင့် ဥက္ကဋ္ဌနေရာ လက်ခံရန်အတွက် အဆင်သင့်ဖြစ်မှုတို့ကို သိရှိမြင်တွေ့ခွင့်ရရန် ကိုယ်စားလှယ်များ မြန်မာနိုင်ငံအတွင်းသို့ သွားရောက်လေ့လာခွင့် ရရှိရန် ခွင့်ပြုချက်အဖြေကို စောင့်ဆိုင်းနေဆဲဖြစ်သည်ဟုလည်း ဆက်လက်ရေးသားဖော်ပြထားသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်ကပင် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် သက်တမ်းက ၁၄ နှစ်ရှိခဲ့ပြီဖြစ်ကာ ၂၀၀၆ ခုနှစ် နိုင်ငံတွင်းအခြေအနေများကြောင့် အာဆီယံဥက္ကဋ္ဌနေရာကို လက်လွှတ်ခဲ့ရသည်။

# Health

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



ကလေးအချင်းချင်း တီဘီကူးစက်မှုမရှိနိုင်ဘဲ လူကြီးများထံမှသာ တစ်ဆင့်ကူးစက်ခံရနိုင်သည်

# ကလေးတီဘီ

သီဟ

အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများထဲတွင်တီဘီရောဂါပိုးသည်လည်း သတိပြုဖွယ်ရောဂါတစ်မျိုးပင်ဖြစ်သည်။

တီဘီရောဂါသည် လူကြီးများတွင်သာမက ကလေးများတွင်လည်း ဖြစ်ပွားတတ်သည့်ရောဂါဖြစ်ပြီး ကလေးများတွင်ဖြစ်ပွားပါက အရပ်အခေါ်အားဖြင့် ကလေး တီဘီဟုခေါ် ဆိုကြသည်။

အဆိုပါရောဂါသည် Myco Bacteria ဟူသည့် ဘက်တီးရီးယားပိုးကြောင့်ဖြစ်ပွားတတ်ခြင်းဖြစ်ပြီး လူကြီးတွင်ဖြစ်ပွားသည့် တီဘီနှင့် ကလေး၌ ဖြစ်ပွားသည့် တီဘီတို့တွင် အဆိုပါ ဘက်တီးရီးယားကြောင့်သာ ဖြစ်ပွားတတ်ခြင်းဖြစ်ကြောင်း ကလေးအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာယုဇနစောမြင့်ကပြောသည်။

လူကြီးများတွင် တီဘီရောဂါကူးစက်ခံရလျှင် တီဘီရောဂါပိုးသည် အဆုတ်ထဲသို့ ဝင်ရောက်သွားသဖြင့် အဆိုပါကူးစက်ခံရသူ ချောင်းဆိုးပါက အဆုတ်ထဲမှ ပိုးများပြန်လည်ပျံ့နှံ့ပြီး အခြားသူများသို့လည်း ကူးစက်နိုင်သည်။

သို့သော် ကလေးများတွင် တီဘီဖြစ်ပွားပါက တီဘီရောဂါပိုးသည် အဆုတ်ထဲသို့ဝင်ရောက်သွားခြင်းမဟုတ်ဘဲ အသက်ရှူလမ်းကြောင်း ပတ်ပတ်လည်ရှိ အကျိတ်များထဲသို့ ပျံ့နှံ့ ဝင်ရောက်သွားလေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် ကလေးများတွင် ဖြစ်ပွားသည့် တီဘီရောဂါသည် ကလေးအချင်းချင်း ကူးစက်ပြန့်ပွားခြင်းမရှိနိုင်ကြောင်းဒေါက်တာယုဇနစောမြင့်ကပြောသည်။

အကယ်၍ ကလေးများတွင် တီဘီဖြစ်ပွားပါက ကလေးအချင်းချင်းကူးစက်ခြင်းမဟုတ်ဘဲ တီဘီဖြစ်ပွားနေသည့် လူကြီးတစ်ဦးဦးထံမှ ကူးစက်ခြင်းဖြစ်နိုင်ကြောင်း သိရသည်။ အခြားကူးစက်နိုင်သော နည်းလမ်းတစ်ခုမှာ တီဘီဖြစ်ပွားနေသည့် မိခင်မှ မွေးကင်းစကလေးသို့ ကလေးတီဘီ တိုက်ရိုက်ကူးစက်နိုင်ခြင်းဖြစ်သည်။

"ကလေးမှာ တီဘီဖြစ်တယ်ဆိုတာသေချာရင် အဲဒီကလေးဟာတီဘီဖြစ်နေတဲ့ လူကြီးတစ်ဦးဦးဆီက ကူးစက်တာပဲဖြစ်တယ်

အဲဒီအခါကျတော့ ရောဂါဖြစ်နေတဲ့ ကလေးဆီကနေ နောက်ကြောင်းပြန်လိုက်ရတယ် အိမ်နားပတ်ဝန်းကျင်မှာ နာတာရှည် ချောင်းဆိုးနေတဲ့သူရှိလား ၊ဆေးအကြာကြီး သောက်နေရတဲ့သူရှိလားဆိုပြီးတော့ မေးရတယ်။ အဲဒီလိုရှိတယ်ဆိုရင် ကလေးက အဲဒီလူဆီကနေကူးစက်တာဖြစ်နိုင်တယ်"ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

ကလေးတီဘီရောဂါသည် လူကြီးများမှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါဖြစ်သဖြင့် ကလေး၏ ပတ်ဝန်းကျင် ပိုမိုကျယ်ပြန့်လာသောအချိန်တွင် အဖြစ်များတတ်ကြောင်း သိရသည်။

ကလေး တီဘီရောဂါသည် စတင်ဖြစ်ပွားပါက လေပြွန်ပတ်ပတ်လည်ရှိ အကျိတ်များမှ တစ်ဆင့်စတင်ဖြစ်ပွားတတ်ပြီး အဆိုပါ အဆင့်အား Primary Complex ဟု ခေါ်ကြောင်း သိရသည်။

မိဘများအနေဖြင့် အဆိုပါအဆင့်တွင် သတိထားမိ၍ သိရှိပါက တီဘီရောကုသနည်းများအတိုင်း စနစ်တကျကုသပါက လုံးဝပျောက်ကင်းနိုင်ကြောင်း သိရသည်။

ထိုသို့မဟုတ်ပါကကလေးတီဘီရောဂါသည် အခြားနေရာများသို့ပျံ့နှံ့သွားပါက အချိန်မီမသိရှိနိုင်လျှင် အခြား မလိုလားအပ်သည့် ဆိုးကျိုးများ ဝင်ရောက်လာကာ ကလေးဘဝဆုံးနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

ကလေးတီဘီသည် အချိန်မီမသိရှိပါက သွေးကြောများမှတစ်ဆင့် ဦးနှောက်အမြှေးပါး၊ အူလမ်းကြောင်း၊ အရိုး၊ ကျောက်ကပ်စသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများသို့အထိ ပျံ့နှံ့သွားနိုင်ကြောင်း သိရသည်။

အရောက်များသည့် နေရာများမှာ ဦးနှောက်အမှေးပါးနှင့် အူတို့ဖြစ်ကြပြီး အူတီဘီနှင့်ဦးနှောက်အမှေးပါးတီဘီတို့မှာ အဖြစ်များကြောင်းဒေါက်တာယုဇနစောမြင့်ကပြောသည်။

စာ(၁၄)သို့

## ဆေးဝါးနှင့် ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများ သေချာသိရန်လို

ဝတ်ရည်

ယနေ့အချိန်တွင် ရောဂါဘယများပြန့်ပွားကူးစက်မှု လွယ်ကူလာပြီး ရောဂါတစ်ခုခုဖြစ်ပွားလာပါကလည်း အထိရောက်ဆုံးဖြစ်မည့် ကုထုံးအသစ်များဖြင့် ပျောက်ကင်းရန် ဆေးကုသကြရသည်။

ဆေးကုသမှုတိုင်းတွင် ရောဂါအား သက်သာစေနိုင်မည်မှန်သော်လည်း အသုံးပြုသည့် ဆေးဝါး၊ ကုထုံးများကြောင့်ရောဂါဝေဒနာရှင်တွင် ဆေး၏ ဘေးထွက်ဆိုးကျိုး အနည်းနှင့်အများကြုံတွေ့ခံစားရကြကြောင်း သိရသည်။

ထိုဆေးဘေးထွက်ဆိုးကျိုးများမှာ ကျွမ်းကျင်ဆရာဝန်၏ လမ်းညွှန်မှုဖြင့် သက်သာစေနိုင်သော်လည်းလူအများမှာ အပြင်ကြားဖူးနားဝဇဟုသုတများဖြင့်ကြားထားသည့် ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများအား ခံစားကြရမည်စိုး၍ ကုသမှုများအား ငြင်းပယ်ခြင်း၊ တိကျစွာလိုက်နာမှုများ အားနည်းခြင်းများလည်းရှိကြောင်း သိရသည်။



ယခု မြန်မာနိုင်ငံတွင် တွေ့ရှိမှု များပြားလာသော တီဘီရောဂါ ကုသသည့် ကုထုံးများတွင်လည်း ဘေးထွက်ဆိုးကျိုးများအားခံစားကြရမည်စိုး၍ ကုသမှုများအား ငြင်းပယ်ခြင်း၊ တိကျစွာလိုက်နာမှုများအားနည်းခြင်းများလည်းရှိကြောင်းသိရသည်။

ယနေ့ မြန်မာနိုင်ငံတွင် တွေ့ရှိရမှု များပြားလာသော တီဘီရောဂါကုသသည့် ကုထုံးများတွင်လည်း ဘေးထွက်ဆိုးကျိုးများရှိပြီး ထိုဘေးထွက်ဆိုးကျိုးများ မခံစားရစေရန် လမ်းညွှန်ချက်များအားလိုက်နာပါက လူအများထိတ်လန့်သော တီဘီဆေးသောက်ခြင်းကြောင့် ခံစားရနိုင်သည့် ဘေးထွက်ဆိုးကျိုးများ သက်သာစေနိုင်ကြောင်း သိရသည်။

"လူတွေအပြောများတာက တီဘီဆေးသောက်ပြီး နာလန်မထူတော့ဘူး။ ကလေးတွေဆိုရင်လည်း ကြီးထွားမှု နှေးကွေးသွားတယ်ဆိုတာတွေက အပြင်မှာ အထင်တွေကိုပြောကြတာပါ။ အဲလိုမျိုးလုံးဝမဖြစ်နိုင်ပါဘူး"ဟု ဒေါက်တာဒေါ် အေးအေးမူက ပြောသည်။

ငယ်စဉ်က တီဘီရောဂါဖြစ်ထားသည့်ကလေးများ အရွယ်ရောက်သောအချိန်တွင် တခြားကလေးများထက် ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ အသက်ကြီးသူများ၊ တီဘီဆေးသောက်သည့်အခါ ဆေးဒဏ်ကြောင့် အိပ်ရာထဲ လဲသွားလေ့ရှိသည်ဟု လူအများက ထင်မြင်လေ့ရှိကြောင်းသိရသည်။

တီဘီရောဂါရှိကြောင်း အတည်ပြုပြီး တီဘီဆေးစတင်သောက်သည့် ပထမဆုံးအပတ်တွင်

စာ(၁၄)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.8 ▪ MAY 12, 2011

## စာ(၁၃) - ကလေးတီဘီ မှ

အခြားပျံ့နှံ့နိုင်သည့် နေရာမှာအရိုးဖြစ်ပြီး အများအားဖြင့် ကျောရိုးသို့ပျံ့နှံ့လေ့ရှိကြကြောင်း သိရသည်။

ကလေးများတွင် အဆိုပါနေရာများသို့ ပျံ့နှံ့သွားပါက ဦးနှောက်သို့ ပျံ့နှံ့သွားလျှင် တက်ခြင်း၊ အသိမရှိခြင်း၊ တောင့်တင်းနေခြင်း စသည်တို့ဖြစ်ပွားတတ်ပြီး အူအတွင်းသို့ ပျံ့နှံ့သွားပါကလည်း ကာလကြာရှည်စွာဝမ်းပျက်ခြင်း၊ အာဟာရချို့တဲ့ခြင်းများဖြစ်ပွားတတ်ကြောင်း သိရသည်။

ကလေးတီဘီရောဂါဖြစ်ပွားပါကကလေးများသည်မှိုင်တွေနေခြင်း၊ လစဉ်ပေါင်ချိန်ကျခြင်း၊ အစာစားချင်စိတ် နည်းလာခြင်း၊ ညနေပိုင်းအချိန်များတွင် ခြေဖဝါး လက်ဖဝါးများ နွေးလာခြင်း၊ ဦးခေါင်းချွေးထွက်ခြင်းစသည့်လက္ခဏာများပြသတတ်ကြောင်း သိရသည်။

အထက်ပါလက္ခဏာများအပြင်သုံးလဆက်တိုက်ခန္ဓာပေါင်ချိန်တိုးခြင်းမရှိဘဲ တန်းနေပါက တီဘီရောဂါ သံသယရှိနိုင်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ကလေးတီဘီဖြစ်ပွားလျှင် ကနဦး အဆင့်ဖြစ်သည့် Primary Complex ကိုမသိရှိလိုက်သော်လည်း ပျံ့နှံ့တီဘီဖြစ်သည့် အခြားအင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့သွားချိန်တွင် အချိန်မီသိရှိပါကလည်း စနစ်တကျကုသမှု ခံယူပါက လုံးဝပျောက်ကင်းနိုင်ကြောင်း သိရသည်။

ယခုအခါတွင်လည်း တီဘီရောဂါအား သက်ဆိုင်ရာဒေသန္တရကျန်းမာရေးဌာနများက အခမဲ့ဆေးဝါးများပေးကာ ထိရောက်စွာကုသမှုပေးလျက်ရှိသည်။

တီဘီရောဂါသည် မျိုးရိုးလိုက်သည့် ရောဂါတစ်ခုမဟုတ်ဘဲ ကူးစက်တတ်သည့်ရောဂါတစ်မျိုးဖြစ်သဖြင့် ကြိုတင်ကာကွယ်နိုင်သောရောဂါဖြစ်သည်။

ကလေးများတွင်ဖြစ်ပွားသည့် ကလေးတီဘီရောဂါမဖြစ်ပွားရန်အတွက်မှာမူ မွေးပြီးပြီးချင်း (သို့မဟုတ်) ကလေးအသက် တစ်လခွဲခန့်တွင် BCG ဟုခေါ်သည့် တီဘီကာကွယ်ဆေးထိုးပေးထားကြရန်လိုအပ်ကြောင်း သိရသည်။

အဆိုပါတီဘီကာကွယ်ဆေးထိုးထားခြင်းအားဖြင့် ကလေးများ၌ ဖြစ်ပွားသည့် တီဘီရောဂါတွင် ကနဦးအဆင့်ကို ကာကွယ်နိုင်မည်ဟုတ်မဟုတ်ကို အတိအကျ မပြောနိုင်သော်လည်း ပျံ့နှံ့တီဘီ မဖြစ်ပွားနိုင်ရန်ကိုမူ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

အခြားကာကွယ်နိုင်သည့် နည်းလမ်းများလည်းရှိရာ အဆိုပါနည်းလမ်းများမှာ မွေးကင်းစမှ ကလေး အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း (မိခင်နို့ရည်တွင် ကလေးများအတွက် ရောဂါကာကွယ်ပေးနိုင်သည့်ဓာတ်တစ်မျိုးပါရှိသည်။)၊ အသက်အရွယ်အလိုက် အဟာရပြည့်ဝစွာ ကျွေးမွေးခြင်း၊ ရက်ရှည်ချောင်းဆိုးနေသော လူကြီးများနှင့် နီးနီးကပ်ကပ် မနေစေခြင်း၊ လူစုလူဝေးရှိသော နေရာများသို့ ကလေးများကို ခေါ်ဆောင်သွားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကလေးများနှင့် အနီးကပ်ရှိသည့် လူကြီးများအနေဖြင့် ကလေးရှေ့တွင် ချောင်းဆိုးပါက လက်ကိုင်ပဝါအုပ်၍ ချောင်းဆိုးခြင်း၊ ကလေးများတွင် တီဘီရောဂါရှိသည်ဟု သံသယဖြစ်ပါက တတ်ကျွမ်းသူများနှင့် စနစ်တကျပြသ၍ကုသမှုခံယူစေခြင်းစသည်တို့ဖြစ်ကြသည်။

# မြန်မာနိုင်ငံအား တိရစာန်ကပ်ရောဂါတစ်မျိုးမျိုး ကင်းစင်နိုင်ငံဖြစ်ရန် ကြိုးပမ်းနေ

**ထူးသန့်**

**နေပြည်တော်၊ မေ - ၂၉**

ကမ္ဘာတွင် တိရစ္ဆာန်ကပ်ရောဂါများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံကို အဆိုပါရောဂါများအနက်မှ ရောဂါတစ်မျိုးမျိုး ကင်းစင်သည့် နိုင်ငံအဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း နေပြည်တော်ကောင်စီနယ်မြေမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ မေ ၂၉ ရက်တွင် ပြုလုပ်ခဲ့သော ပညာပေးဟောပြောပွဲ၌ သဘာပတိက နိဂုံးချုပ်အမှာစကားတွင် ပြောကြားခဲ့သည်။



*ယခုနှစ်ပိုင်းများအတွင်း မြန်မာနိုင်ငံတွင် တိရစ္ဆာန်ရောဂါအဖြစ် ကြက်ငှက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါတို့ ထင်ထင်ရှားရှားဖြစ်ပွားခဲ့သည်။*

ဓာတ်ပုံ - လမင်းနိုင်

အိမ်မွေးတိရစ္ဆာန် ကူးစက်ရောဂါများအကြောင်းကို တစ်လအတွင်းဒုတိယအကြိမ် မြောက်ဟောပြောသည့် အဆိုပါ အခမ်းအနား၌ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး သဘာပတိက "ရောဂါ ဖြစ်ပွားတဲ့ဒေသရဲ့ သတင်းအချက်အလက်ကို အခြေခံပြီး ဘယ်လိုဖြစ်ပွားတယ်။ ရောဂါဘာကြောင့် ရောက်လာတယ်ဆိုတာ စုံစမ်းဆောင်ရွက်ဖို့ အခြေအနေကို ရောက်နေပါတယ်။ ဇီဝလုံခြုံမှုကို အလေးထားပြီး မြန်မာနိုင်ငံကို ဘာရောဂါ(ရောဂါတစ်မျိုးမျိုး)လုံးဝမဖြစ်တဲ့ နိုင်ငံမျိုးဖြစ်ဖို့ ကြိုးပမ်းနေပါတယ်"ဟု ပြောကြားသည်။

တိရစ္ဆာန် ကူးစက်ရောဂါများတွင် ယခင်က ကုသမှုသည် အဓိကဖြစ်ခဲ့သော်လည်း ယနေ့အချိန်တွင်မူ ရောဂါကာကွယ်မှုသည်သာ အဓိကကျလာကြောင်း၊ ခွေးရူးရောဂါသည်ကာကွယ်ဆေးထိုးမထားပါက ကုသ၍မရနိုင်သည့် ရောဂါဖြစ်ပြီး သေဆုံးမှုများရှိကြောင်း၊ အလားတူပင် ကျွဲ၊ နွားဒေါင့်သန်းရောဂါသည်လည်း တိရစ္ဆာန်မှ လူသို့ပြင်းထန်စွာ ကူးစက်နိုင်ကြောင်း၊ ယင်းရောဂါပိုးကို လေထဲမှ ရှူမိခြင်း၊ ထိမိခြင်း၊ ပိုးပါသည့် အသားကိုစားမိခြင်းများကြောင့်ပင် ကူးစက်နိုင်ကြောင်း ဟောပြောပွဲမှ သိရှိရသည်။

လူတွင်ဖြစ်သော ရောဂါများ၏ ၇၃ ရာခိုင်နှုန်းမှာ တိရစ္ဆာန်များမှ ကူးစက်ခြင်းဖြစ်ကြောင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာဒေါ်တင်တင်မြိုင်က ပြောကြားသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သော ယနေ့ဟောပြောပွဲ၌ ခွေးရူးရောဂါ၊ ကျွဲ၊ နွား ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါများအကြောင်း ပညာပေးဟောပြောခဲ့ပြီး ခွေးရူးရောဂါကာကွယ်ဆေးများလည်း အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

# ဘူတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရန် အထူးကုဆရာဝန်များ ခေါ်ယူ

**သီဟ**

**ရန်ကုန်၊ မေ-၅**

ဘူတန်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန၏ ကမ်းလှမ်းမှုဖြင့် မြန်မာနိုင်ငံမှ အထူးကုဆရာဝန်များအား ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနမှ ခေါ်ယူလျက်ရှိသည်။

ဘူတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် အထူးကုဘာသာရပ်များမှာ အထွေထွေဆေးပညာအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်ကုပညာအထူးကု ဘာသာရပ်များဖြစ်ကြသည်။

ဘာသာရပ်အသီးသီးတွင် လိုအပ်သည့်အထူးကုဆရာဝန်အရေအတွက်မှာ အထွေထွေဆေးပညာဘာသာရပ်အတွက် ၅ ဦး၊ သားဖွားမီးယပ် အထူးကုအတွက် ၃ ဦးနှင့် ခွဲစိတ်ကုပညာအတွက် ၅ ဦး စုစုပေါင်း ၁၃ ဦး ဖြစ်ကြောင်း သိရသည်။

တာဝန်ထမ်းဆောင်ရမည့် ကာလမှာ ၂ နှစ်ဖြစ်ပြီး လစာမှာ အမေရိကန်ဒေါ်လာ တစ်ထောင့်ငါးရာရရှိမည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားရမည့်သူများမှာ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိရမည်ဖြစ်ပြီး ရာထူးအားဖြင့် လက်ထောက်ဆရာဝန်(အထူးကု)၊ အထူးကုဆရာဝန်၊ အထူးကုဆရာဝန်ကြီး ရာထူးရရှိပြီးသူများဖြစ်သည်ဟု သိရသည်။

ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့် ကထိက ဆရာဝန်ကြီးများ MRCP, MRCOG, FRCS, Ph.D, Dr.Med.Sc ရရှိထားသည့် ဆရာဝန်ကြီးများ လျှောက်ထားခွင့်မရှိကြောင်း သိရသည်။

လျှောက် ထားလို သူ များသည် မိမိဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံသို့ ယခုလ ၁၃ ရက်နေ့ထက်နောက်မကျဘဲ လျှောက်လွှာပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ပါရှိသည်။

## စာ(၁၃) - ဆေးဝါးနှင့် ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများ သေချာသိရန်လို မှ

ဆေး၏ ဘေးထွက်ဆိုးကျိုးအဖြစ် အစားအသောက်ပျက်ခြင်း၊ အချို့တွင်ရင်ဘတ်အတွင်းမှပူခြင်း၊ ဆေးမတည့်သောသူများတွင်အသားများဝါလာခြင်းစသည့် ရောဂါလက္ခဏာများ ခံစားကြရလေ့ရှိကြောင်းသိရသည်။

အခြားလက္ခဏာများဖြစ်သည့် တစ်ခါတစ်ရံပျို့ခြင်း၊ ဗိုက်အောင့်ခြင်း၊ လက်ချောင်းခြေချောင်းများထုံကျင်ခြင်း၊ အဆစ်အမြစ်နာကျင်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများခံစားရနိုင်ပြီး ထိုလက္ခဏာများမှာ အန္တရာယ်ရှိစေသည့် အခြေအနေမရှိကြောင်း သိရသည်။

"တီဘီဆေးစသောက်တဲ့အခါ လူတွေမှာအစားအသောက် အရမ်းပျက်တယ်။ အဲဒါကို အစာဝင်အောင် ကျွေးဖို့လိုပါတယ်။ အစာမဝင်ရင်တောင် ရေများများဝင်အောင် တိုက်ရမယ်။ အိမ်သားတွေကိုလည်းမှာတယ်။ သူတို့စားချင်တာကို ချော့ကျွေး၊ ခြောက်ကျွေးခိုင်းတယ်"ဟု ဒေါက်တာဒေါ်အေးအေးမူကပြောသည်။

တီဘီဆေးသောက်သည့်အချိန်တွင် ဆေး၏ ဘေးထွက်ဆိုးကျိုးသည် အသည်းအား ထိခိုက်မှုရှိနိုင်သောကြောင့် အသည်းပျက်စီးခြင်း ပိုမိုဆိုးရွားစေမည့် အရက်သောက်ခြင်းအား ဆင်ခြင်ခြင်း၊ အသည်းရောင်အသားဝါဘီပိုးစီပိုးရှိသူများမှာ အသည်းမထိခိုက်စေရန် ဂရုပြုသင့်ကြောင်း သိရသည်။

အသည်းထိခိုက်မှု ရာခိုင်နှုန်းအလွန်အမင်းနည်းပါးသော်လည်းတီဘီဆေး၏ဘေးထွက်ဆိုးကျိုးကြောင့် အသည်းမထိခိုက်စေရန် အရက်သောက်ခြင်းအား ရှောင်ကြဉ်ခြင်း၊ နေ့စဉ် ရေနှစ်လီတာ အထက်သောက်သုံးခြင်း၊ အိပ်ရေးဝဝအိပ်၍ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်းသိရသည်။

"ကလေးတွေပဲဖြစ်ဖြစ် လူကြီးပဲဖြစ်ဖြစ်တီဘီဆေးသောက်တဲ့အခါ အစားမစားချင်လို့ မကျွေးဘဲထားရင် အာဟာရပြတ်သွားတာမျိုးတွေဖြစ်နိုင်တယ်။ ကလေးတွေဆို ဥဏ်ရည်ဖွံ့ဖြိုးတဲ့ အချိန်တွေဆိုရင် အစာအာဟာရမရရင် ဥဏ်ရည်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေနိုင်တယ်။ ဒါပေမဲ့ အစာမစားချင်တာကတော့ ဆေးစသောက်တဲ့ ပထမတစ်ပတ်ပါပဲ။ နောက်ပိုင်းမှာအစာစားလွန်းလို့မတတ်နိုင်လို့ ဆေးဖြတ်လိုက်တဲ့ တချို့မိသားစုတွေတောင် တွေ့ဖူးတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။


တီဘီဆေးသောက်နေသူများအတွက် ဖြည့်စွက်အားဆေးများ အသုံးပြုနိုင်သော်လည်း WHO မှမည်သည့် အားဆေးမျိုးသောက်သင့်သည်ဟု သတ်မှတ်ထားခြင်းမရှိဘဲ အသည်းထိခိုက်စေနိုင်မည့် သူများကို အသည်းရောဂါကာကွယ်ဆေးသောက်သင့်သည်ဟုပြဋ္ဌာန်းထားကြောင်း သိရသည်။

တီဘီရောဂါသည် အခြေခံလူတန်းစားများတွင် အဖြစ်များသည့်အတွက် များသောအားဖြင့် တီဘီရောဂါဖြစ်ပွားသူများအား အစားအသောက်သီးသန့်ကောင်းမွန်စွာနှင့် အားဆေးများ တိုက်ကျွေးရန်မတတ်နိုင်သော်လည်း တတ်နိုင်သမျှများများကျွေးသင့်ကြောင်းသိရသည်။

တီဘီရောဂါသည် တစ်ယောက်သည် ဆေးကုသမှုမရှိခြင်း၊ လုံလောက်စွာကုသမှုမရပါက တစ်နှစ်လျှင် အခြားသူ ၁၀ ဦးမှ ၁၅ ဦးအထိ ရောဂါပိုးကူးစက်နိုင်ခြေရှိကြောင်းသိရသည်။

တီဘီရောဂါဖြစ်ပြီး နှစ်လအတွင်း သလိပ်ပိုးထပ်မံစစ်ဆေးပြီး ဆေးလျှော့ခြင်းများ လုပ်ဆောင်ရပြီး မိမိဘာသာဆေးဝယ်သောက်ခြင်း၊ တီဘီရောဂါရှင်များ၏ ၇၀ ရာခိုင်နှုန်းမှာ အပြင်ဆေးခန်းများတွင် ဆေးသောက်ခြင်းများရှိပြီး ရောဂါသက်သာသည့်အခါ မိမိဘာသာဆေးဖြတ်ခြင်းများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

တီဘီရောဂါသည် ကူးစက်နှုန်းမြန်ဆန်သည့်အတွက် တခြားသူတစ်ဦးသို့ ရောဂါပိုးကူးစက်မှုမရှိစေရန် အနေအထိုင် ဆင်ခြင်နေထိုင်ခြင်း၊ တီဘီဆေးအား ရောဂါပျောက်ကင်းသည်အထိ သေချာသောက်သုံးခြင်း၊ တီဘီရောဂါဖြစ်ပွားနေသည့်အချိန်တွင် အရက်သောက်ခြင်းအား ရှောင်ကြဉ်ခြင်းတို့ဖြင့် တီဘီရောဂါအား ကုသသင့်ကြောင်း သိရသည်။



Regional

7 DAY NEWS JOURNAL

Vol.10, No.8 • MAY 12, 2011


# မိုးသည်းထန်စွာရွာသွန်း၍ ကြက်သွန်နီခင်းများ ပျက်စီး

မျိုးမင်းဦး၊ ကိုသက်

မုံရွာ၊ မေ-၅

မုံရွာခရိုင်ရှိကြက်သွန်နီအများဆုံး စိုက်ပျိုးရာ ဒေသများတွင် ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကြက်သွန်စိုက်ခင်းများရေလွှမ်းခဲ့သဖြင့်ကြက်သွန်နီပျက်စီးဆုံးရှုံးမှုများကြောင်း ဒေသခံများက ပြောသည်။

“ဒီနှစ်ဧပြီလကုန်ရက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ချောင်းရေကျုပြီး ကြက်သွန်နီစိုက်ခင်းတွေရေနစ်ကုန်တယ်။ တချို့ကလှေနဲ့သယ်သူသယ်၊ တချို့က ငှက်ပျောပင်တွေဖောင်လုပ်ပြီး ကြက်သွန်ဖော်သူဖော်နဲ့ ရသလောက် ကြက်သွန်ရေထဲမှာ ဖော်ရတယ်။ ရေထဲက ကြက်သွန်က ဆယ်ပင်ဖော်လို့ ကြက်သွန်တစ်ဥမသေချာဘူး။ ရေနစ်ပြီးမှ ဖော်တဲ့ကြက်သွန်က နေလှန်းလည်းပုပ်တာများလို့ တစ်ပိဿာ ၁၅၀ နဲ့ ရောင်းတာတောင် ဝယ်သူမရှိဘူး။ ဒီနှစ်မုံရွာနယ်ကကြက်သွန်စိုက်ခင်း အများစု ရေမြုပ်ပျက်စီးတာများလို့ကြက်သွန်ဈေးတက်လာနိုင်တယ်လို့ တောင်သူတွေမျှော်လင့်နေကြတယ်’ဟုမုံရွာမြို့နယ် သမန္တာကျေးရွာကြက်သွန်နီစိုက်တောင်သူတစ်ဦးက သူ၏ အတွေ့အကြုံနှင့် အမြင်ကို ပြောသည်။



မိုးကြောင့်ပျက်စီးသွားသော ကြက်သွန်များအား ပြန်လည်အခြောက်လှန်းနေစဉ်

ဓာတ်ပုံ-ကိုသက်

မုံရွာမြို့ အနီးတစ်ဝိုက်တွင် ဧပြီလ ၂၉ ရက်ညပိုင်းမိုးသည်းထန်စွာရွာသွန်းခဲ့သည့် နောက်ပိုင်း ချောင်းရေများ စီးဆင်းခဲ့သည့်အတွက် ကွဲ့ရဲအင်းတွင် ရေဖွေးဖွေးလျှပ်ခဲ့ပြီး ကွဲ့ရဲအင်းအတွင်း အဓိက စိုက်ပျိုးသော နှမ်းစပါးစိုက်ခင်းများနှင့် ကြက်သွန်နီစိုက်ခင်းများရေလွှမ်းပျက်စီးခဲ့ရသည်။

ထို့ပြင် မုံရွာမြို့အရှေ့ဘက် ကြက်သွန်နီစိုက်ခင်းများရေဝင်၍ ပျက်စီးဆုံးရှုံးမှုများပြားခဲ့ကြောင်း ကြက်သွန်စိုက်တောင်သူများက ပြောသည်။

“မိုးက ဆက်တိုက်ရွာနေတာ မေလ ၆ ရက်မနက်က ရွာတဲ့မိုးကရေပါတယ်။ ကြက်သွန်ဖော်နေတုန်းရွာတာ ဘာမှလုပ်လို့မရဘူး။ ဒီနေ့တော့ မိုးထပ်ရွာရင် ထပ်ပြီးမပျက်စီးအောင် အကုန်လုံးဖော်လိုက်ရတော့တယ်။ ကြက်သွန် နှစ်ဧကတော့ပျက်စီးသွားတယ်။ အချိန်ခုနစ်ထောင်ကျော်မယ်။ သိန်းနှစ်ဆယ်လောက်တော့ ဆုံးရှုံးသွားတယ်”ဟု တောင်ပလူကျေးရွာမှ ကိုဖိုးထူးက မေလ ၇ ရက်တွင် ပြောကြားသည်။ ယခုနှစ်မှာ ကြက်သွန်ပျိုးချိန်နောက်ကျခဲ့၍ ကြက်သွန်အုအလုံးလိုက်ရန် အချိန်စောင့်နေစဉ် ယခုကဲ့သို့ မိုးမိ၍ ကြက်သွန်များပျက်စီးခဲ့ရကြောင်း၊ မိုးကြောင့်ပျက်စီးခဲ့ရသော ကြက်သွန်များကို မုံရွာမြို့ပေါ်မှ ကြက်သွန်ဒိုင်များက အဝယ်ရပ်ပစ်ပြီးပြန်လွှတ်ခဲ့ကြကြောင်းကြက်သွန်စိုက်တောင်သူတစ်ဦးကပြောသည်။

အဆိုပါ ချောင်းရေကျဆင်းမှုများကြောင့် ခိုးသန်း၊ ကွဲ့ရဲ၊ သမန္တာ၊ ရှင်သူငယ်၊ အင်းရွာသစ်စသည့် ကျေးရွာများတွင်ကြက်သွန်နီစိုက်ခင်းများ ချောင်းရေ နစ်မြုပ်ခဲ့သည်။ နှမ်းစပါး စိုက်ခင်းအချို့လည်း ချောင်းရေနစ်မြုပ်ခဲ့သည်။ ဧပြီလကုန်ရက်ပိုင်းမှစ၍ ရွာသွန်းခဲ့သောမိုးမှာ မေလ ၅ ရက်အထိ ဆက်တိုက်ရွာသွန်းခဲ့သည်။

“အင်းထဲက ကြက်သွန်ကတော့ လုံးဝမရတော့ဘူး။ စောစောစိုက်သူတွေက သင်္ကြန်တွင်း ကြက်သွန်ဖော်ပြီးလို့ ပျက်စီးတဲ့အထဲ မပါတော့ဘူး။ ကုန်းကျတဲ့အခင်းတွေကလည်းမိုးရေကြောင့် ကြက်သွန်တွေမိုးရေနစ်၊ ချောင်းရေနစ်နဲ့ ကြက်သွန်တွေလျှောင်လို့မရတော့ဘူး။ ချောင်းရေမြုပ်တဲ့ ကြက်သွန်ခင်းတွေ ဖော်ဖို့အလုပ်သမားငှားရင် အရင်တစ်ရက် ၁,၂၀၀ ကျပ်ကနေ အခု ၁,၅၀၀ အထိပေးရတယ်။ အလုပ်သမားခေါ်ရတာမလွယ်သလို လုပ်အားခပေးရတာနဲ့ ကြက်သွန်ရတာ မကာမိဘူး။ အချို့ကြက်သွန်စိုက်တဲ့သူတွေက လယ်တစ်ဧက တစ်ရာသီငှားခ ကျပ်တစ်သိန်းဝန်းကျင်ပေးရသလို၊ ဂျုံတင်း ၂၀၊ ၃၀ အထိ ပေးငှားစိုက်သူတွေလည်းရှိတယ်။အချို့တောင်သူတွေက ကြက်သွန်စောစောဖော်ပြီးအိမ်မှာကျင်းထားတဲ့အချိန် ချောင်းရေတွေဝင်လာလို့ အိမ်ရောက်ပြီးမှ ချောင်းရေထဲမျှောသူတွေရှိတယ်” ဟု မုံရွာမြို့နယ် ခိုးသန်းကျေးရွာ ဒေသခံတောင်သူတစ်ဦးကလည်း ပြောသည်။

“ဒီနှစ်ကြက်သွန်နီစိုက်တာ တောင်သူတွေအထွက်လည်းလျော့တယ်။ အလုပ်သမားခတွေကလည်း အရင်နှစ်ထက်ပိုပေးရသလိုပြီးခဲ့တဲ့နှစ် မိုးနှောင်းကြောင့် စိုက်ချိန်နောက်ကျတာရော၊ နှင်းအလိုက်နည်းတာရော၊ ရေသွင်းချိန်ပိုများတာရောကြောင့် စိုက်စရိတ်တွေပိုများလာတယ်။

စာ(၁၆) သို့

## အမြန်လမ်းမှ စက်သုံးဆီအရောင်းဆိုင် ညဘက်ပိတ်ထား၍ ခရီးသွားယာဉ်များ အခက်တွေ့ဟုဆို

ထူးသန့်

နေပြည်တော်၊ ဧပြီ - ၂၉

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးဘေးတွင် ဖွင့်လှစ်ထားသော စက်သုံးဆီအရောင်းဆိုင်အချို့ ညဘက်တွင် အရောင်းပိတ်ထားသောကြောင့် ခရီးဝေးသွားယာဉ်များ အခက်တွေ့နေရကြောင်း နေပြည်တော် ပျဉ်းမနားမြို့မှ ယာဉ်မောင်းဦးကိုကြီးကပြောသည်။

“ပြီးခဲ့တဲ့အပတ်က ရန်ကုန်ကအပြန် ည ၇ နာရီလောက်ပဲရှိသေးတယ်။ ဆိုင်ပိတ်ထားတော့ ဒုက္ခရောက်တာပေါ့ဗျာ။ ဆိုင်းဘုတ်မှာတော့ ၂၄ နာရီပိတ်ရက်မရှိလို့ရေးထားတယ်။ ဒါပေမဲ့ဆိုင်ကလူကတော့မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ရောင်းပေးတယ်လို့ပြောတယ်။ ကျွန် တော်တို့မှာ ဓာတ်ဆီနည်းနေလို့ တောင်းတောင်းပန်ပန်ပြောတာတောင်မရဘူးဗျာ” ဟု ၎င်း၏တွေ့ကြုံခဲ့ရမှု အခြေအနေကို ပြန်လည်ပြောကြားသည်။ အဆိုပါ အမြန်လမ်းမကြီး၏ ကနဦးအပိုင်းဖြစ်သည့် ရန်ကုန်- နေပြည်တော်အပိုင်းတွင် ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်နှစ်ဆိုင်ဖွင့်လှစ်ထားပြီး နေပြည်တော် -မန္တလေးအပိုင်းတွင်မူ ဆိုင်ဖွင့်ထားခြင်းမတွေ့ရသေးကြောင်းလည်းအမြန်လမ်းမကြီးတွင် အမြဲတမ်းသွားလာလျက်ရှိသော ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ကနဦးလမ်းပိုင်းရှိဆိုင်တစ်ဆိုင်တွင် မော်တော်ဆိုင်ကယ်များအား ချိန်တွယ်ခွက်များဖြင့် ရောင်းချပေးနေသည်ကိုလည်းတွေ့ရှိခဲ့ရကြောင်း၊ ဆိုင်ကယ်အသုံးပြုခွင့်မရှိသော အမြန်လမ်းမကြီးဘေးတွင် ဆိုင်ကယ်များတန်းစီတိုးဝှေ့နေသည်မှာလည်း ထူးခြားမှုရှိနေကြောင်း အထက်ပါယာဉ်မောင်းအချို့က ဆက်လက်ပြောသည်။

## မနလေးတွင် ဆိုင်ကယ်မှတ်ပုံတင်သက်သေခံကတ် အခိုးခံရသူများလာ

ညီညီဇော်

မန္တလေး၊ မေ - ၆

မန္တလေးမြို့တွင် ဆိုင်ကယ်နှင့်တစ်ပါတည်းတပ်ဆင်ထားသော ဆိုင်ကယ်မှတ်ပုံတင်သက်သေခံကတ်ပြားများ(ဒစ်စဝိုင်းများ) ခိုးယူခံရမှုပိုမိုများပြားလာကြောင်း သတင်းရရှိသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် အဆိုပါကတ်တွင် ယာဉ်အမှတ်၊ အမျိုးအမည်၊ အမျိုးအစား၊ သက်တမ်းကုန်ဆုံးရက်၊ ဆိုင်ကယ်အရောင်၊ ဘောင်အမှတ်၊ ပိုင်ရှင်အမည်၊ နေရပ်လိပ်စာ၊ အဆိုပါ ကတ်ထုတ်ပေးသည့်ရုံးအမည်တို့ ပါဝင်ပြီး ယာဉ်နှင့်အတူတစ်ပါတည်းပါရှိရမည်ဟုပါရှိသည်။ အဆိုပါကတ်ကိုနှစ်ကြိမ်တိုင်တိုင် အခိုးခံရသော ဆိုင်ကယ်ပိုင်ရှင်အမျိုးသားတစ်ဦးက “ကျွန်တော့် ဆိုင်ကယ်ခဏရပ်ထားတုန်း အခိုး ခံရတာပါ။ ပထမတစ်ခါ ပျောက်သွားတာ မကြာသေးဘူး။ အခုထပ်အခိုးခံရတာ”ဟုပြောသည်။

ယင်းကတ်ပြားပျောက်ဆုံး၍ အသစ်ပြန်လည်လျှောက်ထားမည့် အမျိုးသမီးတစ်ဦးက “ကျွန်တော်ဆို ဆိုင်ကယ်ခဏရပ်ထားတုန်းပဲအခိုးခံရတာ။ အသစ်ရရင်တော့ ဆိုင်ကယ်မှာ မတပ်ထားတော့ဘူး၊ ပိုက်ဆံအိတ်ထဲထည့်ပြီး ဆိုင်ကယ်သွားလေရာယူသွားတော့မယ်” ဟုပြောသည်။

စာ(၁၆) သို့

## မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဘုရားခိုးအဖွဲ့အား ဖမ်းမိ

စိုင်းသာအောင်

မန္တလေး၊ မေ-၇

မန္တလေးတိုင်းဒေသကြီး အမရပူရကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆင်းတုတော်များအားခိုးယူသူနှင့် ငွေကြေးဖြင့်ဝယ်ပြီး လက်ခံရောင်းချပေးနေသူနှစ်ဦးအား မန္တလေးတိုင်းရဲတပ်ဖွဲ့က ဧပြီတတိယပတ်အတွင်း ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

အမရပူရမြို့နယ်၊ ကန်ပတ်လမ်း၊ ရှမ်းကလေးကျွန်းရွာထိပ်၌ ဘုရားဦးခေါင်းတော်တစ်လုံးအား ရိုက်ချိုး၍ ခိုးသူ ထွန်း အောင်ဆိုသူအား ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ဖော်ထုတ်ချက်အရဆက်စပ်တရားခံ အမရပူရမြို့နယ် ငယ်တိုရွာနေ မခင်စန်းမေအား ဖမ်းဆီးစစ်ဆေးခဲ့ရာ မတ်လ ဒုတိယပတ်အတွင်းက အမရပူရမြို့နယ် ရတနာပုံတံတားအနီး ရွှေကြက်ယက်ဘုရား အာရုံခံတန်ဆောင်းအတွင်းမှ စကျင်ကျောက်သား ဆင်းတုတော်မှ ဉာဏ်တော် ၁၈ လက်မရှိ ရုပ်တုတော်အား ထွန်းအောင်(ခ) မဲကြီးက ခိုးယူခဲ့ပြီး မခင်စန်းမေက ကျပ် ၃၀,၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ရွှေကြက်ယက် အနောက်စောင်းတန်းမှ ကျောက်ဆင်းတုတစ်ဆူ ခိုးယူပြီး ငွေကျပ် ၅၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ အလားတူ ရွှေကြက်ယက် အနောက်စောင်းတန်း ဗောဓိပင်ဂူမှ ဆင်းတုတော်တစ်ဆူအားခိုးယူပြီး ကျပ်၁၀၀,၀၀၀ဖြင့်လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်ဘဲလင်းကျေးရွာ မြင့်မိုရ်အောင်စေတီတော် အတွင်းမှ ကျောက်ဆင်းတုတော်တစ်ဆူအား ခိုးယူပြီးကျပ် ၅၀,၀၀၀ ဖြင့်လည်းကောင်း၊ကျောက်ဆည်မြို့နယ် ထန်းတောကျောင်းဝင်းအတွင်း ရှိ စေတီတော်အာရုံခံမှ ကျောက်ဆင်းတုတော်၏ ဦးခေါင်းတော်ကို ရိုက်ချိုးပြီး ငွေကျပ် ၁၀၀,၀၀၀ ဖြင့်လည်းကောင်း၊ အမရပူရမြို့နယ်ကတ္တီပါကျေးရွာဝါဆိုဘုန်းကြီးကျောင်း ရတနာမာန်အောင် စေတီအာရုံခံမှ ကျောက်ဆင်းတုတော်တစ်ဆူ၏ ဦးခေါင်းကိုရိုက်ချိုးပြီး ကျပ် ၂၀၀,၀၀၀ဖြင့် မခင်ခန်းဝေအား ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ကတ္တီပါကျေးရွာဝါဆိုဘုန်းကြီးကျောင်းမှ ခိုးယူခဲ့သောရုပ်တုဦးခေါင်းတော်အား မခင်စန်းဝေက မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့မှတစ်ဆင့် မဲဆောက်မြို့တွင် ဘတ်ငွေ ၃၀,၀၀၀ဖြင့်ရောင်းချခဲ့ကြောင်းလည်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းတို့နှစ်ဦးအား ထိရောက်သောပြစ်ဒဏ်များချမှတ်နိုင်ရန် ကျောက်ဆည်ရဲစခန်းက (ပ) ၂၀၅/ ၂၀၁၁ ပုဒ်မ ၃၈၀/ ၂၉၅ နှင့် (ပ) ၂၀၂/ ၂၀၁၁ ပုဒ်မ ၃၈၀/ ၂၉၅ အမရပူရ ရဲစခန်းက (ပ)၁၃၈/ ၂၀၁၀ ပုဒ်မ ၃၈၀/ ၂၉၅ တို့ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားသည်။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချော ဝန်ဆောင်ခများ မေလဆန်းတွင် ပြောင်းလဲ

မျိုးမင်းဦး

**မုံရွာ၊ မေ- ၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောဌာနမှချောစာနှင့်ချောထုပ်ပို့ခြင်းဝန်ဆောင်ခ (Service Charge) အား မေလ ၁ ရက်မှ စတင်ပြောင်းလဲလိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောဌာန(မုံရွာ)တွင် ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အမြန်ချောဝန်ဆောင်ခများမှာ အလေးချိန် (၀. ၁မှ ၅. ၀) ကီလိုဂရမ်အထိ ကျပ်ငါးရာ၊ အလေးချိန် (၅. ၁မှ ၁၀. ၀)ကီလိုဂရမ်အထိ ကျပ်တစ်ထောင်၊ အလေးချိန်(၁၀. ၁မှ၂၀. ၀)ကီလိုဂရမ်အထိ ကျပ်နှစ်ထောင်၊အလေးချိန် (၂၀. ၁ မှ ၃၀)ကီလိုဂရမ်အထိ ကျပ်သုံးထောင်သတ်မှတ်လိုက်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မုံရွာ)မှ သိရသည်။

အမြန်ချောစာများနှင့် ချောထုပ်များ ရောက်ရှိပေးဝေမှု အခြေအနေအား အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် အွန်လိုင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်ပိတ်ရက်မရှိဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

“အမြန်ချောစာ(၀. ၁)ကီလိုဂရမ်အလေးချိန်ရှိတဲ့စာတစ်စောင်ကို အရင်တုန်းက ကျပ်ငါးဆယ် ဝန်ဆောင်ခပေးရတာ။ အခုမေလဆန်းကစပြီးအမြန်ချောဝန်ဆောင်ခကို (၀. ၁ မှ ၀. ၅)ကီလိုဂရမ်အထိ ကျပ်ငါးရာဆိုတော့ အရင်ဈေးထက် ဆယ်ဆခုန်တက်သွားတယ်။ ဝန်ဆောင်ခတွေလည်း မြင့်သွားသလို အွန်လိုင်းနဲ့ ချိတ်ဆက်စနစ်ဆိုတော့ အရင်ကထက် ဝန်ဆောင်မှုတွေပိုကောင်းလာလိမ့်မယ်ထင်တယ်”ဟုမုံရွာမြို့မှအမြန်ချောပို့စနစ်ဖြင့် စာပို့စာယူဆောင်ရွက်သူတစ်ဦးကပြောသည်။

# တရုတ်ဝယ်လိုအားလျော့သဖြင့် ပြည်တွင်းလက်ဖက်ဈေးကွက် အေးစက်

မျိုးမင်းဦး

**မုံရွာ၊ မေ- ၁**

ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းဒေသများတွင် အဓိက စိုက်ပျိုးထုတ်လုပ်သော လက်ဖက်စိုက်ခင်းများအား ယခုနှစ်အတွင်း တရုတ်နိုင်ငံမှလက်ဖက်ကုန်သည်များ၏ဝယ်လိုအားလျော့နည်းခဲ့သဖြင့်ပြည်တွင်းလက်ဖက်ဈေးကွက်၌ဈေးကျဆင်းလာကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆမ်ဒေသခံလက်ဖက်ကုန်သည်များက ပြောသည်။

“ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် အတွင်းမှာ လက်ဖက် ဆိုးဆေးပြဿနာကြုံတွေ့ခဲ့ရတဲ့အတွက် လက်ဖက်ဈေးကျဆင်းခဲ့တယ်။ ၂၀၀၉ ခုနှစ်မှာ တရုတ်ဘက်က လက်ဖက်ကုန်သည်တွေ ကြိုပွဲ့ငွေစနစ်နဲ့ ဝယ်တာကြောင့် ပြည်တွင်းလက်ဖက်ကုန်ကြမ်းရှားပါးခဲ့ပြီး လက်ဖက်ဈေးပြန်တက်လာတယ်။ တရုတ်လက်ဖက်ကုန်သည်တွေက ၂၀၀၉ နဲ့ ၂၀၁၀ မှာ ဝယ်ယူမှုတွေရှိခဲ့ပေမယ့် ဒီနှစ်လက်ဖက်ခူးချိန်မှာ တရုတ်ဝယ်လက်မရှိလို့ ပြည်တွင်းလက်ဖက်ကုန်ကြမ်းတွေဈေးကျသွားတယ်” ဟု မုံရွာမြို့တွင် လက်ဖက်ဖြန့်ဖြူးသော နမ့်ဆမ်ဒေသခံ လက်ဖက်ကုန်သည်တစ်ဦးကပြောသည်။



*အရောင်တင်ပြီး ထုပ်ပိုးမှုမပြုမီ လက်ဖက်များ*

ရှမ်းပြည်နယ်မြောက်ပိုင်း လက်ဖက်အဓိကထုတ်လုပ်ရာ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် နမ့်ဆမ်မြို့နယ်အတွင်း လက်ဖက်စိုက် တောင်သူများအား တရုတ်နိုင်ငံမှ လက်ဖက် ကုန်သည်များက လက်ဖက်ခူးရာသီတွင်ကြိုတင်ငွေချေစနစ်ဖြင့် စိုက်ခင်းအပြတ်ဝယ်ယူမှုများကြောင့် ပြည်တွင်းလက်ဖက်ကုန်သည်များ ကုန်ကြမ်းရှားပါးမှု ကြုံတွေ့ခဲ့ရကြောင်းသိရသည်။ လက်ဖက်ဆိုးဆေးပြဿနာကြုံတွေ့ခဲ့ချိန်တွင် လက်ဖက်ဈေးကွက်ထိခိုက်မှု အနည်းငယ် ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း ပြည်တွင်းပြည်ပ လက်ဖက်ဝယ်လိုအား မြင့်တက်လာခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ပြန်လည် ဦးမော့လာသည်။

“ဒီနှစ်လက်ဖက်ပေါ်ချိန်မှာ ပြည်ပက လက်ဖက်ကုန်သည်တွေ ဝယ်ယူတာမရှိလို့ ပြည်တွင်းလက်ဖက်ဈေးကွက်မှာ သိသိသာသာကျလာတယ်။ လက်ဖက်ရည်မှာ အဓိကကုန်ကြမ်းဖြစ်တဲ့ အချိုခြောက်(လက်ဖက်ခြောက်) မှာ တစ်ပိဿာကျပ်ငါးရာကနေကျပ်တစ်ထောင်အထိ ဈေးကျသွားတယ်။ လက်ဖက်အစိုလည်း ဈေးသိသိသာသာကျသွားတယ်”ဟု မုံရွာမြို့ပေါ်ရှိလက်ဖက်ရည်ဆိုင်များတွင်ကုန်ကြမ်းလက်ဖက်ခြောက်အဓိကဖြန့်ဖြူးလျက်ရှိသောကမ္ဘောဇစက်ကြီးအချိုခြောက် အရောင်းဆိုင်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း လက်ဖက်ကုန်ကြမ်းများအား နှစ်စဉ်ဧပြီလနှင့် မေလများတွင် ရွှေဖီလက်ဖက်များ အဓိကခူးဆွတ်ချိန်ဖြစ်ပြီး လက်ဖက်ကုန်ကြမ်းအသစ်ပေါ်ချိန်တွင် ဈေးကွက်ဝယ်လိုအားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်သောကာလတစ်ခုဖြစ်ကြောင်း သိရသည်။

# စာ(၁၅)မိုးသည်းထန်စွာရွာသွန်း ကြက်သွန်နီခင်းများ ပျက်စီး မှ

ပြီးခဲ့တဲ့နှစ်က မိန်းကလေးတစ်ဦး ကြက်သွန်နီနှစ်ပိဿာက ဒီနှစ်ကြက်သွန်သုံးပိဿာပေးရတယ်။ ငွေဆို ၁,၀၀၀ ကနေ ၁,၂၀၀ ပေးရတယ်။ ယောကျ်ားလေးတစ်ဦးအရင်နှစ်က ကြက်သွန်သုံးပိဿာက ဒီနှစ်လေးပိဿာပေးရတယ်။ လုပ်အားခ ၁,၅၀၀ ကနေ ဒီနှစ် ၂,၀၀၀ အထိပေးရတယ်။ ကြက်သွန်ဈေးမတန်တော့ ကြက်သွန်ပေးစနစ်ထက်လုပ်အားခပေးစနစ်ပိုများလာတယ်”ဟု ကျွဲရဲကျေးရွာနေကြက်သွန်စိုက်တောင်သူ ဦးကျော်နိုင်ဝင်းကပြောသည်။

မုံရွာဒေသမိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မုံရွာမြို့မြောက်ဘက် ကျေးရွာများနည်းတူ မုံရွာမြို့တောင်ဘက် ကြက်သွန်နီအဓိက စိုက်ပျိုးရာ အောင်သာကျေးရွာနှင့် မြေနဲကျေးရွာ စိုက်ခင်းအချို့ ချောင်းရေကြောင့် ရေလွှမ်းမိုးမှုများ ကြုံတွေ့ခဲ့ရကြောင်း အောင်သာကျေးရွာ ဒေသခံတောင်သူများကပြောသည်။

“ဆည်ရေလွှတ်တာကြောင့် မဟုတ်ဘူး။ မိုးသည်းသည်းရွာလို့ ချောင်းရေကျပြီး အောင်သာအနီးက ကြက်သွန်နီစိုက်ခင်းတွေရေဝင်ကုန်တာ အောင်သာစိုက်ခင်းအများစုက ကြက်သွန်စိုက်ခင်းတွေများတယ်။ ချောင်းရေက မအူကျေးရွာ၊ မြေနဲကျေးရွာစတဲ့ ရွာတွေက စိုက်ခင်းတွေရေလွှမ်းသွားတယ်”ဟု အောင်သာကျေးရွာ ဒေသခံတောင်သူ ဦးတင်အောင်ကပြောသည်။

ဧပြီလဆန်းပိုင်းတွင် မြောက်ယမားချောင်းရေကြောင့် မုံရွာခရိုင်ပုလဲမြို့နယ်နှင့်ယင်းမာပင်မြို့နယ်အတွင်းကြက်သွန်စိုက်ခင်းအများစု ရေလွှမ်းမိုးခဲ့သဖြင့် အဆိုပါဒေသရှိယမားကြက်သွန်များပျက်စီးခဲ့သည်။ ဧပြီလကုန်ရက်ပိုင်းအတွင်း ရွာသွန်းခဲ့သော မိုးရေကြောင့် မုံရွာမြို့နယ်အတွင်း ကြက်သွန်အဓိကစိုက်ပျိုးသော အောင်သာကျေးရွာ၊ မြေနဲကျေးရွာ၊ အက်တောကျေးရွာ၊ ကျွဲရဲကျေးရွာ၊ သမန္တာကျေးရွာ၊ ခိုးသန်းကျေးရွာစသည့် ကြက်သွန်နီ အဓိကစိုက်ပျိုးရာကျေးရွာများတွင် ချောင်းရေကြောင့် ရေနစ်မြုပ်ခဲ့သဖြင့် ကြက်သွန်နီပျက်စီး ဆုံးရှုံးမှုအများဆုံးနှစ်ဖြစ်ခဲ့သည်ဟုဆိုသည်။

ယခုနှစ်အတွင်း ကြက်သွန်နီစိုက်ပျိုးရာ ကျေးရွာအများစုမှာ ချောင်းရေကြောင့် စိုက်ခင်းများ ရေလွှမ်းခဲ့သဖြင့် လာမည့်နှစ်ကုန်ရက်ပိုင်းတွင် ကြက်သွန်နီဈေးကွက် မြင့်တက်လာနိုင်ကြောင်း ကြက်သွန်နီစိုက်တောင်သူများက ခန့်မှန်းနေကြသည်။

# ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ တိုက်လိပ်များကို လောကနန္ဒာ ဘေးမဲ့ဥယျာဉ်သို့ ပေးပို့မွေးမြူမည်

မင်းဒင်

**မန္တလေး၊ မေ- ၂**

မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည့် တိုက်လိပ်များအား ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တွင် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ထားရာ တိုးပွားလာသောအကောင်ရေများအတွင်းမှ အကောင်တစ်ရာကို ပုဂံညောင်ဦးမြို့နယ် လောကနန္ဒာဘေးမဲ့ဥယျာဉ်သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

ယခုကဲ့သို့ အခြားနေရာတစ်ခုသို့ ပို့ဆောင်မွေးမြူခြင်းသည် တစ်နေရာတည်းတွင် မွေးမြူထားရှိသည့်အကောင်များပေါ်သို့ကူးစက်ရောဂါနှင့်သဘာဝဘေးအန္တရာယ်များကျသည်မှ ကာကွယ်ရန်ဖြစ်ကြောင်း ရတနာပုံတိရစ္ဆာန်ဥယျာဉ်တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါထိန်းသိမ်းမွေးမြူခြင်းလုပ်ငန်းအား ၂၀၀၆ ခုနှစ်မှ စတင်ကာ ထမံသီဘေးမဲ့တောတာဝန်ရှိသူများနှင့် ကမ္ဘာ့သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့က ပူးပေါင်းရှာဖွေတင်ပို့သည့် အကောင်ငယ် များအား ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ငါးနှစ်ကြာမွေးမြူခဲ့ရာ အကောင်ရေလေးရာအထိ စုဆောင်းမွေးမြူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်လိပ်များအား မြန်မာနိုင်ငံချင်းတွင်းမြစ်ဝှမ်း အထက်ပိုင်းခန္တီးမြို့ အနီးဝန်းကျင် မြစ်ချောင်းများအတွင်းအနည်းငယ်သာတွေ့ရှိခြင်းမှ ယခုအကောင်အရေအတွက်ထိရရန် ထိန်းသိမ်းမွေးမြူဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်လိပ်များသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ တွေ့ရှိရတော့သည့် ရှားပါးတိရစ္ဆာန်မျိုးဖြစ်ပြီး ကုန်းလိပ်အမျိုးအစားတွင် ပါဝင်ကာ သက်တမ်းနှစ်ပေါင်း ရှစ်ဆယ်ကျော်အထိ အသက်ရှည်ကြောင်း ရတနာပုံတိရစ္ဆာန်၏ တာဝန်ရှိသူက ထပ်မံပြောကြားသည်။

# စစ်တွေတွင် ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ သုံးစွဲလာကြ

ဥ္ဆန်ကိုလင်း

**စစ်တွေ၊ မေ- ၅**

စစ်တွေမြို့တွင်း၌ ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများ စတင်အသုံးပြုလာကြပြီဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၀ ပြည့်နှစ်က စစ်တွေ မြို့၌ ငါးသိန်းတန်စီဒီအမ်အေဖုန်းများ သုံးစွဲသူဦးရေများပြားလာခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလနောက်ပိုင်းဂျီအက်စ်အမ်ငါးသိန်းတန်ဖုန်းများလျှောက်ကာ ကတ်ထည့်အသုံးပြုလာကြကြောင်း ဖုန်းပွဲစားတစ်ဦးကပြောသည်။

“လတ်တလောမှာတော့ ဂျီအက်စ်အမ်ဖုန်းပြင်ပပေါက်ဈေးငါးသိန်းသုံးသောင်းကနေငါးသောင်းကျပ်အထိရှိနေတယ်။ ပွဲစားခပိုပေးနိုင်ရင်တော့ အမည်ပေါက်နဲ့တောင်ရတယ်”လို့ စစ်တွေမြို့ က ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းသုံးစွဲသူစစ်တွေမြို့ခံတစ်ဦးက ပြောသည်။ လက်ရှိတွင်ဖုန်းသုံးစွဲသူဦးရေ စစ်တွေမြို့၌များလာသည့်တိုင် ဖုန်းပြင်ဆင်သည့်သီးသန့်ဆိုင်မရှိသေးကြောင်း သိရှိရသည်။

# စာ(၁၅) မနလေးတွင် ဆိုင်ကယ်မှတ်ပုံတင် သက်သေခံကတ် အခိုးခံရသူများလာ မှ

မန္တလေးမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနီးတွင်ယာဉ်နှင့်ပတ်သက်သော ရုံးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေသောအမျိုးသားတစ်ဦးက “ဒစ်စဝိုင်းပျောက်တာတွေက သင်္ကြန်အပြီးမှာတော်တော်လေးလာလျှောက်ကြတာတွေ့ရတယ်။ ဘာကြောင့်ခိုးကြတယ်ဆိုတာတော့မသိဘူးဗျ”ဟုပြောသည်။ အဆိုပါကတ်ပျောက်ဆုံးလျှင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အခွန်ကျေစာရွက်၊ ယာဉ်ထိန်းရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူအသစ်ပြန်လည်လျှောက်ထားရသည်ဟု ကတ်ပျောက်ဆုံး၍ပြန်လည်လျှောက်ထားဖူးသူများကပြောသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# မိုးကောင်းသောကြောင့် ရေတင်နှမ်းစိုက်ခင်းများအထွက်ကောင်းဖွယ်ရှိဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၃**

မုံရွာမြို့နယ်အတွင်း ဧပြီလကုန်ရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ကုန်းမြင့်ပိုင်းစိုက်ပျိုးသော ရေတင်နှမ်းစိုက်ခင်းများနှမ်းအထွက် ပိုမိုကောင်းမွန်လာနိုင်ကြောင်း မုံရွာဒေသခံနှမ်းစိုက်တောင်သူများကပြောသည်။

"မုံရွာအနီးတစ်ဝိုက်မှာ ဧပြီလကုန်ရက်ပိုင်းမှာ နေ့တိုင်း မိုးသဲသဲမဲမဲရွာခဲ့တယ်။ ကြက်သွန်၊ ခရမ်းချဉ်၊ ခရမ်းပင်တွေ ရေမြုပ်ခဲ့တယ်။အခင်းအချို့ပျက်တာစီးတာတော့ရှိတယ်။ ရေတင်နှမ်းနဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေစပါးခင်းတွေရေတင်စရာမလိုတော့ဘူး။ ရေတင်နှမ်းစိုက်ခင်းတွေကတော့ ဒီမိုးကြောင့် အထွက်ကောင်းနိုင်တယ်" ဟု မုံရွာမြို့နယ် ချင်းတွင်းရေဝင်ဒေသတောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့ အနီးတစ်ဝိုက်တွင် ဧပြီလ ၂၉ ရက်တွင် မိုးရေချိန် (၂ ဒသမ ၂၄)လက်မအထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နောက်ပိုင်းလယ်ယာစိုက်ခင်းများအတွင်း မိုးရေများဖွေးခဲ့ကြောင်းသိရှိရသည်။

အဆိုပါ မိုးသည်းထန်ပြီးနောက်ပိုင်း ချောင်းရေကျခြင်းကြောင့်မုံရွာမြို့အနီးတစ်ဝိုက်ရှိ မုံရွာအင်းမကြီး(ထန်းတောအင်း) ကန်သာယာအင်း၊ လေ့ကူးအင်း၊ ဆားကျင်းအင်း၊ အိုးဘိုတောင်အင်းစသည့်အင်းများတွင် ရေဖွေးဖွေးလှုပ်သွားခဲ့ကြောင်းသိရသည်။ မုံရွာအနီးကြက်သွန်နီစိုက်ခင်းနှင့် နွေစပါးအချို့မှာရေမြုပ်ပျက်စီးခဲ့သည်။

"အရင်နှစ်တွေတုန်းက နွေရောက်ရင် မုံရွာအနီးက အင်းတွေလည်းရေခန်းရေတွင်းတွေလည်းရေခန်းခဲ့လို့ သက်ဆိုင်ရာက အင်းတွေကန်တွေထဲရေဖြည့်တင်းခဲ့ရသလို သောက်သုံးရေဖူလုံအောင်ပေးဝေခဲ့ရတယ်။ ဒီနှစ်မိုးဦးကောင်းလို့မုံရွာအနီးက အင်းတွေကန်တွေ ရေပြည့်နေပြီဆိုတော့ မုံရွာမြို့ပေါ်က ရေတွင်းတွေ ရေမခန်းနိုင်တော့ဘူး။ မိုးကလည်း သဲသဲမဲမဲရွာနေပြီဆိုတော့ မီးရေးထင်းရေးလည်း စိုးရိမ်စရာ သိပ်မလိုတော့ဘူး"ဟု မုံရွာ ဒေသခံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ဒေသအောင်သာကျေးရွာ၊ ကျွဲရဲ၊ သမန္တာစသည့်ကျေးရွာများတွင် ကြက်သွန်နီနှင့် နွေစပါးများ ရေမြုပ်ခဲ့ကြောင်း သိရသည်။

# ပျဉ်းကတိုးသစ်စေ့များကို သစ်တောဦးစီးဌာနက ဈေးကောင်းပေးဝယ်

**နိုင်ကြီး**

**ကသာ၊ မေ-၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ သစ်တောဦးစီးဌာနက ပျဉ်းကတိုးသစ်စေ့များကိုကျေးလက်ဒေသနေပြည်သူများထံမှတစ်ဆင့် ဈေးကောင်းပေး၍ ဝယ်ယူနေကြောင်းသိရသည်။

ပျဉ်းမတိုးပင်များမှ အသီးများကွဲအက်၍ အစေ့များမြေပြင်ပေါ်သို့ကြွေကျသည်ကို အနီးအနားပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံပြည်သူများလာရောက်ကောက်ယူခွင့်ပြုထားပြီး ရရှိစုဆောင်းထားသော ပျဉ်းကတိုးသစ်စေ့များကို ကသာမြို့နယ်၊ သစ်တောဦးစီးဌာန၊မြို့နယ်ဦးစီးဌာနမှူး ဦးတင်ဝင်းမှ သစ်စေ့တစ်ပြည်လျှင် ၇,၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူပြီး ပျဉ်းကတိုးပျိုးပင်များအဖြစ် ပြန်လည်စိုက်ပျိုးလျက်ရှိသည်။

ကျေးလက်ဒေသနေပြည်သူများကလည်း ယခုလို သစ်စေ့ကောက်ရောင်းရသောကြောင့် မိမိအိမ်ရှိမီးဖိုချောင်စရိတ်ကိုဖြည့်တင်း ပေးနိုင်ရုံသာမကအပိုဝင်ငွေများ ပါရရှိနိုင်သောကြောင့် တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း လယ ယာလုပ်ငန်းခွင်နားနေချိန်တွင် သစ်စေ့ကောက်ယူရောင်းချခြင်း အလုပ်ကိုလုပ်ကိုင်ကြရာ တစ် ရက်လျှင် ငွေကျပ် ၃,၀၀၀ မှ ၅,၀၀၀ အတွင်းရရှိကြသည်။

# အရက်မူးပြီး မန္တလေးကျုံးအတွင်းရေဆင်းချိုးရမှ လူငယ်နှစ်ဦး သေဆုံး

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၆**

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ရက်များက နန်းမြို့ကျုံးအတွင်း အရက်မူးပြီးရေချိုးဆင်းရာမှ လူငယ်အမျိုးသားနှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧပြီ ၁၅ ရက်မဟာသင်္ကြန် အကြတ်နေ့က ၁၂လမ်း ၇၅× ၇၆ ကြား၊ မြောက်ဘက်ကျုံးတွင် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နေ နိုင်လင်းထက်(၁၈နှစ်)အရက်အမူးလွန်ပြီး ကျုံးအတွင်းရေဆင်းကူးရာမှ ရေနစ်သေဆုံးခဲ့သည်။ သင်္ကြန်အတက်နေ့ဧပြီ၁၆ ရက်တွင် ကျုံးရေပြင်၌ အလောင်းပေါ်နေသဖြင့် အမှတ်(၂)ရဲစခန်းက သေမှုသေခင်းအမှတ်၄၀/ ၂၀၁၁ဖြင့်စစ်ဆေးအရေးယူသည်။

အလားတူ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ကလည်း ၂၆ လမ်း၊၆၆×၆၇ကြား၊ကျုံးတောင်ဘက်ကျုံးရေပြင်တွင် အသက်၃၀ ခန့်အမျိုးသားတစ်ဦး (အမည်၊ နေရပ်စစ်ဆေးဆဲ)အရက်အမူးလွန်ပြီး ရေဆင်းကူးရာမှရေနစ်သေဆုံးသဖြင့် အမှတ်(၂)ရဲစခန်း၌ပင် သေမှုသေခင်း အမှတ် ၃၉/ ၂၀၁၁ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။




# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးလျှင် လိုင်စင်အတုသတိပြုရန်လို



ကားအစီးရေအများဆုံးရှိသော ရန်ကုန်မြို့လယ်တစ်နေရာ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၂**

ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရာတွင် ကိုယ်တိုင်မလုပ်မိဘဲ ပွဲစားအားကိုးဖြင့် ပွဲစားမှတစ်ဆင့်လုပ်ရာတွင် လိုင်စင်အား အတုအပသာလုပ်ပေးနေကြောင်းတွေ့ရှိရကြောင်း ကိုယ်တွေ့ကြုံရသူတစ်ဦး၏ပြန်လည်ပြောကြားချက်အရသိရသည်။

"ကျွန်တော့်ယာဉ်မောင်းလိုင်စင်ကမန်း/မြောက်ကလိုင်စင်လေ။ ကျွန်တော်နေတာက နေပြည်တော်မှာဆိုတော့ လိုင်စင်သက်တမ်းတိုးဖို့ အကြောင်းကြောင်းတွေကြောင့် အဲဒီကိုမသွားဖြစ်တဲ့အချိန်မှာ ကျွန်တော့်သား သူငယ်ချင်းတွေကနေတစ်ဆင့် ပွဲစားကိုချိတ်ဆက်ပြီး ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဖြစ်ခဲ့တယ်ပေါ့။ လေးသောင်းပေးရတယ်ဗျ။ "င"လိုင်စင်တော့ဟုတ်တယ်။ စမတ်ကတ်တော့မဟုတ်ဘူး။ ရိုးရိုးကတ်ပဲ"ဟု ပွဲစားဖြင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခဲ့သူတစ်ဦးကပြောသည်။

"သက်တမ်းတိုးထားတဲ့ လိုင်စင်နဲ့ ကျွန်တော်တော်တော်လေးခရီးထွက်ဖြစ်ပါတယ်။ နယ်အစုံလို့တောင်ပြောလို့ရတယ်ဗျ။ ယာဉ်မောင်းလိုင်စင်ကို သက်ဆိုင်ရာက စစ်ဆေးဖို့တောင်းခံလာရင် ထုတ်ပြန်လိုက်တာ အိုကေပဲ။ ဘာမှမဖြစ်ဘူး။ နေပြည်တော်မှာ တစ်ရက်ကြတော့ ဆပ်ပရိုက်ချက်(ခ်) နဲ့တွေ့တော့ ကျွန်တော်လည်း ကျွန်တော့်ယာဉ်မောင်းလိုင်စင်ထုတ်ပြတော့ ယာဉ်ထိန်းအရာရှိက ဒီလိုင်စင်ကအတုဖြစ်နေတဲ့အတွက်လိုင်စင်အတုလက်ဝယ်ထားကိုင်ဆောင်မှုနဲ့အရေးယူရမလား၊ လိုင်စင်မပါတဲ့ယာဉ်မှုသေးမှုနဲ့ပဲ အရေးယူရမလားလို့မေးမြန်းလာလို့ ကျွန်တော်လည်း တော်တော်ပြာသွားတယ်။ ကျွန်တော့်ဘက်ကလည်း အမှန်ဆိုတော့ အဖြစ်မှန်ကို ရှင်းပြပြီး တောင်းပန်လိုက်ရတယ်။သဘောတော်တော်ကောင်းတဲ့ ယာဉ်ထိန်းအရာရှိက ယာဉ်မောင်းလိုင်စင်အတုလက်ဝယ်ထား ကိုင်ဆောင်တဲ့အမှုနဲ့ အရေးမယူဘဲ ယာဉ်မောင်းလိုင်စင်မပါတဲ့အမှုနဲ့ပဲ ချလန်ဖြတ်ပေးပြီးလိုင်စင်အတုဆိုတာကို သိမ်းယူသွားလို့တော်သေးတယ်" ဟု ၎င်းအဖမ်းခံရပုံကို ပြောဆိုခဲ့သည်။

"ယာဉ်မောင်းလိုင်စင်လိုအတုမျိုး၊စာရွက်စာတမ်းအတုစတာတွေပြုလုပ်မယ်လက်ဝယ်ထားကိုင်ဆောင်အသုံးပြုမယ်ဆိုရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈ နဲ့ ငြိစွန်းသလို အဲဒီပုဒ်မတွေက ထောင်ဒဏ်ခုနစ်နှစ်ထိပြစ်ဒဏ်ချမှတ်လို့ရပါတယ်"ဟု ဥပဒေအကြံပေးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးအငြိမ်းစားတစ်ဦးဖြစ်သည့် ဦးခင်မောင်ညို ကပြောဆိုသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ လက်ရှိ တာဝန်ထမ်းဆောင်နေသောယာဉ်ထိန်းအရာရှိ တစ်ဦးကလည်း"ယာဉ်တွေကိုအကြောင်းအမျိုးမျိုးကြောင့် စစ်ဆေးရင်းနဲ့ ဒီလိုလိုင်စင်အတုတွေ ဖမ်းမိတယ်ဆိုတာလည်း ခဏခဏပါပဲ။ အတုမှန်းမသိဘဲကိုင်ဆောင်မိတဲ့သူတွေအများစုက လိုင်စင်ကို ကိုယ်တိုင်မလုပ်ဘဲပွဲစားကနေတစ်ဆင့်လုပ်ကြတဲ့သူတွေပဲ အဖြစ်များတာကိုတွေ့ရပါတယ်"ဟု ပြောသည်။

"ဒီလိုမလိုလားအပ်တာတွေမဖြစ်အောင် ယာဉ်မောင်းလိုင်စင်လိုကိစ္စတွေကြတော့ ကိုယ့်ဘာသာကိုယ်ပဲဆောင်ရွက်သင့်တယ်" ဟု အဆိုပါယာဉ်ထိန်းအရာရှိက ဆက်လက်ပြောကြားသည်။

# မိတ္ထီလာ၊ ဝမ်းတွင်း ငရုတ်စိုက်ခင်းများတွင် နှမ်း၊ မြေပဲ အစားထိုးစိုက်ပျိုး

**ဆန်းညွန့်**

**ဝမ်းတွင်း၊ မေ-၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိငရုတ်စိုက်တောင်သူများသည် ငရုတ်ဈေးအေးသဖြင့် ဆီထွက်သီးနှံ နှမ်း၊ မြေပဲများအား အစားထိုးလုပ်ကိုင်ကြမည်ဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးကပြောသည်။

ယမန်နှစ်က မိုးများခဲ့ခြင်းကြောင့်လည်းကောင်း၊ ငရုတ်ခင်းများ၏ ငရုတ်ပင်အရွက်များကြွေခြင်း၊ အပွင့်လှိုင်ချိန်တွင် မိုးအုံ့၍ပိုးများကျရောက်ကာ အသီးထွက်ကျဆင်းခြင်းကြောင့် ယခုကဲ့သို့ ဆီထွက်သီးနှံအစားထိုးစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ငရုတ်ကို ဇွန်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလ၌ ခူးဆွတ်ကာ အရင်းအနှီးမှာ ကေအကျယ်အဝန်းပေါ်မူတည်၍ ကျပ်ငါးသိန်းမှဆယ့်နှစ်သိန်းထိရှိသည်ဟုသိရသည်။ မြေပဲ၊ နှမ်းမှာစရိတ်မကုန်ဘဲ မိုးလေဝသကိုလည်းစောင့်စရာမလိုကြောင်း ဝမ်းတွင်းမှတောင်သူတစ်ဦးက ပြောသည်။

မိုးငရုတ်များ၏ ကြမ်းခင်းဈေးများမှ ယမန်နှစ်က တစ်ပိဿာလျှင် ၂,၃၀၀ ကျပ်ရောင်းခဲ့ရပြီးနောက်ပိုင်း ယခုသီးကင်းရေးချိန်တွင် ကျပ် ၂,၀၀၀ သာရောင်းရသည်။ ယင်းဈေးနှင့်တွက်ပါက အရှုံးမရှိသော်လည်း အပျက်အစီးများရှိနိုင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.8 · MAY 12, 2011

# ပဲဈေးများ ကျဆင်း အရောင်းအဝယ်အေး

ညီညီဇော်

မန္တလေး၊ မေ - ၆

မန္တလေး ပဲမျိုးစုံ ဈေးကွက်တွင် ယခုတစ်ပတ်ပဲအများစု ဈေးကျနေပြီး ပဲတီစိမ်းတစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်နေကာ ကျန်ပဲများအရောင်း အဝယ်အေးနေကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း သတင်းနှင့် ပြန်ကြားရေးအဖွဲ့မှ သတင်းရရှိသည်။

သင်္ကြန်အပြီးက ၅၆ ပိဿာ ၂၅ ကျပ်သားဝင် ပဲတီစိမ်း ခရမ်းရွှေဝါတစ်အိတ်လျှင် ၉၇,၀၀၀ ကျပ်ဈေးပေါက်ခဲ့ပြီး မေ ၆ ရက်တွင် ၈၃,၀၀၀ မှ ၈၅,၀၀၀ ကျပ်အတွင်း ပေါက်နေကာ၊ တရုတ်လိုင်းအဝယ်များနေသောကြောင့် အရောင်းအဝယ်သွက်နေသည်။ သင်္ကြန်ပြီးစ အချိန်က ပိဿာ ၆၀ ပါ ပဲရင်းတစ်အိတ်လျှင် ကျပ် ၄၀,၀၀၀ ဝန်းကျင် ဈေးပေါက်ခဲ့ပြီး အရောင်းအဝယ်သွက်ခဲ့ရာ ယနေ့တွင် ၂၉,၀၀၀ မှ ၃၀,၀၀၀ ကျပ်အထိ ဈေးကျဆင်းနေသော်လည်း အရောင်းအဝယ်အေးနေသည်။ သင်္ကြန်မတိုင်ခင်က ပိဿာ ၆၀ ပါ ပဲစင်းငုံတစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ ဝန်းကျင်အထိဈေးမြင့်တက်ခဲ့ပြီး ယနေ့တွင် ၄၅,၀၀၀ ကျပ်ထိ ဈေးကျဆင်းနေကာ အရောင်းအဝယ်အေးနေသည်။ ၅၇ ပိဿာ ၂၅ ကျပ်သားဝင် ဗီတူးကုလားပဲ တစ်အိတ်လျှင် ၅၆,၀၀၀ ကျပ်ဈေးပေါက်နေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ စက်သမားများသာဝယ်နေသောထိုင်ဝမ်ကုလားပဲမှာကျပ်၄၅,၀၀၀ဈေးပေါက်နေပြီး အရောင်းအဝယ်အေးနေသည်။ နှမ်းဖြူမှာ ၇၄,၀၀၀ မှ ၇၅,၀၀၀ ကျပ်ကြားဈေးပေါက်နေပြီး နယ်ဆီစက်သမားများသာဝယ်ကာ အရောင်းအဝယ်အေးနေသည်။ ဧပြီလတတိယအပတ်က ကျပ် ၆၅,၀၀၀ ဈေးပေါက်ခဲ့သော မတ်ပဲမှာလည်း ယနေ့တွင် ကျပ် ၅၅,၀၀၀ ဈေးပေါက်နေကာ အရောင်းအဝယ်အေးနေသည်။

TRADE MARK CAUTION

KWH Mirka Ltd.,incorporated in Finland, of Pensalavagen 210, F1-66850, Jeppo, Finland, is the Owner of the following trade marks:

MIRKA

Reg.No.4/590/2011 Reg.No.4/591/2011

in respect of "Int. Class 3: Bleaching preparations and other substances for laundry use; cleaning, polishing, scouring and abrasive preparations; soaps; perfumery, essential oils, cosmetics, hair lotions; dentifrices.

Int. Class 7: Machines and machine tools; motors and engines (except for land vehicles); machine coupling and transmission components (except for land vehicles); agricltural implements other than hand-operated; incubators for eggs.

Int. Class 8: Hand tools and implements (hand-operated); cutlery; side arms; razors.

Any fraudulent imitation or unauthorized use of the said trademarks will be dealt with according to law.

KHIN MAUNG CHO & ASSOCIATES
For KWH MIRKA Ltd.
No. 302, 1st Floor, 40th Street, Kyauk-ta-da Township,Yangon.
Ph: 95-9-5128853 Dated: May 12, 2011.

# နာဂစ်မုန်တိုင်းသင့်ဒေသသို့ ရာဝင်စဥ့်အိုး တစ်သောင်းကျော် တင်ပို့



ရွှေဘိုဒေသထွက် စဥ့်အိုးများကို တွေ့ရစဉ်
ဓာတ်ပုံ - စိုင်းသာအောင်

စိုင်းသာအောင်

နွယ်ငြိမ်း၊ မေ - ၆

နာဂစ်မုန်တိုင်းသင့်ဒေသသို့ အဖွဲ့အစည်းနှစ်ခု၏ အကူအညီဖြင့် ရွှေဘိုမြို့နယ်လုပ် ရာဝင်စဥ့်အိုးပေါင်း တစ်သောင်းကျော်ကို ယခုအခါ ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ပေးပို့နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဧရာဝတီတိုင်းဒေသကြီး နာဂစ်မုန်တိုင်းသင့်ဒေသများသို့ ယူနက်စကိုအကူအညီဖြင့် ရာဝင်အိုး ၁၂,၀၀၀၊ အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုအကူအညီဖြင့် ရာဝင်အိုး ၆,၀၀၀ တို့ကို ရွှေဘိုမြို့နယ်ရှိ ကျောက်မြောင်းဒေသ နွယ်ငြိမ်း၊ ရွှေစွန်၊ ရွှေတိုက်စဥ့်လုပ်ငန်းနယ်မြေများမှ ပေးပို့ခြင်းဖြစ်သည်။ ယခုအခါ စဥ့်လုပ်ရာတွင်ပါဝင်သော ချော်များဈေးကြီးမှုကြောင့် ရာဝင်အိုးကြီးတစ်လုံး ယခင် ၈,၀၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်အထိ ဈေးရှိပြီး စဥ့်ထည်ပစ္စည်းအားလုံး ၂၅ ရာခိုင်နှုန်းခန့် ဈေးမြင့်တက်သွားကြောင်း စဥ့်ထည်လုပ်ငန်းရှင်များက ပြောသည်။

# မန္တလေးပြဟာစိုရ် လူမှုကူညီရေးအသင်း (၁၃) နှစ်ပြည့်ပြီ

မန္တလေး၊ ဧပြီ - ၂၈

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အခြေစိုက် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းကို ၁၉၉၈ ခုနှစ် မေ ၇ ရက်တွင် တည်ထောင်ခဲ့ရာ ယခုနှစ် မေ ၇ ရက်တွင် (၁၃)နှစ်ပြည့်သွားပြီဖြစ်သည်။

ပြဟ္မစိုရ် လူမှုကူညီရေးအသင်းကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်ခိုင်(နဒီမြန်မာ)က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ မန္တလေးပြဟ္မစိုရ် လူမှုကူညီရေးအသင်း (၁၃)နှစ်မြောက် အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်သဖြင့် စတင်ထူထောင်စဉ်က မှတ်တမ်းမှတ်ရာများ၊ ဓာတ်ပုံများ၊ ပရဟိတလုပ်ငန်းရှေ့ရှုသည့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို အသင်းတည်ရာ ၆၂ လမ်း၊ ၃၃×၃၄ ကြား ၀၁ ၆၆၄၀၀၊ ၃၉၁၄၃ သို့ဆက်သွယ်ပေးပို့နိုင်ကြောင်း အသင်းဥက္ကဋ္ဌဒေါက်တာဝင်းမြင့်က 7 Day News သို့ ပြောသည်။

# ရောဂါရှာဖွေရေးစက်အသစ် ပုဂ္ဂလိကဆေးရုံတွင် စတင်အသုံးပြု

စိုင်းသာအောင်

မန္တလေး၊ မေ - ၇

ဂျပန်နိုင်ငံထုတ် 3D သံလိုက်ဖော် နည်းပညာ MRI ရောဂါရှာဖွေရေး စက်အသစ်ကိုမန္တလေးမြို့ ပုဂ္ဂလိကဆေးရုံတစ်ရုံဖြစ်သောမန္တလာ ဆေးရုံ၌ မေလဆန်းမှ စတင်၍ အသုံးပြုနေပြီဖြစ်ကြောင်းယင်းဆေးရုံ၏ စီမံခန့်ခွဲရေးဒါရိုက်တာ ဦးစိုးမြင့်ကပြောသည်။ ၎င်း3D သံလိုက်ဖော် နည်းပညာ MRIရောဂါရှာဖွေရေး စက်သစ်သည် လူ၏ ဦးခေါင်းပိုင်းနား၊ မျက်စိ၊ လည်ချောင်း၊ ဝမ်းဗိုက်၊ အရိုးနှင့် အကြော စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးအား ရောဂါရှာဖွေပေးရာတွင် တိကျမှန်ကန်စွာ အထောက်အကူပြုသော အဆင့်မြင့်နည်းပညာသုံး စက်သစ်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ စင်ကာပူနိုင်ငံတို့တွင် အသုံးပြုနေပြီး မန္တလာဆေးရုံသည် မြန်မာနိုင်ငံ၌ပထမဦးဆုံး အသုံးပြုသော ဆေးရုံဖြစ်ကြောင်း ရောဂါရှာဖွေစမ်းသပ်ခအဖြစ် ဘန်ကောက်စင်ကာပူ ဆေးရုံများထက် သုံးဆခန့် သက်သာမည်ဖြစ်ကြောင်း သိရှိရသည်။



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



# ထိုင်းနိုင်ငံအစိုးရက မြန်မာအလုပ်သမားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်လုပ်ခွင့် လက်မှတ်သစ်ထုတ်ပေးမည်

**အေးမြကျော်၊ အောင်သူရ**

**ရန်ကုန်၊ မေ-၉**

ထိုင်းနိုင်ငံအစိုးရက နိုင်ငံတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများတွက် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်အသစ်များ ထပ်မံထုတ်ပေးရေးအစီအစဉ်တစ်ရပ်ကို မေလဆန်းပိုင်းက အတည်ပြုခဲ့ကြောင်း ဘန်ကောက်အခြေစိုက် သတင်းဌာနများမှ သိရသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်နေသည့် ရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်အလုပ်လုပ်ခွင့် လက်မှတ်များထုတ်ပေးရန် လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း မေ ၃ ရက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ကာပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအပါအဝင် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများကို အလုပ်လုပ်ခွင့်လက်မှတ်အသစ်များ ထုတ်ပေးသွားမည်ဖြစ်ရာလာမည့်ဇွန်လတွင် လုပ်ငန်းများစတင်ဖွယ်ရှိပြီး နောက်အကျဆုံးအနေဖြင့် စက်တင်ဘာလဖြစ်မည် ဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ဒီလိုမျိုး ထိုင်းအစိုးရလုပ်ပေးမယ့် အစီအစဉ်က ထိုင်းနိုင်ငံရောက် မြန်မာ့အလုပ်သမားတွေအတွက်တော့အရမ်းကောင်းတဲ့ အစီအစဉ်ပေါ့။ ထိုင်းနိုင်ငံရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေထဲမှာ မြန်မာအလုပ်သမားက ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်" ဟု ထိုင်းနိုင်ငံ၊ ဖူးခက်ကမ်းခြေမှ အလုပ်သမားများကို အကူအညီပေးနေသူတစ်ဦးကပြောသည်။

ယခုအသစ်ပြုလုပ်မည့် အလုပ်လုပ်ခွင့်လက်မှတ်အသစ်လုပ်မည်ဆိုလျှင် ယခင်လက်မှတ်ပြုလုပ်စဉ်ကကဲ့သို့ပင် အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၃,၈၀၀ ကျသင့်မည်ဖြစ်သည်။

ထိုသို့ထိုင်းအစိုးရက ပြည်ပအလုပ်သမားများကို အလုပ်လုပ်ခွင့်လက်မှတ်သစ်များထုတ်ပေးခြင်းမှာ ၎င်းနိုင်ငံ၏ အလုပ်သမားလိုအပ်ချက်ကြောင့်ဖြစ်ကြောင်း ထိုင်းအလုပ်သမားရေးရာ ကျွမ်းကျင်သူများက ပြောသည်။

ထို့ကြောင့် ထိုင်းနိုင်ငံက နောက်ပိုင်းတွင် ၎င်းနိုင်ငံသို့ လူကုန်ကူးခံရပြီး ရောက်ရှိလာသူများထဲမှ မိခင်နိုင်ငံသို့ မပြန်လိုဘဲ အလုပ်လုပ်လိုသူများကိုပါ အလုပ်လုပ်ခွင့်ပြုရန် သက်ဆိုင်ရာဌာနများမှ စဉ်းစားနေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံတွင်ပြုလုပ်ခဲ့သော ပြည်ပအလုပ်သမားကိစ္စ ဆွေးနွေးပွဲသို့ ကိုယ်တိုင်တက်ရောက်ခဲ့သူအချို့က ပြောသည်။



*ထိုင်းနိုင်ငံတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသော ပြည်ပအလုပ်သမားများကို တွေ့ရစဉ်*

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

(ပြည်တွင်း၌သာ ခန့်ထားရန်)
CAREER OPPORTUNITY (For Local Service Only)
(1)Operation Manager
At least (5)years experience in Tourism or related Field.
(2)Assistant Reservation
At least (3)years experience in Tourism or related Field.
Sanda Tour (Asia).,Ltd, FMI Centre, အခန်းအမှတ် ၆၀၂၊ ၆ လွှာ၊ အမှတ် -၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၂၄၈ ၉၀၇။

-------------------------

မန်နေဂျာ မ-၁ ဦး
အသက် ၃၀ နှစ်၊ ၄၀ နှစ်ကြား၊ အမျိုးသမီးဝန်ထမ်း(၂၀)ဦးခန့်ကို ကြီးကြပ်အုပ်ချုပ်နိုင်ရမည်။လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိပြီးသူဖြစ်ရမည်။
Accountant မ-၂ဦး
အသက်(၃၀-၃၅)နှစ်ကြား၊ LCCI Level III, လုပ်ငန်းအတွေ့ အကြုံ (၅)နှစ်ရှိရမည်။
Cashier မ-၂ဦး
အမျိုးသမီးဝန်ထမ်း
အသက် ၂၀-၂၅ နှစ်ကြား၊ ရုပ်ရည်အသင့်အတင့်ရှိသူ Spa လုပ်ငန်းတွင် လုပ်ရမည်။
ယာဉ်မောင်း ကျား - ၁ ဦး
အသက် ၅၀-၅၅ နှစ်ကြား၊ ကျန်းမာရေးကောင်းမွန်သူ၊ အသောက်အစားကင်းသူ၊ ယာဉ်မောင်းလုပ်သက် (၁၀) နှစ်အထက် ဦးစားပေးမည်။
ဖုန်း-၀၉ ၅၀၀၀၇၉၀

-------------------------

bYSI ladies wear
Brand Manager မ-၁ ဦး
Assistant Brand Manager ကျား/မ-၁ ဦး၊ အရောင်းဝန်ထမ်း မ-၂ ဦး၊ ဖုန်း-၃၇၉၁၇၄

-------------------------

၈-မိုင်လမ်းဆုံတွင်ရှိသော အင်တာနက်ဆိုင်တွင် လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်သော ဝန်ထမ်း (၁) ဦး၊ တိုက်-၃၊ အခန်း-၄၊ မြို့ပြအိမ်ရာ မြောက်ခြမ်း၊ ၈-မိုင်လမ်းဆုံ။
ဖုန်း-၆၆၀၁၆၃

-------------------------

ထူးထက်သာဆေးခန်း
တိုင်းရင်းဆေးဆရာ၊ ဆရာမ ၂-ဦး၊ ဖုန်း-၇၃၁ ၂၉ ၁၁၇

-------------------------

**N27 BODY FITNESS**
မှ ကျွမ်းကျင်သည့် ကာယနည်းပြဆရာမတစ်ဦး အမြန်အလိုရှိသည်။ ဖုန်း-၀၉ ၅၀၉၆၄၂၈

-------------------------

**Wand Wand Fa**
အမျိုးသမီးစာစီစာရိုက် ဝန်ထမ်း (အမြန်)အလိုရှိသည်။
၁။ပညာအရည်အချင်း အထက်တန်းအောင်မြင်သူဖြစ်ရမည်။
၂။ ကွန်ပျူတာစာစီစာရိုက် တတ်ကျွမ်းရမည်။
၃။ အသက်(၂၅)နှစ်ထက်မကြီးရ။ နယ်မှလာသူ ဦးစားပေး၍ နေစရာပေးမည်။ အမှတ်-၁၄၁၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊(မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၅၃၈၇၀

-------------------------

**MYH Trading**
အမှတ်-၁၄၀၊ ၈ လွှာ-အေ၊မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃ ၁၄၆၃၀၃၊ ၀၉ ၇၃ ၁၄၆၃၃ လစာ(ခံစားခွင့်) ကောင်းမွန်စွာပေးပါမည်။
၁။စာရင်းကိုင် မ-၁ ဦး
၂။ Marketing ဝန်ထမ်း ကျား/မ -၃ ဦး
၃။ Marketing Executive ကျား/မ-၃ ဦး
၄။ ယာဉ်မောင်း ကျား-၁ ဦး
အစမ်းခန့်ကာလ ရှိပါသည်။ အတည်ခန့်ထားပြီးပါက (လစာ အပြင်) သီးခြား bonus ခံစားခွင့်ရှိပါသည်။ တနင်္ဂနွေနေ့တိုင်းရုံးပိတ်ပါသည်။ ၁၅-၅-၂၀၁၁ ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

-------------------------

တစ်ရက်လျှင် အလုပ်ချိန် ၆ နာရီခွဲ၊ ပထမလတွင်လစာ ၄၅,၀၀၀ ကျပ်၊ နောက်လများတွင် ၅၀,၀၀၀ ကျပ်၊ တစ်ပတ်လျှင် တနင်္ဂနွေ တစ်ရက်ပိတ်ပါသည်။ ၂၀-၅၀-၂၀၁၁ နောက်ဆုံးထား၍ လျှောက်ထားရန်။ မှတ်-၁၄၀၊၈လွှာ-အေ၊မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊
ဖုန်း -၀၉ ၇၃ ၁၄၆၃၀၃၊
၀၉ ၇၃ ၁၄၆၃၃

-------------------------

Printing & Media Service လုပ်ငန်းအတွက်
1. Marketing M/F -5 Posts
ဘွဲ့ရ/ Media လုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံရှိသူ
2. Graphic Designer M/F- 5 Posts
ဘွဲ့ရ/ဒီဇိုင်းနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသူ/ကိုယ်ပိုင်စိတ်ကူးဖြင့် ဖန်တီးနိုင်သူ။
3. စာရင်းကိုင် F 2 Posts
စာရင်းနှင့်ပတ်သက်သော ဘွဲ့ရရှိထားသူ/လုပ်ငန်းအတွေ့အကြုံရှိသူ။ 4.ယာဉ်မောင်း (လိုင်စင်အနီ) M -3 Posts
ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပါတ်အတွင်း အမှတ်-၄၆၈၊ မေဃဝတီကျောင်းလမ်း၊ သဃ်န်းကျွန်းမြို့နယ် (BOC မှတ်တိုင်အနီး)
ဖုန်း-၅၇၈၇၈၈၊ ၈၅၅၀၀၆၇

-------------------------

အောင်မြင့်မိုရ်ဦးကုမ္ပဏီလီမိတက်
အမှတ်-၂၆၁၊ ဒုတိယထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ adminammo@mail.com
၁။ Office Staff ကျား/မ-၃ ဦး
တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ (Excel, Word)
၂။ Sales & Marketing (Supervisor) မ-၃ ဦး
တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
၃။ Sales & Marketing(Staff) မ-၈ ဦး၊
တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ ခရီးသွားလာနိုင် သူ ဖြစ်ရမည်။
၄။ Driver ကျား-၅ ဦး
အသက် ၂၀-၃၅ နှစ်အတွင်း ဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံ(၂)နှစ် အထက်ရှိရမည်။ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

-------------------------

ယာဉ်မောင်းကျွမ်းကျင် ကျား-၂ ဦး၊ အသက် ၂၅-၄၀ နှစ်
အထွေထွေမန်နေဂျာ ကျား-၁၀ ဦး
အသက် ၂၀-၃၅ နှစ် (အခြေခံပညာအလယ်တန်းအဆင့်) နေစရာပေးမည်။
ဖုန်း-၀၉ - ၇၃၀၂၇၇၃၃

-------------------------

ရုံးအကူဝန်ထမ်း ကျား-၁ ဦး
အရောင်းဝန်ထမ်း မ- ၁ ဦး
TNT Computer Systems
အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်း တောင်ဘက်ခြမ်း၊ (ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်) ဖုန်း-၃၇၄၈၅၇၊ ၀၉-၇၃၁၀၅၄၁၃၊ ၀၉-၇၃၁၀၅၄၁၄၊ ၇၂၀၉၁၀

-------------------------

ဆံပင်ညှပ်ကျွမ်းကျင် မ-၂ဦး
ဖုန်း-၀၉ ၅၁၅၇၅၇၅

-------------------------

၁။ မန်နေဂျာ မ-၂ဦး
အသက် ၃၀-၃၅ နှစ်ကြားရှိသူ၊ အမျိုးသမီးဝန်ထမ်း (၂၀)ခန့် အုပ်ချုပ်နိုင်သူ၊ ရုပ်ရည်အပြောအဆိုပြေပြစ်သူ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူဖြစ်ရမည်။
၂။ အမျိုးသမီးဝန်ထမ်း
အသက် ၂၀-၃၅ နှစ်ကြား၊ ရုပ်ရည်အတင့်အသင့်ရှိသူ၊ Spa လုပ်ငန်းတွင် လုပ်ကိုင်ရမည်။ မတတ်လျှင် သင်ပေးမည်။
ဖုန်း-၀၉-၅၀၄၃၅၂၃၊ ၀၉၅၀၀၀၇၉၀

-------------------------

**Grand Electronic**
**Dream Service Centre**
အမှတ်-၁၉၅၊ ၃၉ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉ ၅၀ ၆၈၀၄၄၊ ၃၈၈၅၅၈
၁။ Manager ကျား/မ -၂ ဦး
B.B.A, ဘွဲ့တစ်ခုခုရရှိပြီးသူ
၂။ Accountant မ-၃ ဦး
၃။ Office Staff ကျား/မ-၅ ဦး
ဘွဲ့တစ်ခုခုရရှိပြီးသူ
၄။ Sale ကျား/မ- ၅ ဦး
၁၀-တန်းအောင်မြင်ပြီးသူ
၅။ Driver ကျား -၁ ဦး
၆။ အထွေထွေ ကျား-၃ ဦး
အမှတ်စဉ်(၁)မှ (၄) ရာထူးများအတွက် Electronic လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

-------------------------

1. Field technical manager- Male (1) post
2. Field technical staff- Male (2) Posts and Female (2) posts
3. Accountant -Female (1) post
4. Asst. accountant - Female (1) post
5. Cashier -Female (1) post
6. Interpreter(Korean) -Male (or) Female (2) posts
Add: No.6, Myakantar(3) St, Ayeyeikmon Housing, Hlaing T/S,
**Ph: 530345,09 540 3574**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# ဆိုင်ကယ်များလည်း ဆီစာအုပ်လုပ်ရပြီ

**သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ မေ - ၂**

ပုဂ္ဂလိကစက်သုံးဆီဆိုင်များ၌ မော်တော်ဆိုင်ကယ်များ ဆီထုတ်ယူရာတွင် ဆီစာအုပ်ဖြင့်သာထုတ်ယူရန်အတွက် ဧပြီ ၃၀ ရက်မှ စတင်ဆောင်ရွက်နေကြောင်း စက်သုံးဆီဆိုင်နှင့် မော်တော်ဆိုင်ကယ်ပိုင်ရှင်များက ပြောသည်။

"ဆိုင်ကယ်တွေကို ဆီစာအုပ်နဲ့ ထုတ်ဖို့ပြောင်းလိုက်တာက လိုင်စင်ဘီးတွေ အဆင်ပြေအောင် လုပ်လိုက်တဲ့သဘောပဲ။ စာအုပ်နဲ့မလုပ်တော့ လိုင်စင်မဲ့ဆိုင်ကယ်တွေနဲ့ယှဉ်တိုးရတယ်။ ဒါကြောင့် စာအုပ်နဲ့လုပ်လိုက်တာ" ဟု စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။ ဆီစာအုပ်ဖြင့် ပြောင်းလဲထုတ်ယူရသော်လည်း ထုတ်ယူနိုင်သည့် ဆီအရေအတွက်မှာ ဆိုင်ကယ်တစ်စီးလျှင် သုံးပုလင်းသာရရှိနိုင်မည်ဖြစ်သည်။

စက်သုံးဆီဆိုင်များမှ ဆီထုတ်ယူရာတွင် စာအုပ်ပြုလုပ်လိုပါက Owner Book နှင့်ဘိုးတက်များကိုပြပြီးမှသာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များအား ဆီရောင်းချခွင့်ပြုပြီးချိန်မှစ၍ လွတ်လပ်စွာ ဝယ်ယူနိုင်ခဲ့ပြီး ယခုမှသာ မော်တော်ဆိုင်ကယ်များ ဆီစာအုပ်ဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်း သိရသည်။



*ခဲတတ်ဆီဝယ်ယူခွင့်ရရန် တစ်မျှော်တစ်ခေါ် တန်းစီနေသော ဆိုင်ကယ်များကို ပြေါလဆန်းက တွေ့ရစဉ်*

"အရင်က တချို့ဆိုင်ကယ်တွေက ဆီမထုတ်တော့ လိုင်စင်မဲ့ဆိုင်ကယ်တွေက တခြားဘီးရဲ့နံပါတ်နဲ့ပြန်ဝယ်တာတွေရှိတယ်။ အခု စာအုပ်နဲ့လုပ်ရင် ဒါမျိုးတွေတော့နည်းသွားမယ်။ ဒါပေမဲ့ အခုထိလည်း တန်းစီရတာ အများကြီးပါပဲ" ဟု ပုသိမ်မြို့ရှိ ဆိုင်ကယ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

# PSA မြန်မာက သီတဂူစက္ခုဒါနဆေးရုံ(သီပေါ)သို့ ကျပ်ငွေ ၁၄ သိန်း လှူဒါန်း

**ရန်ကုန်၊မေ - ၄**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိသော PSA မြန်မာမိသားစုက ယခုလအတွက်အလှူငွေအား ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရှိသီတဂူစက္ခုဒါနဆေးရုံတော်သို့ အလှူငွေ ကျပ် ၁၄ သိန်းအား 7Day news ဂျာနယ်မှတစ်ဆင့်ပေးပို့လှူဒါန်းခဲ့သည်။

သီတဂူစက္ခုဒါနဆေးရုံတော်အား စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ လမ်းညွှန်မှုဖြင့်တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ တွင်ပြီးစီးခဲ့သည်။ ဆေးရုံတည်ဆောက်ရာတွင် သီပေါမြို့သူမြို့သားများက မြေနေရာနှင့်အဆောက်အအုံကို တာဝန်ယူစေပြီး သီတဂူဆရာတော်ကြီးက ဆေးရုံအတွက်လိုအပ်သည့်စက်ကိရိယာ၊ ဆေးနှင့်ကျွမ်းကျင်ပညာရှင်များကို ကူညီပေးခဲ့သည်။

ဆေးရုံတည်ဆောက်ပြီးစီးချိန်မှ ယနေ့အချိန်အထိ မျက်စိလူနာပေါင်း ၈,၄၃၈ ဦးအားစမ်းသပ်ပေးခဲ့ပြီး ၁၆၈၂ ဦးအား ခွဲစိတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါစက္ခုဒါန ဆေးရုံတော်အား သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဦးပညာသီရိက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကုသမှုအစီအစဉ်တိုင်းတွင် လူနာတစ်ဦးအတွက် ကုန်ကျစရိတ်မှာ ငွေကျပ်ရှစ်သောင်းမှ တစ်သိန်းအထိကုန်ကျကြောင်း သိရသည်။

# သကြၤန်တွင်း ၂၄ နာရီ မီးပေးနိုင်ခြင်းမှာ ခြောက်နှစ်အတွင်း ပထမဆုံးဖြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ - ၂၈**

နှစ်စဉ်အားဖြင့် နွေရာသီတွင် ကျရောက်သော သင်္ကြန်တွင်းကာလများ၌ လျှပ်စစ်မီးကို အချိန်ပိုင်းဖြင့်သာ ပေးဝေနိုင်ခဲ့သော်လည်း ယခု ၂၀၁၁ ခုနှစ်မှသာ အနည်းဆုံး ၆ နှစ်ကျော်ကာလအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် လျှပ်စစ်မီးအချိန်ပြည့် ပေးဝေနိုင်ခဲ့ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အတွင်းရေးမှူးဦးမောင်မောင်လတ်က ပြောသည်။

"သင်္ကြန်တွင်းတွေမှာ အရင်နှစ်တွေကလည်း အလှည့်ကျစနစ်နဲ့ပဲပေးလာတာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စလုပ်တဲ့ ၂၀၀၆ ခုနှစ်ကတည်းကပဲ။ အခု ၂၀၁၁ ခုနှစ်မှ အချိန်ပြည့်ပြန်ပေးနိုင်တာ။ အဲဒီအရင်ကတည်းက အလှည့်ကျပေးနေတာ ဘယ်နှစ်ကစတယ်ဆိုတာ မသေချာဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုကဲ့သို့ သင်္ကြန်တွင်းကာလ၌ လျှပ်စစ်မီးအချိန်ပြည့် ပေးနိုင်ခြင်းမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးလာခြင်းများကြောင်းဖြစ်သည်ဟု ၎င်းကပြောသည်။

ဓာတ်အားထုတ်လုပ်မှုကို ကမ်းလွန်သဘာဝဓာတ်ငွေ့မှလည်း တိုးလာသကဲ့သို့ ရေအားလျှပ်စစ်မှလည်း ယခုနှစ်တွင် ပိုက်လိုင်း ၃ ခုထိ အသုံးပြုလာနိုင်ခြင်းကြောင့်ဖြစ်သည်ဟု ၎င်းကပြောသည်။

လက်ရှိကာလတွင်ရန်ကုန်မြို့တစ်ခုတည်းအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏမှာ အနည်းဆုံး ၄၀၀ မဂ္ဂါဝပ်မှ အများဆုံး ၆၀၀ မဂ္ဂါဝပ်ထိရှိပြီး ပျမ်းမျှအားဖြင့် ၅၅၀-၅၆၀ မဂ္ဂါဝပ်အသုံးပြုနေကြောင်း သိရသည်။

"ရေအားလျှပ်စစ်က ဆိုလည်းတိုးလာတယ်။ ဥပမာ-ရဲရွာဆို စက်သုံးလုံးတိုးလာတယ်။ တစ်လုံးကို တပ်ဆင်အား ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်တယ်။ အမြဲတမ်းသုံးလုံးလည်းတာတော့ မဟုတ်ဘူး။ ဓာတ်အားလိုသလို နှစ်လုံး၊ သုံးလုံး လည်ပတ်တာပေါ့"ဟု ၎င်းက ပြောကြားသည်။

အနူးအညွတ်တောင်းပန်ခြင်း



# Education

7DAY NEWS JOURNAL

Vol.10, No.8 • MAY 12, 2011

## ကျောင်းဖွင့်ချိန်နီးလာသော်လည်း ပုဂ္ဂလိက ကျောင်းကိစ္စမသေချာသေး

**နေလင်းထွန်း**




ပုဂ္ဂလိကကျောင်းများ ဖွင့်ခွင့်ပေးမည်ဟု ဆိုခဲ့စဉ်က ပြင်ပဘော်ဒါများ ယခုကဲ့သို့ လူစည်ကားရာနေရာများတွင် ကြော်ငြာဆိုင်းဘုတ်များ တပ်ဆင်ကြော်ငြာခဲ့ကြသည်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တက္ကသိုလ်ဝင်တန်းဘော်ဒါဆောင်များကို ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ပြုမည့်ကိစ္စနှင့် ပတ်သက်၍ ပညာရေးလုပ်ငန်းလုပ်ကိုင်နေသူများနှင့်ကျောင်းသားမိဘများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိကြသည်။ ၂၀၀၉ နှစ်ကုန်ပိုင်းမှစတင်သတင်းထွက်ပေါ်ခဲ့သော ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ပြုရေးသည် ၂၀၁၁ ပညာသင်ချိန်သို့နီးကပ်လာသော်လည်း တိကျသေချာသော အခြေအနေသို့ရောက်ရှိလာခြင်းမရှိသေးပေ။

ယမန်နှစ်က ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့မှ ဘော်ဒါကျောင်းအချို့အားဝင်းတို့ကျောင်းတွင် ကျောင်းသားအားအချိန်ပြည့်ပညာသင်ကြားခွင့်နှင့် နဝမတန်းအထိ စာမေးပွဲစစ်ဆေးခွင့်ပြုခဲ့သော်လည်း ပုဂ္ဂလိကကျောင်းအမည်သုံးစွဲခွင့်အားကန့်သတ်ထားခဲ့သည်။

တရားဝင်ပုဂ္ဂလိကကျောင်းအနေဖြင့်လုပ်ကိုင်ခွင့်(သို့မဟုတ်) ယခင်နှစ်အတိုင်း ဆက်လက်ဆောင်ရွက်ခွင့်တို့နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိရှိထားခြင်းမရှိသေးကြောင်းပုဂ္ဂလိကကျောင်းစာရင်းဝင်ဘော်ဒါကျောင်းတည်ထောင်ထားသူတစ်ဦးကပြောသည်။

"အရင်နှစ်တွေကအတိုင်းပဲသွားမယ်ထင်တယ်။ ဘော်ဒါကျောင်းတွေကိုခေါ်တွေ့ပြီး ပြောတာတော့မရှိသေးဘူး။ ဒီနှစ်တော့မဖြစ်လောက်တော့ဘူးထင်တယ်။ တအားကပ်နေပြီဆိုတော့လေ"ဟု ၎င်းကပြောသည်။

ပုဂ္ဂလိက ကျောင်းအဖြစ်ရပ်တည်ဆောင်ရွက်ခွင့်ရရှိရေးသည်ဘော်ဒါကျောင်းများအတွက် အခွင့်အလမ်းကောင်းဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့သာမက နယ်မြို့များမှ ပုဂ္ဂလိကကျောင်းစာရင်းဝင်မဟုတ်သေးသော ဘော်ဒါကျောင်းများသည်လည်း ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ရရှိရန် ရည်မှန်းပြင်ဆင်လျက်ရှိကြသည်။

"ဒီနှစ်တော့ မမီနိုင်ဘူးလို့ အစ်မထင်တယ်။ ဒီနှစ်တော့ အစ်မတို့ပုံစံအတိုင်းဆက်သွားမှာပါ။ နောက်လာမယ့်နှစ် တကယ်ပီပီပြင်ပြင်အားလုံးကိုလုပ်ခွင့်ပေးပြီဆိုရင် အစ်မလည်းလုပ်မှာပဲ။ အခုပုဂ္ဂလိကကျောင်းလုပ်ခွင့်ရတာကလည်း ကိုယ့်ဘာသာကိုယ်နားလည်မှုလေးတွေနဲ့ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်ဖွင့်နေကြတာပါ။ အစ်မကတော့ လောလောဆယ်စောင့်ကြည့်တဲ့ အနေအထားမှာရှိ သေးတယ်။ ပုဂ္ဂလိကကျောင်းပေးရင်လည်း လုပ်ခွင့်ရအောင် အသင့်ပြင်ပြီးသားပါ။ မပေးရင်လည်း လက်ရှိလုပ်နေတာကို နိုင်နိုင်နင်းနင်းဆက်လုပ်သွားပါမယ်"ဟု ဘော်ဒါကျောင်းတည်ထောင်ထားသူတစ်ဦးက ပြောသည်။

မြိတ်မြို့တွင် ကျောင်းသားရာဂဏန်းဖြင့်ဘော်ဒါကျောင်းတည်ထောင်ထားသူတစ်ဦးကလည်း ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့် ရရှိရန်သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ လျှောက်လွှာများတင်သွင်းထားကြောင်းဆိုသည်။

ပုဂ္ဂလိကကျောင်းများဖြစ်ပေါ်လာပါက ဘော်ဒါကျောင်းများ၏ယှဉ်ပြိုင်မှုပိုမိုပြင်းထန်လာပြီးပညာရေးအရည်အသွေး မြင့်တက်လာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း စီးပွားရေး အသွင်ကိုဦးစားပေးသောပညာရေးလုပ်ငန်းတည်ထောင်သူတိုးပွားလာမည်ကိုလည်း ဘော်ဒါကျောင်းတည်ထောင်ထားသူများကစိုးရိမ်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့မှ ဘော်ဒါကျောင်းများသည် မန္တလေး၊ ပြင်ဦးလွင်နှင့်အခြားပြည်နယ်မြို့များမှ ဘော်ဒါကျောင်းများနှင့် နှိုင်းယှဉ်လျှင် မြေနေရာအခက်အခဲနှင့်ရင်ဆိုင်နေရသည်။ ပုဂ္ဂလိကကျောင်းစာရင်းဝင်အပါအဝင် ဘော်ဒါကျောင်းအများစုသည် အထပ်မြင့်တိုက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ ပုဂ္ဂလိကကျောင်းဖွင့်လှစ်နိုင်ရန် လက်ရှိသတ်မှတ်ထားသော မြေကေအကျယ်အဝန်းအတိုင်းဆိုပါက လုပ်ငန်းဆောင်ရွက်ရန်ခက်ခဲမည်ဖြစ်ကြောင်း ဘော်ဒါကျောင်းပိုင်ရှင်များကပြောသည်။

"မြေဈေးတွေက ရန်ကုန်မှာမလွယ်ဘူးလေ။ ဝါသနာအရလက်ရှိလုပ်ကိုင်နေတဲ့သူတွေမှာလဲ အဲလောက်ချမ်းသာတဲ့သူမပါဘူးလေ။ မြေကွက်တော့ မရင်းနှီးနိုင်ဘူး။ တခြားလုပ်ငန်းပဲ လုပ်တော့မှာပေါ့"ဟု ဆယ်နှစ်ကျော်သက်တမ်းရှိဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကပြောသည်။

## မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဘာသာရပ်သုံးမျိုးပါရဂူဘွဲ့(Ph.D) သင်တန်းဖွင့်လှစ်

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ- ၂**

မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဘောဂဗေဒဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာစသည့် ဘာသာရပ်သုံးမျိုးဖြင့် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများအတွက် ယခုနှစ်ဇွန်လ ၁ ရက်မှစ၍ ပါရဂူဘွဲ့ (Ph.D) သင်တန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မုံရွာစီးပွားရေးတက္ကသိုလ်တွင် (၂၀၁၁-၁၂) ပညာသင်နှစ် ပါရဂူသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာများကို ယခုနှစ် မေလ ၉ ရက်မှ ၁၉ ရက်အထိ ရောင်းချလက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဝင်ခွင့် စာမေးပွဲအား သက်ဆိုင်ရာ ဘာသာရပ်ကို မေလ ၂၃ ရက်နှင့် အင်္ဂလိပ်စာကို မေလ ၂၄ ရက်တွင် ဖြေဆိုရမည်ဖြစ်သည်။ ရေးဖြေအောင်စာရင်းအား မေလ ၂၅ ရက်တွင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ လူတွေ့စစ်ဆေးခြင်း မေလ ၂၇ ရက်နှင့် ဝင်ခွင့်ရရှိသူများစာရင်းအား မေလ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ပါရဂူဘွဲ့သင်တန်းကာလမှာ ယခုနှစ်ဇွန်လ ၁ ရက်မှ ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်အထိဖြစ်ကြောင်းသိရသည်။

ပါရဂူဘွဲ့သင်တန်းတက်မည့်သူသည်ပညာရေးဝန်ကြီးဌာနဝန်ထမ်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ရမည်။ သက်ဆိုင်ရာဘာသာရပ်အသီးသီးတွင် မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် ၄၅ နှစ်ထက်ကျော်လွန်သူ မဖြစ်စေရဟု သတ်မှတ်ထားသည်။ အနည်းဆုံး နည်းပြရာထူးဖြင့် သက်တမ်း တစ်နှစ်ပြည့်ပြီးသူ မဟာသုတေသနဘွဲ့ ရရှိပြီးသူများ ပါရဂူသင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုကြောင်း သိရှိရသည်။ အခြားဝန်ကြီးဌာနဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဘာသာရပ်များတွင် မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့ရရှိပြီးသူများ ပါရဂူသင်တန်းဝင်ခွင့်ဖြေဆိုရန်မလိုပေ။ အနည်းဆုံးနည်းပြ (သို့မဟုတ်) သရုပ်ပြရာထူး(သို့မဟုတ်) အဆင့်တူရာထူးတွင် အနည်းဆုံးလုပ်သက် ၂ နှစ်ရှိရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။

မုံရွာစီးပွားရေးတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စာရင်းကိုင်ပညာစသည့် ဘာသာရပ်များအတွက် ရိုးရိုးဘွဲ့ (B.A) မဟာဘွဲ့ (M.A) နှင့်ဘွဲ့လွန်ပညာရပ်များဖြစ်သော (M.B.A), (M.P.A) ဘွဲ့၊ မဟာသုတေသနဘွဲ့များချီးမြှင့်ခဲ့သည်။ လာမည့်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) ဘွဲ့များချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပညာရေးငါးနှစ်စီမံကိန်းသစ်တွင် ယူနီဆက်အကူအညီဖြင့် မြို့နယ် ၂၀ ကျော်ထပ်တိုး

**မေဝင်းမွန်**

**ရန်ကုန်၊ မေ -၂**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)သည် အခြေခံပညာကျောင်းများသို့ ပညာရေးဆိုင်ရာထောက်ပံ့ကူညီမှု ငါးနှစ်စီမံကိန်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး မြို့နယ်ပေါင်း ၂၀ ကျော်ကိုတိုးချဲ့ကူညီရန် စီစဉ်ထားကြောင်းယူနီဆက် (မြန်မာ) ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်အမ်ရှုရက်စ်သာက ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးနှင့် ယူနီဆက်(မြန်မာ) ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်အမ်ရှုရက်စ်သာနှင့် ဧပြီ ၂၇ ရက်က အခြေခံပညာရေးဆိုင်ရာစီမံချက်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ယူနီဆက်မှငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှစကာ မြန်မာနိုင်ငံတစ်ဝန်းရှိမြို့နယ်ပေါင်း ၂၅ မြို့နယ်မှ ကျောင်းများသို့ ကူညီထောက်ပံ့ခဲ့ရာ ယခုနှစ်ကျောင်းဖွင့်ရာသီတွင် စီမံကိန်းပြီးဆုံးမည်ဖြစ်သဖြင့် နောက်ငါးနှစ်စီမံကိန်းတွင် မြို့နယ် ၂၀ ကျော်ထပ်တိုးကာ ၂၀၁၅ ခုနှစ် အထိဆောင်ရွက်သွားမည်ဖြစ်သည်။

ငါးနှစ်စီမံကိန်းတွင် သင်ကြားရေးဆိုင်ရာသင်တန်းများ စာသင်ခန်းသုံးပစ္စည်းများ၊ဖတ်စာအုပ်များ၊ ကျောင်းသုံးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာများ၊ ယင်လုံအိမ်သာတည်ဆောက်မှုစသည်တို့ကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

"ကျောင်းတွေမှာ ဆရာ၊ ဆရာမက သင်ပုန်းမှာရေးတာကို ကလေးတွေကဖတ်တဲ့ပုံစံမျိုးနဲ့ သင်ကြတယ်။ စာလိုက်နိုင်တဲ့ကလေးရှိသလို ဘာသင်မှန်းကိုနားမလည်တဲ့ကလေးတွေလည်းရှိတယ်။ အဓိကလုပ်ဆောင်သင့်တာထဲမှာ သင်ကြားမှုစနစ်ပါပါတယ်။ ကလေးတွေ ကိုရိုက်ပြီးဆုံးမတာထက် နားလည်အောင်ပြောပြီး ဆုံးမသင်ကြားတာမျိုး၊ ကလေးရဲ့သင်ယူနိုင်စွမ်းကိုအခြေခံတဲ့ သင်ကြားမှုတွေဆောင်ရွက်သင့်ပါတယ်" ဟု မစ္စတာရမက်ရှ်အမ်ရှုရက်စ်သာက ပြောသည်။

၂၀၁၂ ဇန်နဝါရီမှ ၂၀၁၅ ခုနှစ်အထိလုပ်ဆောင်မည့်ငါးနှစ်စီမံကိန်းအတွက် အပြီးသတ်ဆုံးဖြတ်ချက်များကို လာမည့်ဇူလိုင်လတွင် ပြုလုပ်သွားမည်ဟု သိရသည်။မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၄၀,၀၀၀ ခန့်ရှိပြီး၊ ဆရာ၊ ဆရာမပေါင်း ၁၅၀,၀၀၀ ကျော်ရှိသည်ဟုသိရသည်။

## James Cook စင်ကာပူကျောင်းခွဲ နွေရာသီရက်တိုသင်တန်း လျှောက်ထားနိုင်

**သီဟ**

**ရန်ကုန်၊မေ-၄**

ဩစတေးလျတက္ကသိုလ်တစ်ခုဖြစ်သည့် James Cook University စင်ကာပူကျောင်းခွဲ၏ နွေရာသီရက်တိုသင်တန်းအစီအစဉ်အား လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အား လာမည့်ဇူလိုင် ၁၇ မှ ၃၀ ရက်အထိပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာ၊ စင်ကာပူမြို့လေ့လာရေးနှင့် အခြားဘာသာရပ်များအား သင်ကြားပေးမည်ဖြစ်သည်။

သင်ကြားပေးမည့် ဘာသာရပ်များမှာ Improving Communication Skills, Learing Skills, Team Building, Communication Across Cultures, အစရှိသည့် ဘာသာရပ်များသင်ကြားရမည်ဖြစ်သည်။ လှုပ်ရှားမှုများအနေဖြင့် စင်ကာပူမြို့တွင်း လေ့လာရေးနှင့် အခြားနာမည်ကြီးနေရာများသို့ လေ့လာရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အတွက် သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်နှင့် မြို့တွင်းလေ့လာရေး စရိတ်များအပါအဝင် မြန်မာငွေကျပ် ၁၄ သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

# Technology

7 DAY NEWS JOURNAL

Vol.10, No.8 • MAY 12, 2011

## အစိုးရသစ်က အင်တာနက်ကောင်းမွန်ရေးကို အဓိကဦးစားပေးဆောင်ရွက်သင့်ဟု နည်းပညာလုပ်ငန်းရှင် ပညာရှင်များအကြံပြု

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၅**

မြန်မာနိုင်ငံပိုင်ဆက်သွယ်ရေးဂြိုဟ်တစ်လုံးကို လွှင့်တင်သွားရန် စီစဉ်နေသည်နှင့် တစ်ချိန်တည်းမှာပင် ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှုလိုင်းများကိုလည်းပြုပြင်ပြီး လက်ရှိကာလတွင် ကြုံနေရသည့် ပြဿနာများကိုမကြုံတွေ့ရအောင် ဆောင်ရွက်ပေးသင့်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင်များနှင့် ပညာရှင်များကအကြံပြုပြောကြားသည်။

နိုင်ငံပိုင် ဂြိုဟ်တု လွှတ်တင်နိုင်ပါက များစွာကောင်းမွန်သော်လည်းလက်ရှိကာလတွင်ကြုံတွေ့နေရသည့်အင်တာနက်ဆက်သွယ်ရေး ကောင်းမွန်မှုမျိုးကိုလည်း အစိုးရသစ်အနေဖြင့် အဓိကဦးစားပေးဆောင်ရွက်သင့်ကြောင်းမြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း(မန္တလေး)၏ဥက္ကဋ္ဌဦးရဲမြတ်သူက သုံးသပ်ပြောကြားသည်။

ဆက်သွယ်ရေးဝန်ကြီးဌာန၏ အဆိုပါအစီအစဉ်သစ်နှင့်ပတ်သက်ပြီး"ဒီနိုင်ငံမှာ ဂြိုဟ်တုတစ်လုံးတပ်နိုင်တယ်ဆိုရင် ကောင်းတယ်လို့ပဲပြောရမယ်။ ဒါပေမဲ့ အဲ့ဒီလိုလုပ်နိုင်ဖို့က ချက်ချင်းမဖြစ်နိုင်သေးဘူးလေ။ အဲဒီတော့ လက်ရှိမှာ ပြုပြင်ပြောင်းလဲလို့လည်းရတယ်၊ အဓိကအကျဆုံးလည်းဖြစ်နေတဲ့ အင်တာနက်ကွန်နက်ရှင်တွေ မြန်အောင်၊ကောင်းအောင်၊ ဆောင်ရွက်ပေးမယ်ဆို ဂြိုဟ်တုလွှင့်တင်မယ်ဆိုတဲ့ စီမံကိန်းဟာလည်း အမြန်ဆုံးဖြစ်လာနိုင်မှာပါ" ဟု ပြည်ပရောက်ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပြည်တွင်း၏ဆက်သွယ်ရေးနှင့်နည်းပညာကဏ္ဍတွင်မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့်အခြေအနေမှာ တဖြည်းဖြည်းချင်းတိုးတက်လာနေသော်လည်း အင်တာနက်ဆက်သွယ်မှုအပိုင်းတွင်မူ ယခုအချိန်ထိအရည်အသွေးကျဆင်းမှုများရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့ကဆိုသည်။

အထက်ပါ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးလွှင့်တင်မည့် အစီအစဉ်သည် အစိုးရသစ်တက်လာပြီး နောက်ပိုင်းဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ဝန်ကြီးက ယင်းကဲ့သို့ပြည်ထောင်စုမြန်မာနိုင်ငံပိုင်ဂြိုဟ်တုတစ်လုံးကို လွှင့်တင်သွားမည် ဟု နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်တွင်း၏ဆက်သွယ်ရေးနှင့်နည်းပညာဆောင်ရွက်မှုများကို နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီရရှိနိုင်ရန် စသည့်ကဏ္ဍများတွင် အဆိုပါဆက်သွယ်ရေးဂြိုဟ်တုကို အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

## EVDO အင်တာနက်စနစ် လျှော့ကျထားသူ နည်းလာ

**ယုဇနကိုကို**

**ရန်ကုန်၊ မေ-၅**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စီဒီအမ်အေ ၈၀၀မဂ္ဂါဟဇ်ဖုန်းများဖြင့် အသုံးပြုရသည့် EVDO အင်တာနက်စနစ်အား လျှော့ကျထားသူအရေအတွက် တဖြည်းဖြည်းချင်းလျော့နည်းလာကြောင်း သတင်းရရှိသည်။

စတင်ချထားပေးစဉ်ကာလကဆက်သွယ်မှုမြန်နှုန်းများ အထူးကောင်းမွန်ခဲ့သည့် အဆိုပါစနစ်သည် ယခုကဲ့သို့သုံးစွဲမှုများနှေးကွေးနေခြင်းမှာ သုံးလကျော်ကြာမြင့်လာပြီဖြစ်သဖြင့် အသုံးပြုသူပမာဏကျဆင်းလာရခြင်းဖြစ်ကြောင်းသိရသည်။

သုံးစွဲသူများအနေဖြင့်မူ အဆိုပါစနစ်ဖြင့် အင်တာနက်အသုံးပြုရာတွင် ဆက်သွယ်မှုများ မကောင်းမွန်သော်လည်း တစ်မိနစ်လေးကျပ်ကိုမူ ဖုန်းဘေလ်ထဲမှ ပေးဆောင်နေရသဖြင့် ၎င်းတို့၏သုံးစွဲမှုများကိုပါ လျှော့ချထားရသည်။

"အခုကအရမ်းကိုနှေးနေတယ်။ အရင်ကဆို အရမ်းမြန်တော့အင်တာနက်ဆိုင်သွားစရာမလိုဘူး။ အခုတော့ တစ်ခါတစ်ခါပြန်သွားနေရတယ်။ မသွားဘဲသုံးရင်လည်း ပိုက်ဆံပိုကုန်တယ်။ အလုပ်လည်းမပြီးဘူး။ နာရီဝက်နဲ့ပြီးတဲ့အလုပ်က တစ်နာရီလောက်ကြာနေတယ်" ဟု အသက် ၂၆ နှစ်အရွယ်ရှိအဆိုပါစနစ်အသုံးပြုသူတစ်ဦးကဆိုသည်။


နေ့စဉ်ကြုံတွေ့နေရသည့် အင်တာနက်စနစ်အမျိုးမျိုး၏ ပြဿနာများကိုပြေလည်စေရန်အတွက်အသုံးပြုသူများအားကိုယ်စား ပြုပေးမည့် ISOC (Internet Society Organization) ကဲ့သို့ နိုင်ငံတကာတွင်ရှိသည့်အဖွဲ့အစည်းတစ်ခုအမှန်တကယ်လိုအပ်နေပြီဖြစ်ကြောင်းလည်း အထက်ပါသုံးစွဲသူအချို့က သုံးသပ်ကြသည်။

"ဒီစနစ်က စနစ်ကောင်းတစ်ခုပါ။ ဒီလိုကောင်းတဲ့ဝန်ဆောင်မှုတစ်ခုကို စပေးကတည်းက အဆုံးထိအရည်အသွေးမြင့်မြင့်ပေးနိုင်ဖို့အရေးကြီးပါတယ်။ အဲ့ဒါဆို ဝန်ဆောင်မှုပေးသူရော သုံးစွဲသူရောအဆင်ပြေမယ်လို့ထင်တယ်" ဟုအသက်၄၀အရွယ်ဖုန်းသုံးစွဲသူတစ်ဦးကဆိုသည်။

ယခုလက်ရှိ 8 kbps မြန်နှုန်းဖြင့်သာ အသုံးပြုနေရသည့် အဆိုပါ EVDO စနစ်သည် စတင်ချထားပေးစဉ်အချိန်က 3 Mbps အထိသုံးစွဲနိုင်ခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အဆိုပါ CDMA 800 MHz, EVDO အင်တာနက်ဆက်သွယ်မှုစနစ်အား ကျပ်ငါးသိန်းဖြင့် ဖုန်းကတ်လျှော့ကျထားနိုင်ပြီး ကျပ်သုံးသောင်းထပ်မံပေးသွင်းကာ တစ်မိနစ်လျှင် အသုံးပြုခ လေးကျပ်နှုန်းဖြင့် ချထားပေးခဲ့ခြင်းဖြစ်သည်။

## ထူးကုမ္ပဏီဝက်ဘ်ဆိုက်အပါအဝင် ဝက်ဘ်ဆိုက်အချို့ တိုက်ခိုက်ခံရပြန်



Bagan Princess Hotel ဝက်ဘ်ဆိုက်အား Hack လုပ်ထားစဉ်

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၇**


အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများအား ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်နေသော BHG အဖွဲ့သည် ယခုရက်ပိုင်းအတွင်း ထူးကုမ္ပဏီအပါအဝင် ဝက်ဘ်ဆိုက်လေးခုခန့်အား ဝင်ရောက်ဖောက်ထွင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် ထူး ကုမ္ပဏီအုပ်စုမှပိုင်ဆိုင်သည့် Bagan Princess Hotel ၏ ဝက်ဘ်စာမျက်နှာဖြစ်သော www.baganprincesshotel.com အား ဧပြီ ၂၉ ရက်က ဖောက်ထွင်းထိန်းချုပ်ခဲ့သည်။ ယင်းဝက်ဘ်ဆိုက်သည် စတင်တိုက်ခိုက်ခံရသည့်နေ့မှစတင်၍ ဝက်ဘ်ဆိုက်ပင်မစာမျက်နှာမှအပ အခြားသော စာမျက်နှာခွဲများ၏ အချက်အလက်များနေရာတွင် Hack လုပ်သည့် BHG အဖွဲ့၏ Logo နှင့် ၎င်းတို့၏စာသားများ ထည့်သွင်းသွားခဲ့သည်။

"ဟိုနေ့က Reservation လုပ်ဖို့ ဝင်ကြည့်တဲ့အထိတော့ မရသေးဘူး။ ဝင်လိုက်ရင် ကိုယ်သုံးတဲ့စက်မှာ ဖိုင်တစ်ခု Run ဖို့ Brower တစ်ခုတက်လာတယ်။ အဲဒါနဲ့ ဘာမှမလုပ်ဘဲ ဆိုက်ကိုပြန်ထွက်လိုက်ရတယ်" ဟု ယခုလ ၃ ရက်က ယင်းဆိုက်သို့ ဝင်ရောက်ကြည့်ရှုခဲ့သည့် ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ထို့အပြင် ယင်းရက်ပိုင်းအတွင်း၌ cindrellahotel.com အမည်ရှိဝက်ဘ်ဆိုက်နှင့်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ ဝက်ဘ်ဆိုက်တို့ကိုပါ အလားတူဖောက်ထွင်းတိုက်ခိုက်မှုမျိုး ပြုလုပ်သွားခဲ့သည်။ အဆိုပါ BHG ဟက်ကာအဖွဲ့သည် ၎င်းတို့တိုက်ခိုက်ခဲ့သည့် ဆိုက်အမည်များကို ၎င်းတို့အဖွဲ့၏ စာမျက်နှာများတွင် ကြေညာထားပြီး ထိုအထဲတွင် ကရဝိက်နန်းတော်ဝက်ဘ်ဆိုက်ကိုပါ Hack ထားခဲ့ကြောင်း ဖော်ပြထားသည်။

ပြည်ပအခြေစိုက် BHG အမည်ရ ဟက်ကာတစ်စုသည် မကြာသေးမီကလည်း အစိုးရပိုင်ဝက်ဘ်ဆိုက်နှင့် ဝန်ကြီးဌာနဝက်ဘ်ဆိုက်အများအပြားကို ဖောက်ထွင်းခဲ့သော အဖွဲ့ဖြစ်သည်။








ခနောဆန်ပြုတ်
တစ်နေ့တာ အားအင်ပေးမယ့်
အကောင်းဆုံးနံနက်စာ
ခနောဆန်ပြုတ် ပြုလုပ်ပုံအဆင့် (၃) ဆင့်
(၁) ခနောဆန်ပြုတ်ထုပ်ကို ဖောက်၍ ပန်းကန်လုံးထဲသို့ထည့်ပါ။ ပြီးလျှင် ရေ ၃၀၀ မီလီလီတာ လောက်ထည့်ပါ။
(၂) ဆန်ပြုတ်ကို ရောမွှေပြီးကျက်သည်အထိ ပြုတ်ထားပြီး မွှေပေးပါ။ ပြီးလျှင် အပူရှိန်နည်းနည်းဖြင့် သုံးမိနစ်ခန့် ပြုတ်ထားပါ။
(၃) အရသာပိုမိုကောင်းမွန်အောင် မိမိနှစ်သက်ရာ ကြက်ဥ၊ အသားနှင့် ဟင်းသီးဟင်းရွက်များ ထည့်၍ သုံးဆောင်နိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011





# ဆူးကျိုးမည့်ဖက်

ခင်ပြုံး(မြန်မာစာ)

> တချို့မိန်းကလေးတွေဆိုရင် အစ်မရယ် ရုပ်ရှင်မင်းသမီးတောင် ငိုသွားလောက်တယ်။ တကယ်ရက်ရက်စက်စက်ကို ချောတာ၊ လှတာ။ မထင်ရက်ဘူး အစ်မရယ်။ ကျွန်တော်တို့က ယောကျ်ားလေးအချင်းချင်း မကြောက်ဘူး။ မိန်းကလေးဆိုရင်တော့ ကြောက်တယ်အစ်မရေ၊ သူတို့နဲ့ သွားဖြစ်လို့ကတော့ ကိုယ်ကအရှုံးကြီးပဲ။ တစ်ခါတစ်ရံ ညဘက်မူးရူးပြီး ကားငှားစီးလာတာ။ တိုက်ခန်းရှေ့ကိုရောက်တော့. . .

အမေတို့ခေတ်ကတော့ ဤကဲ့သို့ ဆုံးမခဲ့ပါသည်။ သမီးရေ မိန်းကလေးဆိုတာ ဖက်ရွက်လေးလိုပဲ၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်၊ ဆူးပေါ် ဖက်ကျလည်း ဖက်ပဲပေါက်တာပဲ။ မိန်းကလေးဘဝက နာဘက်ကချည်းပဲ။ ဒါကြောင့် အသွား၊ အလာ၊ အနေအထိုင်၊ အပေါင်းအသင်းကစပြီး အားလုံး သတိဝီရိယထားပြီး ကွန္ဒြေလေးနဲ့ နေထိုင်ရမယ်နော်ဟု ဆုံးမခဲ့ပါသည်။

ကျွန်မတို့အိမ်၏ မျက်စောင်းထိုးတွင် လမ်းသွယ်တစ်လမ်းရှိပါသည်။ ထိုလမ်းထဲရှိ အထပ်မြင့်တိုက်ခန်းတစ်ခုတွင် မိန်းကလေးတစ်စုတို့ စုပေါင်းစပ်ပေါင်းငှားပြီး နေထိုင်ကြသည်ဟူ၍ ပြောသံကြားရပါသည်။ ကျွန်မကိုယ်တိုင်ကမူ သူတို့အကြောင်းကို များစွာမသိပါ။ သို့သော် ကျွန်မတို့အိမ်ရှေ့ဝရန်တာတွင် ထိုင်နေစဉ် အိမ်ရှေ့လမ်းလေးထဲမှ နောက်ဆုံးတကာ့ နောက်ဆုံးပေါ်၊ အကုန်လုံးပေါ်နေသော အဝတ်အစားများဝတ်ပြီး မိန်းကလေးရောင်စုံတို့ ထွက်လာတတ်ကြသည်ကိုတော့ မကြာခဏ မြင်တွေ့နေရပါသည်။

တစ်နေ့သော နံနက်ခင်းတွင် ကျွန်မ ဝရန်တာတံခါးကို ဖွင့်ပြီး စာကလေးများအား အစာကျွေးနေစဉ် လူရွယ်တစ်ယောက်သည် စီးကရက်လက်ကြားညှပ်ပြီး ကျွန်မတို့ အိမ်ရှေ့တစ်ဝိုက်တွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်ကို တွေ့ရပါသည်။

ကျွန်မက မနေနိုင်ဘဲ အိမ်သားများအား ပြောလိုက်ပါသည်။ “ဒီသူငယ်နှယ် နံနက်စောစော လမ်းလျှောက်ရလည်း အနည်းဆုံးတော့ လမ်းအစအဆုံး လျှောက်ပါလားဟယ်။ ဘယ့်နှယ်ကွန်ကရစ်လမ်းအသစ်စက်စက်ပေါ်မှာ ဒီနားတစ်ဝိုက်ပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ ကျန်းမာရေး လိုက်စားတာကလည်း စီးကရက် လက်ကမချဘူး” ကျွန်မ၏ ပြောစကားကို အလုပ်ရှုပ်နေသော အိမ်သားများက စိတ်မဝင်စားကြပေ။ ကျွန်မသာလျှင် နံနက်ခင်းလုပ်နေကျ အလုပ်များဖြစ်သော သောက်တော်ရေ၊ မျက်နှာသစ်တော်ရေခွက်များ ဆေးကြောခြင်း၊ ဘုရားပန်းအိုးများ ရေဆေးခြင်းစသည့်အလုပ်များကို ဝရန်တာတွင် လုပ်ကိုင်နေမိပါသည်။ မကြာမီ ရဲဆိုင်ကယ်ကြီးတစ်စီးနှင့် ရဲကားတစ်စီးတို့ အိမ်ရှေ့ဟိုဘက်လမ်းသို့ ဆိုက်လာပါသည်။ ထို့နောက် ဆိုင်ကယ်ပေါ်မှ ရဲကြီးနှင့် လမ်းလျှောက်နေသော လူရွယ်တို့သည် လမ်းလေးထဲသို့ ဝင်သွားကြပါသည်။ ကားဆရာကတော့ လိုက်မသွားဘဲ ကားပေါ်တွင် အေးအေးဆေးဆေး ထိုင်စောင့်နေပါသည်။ အတန်ကြာသော် လမ်းထဲသို့ဝင်သွားသော လူနှစ်ယောက်နှင့်အတူ စကတ်တိုတို ဝတ်ထားသော မိန်းကလေးငယ်သုံးယောက်တို့ ပါလာကြပါသည်။ မိန်းကလေးငယ်တို့မှာ မျက်နှာတစ်ချက်မပျက်ဘဲ ကျွန်မတို့ငယ်စဉ်က ကျောင်းကြို ကားပေါ်သို့တက်သွားသကဲ့သို့ ရဲကားပေါ်သို့ တက်သွားပြီး နှစ်ဖက်ခုံတန်းတွင် ထိုင်ကြပါသည်။

လမ်းလျှောက်လူရွယ်လည်း ကားပေါ် လိုက်ပါသွားပါသည်။ ထို့နောက် ဆိုင်ကယ်၏ နောက်သို့ ကားကလိုက်ပါပြီး ထိုနေရာမှ မောင်းထွက်သွားကြပါတော့သည်။ အနီးပတ်ဝန်းကျင်မှ လူများကမည်သို့မျှ စိတ်ဝင်စားမှုမပြကြဘဲ သူတို့ဘာသာရပ်လေ့လာနေသော ကျွန်မသာလျှင် အံ့ဩတကြီးနှင့် သူတို့လေးတွေ ညက ဆိုင်မှာ ဘာပြဿနာတွေများ ဖြစ်ခဲ့လို့ပါလိမ့်ဟု တွေးကြည့်မိပါသည်။

တစ်နေ့ ညနေတွင် ကျွန်မ၏ သမီးတစ်ယောက်သည် ကိစ္စတစ်ခုရှိသဖြင့် အပြင်မှ အငှားကားစီးပြီးပြန်လာပါသည်။ ကျွန်မက သမီးများကို ငွေကြေးများ ပါလာလျှင် ကပ်စေးနှဲပြီး ဘတ်စ်ကားမစီးနဲ့၊ အငှားကားသာစီးခဲ့ဟု မှာထားပါသည်။ သမီးက အမေရေ သမီးအခု စီးလာတဲ့ အငှားကားမောင်းတဲ့လူက ငယ်ငယ်ပဲရှိသေးတယ်။ လမ်းမှာ စကားပြောဖြစ်ကြတယ်။ သူက ညဘက်မောင်းတဲ့ကားတဲ့။ အခုမှ စထွက်တာဆိုတော့ သမီးကဈေးဦးပေါက ပဲတဲ့။ သူက အစ်မတို့လမ်းတွေကို ခရီးသည်လိုက်ပို့ရင် ကျွန်တော် မကြာခဏ ရောက်လို့လမ်းတွေကို အကုန်သိတယ်။ ဘယ်တိုက်ခန်းမှာ ဘယ်သူတွေနေတယ်ဆိုတာလည်း သိတယ်တဲ့။ တချို့မိန်းကလေးတွေဆိုရင် အစ်မရယ် ရုပ်ရှင်မင်းသမီးတောင် ငိုသွားလောက်တယ်။ တကယ်ရက်ရက်စက်စက်ကို ချောတာ၊ လှတာ၊ မထင်ရက်ဘူး အစ်မရယ်။ ကျွန်တော်တို့က ယောကျ်ားလေးအချင်းချင်း မကြောက်ဘူး။ မိန်းကလေးဆိုရင်တော့ ကြောက်တယ်အစ်မရေ၊ သူတို့နဲ့ သွားဖြစ်လို့ကတော့ ကိုယ်က အရှုံးကြီးပဲ။ တစ်ခါတလေ ညဘက်မူးရူးပြီး ကားငှားစီးလာတာ။ တိုက်ခန်းရှေ့ကို ရောက်တော့တံခါးကိုခြေထောက်နဲ့ ဆောင့်ကန်ပြီး ပိတ်သွားတယ်။ ကားခမပေးဘဲ ဒီအတိုင်း တိုက်ပေါ်တက်သွားတာ။ ကျွန်တော်တို့က စိတ်ဆိုးပြီး ဆွဲထိုးလို့လည်း မဖြစ်ဘူး။ ကိုယ်ပဲ အမှုပတ်မှာလေ။ ဒီအတိုင်း ခံလိုက်ရတာတွေ ရှိတယ်လို့ ယာဉ်မောင်းသမားက သူ့အတွေ့အကြုံ သူခံစားချက်ကို ပြောသွားတယ်။

ဟုတ်တယ် သမီးရေ၊ အမေငှားစီးနေကျကားသမားကြီးကလည်း ပြောဖူးတယ်။ အစ်မရေ ကျွန်တော်က အသက်လည်း ကြီးပြီဆိုတော့ ညဘက်ကားမထွက်ဘူး။ နေ့ဘက်ပဲ အေးအေးဆေးဆေး မောင်းတယ်။ ရှုပ်ရှုပ်ယှက်ယှက်တွေကို ကြောက်လို့ပါ။ ဒါတောင် တစ်ခါတလေ ကြုံရသေးတယ်။ မြန်မာဖြစ် ဝမ်းဆက်လေး ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက် ကျွန်တော့်ကားကို ငှားတယ်။ ကျွန်တော်က ဘယ်မကောင်းထင်မှာလဲ။ လမ်းလည်း ရောက်ရော သူ့ကို ငါးထောင်ပေးတဲ့။ မပေးရင်လူတွေကြားအောင် အော်ပစ်လိုက်မယ်လို့ ပြောတယ်။

ကျွန်တော့်မှာ မနည်းတောင်းပန်ရတယ်။ ငါ့တူမရယ် ဦးလေးဈေးဦးမပေါက်သေးလို့ ထမင်းတောင် မစားရသေးဘူး။ မုန့်ဖိုးလေးယူပြီး ဆင်းပါတော့လို့ ပြောပြီး ပေးလိုက်ရတယ်။ အငှားကားမောင်းသမားတွေ နာမည်သာပျက်တာ၊ ကျွန်တော်တို့ ခံလိုက်ရတာတွေလည်း ရှိသေးတယ် အစ်မရေတဲ့။

တစ်နေ့သောညနေခင်းတွင် စိတ်ဝင်စားစရာ မြင်ကွင်းတစ်ခု တွေ့ပြန်ပါပြီ။ အိမ်ရှေ့လမ်းဘေးတွင် မိန်းကလေးတစ်ယောက် ရပ်ပြီး အငှားကားစောင့်နေပါသည်။ ကြိုးတစ်ချောင်း ဂါဝန်အပျော့သားဖြူဖြူလေးဝတ်ထားပါသည်။ သူ့ပုံစံကို ကြည့်ပြီး သူ့တားသော ကားသမားတို့ခေါင်းယမ်းပြီးထွက်သွားကြသည်မှာ သုံးစီးမြောက်အထိ ကားငှား၍ မရပေ။ တော်တော်လည်တဲ့ ကားသမားတွေပဲ၊ သူတို့အန္တရာယ်တော့ သူတို့ရှောင်တတ်သားပဲဟု မှတ်ချက်ချမိပါသည်။ နောက်ဆုံး လေးစီးမြောက် သတ္တိခဲကားသမားနှင့်တွေ့မှ အပေးအယူ တည့်သွားပါတော့သည်။

ကျွန်မ၏ အတွေ့အကြုံအရဆိုရသော် မိမိကိုယ်ကို အထင်ကြီးတဲ့လူတွေ၊ ငါက သိပ်ပြီးလည် ဝယ်ပါးနပ်တာ၊ မိန်းမကို မမြင်ဖူးတဲ့ကောင် မဟုတ်ဘူး၊ ငါလိုလူမျိုးကို လာပြီး ညာစားလို့ ဘယ်ရလိမ့်မလဲဟု အပြောကြီးသော ယောကျ်ားများသည် ရှေ့ဆုံးကနေပြီး ပြန်လည်ရုန်းထွက်လို့ မရနိုင်အောင် ခံလိုက်ရပါသည်။

ဇနီးမောင်နှံနှစ်ယောက်သား သမီးလည်း မရှိ။ ပိုက်ဆံတွေက ရှိမှရှိ။ ပိုက်ဆံရှိသည့်ဇနီးကလည်း သူ့ခင်ပွန်းကို ချစ်မှချစ်။ သားသမီးမရှိ၍ မိမိချစ်လင်အပေါ် စုပုံချစ်ထားသည်ကို မလောက်လေး မလောက်စား ကောင်မလေး တစ်ယောက်က အပိုင်သိမ်းယူထားလိုက်ပါသည်။ ချစ်ဇနီးသည် ခမျာ မိတ်ဆွေ သူငယ်ချင်းများကို ငိုယိုပြီး အကူအညီတောင်းသောကြောင့် သိန်း ၅၀ ခန့် (လွန်ခဲ့သော ၁၀ နှစ်ခန့်က) လျော်ကြေးပေးပြီး ပြန်လည်ရွေးယူခဲ့ရသည့် အဖြစ်မျိုးရှိပါသည်ဆိုလျှင် စာဖတ်သူများ ယုံကြည်နိုင်ကြပါမည်လား။ ပုံပြင်တော့ မဟုတ်ပါ။ ။

## စာ(၉) အများနဲ့မတူတဲ့ ဖက်ရှင်တွေကိုပဲ ဝတ်ချင်တဲ့ လူငယ်တွေအတွက် မှ

အမျိုးသားဝတ် အသားကပ်ခြေအိတ်ဆိုတာလည်း ဆိုင်တိုင်းမှာ မရှိတဲ့အတွက် ရှာရခက်သလို အသုံးလိုသူတွေအတွက်တော့ အရေးကြီးပါတယ်။ ငှက်မွေးတောင်ပံအရောင်စုံနဲ့ ရွှေပြား၊ ငွေပြားတွေကလည်း ပစ္စည်းထူးထူးဆန်းဆန်း ကြိုက်သူတွေအတွက်တော့စိတ်ဝင်စားစရာပစ္စည်းတွေပါ။

ပုံမှန်စတိုင်ကို ကြိုက်သူတွေအတွက်လည်း စမတ်အင်္ကျီတွေ ဘောင်းဘီတွေကိုရနိုင်တဲ့အတွက် ဝယ်ယူသူတွေစိတ်တိုင်းကျနိုင်တဲ့ ဆိုင်တစ်ဆိုင်လို့ဆိုနိုင်ပါတယ်။

ဈေးနှုန်းတွေ အားလုံးကို ပစ္စည်းကောင်းသုံးချင်သူများအားလုံးအတွက်သင့်တော်တယ်လို့ဆိုနိုင်တဲ့ သောင်းဂဏန်း ဝန်းကျင်ဈေးနှုန်းတွေနဲ့ပဲ ရောင်းချပေးထားတာဖြစ်ပါတယ်လို့ သိရပါတယ်။

စတိုင်လန်းလန်း အဝတ်အစားကိုမှ ရွေးချယ်ဝတ်ယူချင်တဲ့ ဆိုသူတိုင်းအတွက်ယုဇနပလာဇာ တတိယထပ် J-9 မှာရှိတဲ့ absolute Fashion ကိုတစ်ခေါက်လောက် သွားကြည့်ဖို့တိုက်တွန်းရင်း. . .။

## စာ(၉) ဝက်ပဲပြားအစပ်ဟင်း မှ

ပဲပြားကိုတော့ ပုံထဲကလိုပဲ အတုံးသေးသေးလေးတွေထိရအောင် ညီညီညာညာတုံးထားပေးဖို့ လိုပါတယ်။

ပထမဆုံး အနေတော်ဆီထည့်ထားတဲ့ဒယ်အိုးထဲကို ကြိတ်ထားတဲ့ ဝက်သားတွေထည့်ပါမယ်။ ဝက်သားတွေကို ပဲဆီထဲမှာ အကျက်ညီအောင်မွှေပေးရပါမယ်။ဝက်သားလေးတွေရဲလာပြီဆိုရင်တော့ငရုတ်သီးအရောင်တင်မှုန့်လေးကို အရောင်ရအောင်ထည့်ပေးပါမယ်။ အရောင်တင်ထည့်ပြီးရင်တော့ တရုတ်ပဲငါးပိထည့်လိုက်ပါ။ ဝက်သားနဲ့ ပဲငါးပိနှံ့သွားအောင်မွှေပေးပြီးရင်တော့ တုံးထားတဲ့ပဲပြားလေးတွေထည့်လို့ရပါပြီ။ ပဲပြားထည့်ပြီးရင်တော့ပဲပြားတွေကြေမသွားရအောင် အသာခပ်ရွရွလေး မွှေပေးရပါမယ်။ မွှေပြီးထားတဲ့ အသင့်ဖျော်ထားတဲ့ အနှစ်ရည်ကိုလောင်းထည့်ပေးရပါမယ်။ အနှစ်ရည်လောင်းပြီးတာနဲ့ ငရုတ်သီးစိမ်းခပ်ရိပ်ရိပ်လှီးထားတာလေးထည့်ပြီး ရေနည်းနည်းထည့်ပြီး ခဏအုပ်ထားလိုက်ပါ။ ဖွန်းနဲ့ မမွှေဘဲ အိုးကိုပဲ ကိုင်လှုပ်လှုပ်ပေးပါ။ ရေလည်းနည်းနည်းခန်းသွားပြီ၊ ငရုတ်သီးနံ့လေးနဲ့ ပဲငါးပိနံ့လေးသင်းလာပြီဆိုရင်တော့ ချလိုက်လို့ရပါပြီ။ ချလိုက်ပြီးပြီဆိုရင်တော့ အသင့်လှီးထားတဲ့ကြက်သွန်မြိတ်လေးတွေ အုပ်လိုက်ရုံပါပဲ။

ဒီတစ်ပတ် ဝိုက်ဖီလက်ရာ ဝက်ပဲပြားအစပ်ဟင်းလေးကို ချက်ပြုတ်မြည်းစမ်းကြည့်ပါဦးလို့ တိုက်တွန်းရင်း နောက်တစ်ပတ်မှာ ဝိုက်ဖီတင်ဆက်မယ့်မြန်မာ့ရိုးရာ အသုပ်တစ်မျိုးဖြစ်တဲ့ ပုန်းရည်ကြီးထမင်းသုပ်လေးကို စောင့်မျှော်ဖတ်ရှုကြပါဦးလို့. . .။ ။

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## လွမ်းရတမ်းရ

# စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်

သင်းရီ

ကျွန်တော်တို့ စီးလာသောလိုက်ထရပ် ကားလေးကအလောင်းတော်ကဿပအမျိုးသားဉယျာဉ်ရှိရာသို့ဦးတည်လျက်အရှိန်ပြင်းပြင်းဖြင့်တက်သုတ်ရိုက်မောင်းနှင်နေ၏။ ဖေဖော်ဝါရီလနောက်ဆုံးပတ်၊ တပို့တွဲ အကုန်တပေါင်းအဆန်းဆိုပေသည့် အညာနွေက လူ့အသားတွေကိုဖုံ့ခြွေလောင်ကျွမ်းပစ်တော့မလောက်ပူပြင်းလွန်းလှ၏။ မုံရွာနှင့် တရော်ကျင်းလမ်းဘေးဝဲယာမြင်ကွင်းထဲမှ အညာဒေသ၏ဖွားဖက်တော်ကန္တာရဆူးခြုံပင်တွေနှင့်ထနောင်းပင်တွေပင် အဲ့သည် နွေဦးနုနု၏နေ့လယ်နေကိုအံကြိတ်၍ ရင်ဆိုင်နေကြရပုံ ရှိသည်။

ခရီးတစ်ထောက်နားခဲ့သည့်မန္တလေးတံတားဦးရှိညီတော်မောင်ကိုသန်းအောင်၏ "ဆန်းရွှေပြည်ဂရု(ပ်)" ရေနံချက်စက်ရုံမှ နံနက်အစော ၆း၀၀ နာရီလောက်တွင် စတင်ခရီးထွက်ခဲ့စဉ်ကတော့ရာသီဥတုက ဆောင်းအနှောင်းနှင့်တူစွာအနည်းငယ်မျှအေးစိမ့်စိမ့်ရှိနေခဲ့သေး၏။ သို့သော် ဦးတည်ရာမုံရွာမြို့နှင့်တဖြည်းဖြည်းနီးလာသော နံနက် ၈း၀၀ နာရီကျော်လာသည်နှင့်အပူချိန်ကတစ်မျိုးပြောင်းလာတော့သည်။

ပတ်ဝန်းကျင် တစ်ခုလုံးကလည်းကြည့်လိုက်လေတိုင်းမှာကန္တာရဆူးခြုံပင်နှင့် ထနောင်းပင်တွေကျိုးတိုးကျဲတဲ ပေါက်ရောက်နေသောဝါကျင်ကျင်မြက်ခြောက်တွေဖုံး လွှမ်းထားသည့် တောင်ခြောက်တောင်ခေါင်းတုံးတွေသာ ဖြစ်နေတော့၏။

အချို့နေရာများတွင်ကုလားပဲစိုက်ခင်း၊ ကြက်သွန်စိုက်ခင်း၊ ဂျုံစိုက်ခင်းတွေ တွေ့ရတတ်သည်မှလွဲ၍ မျက်လုံးအေးစရာ အရောင်မတွေ့ရလှ။

သို့သော်မုံရွာမြို့ကြီး၏ အခြေကိုနင်းမိပြီဆိုသည်နှင့်မြင်လိုက်ရသည့်မြင်ကွင်းများကြောင့် စိတ်ခံစားမှုက တစ်မျိုးပြောင်းသွားသည်။

"လှလိုက်တဲ့အပင်ကြီးတွေ. ." ဟုနှုတ်မှပင် ဖွင့်၍ ပြောမိရသည်။ လမ်းဘေးဝဲယာမှာတန်းစီပြီးအရိပ်မိုးပေးနေသော သန်သန်မာမာယောက်ျားကြီးနှစ်ဖက်စာလောက်ရှိသည့်ပင်စည်ကြီးတွေနှင့် တမာပင်ခုံခုံကြီးတွေ။

နောင်လာနောက်သားတွေအတွက်ရည်ရွယ်လျက် စေတနာမေတ္တာအနန္တဖြင့် စိုက်ပျိုးထားပေးခဲ့ကြသည့် မုံရွာသူမုံရွာသား အဘိုးအဘွားတွေကို စိတ်မှန်းဖြင့်ကျေးဇူးတင် ကန်တော့ပန်း ဆင်မိရသည်။ သည်အပင်ကြီးတွေ၏တန်ဖိုးကိုနားလည်စွာဖြင့်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် နှောင်းလူတွေကိုလည်း ကျေးဇူးတင်ရသည်။ သည်တမာပင်ကြီးတွေ၏ သက်တမ်းကနှစ်တစ်ရာအထက်မှာရှိမည် ထင်၏။

သည်အပင်ကြီးတွေကို မြင်ရတော့ မကြာခင်လေးကမှ ဂျာနယ်ထဲတွင်ဖတ်လိုက်ရသောဂျပန်နိုင်ငံမှ ဆူနာမီလျှော်နှင့် ရေဒီယိုဓာတ်သတ္တိကြွမှုကို ထီမထင်ပြုကာအပွင့်တွေဝေဝေပွင့်ဆဲရှိသည့် သက်တမ်းတစ်ထောင်ကျော် ချယ်ရီပင်ကြီးကို သတိရမိသည်။ အလားတူပင် နာဂစ်မုန်တိုင်းကြီးကိုအာခံ လွန်မြောက်ကျော်လွှားကာ ဘေးမသီရန်မခကျန်းကျန်းမာမာရှိနေဆဲ ရန်ကုန်ပင်မ တက္ကသိုလ်ကြီးထဲမှသက်တော်ရှည်သစ်ပုပ်ပင်ကြီးကိုလည်း သတိရသည်။



မုံရွာမြို့အဝင်မှ တမာပင်များ

ဓာတ်ပုံ-မျိုးမင်းဦး

ကျွန်တော်က အဲ့သည်လိုအပင်ကြီးမျိုးတွေကိုမြင်တိုင်း အိမ်ဦးခေါင်းရင်းခန်းတွင်ခံ့ခံ့ကြီးတွေထိုင်လျက်နောင်လာနောက်သားများ၏ ကန်တော့ခြင်းကို ခံယူရန် အသင့်ဖြစ်နေတတ်သည့်ဂုဏ်သရေရှိ လူကြီးမင်းတွေလိုမျိုး စိတ်မှာထင်မိသည်။

ယခု ကျွန်တော့် မျက်စိရှေ့မှောက်တွင်တော့မုံရွာမြို့မှသက်တမ်းရာကျော် တမာပင်ကြီးတွေက ကန်တော့ခံအဖြစ် ရောက်ရှိနေပြန်သည်။

ကျွန်တော့်အသက် ၆၀တန်းအတွင်း ထိုမျှလောက်ကြီးမားခန့်ထည်လှသော တမာပင်ကြီးမျိုး မတွေ့ဖူးခဲ့။ ခုတွေ့ရတော့ တစ်ပင်မဟုတ်။ အတန်းလိုက် တစ်မျှော်တစ်ခေါ် . . ။ အခုတ်အပယ်မရှိသဖြင့်လည်း အကိုင်းအခက်တွေက ဝဲပျံ့အိကျလို့နေကြသည်။

မုံရွာသူ မုံရွာသားတို့ဂုဏ်ယူစရာကောင်းသည့် တမာပင်ကြီးတွေပင် ဖြစ်တော့၏။

တစ်ခါတစ်ခါ အညာအရပ်မှနှစ်ပေါင်းရာချီသည့်သက်တော်ရှည်မန်ကျည်းပင်ကြီးတွေကိုစီးပွားရေးအရခုတ်လှဲသတ်ဖြတ်ကာ အမွှေးတိုင်အဖြစ်နှင့်မီးရှို့သဂြိုဟ်ပစ်ကြသည်ဟု ကြားကြားနေရသည့်အခါများ၌မူ ကျွန်တော့်စိတ်ထဲပြင်းထန်သည့် ထိထိခိုက်ခိုက်ဖြင့်ထိုအ ပင်ကြီးတွေကို နှမျောတသဖြစ်မိရ၏။

ကျွန်တော်က သစ်ပင်တွေကို ချစ်၏။

သဘာဝပတ်ဝန်းကျင် ကိစ္စတွေ၊ အိုဇုန်းလွှာပေါက်သည့် ကိစ္စတွေ၊ ဖန်လုံအိမ်ကိစ္စတွေကို မသိခင်မကြားဖူးခင်ကတည်းက သက်တမ်းရင့်သစ်ပင်ကြီးတွေကို ကျွန်တော်က ကိုယ့်မိအို ဖအိုတွေလိုချစ်သည်။ သစ်ပင်ပျိုကလေးတွေကိုလည်း ကိုယ့်သားကိုယ့်သမီးတွေလိုပျိုးထောင်ချင်ပြုစုချင်သည်။ သစ်ခက်၊ သစ်ကိုင်းမဆင်မခြင်ချိုးသူတွေကိုမြင်လျှင် ကျွန်တော်က မုန်းချင်၏။

ကြုံသဖြင့် ပြောပြချင်သေးသည်။ တမြန်နှစ် သင်္ကြန်တုန်းက ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် ဆွံ့သလိုလို၊ အသလိုလိုတုံ့ဆိုင်းဆိုင်းဖြစ်နေသည့်သင်္ကြန်မိုးကြောင့် အဖူးတွေ၊ အငုံတွေ အဆုပ်အခဲဖြင့်သင်္ကြန်ထဲမှာပွင့်ပေးလိုက်မည်ဟု အားယူထားသော ပိတောက်တွေမပွင့်လိုက်ရ။ သင်္ကြန်ကျော်သွားသည့်တိုင်သင်္ကြန်မိုးကသူ့မှာ တာဝန်မရှိသလိုလိုလုပ်နေပြန်သေးသဖြင့်ကျွန်တော့်အိမ်ရှေ့မလှမ်းမကမ်းမှ ပိတောက်ပင်ပျိုလေးလည်းအဖူးအငုံတွေတနင့်တပိုးကို ရွက်ထားရဆဲဖြစ်နေ၏။

ခများမှာ မပွင့်နိုင်သေးသည့်အငုံတွေအဖူးတွေ ပြွတ်သိပ်ကျပ်ခဲကာ နေ့စေ့လစေ့ မိခင်လောင်းတစ်ဦး အနေခက်အထိုင်ခက်ဖြစ်နေသလိုပါပဲဟု မနက်လင်းတိုင်းဝတ်မပျက်တမ်း သူ့ကို ထိုင်ထိုင်ကြည့်နေမိသည့် ကျွန်တော်က သူ့နေရာသို့ တိုးဝင်ခံစားကြည့်နေမိသေး၏။

ပိတောက်ပန်းတွေ ဝေဝေလှိုင်နေအောင်ပွင့်ကြမည့်မိုးဖွဲ့ပြီးစနံနက်ခင်းတစ်ခုတွင် အလှပဆုံးဖြစ်နေမည့် ထိုပိတောက်ပင်လေးကိုလည်း စိတ်ကူးဖြင့်ပုံဖော်ကြည့်နေလိုက်မိသေးသည်။

သို့သော်. . .

ညဉ့်ဦးက မိုးဖွဲဖွဲရွာသဖြင့်သည်မနက်တော့ပိတောက်တွေပွင့်မည်အသေအချာဟုမနက်လင်း၍အိပ်ရာမှနိုးနိုးချင်းပိတောက်ပင်လေးဆီလှမ်းကြည့်မိတော့ . . .

ခများလေးမှာ ကျိုးကြေ နွမ်းနယ်လို့ . . ။ ပွင့်ကြွေတွေလည်း သူ့ခြေရင်းမှာ ဖရိုဖရဲ . . . ။

ရက်စက်လိုက်ကြတာဟုစိတ်မကောင်းဖြစ်မိရတော့သည်။ ခများလေးသူ့ပန်းလေးတွေနှင့်သူ လှနေပါစေဦးတော့လား။

အခုတော့ထွေးအိနေအောင်ပွင့်နေသည့်ရွှေရည်ဝင်းပိတောက်ကိုင်းတွေကိုဓားဖြင့် တက်ချိုင်သူကချိုင်၊ တံခြူဖြင့် ချိုးသူကချိုး ။

ကျွန်တော့်စိတ် အမြင်ထဲတွင်တော့ အနိုင်ကျင့် အရိုက်အပုတ်ခံထားရသည့် အမျိုးသမီးငယ်တစ်ဦး ဆံမြိတ်ပြေဖရိုဖရဲဖြစ်နေသလိုမျိုးပါပဲဟု မြင်နေမိတော့သည်။ သုံးလေးလကြာသည့်တိုင်အဲ့သည့်ပိတောက်ပင်လေးနာလန်ပြန်ထူမလာတော့။

လူတွေရဲ့အလိုဆန္ဒဆိုသည်ကလည်းခက်သည်။ ထိုသို့သောမဆင်မခြင် လောဘရမ္မက်များကြောင့် ကမ္ဘာဦးကရှိခဲ့သော ပဒေသာပင်ကွယ်ခဲ့ရသည်ဟုဆိုလေ၏။

အတိတ်ကာလ နှစ်ပေါင်းလေးဆယ်နီးပါးဆီသို့ပြန်ငဲ့ကြည့်မိပြန်သည်။ ထိုကာလ ငယ်စဉ်ကတည်းကပင်တောတောင်သဘာဝကိုချစ်တတ်သည့် ကျွန်တော်ကဇာတိမြို့ အရှေ့ဘက်ခုနစ်မိုင်ခန့်လောက်တွင်ရှိသည့်ပဲခူးရိုးမတောင်စွယ်ရွာများဆီသို့မကြာခဏဆိုသလို အလည်အပတ်ရောက်ဖြစ်ခဲ့သည်။ သည်အခါတုန်းကတော့ထိုတောသည် တကယ့်ကိုတောဆိုမှတော။ ဥတုသုံးပါးလုံး နေပြောက် ထိုးခဲလှသည့်တော။ အမြစ်ပါးပျဉ်းကြီးတွေကပင် ခါးစောင်းပေါင်လယ်ရှိသည့် ကညင်ပင်ကြီးတွေ၊ ဖြောက်ဆိတ်ပင်ကြီးတွေ၊ အင်ဖိုပင်ကြီးတွေ၊ ပျဉ်းကတိုးပင်ကြီးတွေ။ အဲ့သည့် အပင်ကြီးတွေပေါ်သို့ နွယ်တက်နေကြသည့်အမျိုးပေါင်းစုံနွယ်ပင်ကြီးတွေကပင် ခြေသလုံးပေါင်လုံး။

အဲ့သည် ရွက်ချင်းယှက်နေသည့် သစ်ပင်ကြီးတွေပေါ်မှာ လင်းဝက်၊ ရှူးပျံတွေ၊ မျောက်ညိုတွေ၊ ဒေါင်းမြီးကွက်ကြီးတွေ။

နေပြောက်မထိုးသည့်မြေပြင်ပေါ်တွင်တော့ ယုန်၊ ကြောင်၊ ဖြူဖွတ်၊ပုတက်၊သမင်၊ချေ၊ဆတ်၊ဝက်၊ကျားသစ်၊တောကောင်သတ္တဝါတွေကလည်းစုံလှ၏။စပါးကြီးမြွေ၊စပါးအုန်းမြွေကြီးတွေလည်းမကြာခဏ ဆိုသလို တွေ့ရတတ်သည်။ ညဘက်ဆိုလျှင်တော့လှည်းစခန်းမှ နွားကို လာလာချောင်းသည့် ကျားတစ်ကောင်ကောင်၏ ဟိန်းသံကြားရတတ်သည်။လှည်းနောက်မှာပါလာသည့်ခွေးတွေလည်းကျားသစ်အနံ့ရပြီဆို ဖင်သီကာတရွတ်ဆွဲနေကြတော့၏။

သည်အခါမျိုးဆိုလျှင်တော့ နှင်းသီးနှင်းပေါက်တွေနှင့်စိုရွဲအောင်းချမ်းလှသဖြင့် ဖိုထားရသည့်မီးဖိုထဲ ဝါးစိမ်းအဆစ်ပိတ်တွေထည့်ပြီး ဖောင်းဖောင်း မြည်အောင်ဖောက်ပြီးလှုန့်ရသည်။

မနက်မိုးလင်းပြီဆိုလျှင်မူဟိုဘက်မြိုင်၊ သည်ဘက်မြိုင်ပေါ်ရှိသစ်ကျင်းကြီးတွေဆီမှရွှေဥဒေါင်းတို့ အိုးဝေသံတွေ မြိုင်နေတတ်သည့်တော။

အဲ့သည့် တောသို့ မနှစ်ကမေလထဲတွင်ကျွန်တော်တစ်ခေါက်ရောက်တော့ အိပ်မက်လားဟုပင် ထင်ရတော့၏။ ဘာအပင်ဆိုဘာအပင်မျှမရှိတော့။ ငှက်နားစရာ အပင်ကောင်းကောင်းပင်တစ်ပင်တလေမရှိတော့။

အသစ်ပျိုးထောင်ခြင်း မရှိဘဲ စည်းကမ်းမဲ့စွာ၊ အသိတရားမဲ့စွာ သစ်ထုတ်၊ ယာခုတ်၊ မီးသွေးဖုတ်နှင့်ပင်ဟိုယခင်ကပိတ်ဆို့စိမ်းညို့နေခဲ့သောအဲ့သည့်တောသည်အခုတော့ မျက်စိတစ်ဆုံး ကြည့်လိုက်တိုင်း ဝါမွဲမွဲခြုံဖုတ်၊ မြက်ခြောက်တောတွေနှင့်သာ တောင်ခေါင်းတုံးတွေ ဖြစ်နေတော့၏။

သည်မြင်ကွင်းကိုမြင်ရသည့်အခါကိုယ်မြတ်နိုးသည့် အဖိုးတန်ရတနာတစ်ခုပျောက်ဆုံးသွားသလို ရင်ထဲဆွေးဆွေးမြေ့မြေ့ ခံစားလိုက်ရသည်။

ထိုတော၊ ထိုတောင်တို့၌ မှီခိုကျက်စားနေထိုင်ခဲ့ကြသောတောသတ္တဝါလေးတွေလည်းဘယ်ရောက်လို့ ဘယ်ပေါက်ကုန်ကြပြီမသိတော့။ သည်နေရာသည်ဒေသမှာ "စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင်နေရောင်မခံပင်ယံနန်းမြင့်ဆင်တိုင်းတင့်" ဟု သဇင်ပန်းဖွဲ့လိုမျိုးစာဖွဲ့ရလောက်သည့်တောကြီးတစ်တောရှိခဲ့ဖူးပါသည်ပြောလျှင်ခင်ဗျား ရူးနေသလားဟုပင်အပြောခံရတော့မလောက်ပြောင်းလဲသွားလိုက်ပုံက အိပ်မက်ဆန်လွန်း၏။

အမှန်မှုအဲ့ဒါသည် အိပ်မက်မဟုတ်။ နေ့ရှိသရွေ့ဆိုသလိုဆယ်ဘီး၊ ဆယ့်နှစ်ဘီးတပ်သစ်လုံးတင်ကားကြီး တွေပေါ်မှာ တုံးလုံးပက်လက်ပါလာတတ်သည့် အသက်မဲ့ကံကုန်သွားကြရှာပြီဖြစ်သောလက်ကျန် သက်တော်ရှည်အပင်ကြီးတွေက ထိုအဖြစ်အပျက်တို့သည် အိပ်မက်များမဟုတ်နိုင်ကြောင်း ထွက်ဆိုနေကြသလိုဖြစ်နေတော့၏။

ကျွန်တော်ကဖြင့် တောတွေတောင်တွေ၊ သစ်ပင်ကြီးတွေကိုချစ်တတ်သူဖြစ်၍ ကျွန်တော်တို့ မြေပေါ်မှာ သစ်ကြီးဝါးကြီးတွေ မျိုးတုံးကုန်မည်ကို စိုးရိမ်သည်။ ပြုစုပျိုးထောင် ထိန်းသိမ်းခြင်းကိုလည်းဝါသနာပါသည်။ ထို့ကြောင့်ပင် သစ်ကြီးဝါးကြီးတွေကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် အလောင်းတော်ကဿပ အမျိုးသားဉယျာဉ်ရှိရာသို့ ဘုရားလည်းဖူးရင်းဟု ကျွန်တော်လာခဲ့ခြင်းဖြစ်၏။ ကျွန်တော် အသက်နှစ်ဆယ်အရွယ်က တွေ့ခဲ့မြင်ခဲ့ဖူးသည့်သက်တော်ရှည်သစ်ပင်ကြီးများကိုလွမ်းသော အလွမ်းစိတ်၏ စေ့ဆော်မှုလည်း ပါမည်ထင်သည်။

မုံရွာမှ တမာပင်ကြီးတွေကိုထားခဲ့လျက် ခရီးဆက်ခဲ့တော့တရော်ကျင်း၊ မိုးကောင်း၊ ညောင်ကိုင်း၊ တာဝ၊ သီးကုန်းတောက်လျှောက် လမ်းဘေးဝဲယာမှာကကုန်းခေါင်ခေါင် ကန္တာရဆူးပင်ထနောင်းကျိုးကျဲနှင့် ပူလိုက်သည့်မွန်းလွဲနေကလည်း တံလျှပ်တွေအဖွေးသား၊ ဘယ်မှာလဲဟဲ့ ဘေးမဲ့တောဟုပင် စိတ်ထဲထင်မိရ၏။ အပူချိန်ပြင်းပြင်းနှင့် ခရီးပန်းမှုကြောင့် လူကလည်း နုံးနုံးချည့်ချည့်။

သို့သော် ကပိုင်ရွာကို ကျော်သည်နှင့် တောရိပ်တောင်ရိပ်အတွင်းသို့ဝင်စပြုတော့သည်။ တောရိပ်တောင်ရိပ်အစပြုလာပြီဆိုသည်နှင့်ပင် ကွင်းခေါင်ခေါင်ထဲမှဖြတ်လာခဲ့ရသူအတွက်အားဆေးတစ်ခွက်ပင် ဖြစ်လေသလားမသိ။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.8 • MAY 12, 2011

## အထွက်နည်းသည့် ကြက်သွန်နီ လှောင်လိုသူများ

**သိမ့်သိမ့်စိုး၊ ကျော်သီဟ**


**ရန်ကုန်၊ မေ - ၇**

ကုန်သည်များ ဝယ်ယူသိုလှောင်မှုများကြောင့် နယ်ဒေသများတွင် ကြက်သွန်နီသိုလှောင်ရန်အတွက် ဂိုဒေါင်နေရာရရှိရန်အတွက်ပင် အခက်အခဲရှိနေကြောင်းကြက်သွန်နီလုပ်ငန်းရှင်များက ပြောသည်။

"ပုံမှန် လှောင်ချိန်ရောက်လာတာရော၊ ကြိုက်ဈေးဖြစ်နေလို့ရော၊ ဝယ်တဲ့သူများတာရောကြောင့်ဂိုဒေါင်နေရာကျပ်သွားတဲ့သဘော၊ လှောင်တဲ့သူများလို့ ဂိုဒေါင်က နည်းနေတဲ့သဘောဖြစ်သွားတာပါ"ဟု ကြက်သွန်နီပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုကဲ့သို့ကြက်သွန်နီလှောင်လက်များနေခြင်းမှာစိုက်ပျိုးမှုနည်းပြီး၊ ရာသီဥတုကြောင့် အထွက်နည်း၍ ဈေးအတက်မှန်းကာဝယ်ယူသူများကြောင့် ဖြစ်သည်ဟု ကြက်သွန်နီ ပွဲစားများက ပြောသည်။

ထို့အပြင် တောင်ကျရေများကြောင့် ကြက်သွန်စိုက်ခင်းအချို့ ပျက်စီးခြင်းနှင့် မိုးရွာဘက်၌ ဆည်ရေဝင်၍ စိုက်ခင်းအချို့ ပျက်စီးမှုရှိသဖြင့် ဈေးအတက်မှန်း ဝယ်ကြခြင်းကြောင့်ဖြစ်သည်ဟုကုန်သည်များကပြောသည်။



ကကကက

ဓာတ်ပုံ - အောင်အောင်

ကြက်သွန်နီသိုလှောင်သူများ၍ ဂိုဒေါင်ငှားရန် အခက်အခဲရှိသော်လည်း ဂိုဒေါင်ငှားရမ်းခဈေးနှုန်းများမှာ မြင့်တက်ခြင်းမရှိသေးကြောင်း သိရသည်။

ပိဿာချိန်တစ်သိန်းဆံ့သော ဂိုဒေါင် ငှားရမ်းပါက တစ်ရာသီစာအတွက် ကျပ်ခုနစ်သိန်း၊ ကျပ်ရှစ်သိန်းဖြင့် ငှားရမ်းနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ကြက်သွန်နီ သိုလှောင်မှုများခြင်းကြောင့် နယ်ဒေသများ၌ ကြက်သွန်နီအရောဝယ်ယူသည့်ဈေးကွက်မှာ တစ်ပိဿာလျှင် ကျပ်ငါးဆယ်ဝန်းကျင်ထိ ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

သို့သော် အရွယ်အစားအမျိုးမျိုး ပြန်ရောင်းနိုင်သော ရန်ကုန်ဈေးကွက်တွင် ဈေးမတက်ဘဲ တစ်ပိဿာလျှင် ကျပ်သုံးရာမှ ကျပ်ငါးရာအထိ အစားစား ဈေးပေါက်နေကြောင်းကြက်သွန်လုပ်ငန်းရှင်များကပြောသည်။

## လွှတ်တော်ရေးရာကော်မတီ လေးရပ်၏ အစည်းအဝေး မေ ၂၃ တွင် ကျင်းပမည်

**အားမာန်**

**ရန်ကုန်၊ မေ- ၅**

လွှတ်တော်အစည်းအဝေးများကို မတ်လ ၃၀ ရက်မှစတင်၍ ရပ်နားထားရာမှရက်ပေါင်း ၅၄ ရက်အကြာ လာမည့် မေ ၂၃ ရက် တွင် လွှတ်တော်ရေးရာ ကော်မတီလေးရပ်၏အစည်းအဝေးများကိုကျင်းပသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

"ဥပဒေနဲ့ပြည်သူ့ငွေစာရင်းဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးမယ်၊ ကြားနာမယ်"ဟု လွှတ်တော်ရေးရာကော်မတီများအစည်းအဝေးတွင် ဆောင်ရွက်မည့် အစီအစဉ်အကြမ်းဖျင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

မေ ၂၃ ရက်တွင် စတင်ပြီး သုံးပတ်ကြာပြုလုပ်မည့်အဆိုပါ အစည်းအဝေးသို့ လွှတ်တော်ရေးရာကော်မတီ လေးရပ်စလုံးမှအဖွဲ့ဝင်အားလုံးတက်ရောက်ကြမည်ဖြစ်သည်။ လွှတ်တော်ရေးရာကော်မတီ တစ်ရပ်စီတွင် အဖွဲ့ဝင် ၁၅ ဦးစီ ရှိပြီး၊ လွှတ်တော်တစ်ရပ်စီတွင် ရေးရာကော်မတီဝင်၆၀ဦးရှိသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း ရေးရာကော်မတီဝင် ၁၂၀ ဦးရှိသည်။

အဆိုပါအစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးကို မေလ ၂ ရက်နှင့် ၄ ရက်များတွင် နေပြည်တော်၌ ကျင်းပခဲ့ကြောင်းလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ပြောသည်။ မေလ ၂၃ ရက်တွင် စတင်ပြုလုပ်မည့် ရေးရာကော်မတီအစည်းအဝေးများတွင် ကော်မတီဝင်များအပြင် သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်အချို့လည်းတက်ရောက်မည်ဖြစ်သည်။ ထိုအစည်းအဝေးများမှာ ရေးရာကော်မတီများဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၏ အစလည်းဖြစ်သည်။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ဇန်နဝါရီလမှ မတ်လ ၃၀ ရက်အထိ ကျင်းပခဲ့သည်။

လွှတ်တော်ရေးရာ ကော်မတီ လေးရပ်မှာ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော် အခွင့်အရေး ကော်မတီနှင့်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ ဖြစ်သည်။

## ဇန်းမော်မြို့အနီးရှိ ဒေသခံအမျိုးသမီးအချို့အား တရုတ်နိုင်ငံသားများက ဒုတိယမယားအဖြစ် လက်ထပ်မှုများလာ

**ကျော်သီဟ**

**ရန်ကုန်၊ မေ - ၄**

တရုတ်နိုင်ငံနယ်စပ်နှင့်ထိစပ်နေသော ဇန်းမော်မြို့ရှိ ရွာအချို့တွင် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း လာရောက်လုပ်ကိုင်နေကြသောတရုတ်နိုင်ငံသားများက ဒေသခံအမျိုးသမီးများကို တရားဝင် ဒုတိယမယားအဖြစ် လက်ထပ်ပေါင်းသင်းမှုများရှိနေကြောင်း စုံစမ်းသိရှိရသည်။

"တရုတ်-မူဆယ်မှာ အလုပ်ရမယ်ဆိုပြီး ပွဲစားက ရောင်းစားခံရတဲ့ အမျိုးသမီးတွေလည်းရှိတယ်။ နောက်တစ်မျိုးက ဒီဘက်ဝန်းကျင်မှာ ငှက်ပျောကို စီးပွားဖြစ်စိုက်တဲ့လုပ်ငန်းတွေ အမြောက်အမြားရှိတယ်။ အဲဒီစိုက်ခင်းတွေမှာလုပ်တဲ့ အမျိုးသမီးတွေကို ငှက်ပျောစိုက်ခင်းဦးစီးတဲ့ တရုတ်တွေက မိဘတွေဆီကငွေပေးပြီး တရားဝင်လက်ထပ်တာတွေရှိတယ်။ ဒေသခံရွာသူရွာသားလူကြီးတွေကလည်း သဘောတူကြတယ်။ အမှန်တော့ဟိုဘက်ကမ်း မှာ မယားကြီးတွေရှိကြတဲ့သူတွေပါ" ဟု ဇန်းမော်မြို့ခံတစ်ဦးက 7Day News သို့ပြောသည်။

ငှက်ပျောစိုက်ခင်းများ လာရောက်ဦးစီးလုပ်ကိုင်သောတရုတ်များမှာ ယင်းကဲ့သို့ လက်ထပ်ပေါင်းသင်းမှုကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေကြပြီး၊ ဒေသခံရွာသူများမှာ ယင်းငှက်ပျောစိုက်ခင်းလုပ်ငန်းအတွင်း ငှက်ပျောကျင်းတူးခြင်း၊ အပင်စိုက်ခြင်း၊ ငှက်ပျောခိုင်ထမ်းခြင်း၊ ငှက်ပျောပင်အောက်ခြေရှင်းခြင်း စသည်တို့ကို လုပ်ကိုင်ကြသော အောက်ခြေအဆင့် အလုပ်သမများဖြစ်ကြသည်။ အလုပ်သမားများ၏ တစ်နေ့လုပ်ခအား တရုတ်ငွေဖြင့်ရှင်းပေး၍ နေ့စဉ်လုပ်ခ မြန်မာငွေကျပ်တစ်သောင်းကျော်ရရှိသော လုပ်ငန်းကောင်းဖြစ်သည်။ သို့သော် ယင်းငှက်ပျောတောအား ဦးစီးလုပ်ကိုင်ကြသော တရုတ်များမှာ ရွာခံအလုပ်သမများကို မိဘများအားငွေပေး၍ ဒုတိယတရားဝင်မယားအဖြစ် လက်ထပ်ကြရာ ရွာခံမိဘများကလည်း အသိပညာနည်း၍ လက်ခံကြသည်ဟု သိရသည်။

ယင်းငှက်ပျောလုပ်ငန်းမှာ ပြည်ပတင်ပို့သောငှက်ပျောမျိုးများဖြစ်ပြီး၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား ချထားလုပ်ကိုင်စေသော လုပ်ငန်းဖြစ်သော်လည်းတရုတ်အများစုသာ ဦးစီးကြသည်ဟုဒေသခံတစ်ဦးက ရှင်းပြသည်။

## ကိုရီးယားကုန်စည် ပြပွဲကျင်းပမည်

**သီဟ**

**ရန်ကုန်၊ မေ -၆**

ကိုရီးယားနိုင်ငံမှထုတ်ကုန်များအား တစ်စုတစ်စည်းတည်းပေါင်းစည်းပြသမည့် ကိုရီးယားကုန်စည်ပြပွဲအား တပ်မတော်ခန်းမတွင် လာမည့်ဇွန် ၁၀ မှ ၁၃ရက်ထိကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ကိုရီးယားနိုင်ငံမှ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အစားအစာများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်သည်။

ယခုအခါ ထိုပြပွဲအတွက် ကုမ္ပဏီ ၃၀ ခန့်ဆက်သွယ်နေပြီဟု သတင်းရရှိသည်။

ယင်းကုန်စည်ပြပွဲတွင် ကိုရီးယားနိုင်ငံ၏ အဓိက အီလက်ထရွန်နစ် ပစ္စည်းကုမ္ပဏီကြီး နှစ်ခုဖြစ်သော LG နှင့် SAMSUNG ကုမ္ပဏီတို့မှလည်း ပြခန်းများ ဝင်ရောက်ပြသမည်ဖြစ်သည်။

အလားတူကုန်စည်ပြပွဲတွင် ဖျော်ဖြေမှုအနေဖြင့် ဖက်ရှင်ရှိုးပွဲလည်းပါဝင်မည်ဖြစ်သည်။

ကိုရီးယားကုန်စည်ပြပွဲသည် ပြီးခဲ့သည့် ၂၀၀၂ ခုနှစ် အောက်တိုဘာက တစ်ကြိမ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်ခုအကြာခန့်တွင်မှ ဒုတိယအကြိမ်ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

## ယာယီရပ်နားထားသော ခင်းလက်စကွန်ကရစ်လမ်းများ ပြန်ခင်းဟုဆို

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဧပြီ - ၂၈**

ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ ရန်ကုန်တိုင်းအတွင်း ခင်းကျင်းနေသော မပြီးပြတ်သေးသည့် လမ်းများကို ယခင်က ရွေးကောက်ပွဲကြောင့် ခေတ္တရပ်နားထားခဲ့ရာမှ ယခုအခါ ပြန်လည်လက်စသတ် ခင်းကျင်းနေပြီဖြစ်ကြောင်း ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်က စည်ပင်ပစ္စည်းနဲ့ ပြည်ခိုင်ဖြိုးလုပ်အားနဲ့ခင်းတဲ့လမ်းတွေက ရွေးကောက်ပွဲကြောင့် ခဏရပ်ထားခဲ့တယ်။ ခုအစိုးရသစ်ရောက်လာပြီဆိုတော့ တိုင်းဒေသကြီး၊စည်ပင်ဝန်ကြီးက လုပ်လက်စလမ်းတွေကို ဆက်ခင်းနေပါပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးသာဝင်းက ပြောသည်။



ရွေးကောက်ပွဲမပြီးခင်ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်လက်စလမ်းများမှာ ၂,၇၁၆ လမ်းရှိခဲ့ပြီး ယခုအခါ လမ်းပေါင်း ၂,၃၀၀ ပြီးစီးသွားပြီဖြစ်ကာ ကျန်ရှိနေသော လမ်းပေါင်း ၄၀၀ ကျော်ကို ယခုနှစ်အတွင်း အပြီးသတ်ဆက်လက်ခင်းကျင်းသွားမည်ဟုဆိုသည်။

"ပြည်သူအတွက် တကယ်အခက်အခဲဖြစ်ပြီး သွားလာရခက်တဲ့လမ်းတွေ၊ ပျက်စီးနေတဲ့လမ်းတွေကို စည်ပင်ကိုတင်ပြပြီးလုပ်သွားမယ်" ဟု ဦးသာဝင်းက ပြောသည်။ ပြည်ခိုင်ဖြိုးပါတီနှင့် ပူးပေါင်းခင်းကျင်းသော လမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်ပြီး ကတ္တရာခင်းသော လမ်းမကြီးများကိုမူစည်ပင်မှသာတာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

# ယုံကြည်ရာကို ပြောဆိုရဲသူ

## သမ္မတသစ်၏ စီးပွားရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာဦးမြင့်



**ငြိမ်းငြိမ်းနိုင်**

ဒေါက်တာဦးမြင့်ကို ၄င်းနှင့် သိကျွမ်းရင်းနှီးခဲ့ဖူးသူများက မိမိယုံကြည်ရာကို လွတ်လပ်စွာပြောဆိုရဲသူ၊ သတ္တိရှိသူ၊ ရိုးသားဖြောင့်မတ်သူ၊ စီးပွားရေးပညာရှင်တစ်ယောက်အဖြစ်၊ အချိန်ပြည့်မြှုပ်နှံနေသူတစ်ယောက်အဖြစ်မှတ်ချက်ပြုကြသည်။

၄င်းကို မတ်လ ၃၀ ရက်က စတင်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံအစိုးရသစ်၏သမ္မတဖြစ်သော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ စီးပွားရေးအကြံပေးအဖွဲ့ဝင်အဖြစ်ကမ်းလှမ်းခံရကာ သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ဝင်သုံးဦးတွင် တစ်ဦးဖြစ်လာခဲ့သည်။

သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ဝင် ၃ ဦးအပါအဝင် နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့ဝင်ကိုးဦးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတွင် ဧပြီလ ၁၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သမ္မတအကြံပေးအဖြစ်လက်ခံရခြင်းနှင့်ပတ်သက်ပြီး “ကျွန်တော်ထင်တာကတော့ ကျွန်တော်တို့ဟာ စာမျက်နှာတစ်ခုတည်းမှာပါ။ ဒါကြောင့် ဒီတာဝန်ကို ကျွန်တော်လက်ခံခဲ့တာပါ”ဟုမီဒီယာတစ်ခုသို့ ပြောကြားခဲ့သည်။

ထို့အပြင် သူပထမဆုံးသမ္မတကိုပေးမည့်အကြံပြုချက်မှာ နိုင်ငံ့လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲမှုကို ကိုင်တွယ်ဖြေရှင်းရေးဖြစ်သည်ဟု ပြောကြားသည်။

အသက်၇၄နှစ်ရှိပြီဖြစ်သော ဒေါက်တာဦးမြင့်က ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာပေ စီးပွားရေးဘာသာနှင့်နိုင်ငံရေးသိပ္ပံဘာသာရပ်တို့ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုရှိ ကာနဲလ်တက္ကသိုလ်သို့တက်ရောက်ကာ စီးပွားရေးပညာမဟာဘွဲ့ကိုရယူခဲ့သည်။ ထို့နောက် စီးပွားရေးဆိုင်ရာဒေါက်တာဘွဲ့ကို ကယ်လီဖိုးနီးယားတက္ကသိုလ် ဘာကလေ၌ဆက်လက်တက်ရောက်ရယူခဲ့သည်။အထူးသဖြင့် ကုလသမဂ္ဂတွင် ဝါရင့်စီးပွားရေးပညာရှင်တစ်ယောက်အဖြစ် အနှစ် နှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြင့် စီးပွားရေးပညာရှင်တစ်ယောက်အဖြစ် ဘဝကို မြှုပ်နှံရပ်တည်ကာ ရဲရဲဝံ့ဝံ့ အကြံပြုတင်ပြဆွေးနွေးနိုင်ခြင်းတို့ကြောင့် အတွေ့အကြုံပြည့်ဝသည့် ပညာရှင်တစ်ယောက်အဖြစ် ၎င်းကိုအသိအမှတ်ပြုကြသည်။

ဒေါက်တာဦးမြင့်နှင့် အမေရိကန်ပြည်ထောင်စုတွင်ပညာသင်ချိန်၌လည်း တစ်ချိန်တည်းဖြစ်ပြီး စီးပွားရေးတက္ကသိုလ်တွင်အတူတူတွေ့ဆုံခဲ့ရသည်ဆိုသည့် စီးပွားရေးပညာရှင် ပါမောက္ခဒေါ်ရီရီမြင့်က ဒေါက်တာဦးမြင့်နှင့်ပတ်သက်ပြီး သူအထင်ကြီးလေးစားရသည့်အကြောင်းကို ပြောပြသည်။

“ဆရာက သူယုံကြည်ရာကို ပြောရဲဆိုရဲတယ်။ ပြောတဲ့နေရာမှာလည်းအချက်အလက်နဲ့ခိုင်ခိုင်မာမာပြင်ဆင်ပြီးမှပြောတယ်။ ပြည်တွင်းကစီးပွားရေးအခြေအနေတွေမှာသာမဟုတ်ဘဲ နိုင်ငံတကာအတွေ့အကြုံတွေလည်း အများကြီးရှိတယ်။ ဒီနေ့အထိ စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ပဲရပ်တည်နေတယ်။ အဲဒါတွေက ဆရာနဲ့ပတ်သက်ပြီးကျွန်မအနေနဲ့အထင်ကြီး လေးစားရတာတွေပါပဲ”ဟု ဒေါ်ရီရီမြင့်က ပြောသည်။

ဒေါက်တာဦးမြင့်သည်စီးပွားရေးပညာရှင်တစ်ယောက်အနေဖြင့် သိရှိကြပြီးဖြစ်သော်လည်း သမ္မတစီးပွားရေးအကြံပေးအဖြစ် ရွေးချယ်ခံရသည့်အချိန်မှစတင်ကာ ပိုပြီးထင်ရှားလာခဲ့သည်။ ပြည်တွင်းမီဒီယာများတွင်သာမက ကမ္ဘာ့မီဒီယာများတွင်ပါ၄င်းနှင့် ပတ်သက်သည့် ရေးသားမှုများက အတွေ့အကြုံရင့် စီးပွားရေးပညာရှင်တစ် ယောက်အနေနှင့် သာမဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးသူအဖြစ် ရေးသားဖော်ပြခဲ့ကြသည်။

မီဒီယာရေးသားမှုများနောက်တွင် ဦးမြင့်က အယ်ဒီတာ့ထံပေးစာတစ်စောင်ရေးကာ သူနှင့်ဒေါ်အောင်ဆန်းစုကြည်တို့၏ ကျွမ်းဝင်မှုအနေအထားကိုရှင်းလင်းရေးသားထားသည်။ ယင်းရေးသားချက်တွင် ဒေါက်တာဦးမြင့်က “ကျွန်တော်ဟာ သူနဲ့ ရင်းရင်းနှီးနှီးစကားပြောဆိုခဲ့ဖူးပါတယ်။ ကျွန်တော်တို့ရဲ့ပြောဆိုဆွေးနွေးမှုတွေဟာ လွပ်လပ်ပွင့်လင်းမှုရှိပြီးတော့ နားလည်မှုရှိတဲ့ မိတ်ဆွေအနေအထားနဲ့ စကားပြောခဲ့ကြတာဖြစ်ပါတယ်” ဟု ရေးသားထားသည်။

တစ်ခါတစ်ရံမှာ သူတို့နှစ်ဦး စီးပွားရေးအကြောင်းများကိုပြောဆိုဆွေးနွေးကြသည်ဟု သူ့စာထဲတွင်ရေးသားထားသည့်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးရာကိစ္စများတွင်အဓိကပြောဆိုဆွေးနွေးစရာဖြစ်နေသည့် စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်သော အမြင်သဘောထားနှင့် ပတ်သက်ပြီး မေးမြန်းရာ ဒေါက်တာဦးမြင့်က “အမြင်မတူတာလို့ပဲပြောရမှာပါ။ သဘောထားကွဲလွဲတာမဟုတ်ပါဘူး”ဟု 7Day News သို့ဖြေကြားသည်။

ဒေါက်တာဦးမြင့်နှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ထင်မြင်သုံးသပ်ချက်ကို ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်အား မေးမြန်းရာ ၄င်းက “ဒေါ်စုက ပြောပါတယ်။ ဦးမြင့်နဲ့သူနဲ့က အသိမိတ်ဆွေပါ။ အလွန်ရင်းနှီးတဲ့မိတ်ဆွေမျိုးတော့ မဟုတ်ပါဘူး” ဟု ပြောသည်။

ဒေါက်တာဦးမြင့် သမ္မတအကြံပေးဖြစ်လာခဲ့ခြင်းကို ထင်မြင်သုံးသပ်မှုမျိုးစုံပေးကြပြီး အများတူညီသည့်အချက်မှာ ၄င်းအပေါ် မျှော်လင့်ချက်ထားနေကြခြင်းပင်ဖြစ်သည်။

ဒေါက်တာဦးမြင့်၏စီးပွားရေးဆိုင်ရာ ဟောပြောပွဲများကို နားထောင်လေ့ရှိသည့် ရေလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူလည်းဖြစ်သည့် ဦးဝင်းကြိုင်က “ဆရာကြီးမှာရှိတဲ့ စီးပွားရေးအတွေ့အကြုံနဲ့ပတ်သက်တဲ့အသိပညာတွေ၊ဗဟုသုတတွေကသမ္မတသစ်ထမ်းဆောင်တဲ့ အစိုးရအဖွဲ့ကို အကောင်းဆုံးအကြံဉာဏ်တွေပေးနိုင်မယ်လို့ထင်တယ်။ သူ့ရဲ့စီးပွားရေးအတွေ့အကြုံတွေအရ အကြံပေးချက်တွေကို အစိုးရသစ်ကသာ အကောင်အထည်ဖော်ဖြစ်ခဲ့မယ်ဆိုရင်တိုင်းပြည်ကတိုးတက်သွားမယ်လို့ထင်တယ်” ဟု မျှော်လင့်ချက်အပြည့်ဖြင့်ပြောဆိုသည်။

ဒေါက်တာဦးမြင့်သည်နိုင်ငံခြားတွင်ပညာသင်ကြားပြီး ကုလသမဂ္ဂတွင် သွားရောက်တာဝန်ထမ်းဆောင်မီ မြန်မာနိုင်ငံသို့ပြန်လာကာ စီးပွားရေးတက္ကသိုလ် သုတေသနဌာနတွင်ဌာနမှူးအဖြစ်လည်းကောင်း၊ ပညာရေးတက္ကသိုလ် စီးပွားရေးပညာဌာနမှူးအဖြစ်လည်းကောင်း၊ထို့နောက်နှစ်အနည်းငယ်အကြာတွင်နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးသံမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာစီးပွားရေးဘာသာရပ်များကို သူယခင်ကလည်း အထူးစိတ်ဝင်စားခဲ့သလို ခုထိလည်း အထူးပြုစိတ်ဝင်စားသည့် အဓိကဘာသာရပ်တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။

ထို့ကြောင့် သူ့ကို စီးပွားရေးပညာတွင် ဂုရုကြီးဟု တင်စားပြောဆိုသည့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဦးခင်မောင်ညို(ဘောဂဗေဒ)က “ပညာဉာဏ်လည်းအလွန်ကြီးပါတယ်။ သတ္တိလည်းရှိပါတယ်။ ရိုးသားဖြောင့်မတ်မှုလည်းရှိပါတယ်။ အားကိုးထိုက်တဲ့သူပါ”ဟု သူလေးစားရသည့် ဒေါက်တာဦးမြင့်ကို ပုံဖော်ပြောပြသည်။

ဦးခင်မောင်ညိုကပင်ဆက်လက်ပြီး နိုင်ငံတကာကရော အစိုးရကပါ လက်ခံနိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သမ္မတအကြံပေးအဖွဲ့တွင်ပါဝင်လာခြင်းအပေါ် အားရစရာအဖြစ် ပြောဆိုပြီး သမ္မတကိုဒေါက်တာဦးမြင့်အနေဖြင့်မည်သည့်အတိုင်းအတာအထိ အကြံပေးနိုင်လိမ့်မည်ကို ယခုလို သုံးသပ်ပြောပြသည်။

“အကြံပေးတာက အကြံပေးတာပဲ။ လက်ခံနိုင်တာလည်းရှိမယ်။ လက်မခံနိုင်တာလည်းရှိမယ်။ လက်ခံနိုင်တာတောင်မှ အကောင်အထည်ဖော်နိုင်တာ ရှိမယ်။ အကောင်အထည်မဖော်နိုင်တာရှိမယ်။ နောက် ရေတိုလုပ်ရမယ့်လုပ်ငန်းစဉ်တွေနဲ့ ရေရှည်လုပ်ရမယ့်လုပ်ငန်းစဉ်တွေရှိရမယ်။ လုပ်ချင်ပေမယ့်လုပ်လို့မရသေးတာတွေရှိမယ်။ ဆရာကြီးအကြံပေးတဲ့အတိုင်းအားလုံးဖြစ်မယ်၊သမ္မတက အားလုံးအကောင်အထည်ဖော်နိုင်မယ်လို့ ဆရာ့အနေနဲ့မျှော်လင့်မထားပါဘူး”ဟု သုံးသပ်သည်။

ဒေါက်တာဦးမြင့်သည် ယခုကဲ့သို့ သမ္မတအကြံပေးပုဂ္ဂိုလ်အဖြစ် ရွေးချယ်တင်မြှောက်ခံရမှုသာမဟုတ်ဘဲ စီးပွားရေးပညာရှင်တစ်ယောက်အနေဖြင့် စီးပွားရေးဆိုင်ရာစာတမ်းများရေးသားခြင်း၊ အသိညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စီးပွားရေးပညာရှင် စတိဗ်ကလစ်ကဲ့သို့ ပြင်ပမှ စီးပွားရေးပညာရှင်များ ဖိတ်ကြားဆွေးနွေးစေခြင်း၊ ပြည်တွင်းပြည်ပစီးပွားရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှုများကို အစဉ်မပြတ် လေ့လာနေခြင်းစသည်တို့ကိုကုလသမဂ္ဂမှအငြိမ်းစားယူပြီးကတည်းကပင် စဉ်ဆက်မပြတ်လုပ်ဆောင်နေသူလည်းဖြစ်ကြောင်း သိရသည်။







ကားပြပွဲတစ်ခုမှ မော်ဒယ်နှင့် ကားတို့ကိုတွေ့ရစဉ် ဓာတ်ပုံ-အောင်အောင်

# စက်မှု(၂) ကားများက ပြည်တွင်း ကားထုတ်လုပ်ရေးအပေါ် ရိုက်ခတ်နိုင်

ပြည်သိမ်း

**ရန်ကုန်၊ မေ-၅**

မြန်မာမီနီဆလွန်ကားများကို အမှတ်(၂)စက်မှုဝန်ကြီးဌာနက ကျပ် ၅၅ သိန်းဖြင့် ထုတ်လုပ်ရောင်းချနေခြင်းက ပြည်တွင်းကားထုတ်ရေးလုပ်ရေးလုပ်ငန်းများကို ရိုက်ခတ်မှုရှိလာနိုင်ကြောင်း ကားထုတ်လုပ်ရောင်းချသူများက ဆိုသည်။

ပြည်တွင်းပုဂ္ဂလိက ကားထုတ်လုပ်သူများသည် ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုနည်းပညာချင်းယှဉ်နိုင်သော်လည်း သွင်းကုန်လိုင်စင်မှ အစစက်ပစ္စည်းတင်သွင်း ထုတ်လုပ်မှုစသည့်ရင်းနှီးမြှုပ်နှံမှုများ မယှဉ်နိုင်သည့်အတွက် ရေရှည်တွင် အခက်အခဲများကြုံတွေ့လာနိုင်သည်၊ ထို့အပြင် ထုတ်လုပ်နေရသည့် ကားအမျိုးအစားကားဒီဇိုင်းများမှာလည်း ကန့်သတ်ချက်များရှိသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ ဘောင်တစ်ခု အတွင်းကသာ လုပ်ကိုင်နေရကြောင်း အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေးမှမန်နေဂျင်းဒါရိုက်တာ ဦးစိုးစိုးသန်းက ဆိုသည်။

"ပြည်သူတွေအနေနဲ့ကတော့ သက်သက်သာသာသုံးရတာပေါ့။ သူတို့က ကျယ်ကျယ်ပြန့်ပြန့်လုပ်လာရင် ကျွန်တော်တို့က လုပ်နိုင်ဖို့ မလွယ်ဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ ထုတ်လုပ်ခွင့်ရရှိထားသည် ကားများသည် လုပ်ငန်းသုံး၊ မိသားစုသုံး၊ ကားများဖြစ်သည်။ MPV (Malti Purpose Vehicle)၊ လိုက်အေ့စ်၊ ဟိုက်အေ့စ်ကဲ့သို့ကားများ၊ လိုက်ထရပ်ကဲ့သို့ကုန်တင်ကားများသာဖြစ်ပြီး ဆလွန်းကားကဲ့သို့ဇိမ်ခံကားများ ထုတ်လုပ်ခွင့်မရှိသေးကြောင်း သိရသည်။

ထို့အပြင်ပုဂ္ဂလိကမှထုတ်လုပ်နေသည့်ကားအများစုသည်တရုတ်နိုင်ငံမှ ကားဘော်ဒီနှင့် ပြည်တွင်း၌ထုတ်လုပ်ရန် ခက်ခဲသော အစိတ်အပိုင်းများကို ခွင့်ပြုချက်ဖြင့် တိုက်ရိုက်တင်သွင်း ထုတ်လုပ်ခြင်းဖြစ်သည်။ ထိုင်း- မြန်မာနယ်စပ်မှလည်း စက်မှုဇုန်ထုတ် ကားများအဖြစ် သွင်းယူရောင်းချသူများလည်းရှိသည်။

"ခုထုတ်ဈေးက ၅၅ သိန်းဆိုပေမယ့် ဈေးကွက်ထဲမှာတော့ သိန်း ၁၃၀ လောက်ရောင်းနေကြတယ်။ အရင်ရထားသူတွေက အတော်ကို မြတ်ကြတယ်" ဟုဟံသာဝတီကားပွဲစားတန်းမှကားဝယ်ရောင်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

မြန်မာမီနီ ဆလွန်းကားများသည် စက်မှု(၂) ဝန်ကြီးဌာနသို့ လျှောက်လွှာတင်၍ ဝယ်ယူခွင့်ရပါက ကျပ် ၅၅ သိန်းသာရှိသော်လည်း ဈေးကွက်၌ဝယ်လိုအားနှင့် ရောင်းလိုအားမမျှသည့်အတွက် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းကားထုတ်သူများမှ ထုတ်လုပ်ရောင်းချသည့် AMT ကားမျိုးသည် ကုမ္ပဏီက ရောင်းစဉ်က ကျပ် ၁၃,၃၂၀,၀၀၀ သာရှိသော်လည်းဈေးကွက်တွင် ကျပ်သိန်း ၁၅၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ကားသုံးသူတွေက အရင်က အဟောင်းတွေပဲ သုံးခဲ့ရတယ်။ အခု စက်ရုံထုတ် ကားသစ်တွေဆိုတော့ အရမ်းကို စိတ်ဝင်စားကြတယ်" ဟု အထက်ပါ ကားဝယ်ရောင်းကပင်ရှင်းပြသည်။

ယခုစက်မှု(၂) ထုတ် မြန်မာမီနီဆလွန်းကားများသည် တရုတ်ဈေးကွက်တွင် တစ်စီးလျှင် ကန်ဒေါ်လာ ၂,၅၀၀ မှ ၃,၀၀၀ ကြားရှိပြီး အိန္ဒိယနိုင်ငံထုတ် တာတာကားများမှာ ကန်ဒေါ်လာ ၂,၀၀၀ ဝန်းကျင်သာဈေးရှိသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၈၅၀ ကျပ် မှ ၉၀၀ ကြားတွင်သာရှိသည်။

# ခရီးသွားလုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ရန် စီစဉ်

အောင်သူရ

**ရန်ကုန်၊ မေ - ၇**

ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသူများက တူညီသောကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ရန်စီစဉ်နေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

"Restaurant Association (စားသောက်ဆိုင်အသင်း)ဆိုရင် ညှိနှိုင်းအစည်းအဝေးနှစ်ကြိမ်လုပ်ပြီးသွားပြီ။ အခြားအသင်းတွေလည်းဖွဲ့ဖို့ လုပ်နေပြီ" ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အသင်းအဖွဲ့ဖွဲ့စည်းရန် စီစဉ်နေကျသူများမှာ ဧည့်လမ်းညွှန်အသင်း၊ ပို့ဆောင်ရေးအသင်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များအသင်းတို့ဖြစ်ကြောင်းသိရသည်။

လက်ရှိ အသင်းအဖွဲ့များအဖြစ် တည်ရှိနေသော ခရီးသွားလုပ်ငန်းအောက်ရှိအသင်းများ အပါအဝင် ဖွဲ့စည်းလာမည့် အသင်းများပေါင်းကာ မြန်မာ့ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့(MTB)အဖြစ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

သက်ဆိုင်ရာက လိုင်စင်ထုတ်ပေးထားသော ဧည့်လမ်းညွှန် ၄၀၇၇ ဦး၊ ခရီးသွားလာရေး ယာဉ် ၂၁၅ စီးနှင့် ခရီးသွားကုမ္ပဏီ ၆၅၈ ခုတို့ရှိကြသည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တည်ရှိနေသော အသင်းများမှာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီတို့ဖြစ်သည်။

**ပြင်ဆင်ဖတ်ရှုပါရန်-**

7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်-၇၊ စာ(၃)မှ "ဟိုတယ်လုပ်ငန်းရှင်များကိုဘဏ်ချေးငွေရရှိရန်စီစဉ်" သတင်းမှ **၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ခရီးသည် ခြောက်သိန်းကျော်အစား ၊ ခရီးသည်ငါးသိန်းရရှိအောင်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်

**အယ်ဒီတာ**



7 DAY NEWS JOURNAL
Vol.10, No.8 ▪ MAY 12, 2011

# အင်းလေးကန်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ အားနည်းနေသေး

**အိဖြူမွန်**

**ရန်ကုန်၊ မေ - ၇**

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားအဆင့် အစည်းအဝေးကျင်းပပြီးနောက်ပိုင်း တစ်နှစ်တာကာလအတွင်းချမှတ်ထားသော အင်းလေးကန်ထိန်းသိမ်းရေးစီမံချက်များအားလုံးအကောင်အထည်ဖော်မှု အားနည်းနေသေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသူ အတွေ့အကြုံရှိ ပညာရှင်အချို့ကသုံးသပ်ကြသည်။



*မြန်မာနိုင်ငံ၏ အထင်ကရ အင်းလေးကန်တစ်နေရာ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ပူးပေါင်းဆောင်ရွက်တာ အားနည်းနေသေးတယ်။ ရေဝေရေလဲ၊ သစ်တောထိန်းသိမ်းရေးနဲ့ စိုက်ပျိုးရေး၊ ပညာပေးရေး၊ သောက်သုံးရေ ငါးဖမ်းဆီးမှုစသဖြင့် ဥပဒေလိုအပ်မှုတွေလုပ်ရဦးမယ်။ ဇုန်သုံးဇုန်ခွဲပြီးလုပ်ရမယ်။ ကျွမ်းကျင်သူတွေလိုသေးတယ်။ ငွေအင်အားလည်း နည်းနေသေးတယ်။ ရေတိုရေရှည်စီမံကိန်းတွေ နှစ်အလိုက်လိုတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အခုကပဲ စလုပ်ရင် ဆယ်နှစ်လောက်လုပ်မှရမယ်။ အဲဒီ့အတွက် အားလုံးပူးပေါင်းပါဝင်ပြီး ဒေသကောင်းအောင်လုပ်ဖို့လိုတယ်" ဟု သဘာဝပတ်ဝန်းကျင်လုပ်ငန်းများတွင် ဆယ်နှစ်ကျော် အတွေ့အကြုံရှိထိန်းသိမ်းရေးသမားတစ်ဦးကပြောသည်။

အင်းလေးကန်သည် ၂၀၁၀ အယ်လ်နီညိုရာသီဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့သည့်ဒဏ်ကို ခံစားခဲ့ပြီး စံချိန်တင် ရေခန်းခြောက်ခြင်းများလည်း ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ထိန်းသိမ်းသင့်သော အင်းလေးကန် ရေတိမ်ဒေသအတွက် အမျိုးသားအဆင့် အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့်အပြင် တောင်ကြီးမြို့တွင်ပါထပ်မံကျင်းပခဲ့သည်။

ယင်းအစည်းအဝေးအရ အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ရေးဆွဲပြီး လုပ်ငန်းအဖွဲ့လေးဖွဲ့ပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းရန်ကြိုးပမ်းခဲ့သည်။ ယင်းအဖွဲ့တွင် နိုင်ငံတကာမှ လူမှုရေးအဖွဲ့များ၊ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များပါဝင်သည်။

ယင်းအစည်းအဝေးနောက်ပိုင်းတွင် အင်းလေးကန် ထိန်းသိမ်းရေးအတွက် ဇီဝမြေဩဇာသုံးစွဲရေး ပညာပေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများကိုပြုလုပ်ခဲ့ကြောင်း၊ ယင်းအပြင် ထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိ အလှူရှင်များ လှူဒါန်းမှုကြောင့်ကျပ်သိန်း ၆၆၀ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ အင်းလေးကန် ထိန်းသိမ်းရေးအတွက် တစ်နှစ်တာကာလအတွင်းထိရောက်သောအကျိုးသက်ရောက်မှုများ လိုအပ်နေသေးသော်လည်း လမ်းစတစ်ခုအဖြစ် ပြောင်းလဲလာကြောင်း ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းကပြောသည်။

သို့သော် လိုအပ်သော သိန်းပေါင်းများစွာ ကုန်ကျမည့် ငွေကြေးအင်အားသည် လျော့နည်းနေသေးကြောင်း၊ ထို့အတွက် UNDP က အင်းလေးကန် ထိန်းသိမ်းရေးအတွက်အမေရိကန်ဒေါ်လာ နှစ်သန်း လှူဒါန်းမည့်ကိစ္စသည်လည်း အကောင်အထည်မပေါ်သေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အင်းလေးကန်ဘေးမှဲ့တောတွင် ထိန်းသိမ်းရေးဆောင်ရွက်ခဲ့သူတစ်ဦးကလည်း "အခုကတော့ အေးအေးဆေးဆေးပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ ကောက်ရိုးမီးတောက်လိုမဖြစ်စေချင်ဘူး။ ဒါပေမဲ့ အရင်အတိုင်း နီးပါးပြန်ဖြစ်သွားပြီလေ။ အဲဒါကြောင့် သွေးအေးသွားတာလား။ သွေးမအေးစေချင်ဘူး"ဟု ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ကန်အတွင်း မြင်တွေ့ရမှုအပေါ် ယင်းပုဂ္ဂိုလ်၏ထင်မြင်ချက်ကိုပြောပြသည်။

အင်းလေးကန်သည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားစရာ ခရီးသွားဒေသတစ်ခုလည်းဖြစ်ပြီး အခြေခံစားသောက်ကုန်တွင်ပါဝင်သော ခရမ်းချဉ်သီးထွက်ကုန်အများဆုံးထွက်ရှိရာဒေသလည်းဖြစ်သည်။

အင်းလေးကန်၏ ရေဝေရေလဲဒေသသည် ၂၁၆၇ စတုရန်းမိုင်ရှိပြီး လူဦးရေတိုးလာမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့် ယင်းမိုင်၏ ၅၅ ဒသမ ၈ ရာခိုင်နှုန်းသာရှိကြောင်း၊ ရေဝေရေလဲဒေသ၏ သစ်တောဖုံးလွှမ်းမှုသည် ၃၅ ရာခိုင်နှုန်းသာကျန်ရှိကြောင်း ၂၀၀၆ ခုနှစ် သုတေသနပြုချက်အရသိရသည်။ တစ်နှစ်တာပြည့်ပြီးသည့်ကာလအတွင်း သုံးသပ်ချက်များနှင့်ရှေ့လုပ်မည့်လုပ်ငန်းစဉ်များ အစည်းအဝေးကို မေ ၂ ရက်တွင် ညောင်ရွှေမြို့၌ ဝန်ကြီးအဆင့် အစည်းအဝေးကိုပြုလုပ်ခဲ့ကြောင်း ယင်းအစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

"သစ်တောရေးရာ ပြည်ထောင်စုဝန်ကြီးကတော့ ၂၀၁၀ ကလို ရေခန်းခြောက်တာမျိုးမဖြစ်ရအောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အားသွန်ခွန်စိုက်လုပ်ကြဖို့မှာသွားတယ်။ ရှမ်းပြည်နယ် ရေဝေရေလဲဒေသတွေရဲ့ တကယ်လိုအပ်တဲ့နေရာတွေမှာ သစ်ပင်စိုက်ပျိုးဖို့ ငါးနှစ်စီမံကိန်းလုပ်မယ်လို့သိရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းအစည်းအဝေးတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အင်းတိုင်းရင်းသား ဝန်ကြီးချုပ်၊ သစ်တောရေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

## *မျက်နှာဖုံး - ကုမဏီများသို့ စားအုန်းဆီ တင်သွင်းခွင့်ပြု ပို့ကုန်ရငွေတန်ဖိုးတက် မှ*

စားအုန်းဆီတင်သွင်းခွင့်ရသည့် ကုမ္ပဏီများမှ ကုမ္ပဏီတစ်ခုလျှင်တန်၃,၀၀၀တင်သွင်းရမည်ဖြစ်သည့်အတွက် ထိုပမာဏတင်သွင်းရန် ပို့ကုန်ရငွေ ဒေါ်လာ သုံးသန်းကျော် လိုကြောင်း လုပ်ငန်းရှင်များက ပြောသည်။ ထို့ကြောင့် ကုမ္ပဏီ ၁၀ ခုအတွက် ပို့ကုန်ရငွေ ဒေါ်လာ သန်းသုံးဆယ်ကျော်၊ လေးဆယ်ဝန်းကျင် ယခုရက်ပိုင်းအတွင်း လိုအပ်မှုကြောင့် ပို့ကုန်ရငွေတန်ဖိုး မြင့်တက်လာခြင်းဖြစ်ကြောင်း ၎င်းတို့ ဆက်လက်ရှင်းပြသည်။

"Earning ဈေးတွေတက်တယ်။ အဓိကကတော့ စားအုန်းဆီတင်သွင်းမယ့်ကုမ္ပဏီတွေဝယ်လိုအားကြောင့်ပဲ"ဟု ငွေကြေးလဲလှယ်သော ဝန်ဆောင်မှုလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

သို့သော် ပို့ကုန်ရငွေ တန်ဖိုးတက်မှုမှာ ယခုထက် များစွာမြင့်တက်ဖွယ်မရှိကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သူများ သုံးသပ်သည်။ အကြောင်းမှာ ယခုနှစ် မတ်လအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် ကျောက်မျက်ပြပွဲတွင် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းရသည့်ပို့ကုန်ရငွေစုစုပေါင်း ဒေါ်လာနှစ်ဘီလီယံကျော်ရှိသည့်အတွက် ပို့ကုန်ရငွေတန်ဖိုး များစွာတက်လာပါက ထိုလုပ်ငန်းရှင်များက ရောင်းချဖွယ်ရှိ၍ဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်များက ရှင်းပြသည်။

စားအုန်းဆီတင်သွင်းမှုမှာ ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် ကုမ္ပဏီ အနည်းငယ်ကသာ လုပ်ကိုင်ခွင့်ရရှိခဲ့သည်။ ထို့ကြောင့် ခုနစ်နှစ်ကျော် ကာလအတွင်း၊ အစိုးရသစ်တက်လာပြီး တစ်လအတွင်း လုပ်ငန်းရှင်အများအပြားက တင်သွင်းခွင့် ရရှိခဲ့ခြင်းဖြစ်သည်။စားအုန်းဆီတင်သွင်းလိုသော ကုမ္ပဏီ ၁၂၀ ကျော်ကို တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး၊ ထိုသို့ ခွင့်ပြုရာ၌ အင်းအားကြီး ကုမ္ပဏီများကို တစ်ခုချင်းခွင့်ပြုပေးကာ ကုမ္ပဏီငယ်များကို စုပေါင်း၍ တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

စားအုန်းဆီ တင်သွင်းခွင့်ရသည့်ကုမ္ပဏီများသည် ထူးထရေဒင်း၊ ရောဟသ်ာ၊ ရွှေသိမ်ငှက် စသောကုမ္ပဏီကြီးများပါဝင်သည်။ ကုမ္ပဏီငယ် ၄၀ စီစုပေါင်းဖွဲ့စည်းထားသောကုမ္ပဏီ ၃ ခုလည်းပါဝင်သည်။ ထို့အပြင် UMFCCI လက်အောက်ရှိGLAD အများပိုင်ကုမ္ပဏီကလည်း စားအုန်းဆီတန်၃,၂၀၀ တင်သွင်းခွင့်ရရှိခဲ့သည်။

## သပြေကန်ဆရာတော် ဘုရားကြီး ရာပြည့်အထိမ်းအမှတ် စာစောင်ထုတ်မည်

**သန်းဌေး**

**ရန်ကုန်၊ မေ- ၉**

သပြေကန်ဆရာတော်ဘုရားကြီး ရာပြည့်အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့် (၁၂၇၂-၁၃၇၂)အထိမ်းအမှတ်အဖြစ် သပြေကန်ထေရဂုဏပူဇာနှစ် ၁၀၀ စာစောင်ထုတ်ဝေပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်ဆရာတော်ဘုရားကြီး၏ဂုဏ်ကို မှန်းဆကြည်ညိုပူဇော်လိုကြသော ရဟန်းရှင်လူများသည် ဂါထာ၊ ဆောင်းပါး၊ ကဗျာ၊ သုတ၊ ရသစာများရေးသားပူဇော်ကာ ဩဂုတ်လ ၁၄ နောက်ဆုံးထား၍ ပေးပို့နိုင်သည်။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်ရှိ နှစ် ၁၀၀ စာစောင်ထုတ်ဝေရေးအဖွဲ့ ဖုန်းနံပါတ် ၀၁- ၂၉၁၀၅၉ သို့လည်းကောင်း၊ စာရေးဆရာမောင်ဝံသ (ဥက္ကဋ္ဌ)ဒေါ်ခင်းစာပေအမှတ် ၁၁၃၊ ၃၃ လမ်းဖုန်းနံပါတ် ၀၁- ၃၇၂၂၁၀ သို့လည်းကောင်း၊ ဒုဥက္ကဋ္ဌစာရေးဆရာ မောင်ရင့်ကျူး(မြောင်းမြ)အမှတ်၁၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ် ဖုန်း ၀၁- ၃၇၂၄၆၇၊ ၂၄၆၀၇၇ သို့လည်းကောင်း အချိန်မီဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

## ရန်ကုန်တွင် ကျောက်စိမ်းအရောင်းသွက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ- ၆**

ကျောက်မျက်ရတနာ အရောင်းအဝယ်ဈေးကွက်တွင် တန်ဖိုးနည်းကျောက်များထက်ကျပ်သိန်း ဆယ်ဂဏန်းဝန်းကျင်ကျောက်များလတ်တလော အရောင်းအဝယ်ပိုကောင်းနေကြောင်း ကျောက်မျက်ကုန်သည်အချို့ကပြောသည်။ "အခုနောက်ပိုင်းကျောက်စိမ်းက သောင်းဂဏန်းကျောက်တွေအရောင်းအဝယ်နည်းသွားတယ်။ ကျပ်သိန်း ၁၀ နဲ့ ၅၀ ကြားကျောက်တွေပဲအရောင်းအဝယ်သွက်နေတယ်"ဟု ဗိုလ်ချုပ်ဈေးအတွင်း၌ အရောင်းအဝယ်ပြုလုပ်နေသော ကျောက်ကုန်သည်တစ်ဦးကပြောသည်။ အရွယ်အစားသေးသော သောင်းဂဏန်းကျောက်များ အရောင်းအဝယ်ပါးခြင်းမှာ ထိုကျောက်များကိုအထည်ခတ်သည့်ငွေထည်ဈေးနှုန်းမြင့်တက်ခြင်းကြောင့်ဖြစ် သည်ဟု ကျောက်ကုန်သည်များကပြောသည်။

"ငွေဈေးတက်တော့ အထည်ခတ်တဲ့ဈေးကလည်း လက်စွပ်တစ်ကွင်းစာကို ၂,၀၀၀ ကျပ်တက်သွားတယ်။ အရင်က ၆,၀၀၀ကျပ်ကနေ ၈,၀၀၀ ကျပ်ဖြစ်တော့ အသေးလေးတွေကို ဝယ်ရောင်းလုပ်ရင် အမြတ်နည်းသွားတော့ မလုပ်ကြတော့တာကြောင့်လည်း ပါမယ်"ဟု ကျောက်ကုန်သည်တစ်ဦးကပြောသည်။

သင်္ကြန်ပြီးကာလနောက်ပိုင်းတွင် ကျောက်စိမ်းဈေးကွက် အရောင်းအဝယ်မှာ သင်္ကြန်မတိုင်မီကာလထက်ပင်ပိုကောင်းနေကြောင်း ဗိုလ်ချုပ်ဈေးရှိ ကျောက်မျက်ရတနာ အရောင်းအဝယ်ဈေးကွက်မှ သတင်းရရှိသည်။ ယခုကဲ့သို့ ကျောက်စိမ်းအရောင်းအဝယ်သွက်နေခြင်းမှာ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသော တရုတ်ကုန်သည်အချို့ဝယ်ယူမှုနှင့် ပြည်တွင်းမှ တရုတ်နိုင်ငံဘက်သို့သွားရောက်အရောင်းအဝယ်ပြုလုပ်မည့် ကျောက်ကုန်သည်များ၏ ဝယ်ယူမှုကြောင့်ဖြစ်သည်ဟု ကျောက်ကုန်သည်များကပြောသည်။

## ရန်ကုန်-ကွာလာလမ်ပူ လေကြောင်းလိုင်းများ ဈေးလျှော့လာ

**အောင်သူရ**

**ရန်ကုန်၊ မေ - ၇**

မလေးရှားသံရုံးမှပြည်ဝင်ခွင့်အား ကန့်သတ်ထုတ်ပေးမှုကြောင့် ရန်ကုန်-ကွာလာလမ်ပူ ပျံသန်းနေသော လေကြောင်းလိုင်းများသည် မေလမှစတင်ကာ ဈေးကွက်ရရှိရန်ဈေးလျှော့လာကြကြောင်း သတင်းရရှိသည်။

"ဒီလကစပြီး အမ်အေအိုင်က အရင် ၁၄၀ ဒေါ်လာကနေ ၁၁၀ ဒေါ်လာဈေးချတယ်။ အမ်အိတ်ချ်(မလေးရှားလေကြောင်း) က ၁၅၀ ဒေါ်လာကနေ ၁၁၄ ဒေါ်လာလျှော့လိုက်တယ်" ဟု လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။

"သံရုံးကတစ်နေ့ကို အလုပ်သမားနှစ်ရာကိုပဲ ဗီဇာထုတ်ပေးတာ။ လေယာဉ်က သုံးစီးထွက်တော့ ခုံ ၄၅၀ လောက်ရှိတယ်။ ဒါကြောင့် ဈေးကွက်ကျလာတာ။ ဒီလက ဗီဇာနဲ့သွားတဲ့လူလည်းနည်းလာပြီ"ဟု လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။မတ်လဆန်းမှစ၍ မလေးရှားနိုင်ငံမှ အလုပ်ခေါ်စာများပြန်ကျလာ၍ သွားချင်သူများနေသော်လည်း မလေးရှားသံရုံးက ပြည်ဝင်ခွင့်အား အကန့်အသတ်ဖြင့်ထုတ်ပေးသဖြင့်ဗီဇာရရှိရန် အေဂျင်စီများသည် သံရုံးရှေ့၌နေ့စဉ်တန်းစီမဲနှိုက်နေကြသည်။မတ်လဒုတိယပတ်မှစ၍ မလေးရှားသံရုံးကတစ်နေ့လျှင် အလုပ်သမားဗီဇာ ၂၀၀ ဦးအား တစ်ပတ်လျှင် လေးရက်ထုတ်ပေးနေပြီး ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်အားလေကြောင်းလိုင်းသုံးလိုင်းက နေ့စဉ်ပျံသန်းပေးလျက်ရှိသည်။

# သားအရက်ပြတ်တဲ့ဆု လိုချင်သည်

တင်ဘုန်းဝင်း

**7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်၆ မှ ဥက္ကာကိုကိုရေးသားသော "အသည်းအက်လူသား" ဆောင်းပါးနှင့် ဆက်စပ်၍ရေးသားထားခြင်းဖြစ်သည်။ အသည်းအက်လူသားတွင် ဆောင်းပါးရှင်က အရက်၏ဆိုးကျိုးများကို ကိုယ်တွေ့ ဖြစ်ရပ်များဖြင့် ဖော်ပြခဲ့သည်။ မင်းဘူးမြို့နေတင်ဘုန်းဝင်းကလည်း သားဖြစ်သူ၏အတွေ့အကြုံဖြင့် အရက်ကို အမိုပြာယ်ဖွင့်ဆိုခဲ့ရာ...**

အသည်းအက်လူသားဆောင်းပါးက စာရေးသူကိုဆွဲဆောင်ခေါ်သွားသည်။ အမူးသမားတွေရဲ့ သဘာဝကလည်း ထိလှ၊ မိလှ၊ ကမ်းကုန်အောင်ပီပြင်လှသည်။

ကိုယ့်မှာလည်း ဒီလိုသားမျိုးရှိသည်။ ဖတ်ရင်း ဖတ်ရင်း 'အသည်းအက်လူသား'ကို ကိုယ့်သားလိုမြင်လာသည်။ ကိုယ့်သားကလည်း ဒီအတိုင်းပဲဖြစ်သည်။ ငယ်ငယ်တုန်းကတော့ သားက အသန့်စားလေးပါ။ ၁၉၈၉-၉၀ ခုနှစ်လောက်မှာ စာရေးသူက မြို့လေးတစ်မြို့ကိုအရာရှိအဖြစ်နှင့်ပြောင်းခဲ့ရသည်။ ဒီတုန်းကသားက ဆယ်တန်းအောင်ပြီးစပေါ့။

လူငယ် လူသစ်ဆိုတော့ နယ်သစ်မှာ ထင်ပေါ်ခဲ့သည်။ အပေါင်းအသင်းတွေကလည်း အထူးမရှာရဘဲနှင့်ရလာသည်။ ကျောင်းတွေကလည်း မဖွင့်သေးတော့ အပေါင်းအသင်းတွေနှင့် သွားလိုက်လည်လိုက်လုပ်နေသည်။ အိမ်မှာ ကြာကြာကပ်သည်မရှိတော့ 'သိပ်မလည်ဖို့ အားရင် စာဖတ်နေဖို့' အမြဲသတိပေးနေခဲ့ရသည်။ကြာတော့ ပြောမရဖြစ်လာသည်။ တစ်ရက်မှာ လည်ပတ်ခဲ့ရှိသာမက အရက်ပါ မူးပြီးပြန်လာသည်။ သားနုနုငယ်ငယ်လေး အရက်မသောက်စဖူး သောက်လာတော့ မအေကြီးက ရင်ဘတ်ထုပြီး ဆိုလည်းဆို၊ ငိုလည်းငိုခဲ့သည်။ စာရေးသူကတော့ ထရိုက်ပစ်လိုက်သည်။ သားကို မချစ်လို့တော့မဟုတ်ပါ။ 'သားသမီး မကောင်းမိဘခေါင်း'ဆိုတဲ့အပြောမျိုးမခံချင်လို့ပါ။ လက်ဦးဆရာဖြစ်တဲ့ မိဘတာဝန်ကျေချင်လို့ပါ။ အရက်ကို စွဲသွားမှာစိုးရိမ်လို့ပါ။

သားနှင့် မျက်နှာချင်းဆိုမိတိုင်း၊ ထမင်းစားဝိုင်းမှာ အတူထိုင်မိတိုင်း၊ 'လည်တာလျှော့ဖို့၊ အပေါင်းအသင်းကြည့်ပေါင်းဖို့၊ အရက်ကို စမ်းမသောက်ဖို့' ဆိုတဲ့ 'မလုပ်ဖို့'ပေါင်းများစွာကို တတွတ်တွတ်ပြောရင်း သွန်သင်ဆုံးမခဲ့သည်။ဒီလိုအမြဲသွန်သင်နေသည့်ကြားက သူတို့အပေါင်းအသင်းတွေဆီရောက်သွားတော့ မိဘစကား'ရေ'ဖြစ်သွားပုံရသည်။

အချိန်ရောက်တော့ အပေါင်းအသင်းတွေနောက် တကောက်ကောက်နှင့်ပါသွားသည်။ ပြန်လာတော့မူးလာသည်။ ကြာတော့ ဖအေရော မအေပါ သားအတွက် စိတ်ဆင်းရဲရသည့် ဝေဒနာအမြစ်တွယ်လာသည်။ သားကလည်း အပေါင်းအသင်းကြောင့် အရက်သောက်တတ်လာသည်။

လူငယ်တွေ လေလွင့်ပျက်စီးတာ၊ အရက်သောက်တတ်တာတွေဟာ မိဘတွေပြောဆိုဆုံးမတာနည်းလို့ဆိုတာ ရာနှုန်းပြည့်တော့မဖြစ်နိုင်ပါ။ လူငယ်တိုင်းလည်း မပျက်စီးပါ။ ပျက်စီးရတဲ့လူငယ်တိုင်းဟာ 'ကာလ ဒေသ ပယောဂ'ကြောင့်သာများသည်ဟု ယူဆမိပါသည်။

သားအတွက် စိတ်ပူနေတုန်း တက္ကသိုလ်တွေပြန်ဖွင့်ပြီဆိုတော့ ဝမ်းသာခဲ့ရသည်။ အဆင့်မြင့်ပညာသင်ရာ တက္ကသိုလ်မှာဆိုတော့ အစစအရာရာစိတ်ချစွာဖြင့် 'ဒေး' မှာထားခဲ့သည်။

သားတို့ အပေါင်းအသင်းတွေထဲက အချို့လူငယ်တွေထူးချွန်သွားသည်။ အချို့ ထိန်းထိန်းမတ်မတ်နှင့် ဘဝကိုရပ်တည်နေကြသည်။ သူတို့လေးတွေကိုကြည့်ပြီး ဝမ်းသာကြည်နူးခဲ့ရသည်။ သားကတော့ အချိုးမပြောင်း၊ တက္ကသိုလ်ဘုံက ပညာတွေစုံခဲ့လို့လားမပြောတတ်တော့ပါ။

ဒီအချိန်မှာပဲ ခရိုင်မြို့ကြီးကို ထပ်ပြောင်းခဲ့ကြရသည်။ သားအတွက် စရိုက်တူ လူငယ်ပေါင်းဟောင်းသင်းဟောင်းတွေနှင့်ဝေးပြီ။ နယ်သစ်မှာ လူသစ်စိတ်သစ်ဖြစ်လာတော့မည်ဟုတွေးပြီး ဝမ်းသာခဲ့ရသည်။ ခရိုင်မြို့ကြီးမှာ ပိုစုံတာ ကိုယ်ကမေ့နေသည်။

အလုပ်အကိုင်မရှိသေးလို့ ဒီလိုဖြစ်နေတာလားဆိုပြီး ဌာနမှာ အလုပ်သွင်းပေးသည်။ ငြင်းနေလို့ မတည်ရင်းနှီးငွေထုတ်ပြီး ကိုယ်ပိုင်အလုပ်ကိုစီစဉ်ပေးခဲ့သည်။ အစတော့ လူကြီးတွေ စိတ်ချအောင်လုပ်ပြသည်။ နောက်တော့ သံပတ်ပေးထားတဲ့ စက်ရုပ်ဖြစ်သွားသည်။

အလုပ်ကိုလည်း ကြိုးကြိုးစားစားမလုပ်။ အလုပ်သမားတွေနှင့်လွှဲထားသည်။ အလုပ်က ငွေကိုတော့ အထုပ်လိုက်ယူပြီး သုံးသည်။ အပေါင်းအသင်းတွေနှင့် သောက်လိုက်၊ စားလိုက်၊ ကစားလိုက်နှင့်ပျော်ပိုက်နေတော့သည်။ ကြာတော့ ပိုပျက်စီးလာသလိုထင်ရသည်။

"အမူးသမား . . ကျွေးမစားဘူး" ဆိုပေမယ့် ဘာမှန်းမသိအောင် သတိလက်လွတ်ဖြစ်နေတာတော့ သေချာပြောရဲပါသည်။ ညညအချိန်လွန်မှ မူးရူးပြန်လာပြီး သောင်းကျန်းတတ်လွန်းလို့ ညရောက်တိုင်း စိတ်ဆင်းရဲခဲ့ရသည်။ မူးလာလျှင် အိမ်ထဲ မဝင်ရအောင် တံခါးကိုသော့ခတ်ထားခဲ့ဖူးသည်။ အိမ်ထဲမဝင်ရတော့ အိမ်ပြင်ကနေ မှန်ပြတင်းတွေကိုခဲနှင့်ထုခွဲသည်။ ဆင်ဆိုး မုန်ထသလို ထိန်းမရ



ဒါတွေကိုသိလို့ မိဘတွေက အချိန်မီဝင်ထိန်းသည်။ ထိန်းရပါမည်လားဆိုပြီးပို့ရှဲ့သည်။ အလုပ်ကိုရော အိမ်ကိုပါ လုံးဝမကပ်တော့။ မြို့ထဲက ချက်ခုံ၊ ဘီလီယက်ခုံ၊ အရက်ဆိုင်စုံမှာ အချိန်ကုန်လေလွင့်နေတော့သည်။ အိမ်ပြန်လာတော့ ဆူဆူပူပူလုပ်တတ်လာသည်။

အမူးသမားတိုင်းက ဒီလိုပဲလား။ သားကတော့ မူးလျှင် အတော်သွေးဆိုးနေပါပြီ။ လူမှန်းမသိအောင်မူးပြီး ပြန်လာတတ်သည်။ ဘုရား၊ တရား အသာထား မိဘနှစ်ပါးကိုပင် မိဘမထင်တော့ "ခင်ဗျားကြီး၊ ခင်ဗျားကြီး" နှင့်ပြောပြောပြီး လဲအောင်တွန်းထိုးရဲလာသည်။ တော့။ ဒီလိုနှင့် အရက်စွဲသမားဖြစ်သွားသည်။

မအေကြီးကတော့ သားအပေါ် အတော်စိတ်ကုန်နေပုံရသည်။ 'စွန့်ပစ်လိုက်ပါတော့' ဟုပင် ပြောလာသည်။ စာရေးသူကတော့ မအေကြီးလိုမပြတ်သား။ ကိုယ်မွေးထားတဲ့သား တစ်နေ့ကောင်းလာနိုးဖြင့် မျှော်ကိုးစောင့်စားနေမိသည်။ သား အရက်ပြတ်ရေး ဗေဒင်တွေပါမေးမိသည်။ "၂ ကြွင်းသမား၊ မူးယစ်ဆေးဝါးသောက်စားလျှင် အလွန်အကျွံသောက်စားပြီး စွဲသွားတတ်ကြောင်း၊ သူ့ကိုယ်သူ ပြင်မှရမည်ဖြစ်ကြောင်း" ဟောလွှတ်လို့ အားကိုးရာမဲ့စွာဖြင့် ပြန်ခဲ့ရဖူးပါသည်။

ဗေဒင်ဆရာပြောတဲ့ ဟောချက်ထဲမှာ "ကိန်းခန်းအရ လူကတော့ လူကောင်းပါ"ဟုဆိုသည်။ မှန်ပါသည်။ သားက မမူးလျှင် တကယ်လူကောင်းပါ။ ဒါကြောင့် အရက်ပြတ်စေချင်တာပါ။ မူးလာလို့ကတော့ 'အသည်းအက်လူသား'ပြောသလို အိမ်ကလူတွေကို ထော်လော်ကန့်လန့်မြင်လာသည်။ အရာရာကို မကျေနပ်တာတွေဖြစ်လာသည်။ မျိုသိပ်မှုတွေပေါက်ကွဲလာသည်။ ထိုအခါ ပင်ကိုစိတ်ရင်းလွတ်သွားပြီး လူစိတ်ပျောက်ကာ ခွေးဆိုးဆယ်ကောင်အားနှင့် ရမ်းကားပါတော့သည်။

ဒီလိုနှင့် တစ်နေ့ အရက်ပြတ်နိုးနိုးဖြင့် မျှော်ကိုးနေရသည်။ သူနှင့် သောက်ဖော်သောက်ဖက်တွေထဲက ရင်းနှီးတဲ့လူငယ်လေးတွေ အရက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေနေကြသည်။ သူတို့မိသားစုတွေလို မငိုခဲ့ရပေမယ့် စိတ်ထိခိုက်ခဲ့ရသည်။

ငါ့သားလည်း ဒီလိုဆက်သောက်နေလို့ကတော့ တစ်နေ့ ဒီလူငယ်လေးတွေလို သေတော့မှာပဲလို့ တွေးပူနေမိသေးသည်။ သူပေးခဲ့တဲ့ဒုက္ခတွေကိုပင် မမြင်နိုင်တော့၊ ကိုယ်က ဆန္ဒမပြုလိုက်ရဘဲနှင့် ရင်ထဲက မေတ္တာက အင်အားသုံးပြီး အလုံးအရင်းနှင့်အရှိန်ပြင်းစွာ ရှေ့ကထွက်လာသည်။ ဒါကြောင့် ရှေးလူကြီးသူမတွေက 'သားသမီးဆိုး အတိုးနှင့်ချစ်' ဟု ဆိုခဲ့ကြတာဖြစ်ပါလိမ့်မည်။

အရက်က ဖျက်နေတဲ့ မစွန့်ပစ်ရက်တဲ့သားကို အရက်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေသွားခဲ့ရတဲ့ သောက်ဖော်သောက်ဖက်တွေကိုမြင်ပြီး ပြုပြင်သွားနိုင်ပါစေတော့ဟုသာ ဆုတောင်းနေရပါတော့သည်။

သားနှင့်ပတ်သက်ပြီး အရက်ဆိုင်တွေကိုပါ ဒေါမနဿဖြစ်ခဲ့ရသည်။ အထိန်းအကွပ်မရှိ မီးတောက်အရက်အဆီတွေကိုမှ ရောင်းချနေကြသည်ကိုလည်း မကျေမနပ်ဖြစ်နေမိသည်။ ဒီအရက်ပြင်းတွေကြောင့် လူသားအရင်းအမြစ်တွေ ပျက်စီးပြုန်းတီးနေရသည်။

ဖြစ်ခဲလှတဲ့ လူ့ဘဝရလာခဲ့ကြသည့် အဖိုးတန်လူသားတွေ အရက်တစ်ခုကြောင့် တန်ဖိုးမဲ့စွာ ဘဝဆုံးခဲ့ကြရသည်။ မူးယစ် အန္တရာယ်ကာကွယ်ကြရာတွင် သတ်မှတ်ဒီဂရီလွန် အရက်ပြင်းတွေကိုပါ ထိန်းချုပ်သင့်လှပါသည်။ အရက်နှင့် အသက်မွေးသူတို့ကလည်း မူးနေသူကို ရေချိန်မလွန်စေရန် လူမှုရေးသဘောတရားဖြင့် တားသင့်ထိန်းသင့်လှပါသည်။

သားနှင့် တွဲသောက်နေသူ လူငယ်အချို့ ထူးထူးခြားခြား ဘာသာတရားဖြင့် အရက်ပြတ်သွားသည်ကိုကြားခဲ့ရသည်။ အသည်းအက်လူသားကတော့ အသည်းရော အဆုတ်ပါ ပျက်စီးယိုယွင်းနေပြီဖြစ်လို့ အရက်ကို ဝအောင်သောက်ပြီးခဲ့လို့ ဆက်သောက်ချင်စိတ်လည်းမရှိတော့လို့ ဖြတ်ခဲ့သည်ဟုဆိုပါသည်။

ဘယ်လိုပဲဖြတ်ဖြတ် အရက်ကို အနိုင်ပိုင်းပြီး စိတ်ဓာတ်ခိုင်မာပြတ်သားစွာဖြင့် ဖြတ်နိုင်တာ အကောင်းဆုံးပါ။ ကိုယ့်လို အစွဲများနေတဲ့ အရက်သမားတွေကို သတိသံဝေဂရလာစေရန် 'လူငယ်တိုင်း အရက်တစ်ခုကြောင့် ဘဝကိုရပ်တန့်မနေစေချင်ကြောင်း' အကြောင်းပြ ဖျောင်းဖျခဲ့သည်ကို အရက်သမားနှင့်ပတ်သက်နေသူများကိုယ်စား ကျေးဇူးတင်ရပါသည်။ သားကိုလည်း အသည်းအက်လူသားလို သတိရစေချင်လှပါပြီ။ စိတ်ဆင်းရဲရလွန်းလို့ပါ။ ဆေးနှင့်ဖြတ်လျှင်ရသည်ဟုဆိုသည်။ ဆေးနှင့်ဖြတ်ပြီးမှ တကယ်အရက်မပြတ်လို့ကတော့ အသေပိုမြန်သည်ဆိုလို့ နောက်တွန့်နေကြသည်။ သည်အချိန်မှာ တန်ခိုးရှင်နှင့်တွေ့လို့ 'သိန်းထောင်ဆုလိုချင်သလား၊ သား အရက်ပြတ်တာလိုချင်သလား'ဆိုလာလျှင် ဒုကူလနှင့်ပါရိကတို့လို 'သားရွှေအိုးထမ်းလာတာ မြင်ချင်ပါသည်'ဆိုတဲ့ ဆုမျိုးကို မတောင်းပါ။ 'သားအရက်ပြတ်တဲ့ဆု'တစ်ခုတည်းကိုသာတောင်းပါမည်။ သား အရက်ပြတ်လျှင်ပင် စာရေးသူတို့ဘဝ အစစပြီးပြည့်စုံရပါပြီ။

သည်နေ့တော့ ထူးခြားသည်။ မိဘတွေရဲ့ တောင်းဆုဆန္ဒပြင်းပြလို့ပဲလား၊ အသည်းအက်လူသားကြောင့်ပဲလား။ သားအရက်သမားကြီးအိမ်ကပ်နေသည်။ စာတွေပေတွေဖတ်လို့ အမှောင်သမ်းသည့်ညဥ့်သရမ်းလည်း အေးချမ်းသွားပါပြီ။ တန်ခိုးရှင်နှင့် မတွေ့ခင်မှာပဲ သိန်းထောင်ဆုထက်ပိုသော'ဆု'ကြီးကိုရလို့ ဖအေကြီး မအေကြီးတွေမှာ ဝမ်းသာလုံးဆို့ပြီး မျက်ရည်များပင် စို့နေပါတော့သည်။ ။

## စာ(၂၆) လွမ်းရတမ်းရ စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင် မှ

စိတ်ကကြည်လင်လန်းဆန်းသွားတော့၏။

သစ်ပင်တောအုပ်တွေဝန်းရံထားသည့်တောင်အတက်လမ်းအတိုင်း တဖြည်းဖြည်းချင်းတက်ခဲ့တော့တောင်ကဖြည်းဖြည်းမြင့်လာသလို၊ တောကလည်း တဖြည်းဖြည်း ထူထပ်လာသည်။ တောင်ကျချောင်းလေးတွေကို ဖြတ်ရတော့လည်းနွှေဦးမှာပင်စမ်းရေတွေတသွင်သွင်စီးလိုက်လို့။

စောစောလေးကမှ အသားကိုဖွဲ့စားတော့မလို ပူပြင်းလောင်မြိုက်လွန်းနေသည့် အညာနေလည်း တောတောင်အရိပ်မှာ ဒူးထောက်အညံ့ခံသွားပြီထင်၏။မွန်းလွဲသုံးနာရီကျော်ကျော်တွင် ကားလမ်းခရီးဆုံးဖြစ်သော သပိတ်ဆေးသစ်လုံးအိမ်စခန်းသို့ရောက်သွားသည့်အခါ ရာသီဥတုက လုံးဝပြောင်းသွားပြီ။ ဇက်လှန်ပြီးမော့ကြည့်ရသည့် အင်ကြင်း၊ ထောက်ကြံ့၊အင်ဖိုအပင်ကြီးတွေ၏ အရွက်စိပ်စိပ်တွေကြားမှယိုဆင်းလာသည့်နေရောင်ခြည်ရှိနေသေးသော်လည်း ဖွဖွတိုက်နေသည့် လေထဲမှာ အအေးဓာတ်က ပါလာပြီ။

သပိတ်ဆေးစခန်းမှ အလောင်းတော်ကဿပတောင်တော်သို့ ခြေကျင်တက်ရတော့ ဝဲယာတွင်ပိတ်ပိတ်ဆို့ဆို့ရှိနေသည့် သစ်တောအရိပ်ကြောင့် တောင်အတက်အဆင်းတွေကို မောရမှန်းပင်မသိတော့။ ညနေစောင်းလာသည်နှင့်အအေးဓာတ်ကပိုလာသည်။ခပ်လှမ်းလှမ်းတောင်ခါးပန်းမှာ နှင်းမြူတွေဆိုင်းလိုက်လို့။

တောင်တော်ပေါ် တွင် ညအိပ်ရတော့ အနွေးထည်၊ နှစ်ထပ်စောင်တစ်ထပ်ဖြင့် ခေါင်းမြီးခြုံကာ အအေးဒဏ်ကို ခုခံရတော့သည်။သို့တိုင်လည်းစိမ့်နေအောင် အေးသည့်အအေးက အိပ်လို့မပျော်နိုင်လောက်အောင်ပင်ရှိသဖြင့် ထထိုင်ရတော့၏။ သို့သော် ကျွန်တော်ကျေနပ်နေမိသည်။ ကျွန်တော်လက်ရှိနေထိုင်ရာ ရန်ကုန်တွင်အပူချိန်တွေ မြင့်တက်လျက်ဆောင်းပျောက်နေခဲ့သည်မှာကြာပြီဖြစ်၍ဆောင်းအရသာကိုငတ်မွတ်စွာခံစားရင်းတည်းခိုဆောင်ပြတင်းမှ အပြင်ကိုလှမ်းကြည့်မိတော့ကျနေလိုက်သည့် နှင်းတွေက ပိန်းပိတ်စိုအိလို့။

မနက်နှင့်နေ့လယ်ကဖြတ်သန်းခဲ့ရသည့် အညာနွှေဦးသည် ဘယ်သို့ပြေးလေပြီမသိ။ မှိုင်းညို့နေသည့်သစ်ကြီးဝါးကြီးတွေက ဆောင်းအစစ်ကို ပြန်လည်ယူဆောင်ပေးလိုက်ပြီထင်၏။

အရုဏ်တက်သည်နှင့် တစ်ညလုံးမအိပ်ဘဲအပြင်သို့ငေးကြည့်နေမိသည့် ကျွန်တော်က မှိုးမှိုးမတ်မတ် ထီးထီးမားမားရှိလွန်းလှသည့် သက်တော်ရှည်သစ်ပင်ကြီးတွေကိုသဲသဲကွဲကွဲမြင်လာရသည်။ စောင့်ရှောက်ထိန်းသိမ်းထားသဖြင့်သာ အသက်ရှည်ကျန်နေခဲ့ကြသည့် အပင်ကြီးတွေ. . .

စိတ်ထဲမှာတော့ လက်လွတ်စပယ်ပြုန်းတီးအောင်လုပ်ခဲ့ကြပြီးသည့် ကျွန်တော်တို့မြေပေါ်မှ သွားလေသူသက်တော်ရှည်သစ်ပင်ကြီးများကို တမ်းတမ်းတတလွမ်းလွမ်းဆွတ်ဆွတ်နှင့်ပင်။ ။

7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

တစ် နေ့သ၌ ကျွန်ုပ်သည် ရန်ကုန်မြို့တော်အတွင်း တစ်ကိုယ်တော် လှည့်လည်ရင်းဖြင့် စာအုပ်များဝယ်ယူခြင်း၊ ဒီဗီဒီအခွေများ ရှာဖွေခြင်းအမှုတို့ကို ပြုလို့နေပါ၏။ အကြောင်းမူကား ယခုနှစ်သင်္ကြန်ကာလအတွင်း ဘယ်ကိုမှထွက်လည်ခြင်းမပြုဘဲ အိမ်တွင်းအောင်းကာ ဖတ်ချင်ရာရာ စာအုပ်များကို ဖတ်မည်၊ ကြည့်ချင်ရာရာအခွေများကိုကြည့်မည်ဟု အားခဲကာ တစ်အားနွှဲမည့်အကြံနှင့် ဤသို့ အမှန်ရှာဖွေဝယ်ယူသမှုပြုနေခြင်းဖြစ်ပါ၏။

သင်္ကြန်ရက်များအစတွင်ကား စာအုပ်များဖတ်ရှုခြင်း၊ အခွေများကြည့်ရှုခြင်းအမှုတို့ကို ပြုနိုင်စွမ်းမရှိသေးဘဲဖြစ်ကာ တစ်နှစ်တာစုပြုံနေပါသော မဂ္ဂဇင်းများ၊ ဂျာနယ်များကို ဟိုသည်ခွဲခြားစာအုပ်စင်များအား ရှင်းလင်း၊ အိမ်တွင်းအိမ်ပြင် ဆေးရောင်ပြောင်းချင်သည့် နေရာများကို ဆေးရောင်ပြောင်းသုတ်ဖြင့် အလုပ်တွေရှုပ်သွားပေရာ ညဘက်ညဘက်ရောက်မှသာ မူလဦးတည်ရာ အလုပ်စာအုပ်များဖတ်ခြင်း၊ အခွေများကြည့်ခြင်းတို့ကိုပြုလုပ်ရပါပေတော့၏။




စာအုပ်များကား များများမပြီး ဝိဓူရသခင် ချစ်မောင်၊ ဦးနု၊ သိန်းဖေမြင့်၊ ဇဝန၊ ဦးဖေမောင်တင်၊ လူထုဦးလှ၊ ဒဂုန်တာရာ၊ ကိုတာ၊ ငြိမ်းအေးအိမ်၊ မောင်ကိုကို (အမရပူရ) စသဖြင့် လောက်ကိုသာ ဖတ်ရှုပြီးစီးခဲ့ပါ၏။ စာအုပ်များကို အားစိုက်ဖတ်ရှုရ၍ မျက်စိကောဦးနှောက်ပါညောင်းညာလာသည့် အခါတွင်ကား ကျွန်ုပ်သည် ဒီဗီဒီ အခွေများကို သက်သောင့်သက်သာ ကြည့်ရှုဖြစ်ပါလေ၏။ စာအုပ်ဖတ်ခြင်းကား မိမိ၏စိတ်အင်အား များကို အပြည့်အဝစိုက်ထုတ်ရ၍ အခွေကြည့်ခြင်းကား အင်အားသိပ်စိုက်စရာမလိုဘဲဖြစ်ကာ သက်သက်သာသာဖြစ်ပါပေ၏။ စာအုပ်များကား "အလေး" ဖက်သို့ သွားခဲ့ပေရာ ယခုတစ်ဖန် အဟုတ်ကျွန်ုပ်ကြည့်ရှုမည့်အခွေများမှာ "အပေါ့" ဖက်သို့ ဦးတည်ပါပေသော ဖျော်ဖြေရေးသီချင်း လိုက်ဖ်ရှိုးခွေများသာဖြစ်ပါ၏လေ။

ပထမဦးစွာကြည့်မိသည့် ကားဆံကေသာတဖွားဖွား၊ မုတ်ဆိတ်မွေးတကားကားနှင့် ရော့ခ်ကားကြီး "အီစွတ်" ၏ လိုက်ဖ်ရှိုးခွေပင်တည်း။ သူ. . စတေ့ချ်အလယ်သို့ ခုန်ပေါက်ပြေးလွှား၍ တက်လာ၏။ မိုက်ကောစတန်းကောပါ မကိုင်မြှောက်ကာ "မင်္ဂလာ. . ဘား" ဟု အာခေါင်ခြစ်ကာ နှုတ်ဆက်သမှုပြုပါပေ၏။ ပြီးသော် သူ့စတိုင်လ်အတိုင်း ဝုန်းဒိုင်းကြဲကာ ရော့ခ်ပညာများပြပါလေ၏။ သီချင်းတစ်ပုဒ်ပြီးဆုံးသွားသည့် အချိန်တွင်ကား ပရိသတ်များက "ဟေးဟေးဟားဟား" အော်ဟစ်ကြလေရာ "အီစွတ်သဏ္ဍာန်"မှာ ကျေနပ်ဟန်မပြဘဲ "လက်ခုပ်တီးပါ. . လက်ခုပ်တီးဘား"ဟု ရော့ခ်သံပြုပေရာ ပွဲကြည့်ပရိသတ်များ ခင်မျာ လက်ခုပ်တီးရပါလေတော့၏။

ဒုတိယမြှိုကျွန်ုပ်ကြည့်မိသည့် အခွေသည်ကား သင်္ကြန်သီချင်းဟောင်းများကို စုစည်းပြန်ဆိုထားသည့် အဆိုကျော် "ဂျော်ကွိုင်"၏ အခွေတည်း။ သူ့အသံချိုလွင်လွင်ကလေးနှင့် သင်္ကြန်တေးများမှာ များစွာလိုက်ဖက်လှပပေ၏။ သို့ဖြင့် သီချင်းတစ်ပုဒ် ပြီးဆုံးသွားပြီ ဖြစ်ရကား. . ပရိသတ်များထံသူခွင့်ပန်ပြန်ပါပေ၏။ "လက်ခုပ်သံလေးကြားချင်တယ်"ဟူ၍ ဆိုပြန်ရာ ပရိသတ်မှာ ခြောက်ခြောက်ကပ်ကပ်နှင့် တဖောက်ဖောက်တဖတ်ဖတ်တီးပေးကြရပြန်ပါ၏။

သင်္ကြန်ရက်များအတွင်း တတိယကြည့်ဖြစ်သည့် သီချင်းခွေကား လူငယ်ဟစ်ဟော့ပ်အဆိုကျော် "ချိုင်းချိုင်း"ဆိုသူ ကလေးပင်တည်း။ သူလေးသည်လည်း မြီးကောင်ပေါက်များ၏ အသည်းစွဲဖြစ်ပေရာ ပရိသတ်များမှာ များပြားလှပါပေ၏။ သူလေးသည်လည်း အထက်ဆိုခဲ့ပါအတိုင်း သီချင်းတစ်ပုဒ်ပြီးသည်ရှိသော် "လက်ခုပ်. . လက်ခုပ်"ဟုပရိသတ်အား သတိပေးစကားပြောကြားပါပေ၏။ ထိုပြင် တဝသူ့အား ကူညီသီဆိုပေးမည့် သူ့ငယ်သူငယ်ချင်းအဆိုတော် "အယ်အယ်"တစ်ယောက် စင်ပေါ်ရောက်လာသည်နှင့်တစ်ပြိုင်နက် ပရိသတ်ဘက်လှည့်ကာ "ကျနော့်သူငယ်ချင်းအတွက် "လက်ခုပ်"တီးပေးကြပါ"ဟု တောင်းဆိုစကားပြောကြားပေးပါ၏။

စတုတ္ထကြည့်ဖြစ်သည့်အခွေကား "ရက်ဂေး" အဆိုကျော်ကြီး "ညစ်ထောင်း" ပင်ဖြစ်ပါ၏။ သူသည်လည်းသည်ဖက်ခေတ်အထိ ခြေမကျလက်ပြင်းမတွဲသေးဘဲ အမီလိုက်နိုင်သေးကြောင်း "ဟန်မာန်" ကောင်းကောင်းများဖြင့် ဆိုပြသွားပါ၏။ သို့သော်ငြား အထက်အဆိုတော်များနည်းတူ ပရိသတ်လက်ခုပ်သံကို အလှူခံပြန်ပါလေ၏။ "ပရိသတ်ရဲ့ လက်ခုပ်သံတွေကြားချင်. လုပ်ပါ. . လုပ်ပါ" ဟု စတိုင်လ်ကောင်းကောင်းဖြင့် အပြိုင်တောင်းပြန်လေရာ ပရိသတ်ကြီးမှာ တီးပေးကြရပြန်ပါလေ၏။

ထို့ပြင် တဝပဥ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမ ကျွန်ုပ်ကြည့်ဖြစ်ခဲ့ရသည့် အခွေများတွင်လည်း ဤကဲ့သို့ပင် ပုံစံဝင်ထပ်တူထပ်မျှဖြစ်ကြပါပေ၏။ ပရိသတ်ထံမှ လက်ခုပ်သံကို သူတို့ပေါ်ပေါ်ထင်ထင်ကြီးကိုတောင်းဆိုခဲ့ကြပါ၏။ မည်သည့်အတွက်ကြောင့်များပါလဲ. . ကျွန်ုပ် မသဲကွဲပါလေ။

မိမိက မိမိအလုပ်ကို ရင်ထဲမှာတကယ့်စေတနာအမှန်အကန်ဖြင့် အကောင်းဆုံးလုပ်ပြလျှင်ပရိသတ်ထံမှ အားပေးလက်ခုပ်သံ "ညံ"နေမည်သာဖြစ်ပါ၏။ ယခုတွင်မူ လက်ခုပ်သံချူသည့် အပြုအမူတို့သည်ကား မည်သည့် သဘောထားပါလဲအဆွေ။

ဤအခွေများကို ကြည့်ပြီး သကာလ "ရွှေဘ"ကြီးကို ကျွန်ုပ် အဟုတ်ကေန်သတိရခဲ့ပြန်ပါလေ၏။ အခြေခံလူတန်းစားတို့၏ ဘက်တော်သား 'ရွှေဘကြီး' များ ပိတ်ကားပေါ် ထွက်လာပြီဆိုပရိသတ်၏ လက်ခုပ်သံများပြိုဆင်းလာပြီး သကာလ "လက်ခေါက်" များပါ "တရှီရှီ" မှုတ်လျက် အော်ဟစ်ချစ်မက်ခဲ့ကြပါပေ၏။

ပွဲကြည့် ပရိသတ်ကား ယုံကြည်ကိုးစားချစ်မိသွားပြီဆိုလျှင် တိုင်ပင်ထားသလို "လက်ခုပ်သံချိုချို"များ ပြိုင်တူကြားရလိမ့်မည်ဟု ယခုကျွန်ုပ်အဟုတ်ကို ယုံကြည်ပါ၏အဆွေ။ ။

## JOKE

### ရောင်းမည်

နယူးယောက်တိုင်းမ်သတင်းစာကြော်ငြာ. . .

'ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ ကမ္ဘာ့စွယ်စုံကျမ်းအတွဲ အပြည့်အစုံ ရောင်းရန်ရှိသည်။ အပျက်အစီးမရှိ အဟောင်းအတိုင်းဖြစ်သည်။ ဒေါ်လာ ၁၀၀၀(သို့မဟုတ်) အမြင့်ဆုံးဈေးပေးသူကို ရောင်းမည်။ မလိုအပ်တော့၍ ရောင်းခြင်းဖြစ်၊ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အိမ်ထောင်ပြုခဲ့သည်။ မိန်းမက ကျမ်းကျေပြီးသားဖြစ်၍ အားလုံးသိနေသည်။ အမြန်ကမ်းလှမ်းပါ'

### စည်းကမ်းများ

နယူးယောက်မြို့တွင် ကားမောင်းပါက လိုက်နာရမည့်စည်းကမ်းများ-

၁။ 'တစ်လမ်းမောင်း' လမ်းပေါ်တွင် ညာဘက်ကပ်မောင်းပါ။ သို့မှသာ ရှေ့ကလာသောကားများကို ရှောင်နိုင်မည်ဖြစ်သည်။

၂။ လမ်းဖြတ်ကူးသူက သူ့ကိုယ်သူ ကားရှေ့ကို ပစ်လှဲမချမချင်း လူကူး မျဉ်းကြားမှာ ဘယ်တော့မှမရပ်ပါနဲ့။

၃။ သင် ပထမဦးဆုံးတွေ့သည့် ကားရပ်နားရန်နေရာမှာ သင်နောက်ဆုံးတွေ့သည့်နေရာပင်ဖြစ်သည်။ မြန်မြန်ဆန်ဆန် ဝင်ရပ်လိုက်ပါ။

၄။ တစ်စီးလုံး ဘော်ဒီကိုင်ရတော့မည့်ကားနှင့် မလွတ်မလပ်မဖြစ်ပါစေနဲ့။ ဝေးဝေးရှောင်ပါ။

၅။ မီးနီကိုဖြတ်မောင်းမည်ဟုကြံစည်လျှင် ယာဉ်ကြောနှစ်ဖက်စလုံးကို ကြည့်ပါ။

---

နံ နက်ခြောက်နာရီထိုးသည်နှင့် ဖုန်းသံက မြည်လာသည်။ စာရေးဖော်မိတ်ဆွေက လမ်းလျှောက်သွားရအောင်ဟုခေါ်သဖြင့် ကမ္ဘာအေးစေတီလမ်းမဘက်သို့ ထွက်လာသည်။ မိတ်ဆွေများနှင့် လမ်းအတူတူ မလျှောက်ဖြစ်သည်မှာ တော်တော်ကြာနေပြီ။ မအားလပ်ကြသဖြင့် မဆုံဖြစ်ခဲ့ကြပေ။

ပါရမီလမ်းဘက်အထိ လျှောက်ရန်ရည်ရွယ်ပြီး ကမ္ဘာအေးစေတီလမ်းမတစ်လျှောက် လမ်းလျှောက်လာခဲ့ကြသည်။ နောက် ပါရမီလမ်းပိုင်းအတော်လေး လျှောက်မိသောအခါ မိတ်ဆွေက လက်ဖက်ရည်သောက်ရအောင်ဆိုသဖြင့် မဟာရန်ကုန် ကဖေးဆိုင်တွင်းသို့ နှစ်ဦးသား ဝင်လိုက်ကြသည်။ စောနေသေးသောကြောင့် လူသိပ်မစည်ကားသေးပါ။ နောက် မိနစ်အနည်းငယ်အကြာတွင် လူများ စည်ကားလာသည်။ ဆိုင်ရှေ့တွင် ပိတောက်ပင်ကြီးကလည်း သင်္ကြန်အပြီးအားတက်သရော ဝေဝေဆာဆာပွင့်နေတော့သည်။ ဆိုင်တွင်းကလက်ဖက်ရည်သောက်ရင်း ပိတောက်ပန်းရနံ့ပင်သင်းလို့နေသဖြင့် နံနက်ခင်း ရှင်းသန့်နေသည့်လေညင်းလေးနဲ့အတူ တဝကြီးရှူရှိုက်မိနေသေးသည်။

ဆိုင်ရှေ့တွင် ဖြတ်သန်းသွားနေသော လိုင်းကားများက စည်စပြုနေသည်။ အသံတွေလည်း တဖြည်းဖြည်းစုံလင်လာသည်။ ဆိုင်ရှေ့တွင် လက်ဖက်ရည်သောက်လာသူတို့၏ ဆလွန်းကားဖြူဖြူလေးတစ်စီးလည်း လာရပ်သည်ကို သတိပြုမိသည်။


မိတ်ဆွေက သူထုတ်ဝေမည့် မဂ္ဂဇင်းတစ်စောင်အတွက် စာမူငါးပုဒ်လောက်ရေးပေးထားရန် တောင်းဆိုနေသည်။ သူလည်းဂျာနယ်များတွင် ရေးဖူးနေသူ

# ခဏအတွင်း ချင်းချင်းဝါ

ဘုန်းမိုးသွန်း(မုံရွာ)

ဖြစ်သဖြင့် "ဂျာနယ်ထဲက ပုံစံမျိုးတွေရေးလည်းရပါတယ်"ဟုဆိုသည်။ မိတ်ဆွေလက်ဖက်ရည်သောက်ပြီးသွားသောအခါ ဆေးလိပ်မှာနေပြန်သည်။ "ဆေးလိပ်မသောက်ပါနဲ့၊ လက်ဖက်ရည်လောက်ဆိုတော်ပြီပေါ့" ဟု သူက ဆေးလိပ်သောက်နေကျမဟုတ်သဖြင့် တားမြစ်မိသေးသည်။ တားမရဘဲ မိတ်ဆွေကသောက်နေသည်။ ဆေးလိပ်မီးခိုးများ ရှောင်နေရင်း "ပြန်ကြစို့မြန်မြန်သောက်ပစ်လိုက်တော့" ဟုပြောပြီး ဆိုင်မှ ထွက်လာခဲ့သည်။

စာ(၃၇) သို့



**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမို၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိမ့်ဖြူလွင်၊ အိမ့်ဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျော့ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm

7Day News Hotline : 73032006

Business
7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## ဆန်ကြမ်းဈေး ထပ်မံကျဆင်း

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ-၄**

လက်လီဆန်ဝယ်လျှောင်သူ အချို့ ဝယ်ယူမှုလျော့နည်းသဖြင့်ရန်ကုန် ဈေးကွက်တွင် သင်္ကြန်နောက်ပိုင်း ဆန်ကြမ်းဈေးမှာ ထပ်မံကျဆင်း လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

လက်ရှိ အချိန်တွင် ရန်ကုန် ဈေးကွက်သို့နယ်ဒေသအစုံမှဆန် အသစ်(နွေရာသီတွင်ပေါ်သော ဆန်) များဝင်ရောက်လာပြီး ဈေး ကွက်ဝယ်လိုအားမရှိသဖြင့် ယခု ကဲ့သို့ ဈေးကျခြင်းဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံမှ ဆန်လက်ကား ကုန်သည်တစ်ဦးကရှင်းပြသည်။

"အရောင်းအဝယ်ကသင်္ကြန် ပြီးကတည်းက ခပ်အေးအေးပုံမှန် ပဲသွားနေတယ်။ ရန်ကုန်ဆန် အဝင်ကလည်းပုံမှန်ပဲ"ဟုလမ်းမ တော် မော်တင်ဈေးကွက်မှ ဆန် လက်ကားကုန်သည်တစ်ဦးက သုံးသပ်သည်။

ဆန်ဈေးကဲ့သို့ပင် စပါးဈေး မှာလည်း သင်္ကြန်နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်ကျလာပြီး မေ လဆန်း ရက်များတွင် ဆန်ကြမ်း စပါးတင်းတစ်ရာလျှင် ၃၃၀,၀၀၀ ကျပ်ထိဈေးကျလာသည်။ ယင်း ဈေးနှုန်းသည် သင်္ကြန်အပြီး ဈေး နှုန်းနှင့် နှိုင်းယှဉ်ပါက တင်းတစ် ရာလျှင် ၃၀,၀၀၀ မှ ၄၀,၀၀၀ ကျပ် ထိ ဈေးကျလာကြောင်း သိရ သည်။

စာ(၃၄)သို့



## ဒေါ်လာနှင့်ရွှေဈေး အတက်အကျကြမ်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၄**

နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျများ စွာဖြစ်ပေါ်ခဲ့၍ ပြည်တွင်းရွှေဈေးနှုန်းများမှာ လည်း နာရီပိုင်းအတွင်း ကျပ်တစ်သောင်းနီးပါး မြင့်တက်ခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"အခုရွှေဈေးတက်တာက ကမ္ဘာ့ရွှေဈေး တက်လို့ တက်လာတာမဟုတ်ဘူး။ ဒီနေ့ဒေါ် လာဈေးအတက်အကျကြမ်းနေတော့ ရွှေဈေး ကွက်ကလည်း ဈေးကစားလို့မြင့်လာတဲ့သဘော ပဲ"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အမေရိကန်ငွေလဲနှုန်းမှာ ပြီးခဲ့သည်ရက် များအတွင်းက တစ်ယူနစ်လျှင် ၈၃၀ ကျပ်ဝန်း ကျင်မှ ယနေ့မေ ၄ ရက်တွင် ၈၅၅ ကျပ်ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ငွေအရောင်းအဝယ် ပြုလုပ်နေသူများကပြောသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၀,၀၀၀ ကျပ် ဝန်းကျင်မှမေ ၄ ရက်တွင်ယခုနှစ်၏ အမြင့်ဆုံးဈေး ဖြစ်သော ၆၈၂,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့် တက်ခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြော သည်။

သို့သော် အမေရိကန်ငွေဈေးမှာလည်း ထိုနေ့ညနေ၌ တစ်ယူနစ်လျှင် ၈၄၀ ဝန်းကျင်ထိ ပြန်လည်ကျဆင်းခဲ့၍ ပြည်တွင်းရွှေဈေးမှာလည်း ၆၇၇,၀၀၀ ကျပ်ထိ ပြန်လည်ကျဆင်းခဲ့သည်။

ယခုကဲ့သို့ ရွှေဈေးနှုန်းများ မြင့်တက်ခဲ့၍ ယင်းနေ့တွင် ရွှေအပိုင်းဈေးကွက်၌ပြန်ရောင်း သူများလာခဲ့ကြောင်းပန်းဘဲတန်းမြို့နယ် ၂၉လမ်း ရှိရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြော သည်။ ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၅၃၀ ဒေါ်လာဝန်းကျင်၌ ရှိ နေပြီး နိုင်ငံခြားငွေလဲနှုန်းကြောင့် ရွှေဈေးမြင့် တက်ခြင်းဖြစ်၍ ကမ္ဘာ့ရွှေဈေးတက်ရိပ်ပြပါက ရွှေဈေးနှုန်းများဆက်လက်မြင့်တက်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ရွှေဈေးမြင့်နေတာကြောင့်လည်း ပါမယ် ထင်တယ်။ ရွှေဝယ်တဲ့ဈေးက ပြီးခဲ့တဲ့ရက်ပိုင်း နည်းနည်းတက်လာပေမယ့် သင်္ကြန်မတိုင်ခင် ဈေးကွက်ကို မမီသေးဘူး"ဟု ရွှေဆိုင်ပိုင်ရှင် တစ်ဦးက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၃၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၂ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၈၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၈ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၂ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၁၅ | ကျပ် |

၂၀၁၁ မေ ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၀၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၈၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၆၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၉၂၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၇၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၉၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၅. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၅၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၆၅၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၆၄၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၃၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၇. ၉၀၂၃ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၉၁. ၆၀၀ |
| ရေနံ | စည် | ၁၀၉. ၁၃၀ |
| ငွေ | ၁ အောင်စ | ၃၅. ၂၈၇ |
| ကြေးနီ | ပေါင် | ၃၉၇. ၅၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၃၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မေ ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ကိုယ်စားလှယ်များကို ခွဲတမ်းများ ပြန်ပေးသော်လည်း စာအုန်းဆီဈေးပြန်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၄**

စားအုန်းဆီ ကိုယ်စားလှယ်များ ကို ဆီခွဲတမ်းများ ပြန်ပေးလိုက် သော်လည်း ဆီဈေးနှုန်းပြန်လည် မြင့်တက်သွားကြောင်း ဘုရင့် နောင်စားအုန်းဆီဈေးကွက်မှ သိရသည်။

စားအုန်းဆီကိုပြင်ပကုမ္ပဏီ ၁၀ ခုအား တင်သွင်း ရောင်းချခွင့် ပြုလိုက်ပြီးနောက် တစ်ပိဿာ ၂,၉၀၀ ကျပ်အထိ တက်နေသော ဆီဈေးမှာ ၂,၅၅၀ ကျပ်ထိ ပြန် လည်ကျဆင်းခဲ့သည်။ သို့သော် ယခုဆီကိုယ်စားလှယ်များကိုပါ ဖြန့်ဖြူးပေးသည့်တိုင် ဆီဈေးနှုန်း သည် တစ်ပိဿာ ၂,၇၀၀ ကျပ်၊ ထိုမှ ယခုနောက်ဆုံး ၃,၀၀၀ ကျပ် ထိဈေးတက်လာသည်။ လက်ရှိ စားအုန်းဆီ ကိုယ်စားလှယ်များ ကို ဖြန့်ဖြူးပေးသော ဆီဘဏ် သွင်းဈေးမှာ ၂၀၀၁ ကျပ်ဖြစ်၍ ဆိပ်ကမ်းရောက်ဈေးတစ်ပိဿာ ၁,၈၅၀ ကျပ်နှင့် ယှဉ်လျှင် ၁၅၀ ကျပ်ဈေးကွာခြားနေသေးကြောင်း ဆီလုပ်ငန်းရှင်အချို့က ပြော သည်။

"ကိုယ်စားလှယ်တွေကို ထုတ်တဲ့ ဈေးသတ်မှတ်သလို အပြင်ဈေးကိုပါ ထိန်းပေးရင် အပြင်ဆီဈေးတက်တယ်ဆိုတာ ရှိမှာမဟုတ်ဘူး။ ဈေးကွက်မှာဆီ ဈေးငြိမ်ဖို့က ကိုယ်စားလှယ်ဈေး တင်မဟုတ်ဘူးအပြင်ဈေးကို လည်း ထိန်းပေးသင့်တယ်" ဟု ဆီအရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦးကပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# မြေအရောင်းအဝယ်ကောင်းလာ

ဇာဇာနီ

ရန်ကုန်၊ မေ- ၄

ရင်းနှီးမြှုပ်နှံလိုသူများက ရန်ကုန်မြို့အိမ်ခြံမြေရောင်းဝယ်ရေး ဈေးကွက်တွင်မြေအရောင်းအဝယ်များ ပို၍ပြုလုပ်လာကြကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများမှ စုံစမ်းသိရသည်။

"ဒီနှစ်မှာ ထူးခြားတာက သင်္ကြန်ကာလမှာတောင် အိမ်မြေတွေကိုစုံစမ်းတာတွေရှိတယ်။ မြေအရောင်းအဝယ်တွေ တော်တော်လေးဖြစ်လာတယ်။ ဒီအထဲမှာ ကျောက်မျက်လုပ်တဲ့ကုန်သည်တွေလည်းပါတယ်။ ဒေါ်လာဈေးကလည်းနည်းနည်းကောင်းတော့ ပို့ကုန်သမားတွေလည်း အထိုက်အလျောက်အလုပ်ဖြစ်လာတော့ အထူးသဖြင့် မြေဘက်မှာအရောင်းအဝယ်တော်တော်လေးဖြစ်လာတယ်"ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်ရေးဒါရိုက်တာ ဦးသန်းဦးက 7Day News သို့ပြောသည်။

ထို့ပြင်ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာနိုင်မည့်အနေအထားရှိနေသောကြောင့် လုပ်ငန်းများတိုးချဲ့ရန် ပြင်ဆင်ထားလိုသူများကလည်း အဝယ်ရှိလာကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။



ရန်ကုန်မြို့လယ်တစ်နေရာ ဓာတ်ပုံ - လမင်းနိုင်

"မြေကြီးကိုတော့ဝယ်ပြီးပြန်ရောင်းဖို့လုပ်တာများတယ်။ သာမန်လုပ်ငန်းရှင်တွေကတော့ ရာဂဏန်းနဲ့ထောင်ဂဏန်းလောက်ထိပဲသုံးပြီးဝယ်တယ်။ ကျောက်မျက်ကုန်သည်တွေကတော့သိန်းသောင်းဂဏန်းထိ သုံးပြီးဝယ်တယ်"ဟုယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးဇော်ဇော်က ပြော သည်။

သင်္ကြန်မတိုင်မီမှစ၍ သင်္ကြန်ပြီးကာလအထိ ရန်ကုန်မြို့တွင် အရောင်းအဝယ်ဖြစ်သွားသောနေရာများ၏ ဈေးနှုန်းများမှာ တောင်ဥက္ကလာပမြို့နယ်မေတ္တာလမ်းသွယ်၅ရပ်ကွက်တွင်ပေ ၂၀× ၆၀ မြေကို ကျပ်သိန်းနှစ်ရာ၊ ပါရမီလမ်းသွယ် ပေ ၄၀×၆၀ အိမ်အပါ မြေကွက်ကိုကျပ်သိန်း၄၀၀ကျော်၊ သံသုမာလမ်း ပေ ၄၀×၆၀ မြေအပါအဝင်အာစီနှစ်ထပ်ကို ကျပ်သိန်းနှစ်ထောင်၊ သုဝဏ္ဏ ပေ ၆၀×၈၀ မြေကြီး ကျပ်သိန်းတစ်ထောင်၊ မရမ်းကုန်းအတွင်းပိုင်းနှင့် ဒဂုံမြို့နယ် မြေတစ်ဧကကို ကျပ်သိန်းငါးသောင်း၊ ဘုရင့်နောင် ပေ ၄၀×၆၀ အာစီသုံးထပ် ကျပ်သိန်းငါးထောင်ကျော်ရှိခဲ့သည်။

# ပဲဈေးကျဆင်းနေသော်လည်း အရောင်းအဝယ်အေး

သိမ့်သိမ့်စိုး၊ ပြည့်သိမ်း

ရန်ကုန်၊ မေ-၄

ပဲဈေးနှုန်းများ ကျဆင်းနေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ် နည်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသူ ပဲကုန်သည်များက ပြောသည်။

"အရင်က ပဲဈေးကျရင် အဝယ်လိုက်တယ်။ အခုက ဈေးကျတာတောင် အဝယ်မရှိဘူး။ အဓိကကတော့ ကုန်သည်တွေလက်ထဲမှာလည်း ငွေကျပ်နေလို့ အရောင်းအဝယ်အေးနေတာ"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

မေ ၄ ရက်တွင် ပို့ကုန်ရငွေ တန်ဖိုးနှင့် အမေရိကန်ငွေတန်ဖိုးမြင့်တက်သည့်တိုင် ပဲဈေးနှုန်းများမှာ အေးနေခဲ့ကြောင်း ပဲကုန်သည်များက ပြောသည်။

"မနေ့က ပို့ကုန်ရငွေတန်ဖိုးဈေးရော၊ အစိမ်းဈေးရော တက်လို့ပဲဈေးက နည်းနည်းတက်ရိပ်ပြတယ်။ ဒါပေမဲ့ ခဏပဲ ပြန်ကျသွားတယ်။ အဝယ်မရှိဘူး။ ငွေကျပ်နေတယ်ပြောလို့ငွေစောင့်ပေးမယ်ဆိုတာတောင် အဝယ်မရှိဘူး"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိပဲဈေးကွက်ရှိပဲဈေးနှုန်းများမှာ မတ်ပဲ Raw အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၆၀,၉၀၀ ကျပ်၊RC တစ်တန်လျှင် ၆၃၀,၀၀၀ ကျပ်နှင့် SQRC တစ်တန် ၇၅၂,၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေသည်။

ထိုအတူ ပဲစင်းငုံမှာလည်း တစ်တန်လျှင် ၅၅၀,၀၀၀ ကျပ်နှင့် ခရမ်းရွှေဝါပဲတီစိမ်းမှာ ၈၃၁,၀၀၀ ကျပ်ဈေးရှိသည်။

"ပဲက ဈေးအေးပေမယ့် မိုးမိပဲကို စိုးရိမ်နေကြတာ၊ ဒီပဲတွေရှိနေသေးရင် ပဲကောင်းတွေပါ ဈေးပေးတာ နည်းမှာစိုးလို့ မဝယ်တဲ့ သူတွေလည်းရှိတယ်" ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ယခုကဲ့သို့ ကုန်သည်များအကြား ပဲအရောင်းအဝယ်အေးခြင်း၊ ဈေးအေးခြင်းများကြောင့် တောင်သူများကို ဝယ်ယူသည့် ဈေးများမှာ ဆက်လက်ကျဆင်းနေကြောင်း ပဲစိုက်တောင်သူများက ပြောသည်။ "ဒီနှစ်မှာမိုးမိလို့ပဲတွေပျက်တာကြောင့် တောင်သူတွေ အရင်းမရအောင်ကို ရှုံးကြတယ်" ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်ပဲတီစိမ်းနှင့် မတ်ပဲ ပေါ်သည့် မတ်လလယ်ပိုင်းက မြန်မာတစ်နိုင်ငံလုံးတွင် မိုးရွာသွန်းခဲ့သဖြင့် ပဲများပျက်စီးမှုအချို့ရှိသည်။ မိုးမိသည့် ပဲများကို တောင်သူများက ဈေးချရောင်းကြရာမှ အရည်အသွေးကောင်းသည့် ပဲများပါ ဈေးနှုန်းထိုးကျလာခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ရှင်းပြသည်။

## စာ(၃၃) - ဆန်ကြမ်းဈေး ထပ်မံကျဆင်း မှ

"လောလောဆယ် စပါးဈေးက နွေဆန်အထွက်စုံတော့ ကျလာတယ်။ ဒါပေမဲ့ မေလကုန်လောက်ဆိုရင် ပြန်တက်မယ်လို့ မှန်းထားတယ်"ဟု ရေတာတိုင်းဘိုကလေးမြို့မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိအချိန်တွင် ဆန်ချောစပါးမှာ ဈေးအနည်းငယ် တည်ငြိမ်နေပြီး တင်းတစ်ရာလျှင်အမျိုးအစားပေါ်မူတည်၍ ကျပ် ၇၀၀,၀၀၀ မှ ကျပ် ၆,၀၀၀,၀၀၀ ကြားဈေးရှိသည်။


ရန်ကုန်ဈေးကွက်၌ နွေဆန်ကြမ်းတစ်အိတ်လျှင် ၁၄,၅၀၀ မှ ၁၅,၀၀၀ ကျပ်ကြားရှိပြီး၊ မိုးဆန်ကြမ်း ၁၅,၇၀၀ ကျပ်ဝန်းကျင်ရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

7DAY BOOK REVIEW

# တစ်ရွက်ကြွေ နှစ်ရွက်ဝေ




ဆောင်းပါးကောင်းများအား မကြာခဏ စာအုပ်အဖြစ် စုစည်းထုတ်ဝေတတ်သော ခေတ်ပြတိုက်စာပေမှထပ်မံထုတ်ဝေလိုက်သည့်ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ ၂၀၀၉နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာသစ်၊ နွယ်နီ၊ ပိတောက်ပွင့်သစ်၊ စံပယ်ဖြူ၊ ရနံ့သစ်၊ အတွေးအမြင်၊ စတိုင်သစ်၊ပန်းအလင်္ကာ၊လှိုင်းသစ်၊မဟေသီ၊ရွှေအမြုတေ၊ ဖူးငုံနှင့် အောင်ပင်လယ်မဂ္ဂဇင်းတို့မှ နှစ်သက်ရာရာဆောင်းပါးအထွေထွေကို ရွေးချယ်စုစည်းထားသည့်စာအုပ်ဖြစ်သည်။

စုစုပေါင်း ဆောင်းပါး ၂၄ ပုဒ်ပါဝင်ပြီး ပင်ကိုယ်ရေးနှင့် ဘာသာပြန်ဆောင်းပါးများ ဖြစ်ကြသည်။ ဆောင်းပါးအများစုတွင် လူများအတွက် အသိအမြင်ဖွင့်ပေးသော အတွေးအခေါ်များပါရှိပြီး သမိုင်းတန်ဖိုးရှိသော အချက်အလက်များလည်း ပါဝင်သည်ကို ဖတ်ရှုရသည်။ ကျော်စောမင်း၏ 'ပြည်အရေးပေမို့ နီသွေးတကယ်ရဲစေကွဲ့' ဆောင်းပါးတွင် လူငယ်မျိုးဆက်တို့ အရေးကြီးကြောင်း ဖော်ပြထားပြီး တရားမျှတမှုနှင့် မှန်ကန်မှု၊ ဘက်လိုက်မှုနှင့် မတရားမှုများကို နှိုင်းယှဉ်ရေးသားထားသည်။ သတ္တိဆိုသည်မှာ မည်သို့သောအရာဖြစ်သည်ကို ဒေါင်းနွယ်ဆွေ၏ ဝတ္ထုတစ်ပုဒ်မှဖြစ်ရပ်နှင့် သာဓကပြထားသည်။ စိုးမြင့်လတ်၏ 'နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်' ဆောင်းပါးတွင် မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ပုံနှိပ်ထုတ်ဝေရေးသမိုင်းတွင် တစ်ချိန်က အရေးပါအရာရောက်ခဲ့သော နဂါးနီဦးထွန်းအေးနှင့် တွေ့ဆုံမှုကို ဖော်ပြထားပြီး နဂါးနီသီချင်းကို မည်သို့ရေးစပ်ခဲ့ပုံနှင့် ပရိသတ်နှင့် မိတ်ဆက်ခဲ့ပုံတို့ကို အသေးစိတ်ရေးသားထားရာ သမိုင်းဆိုင်ရာ အချက်အလက်ကောင်းတစ်ခုအဖြစ် ဖတ်ရှုရပါမည်။ အောင်မြိုင်၏ 'ကွန်ဗတ်ချင်းတော့ မတူပါ' ဆောင်းပါးတွင် Convert ဆိုသော ယုံကြည်ရာဘာသာတရား၊ အယူအဆတစ်ခုမှ အခြားတစ်ခုသို့ကူးပြောင်းခဲ့သူတို့အကြောင်း တစေ့တစောင်းဖတ်ရှုရမည်ဖြစ်ပြီး ဗြိတိသျှနန်းရင်းဝန်ချာချီ၊ ဆိုဗီယက်ပြည်ထောင်စုကြီးကိုပြောင်းလဲစေခဲ့သူ မီခေးလ်ဂိုဘာချော့ဗ်နှင့် ယဲ့လ်ဆင်၊ မြန်မာပြည်တွင် စာရေးဆရာဆန်းလွင်၊ တေးရေးကိုရဲလွင်တို့၏ ကွန်ဗတ်(ဘာသာတရားနှင့်အယူအဆ) ပြောင်းလဲခဲ့ပုံတို့ကိုချဲ့ထွင်စဉ်းစားရေးသားထားသည်။ မင်းချမ်းမွန်၏ 'မကျိုးမကြေသောမိုးရေကဲ့သို့လည်းကောင်း' တွင် ခေတ်ပညာရေးနှင့်ပတ်သက်သည့် စာရေးသူ၏ အတွေးအမြင်ကို အက်ဆေးပုံစံ ပြေပြေကလေး ရေးထားပြီး ပညာရေးနှင့် ပတ်သက်၍လည်း သူတွေးမိသလိုမေးခွန်းလေးများ ထုတ်ထားပါသည်။

စာအုပ်တွင် ပါရှိသော ဆောင်းပါးများအနက် အထူးနှစ်သက်မိသည်မှာ ဇော်ထွေးမြင့်၏ 'အုတ်နံရံမဲ့ထောင်'ဖြစ်သည်။ မြန်မာနိုင်ငံဖွား တရုတ်လူမျိုးမိသားစုတစ်စု၏ စိတ်ဝင်စားဖွယ် ဘဝအခြေအနေကို ဖတ်ရှုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြီးပြင်းခဲ့သော ကိုစိန်ကြည်ဆိုသည့် တရုတ်အမျိုးသားသည် ၁၉၆၇ တရုတ်-ဗမာအရေးအခင်းဖြစ်ပွားသည့်အခါ တရုတ်နိုင်ငံသားအဖြစ် ပြန်လည်ခံယူပြီး တရုတ်ပြည်သို့ပြန်သွားခဲ့ကြောင်း၊ တရုတ်ပြည်ရောက်သောအခါ တရုတ်ပြည်၏ မူဝါဒအရ ဘုံကျေးရွာ၌ နေထိုင်ရကြောင်း၊ ယင်းသို့ နေထိုင်စဉ်အတွင်း လစဉ် ရာရှင်လက်မှတ်ဖြင့် စားသောက်နေထိုင်ရပြီး တစ်နေကုန်အလုပ်လုပ်ကိုင်ပေးရကြောင်း၊ တစ်နေ့တွင် လည်ပင်း၌ ဖောက်ပြန်ရေးသမား နယ်ချဲ့သူလျှိုဆိုပြီး စာတန်းချိတ်ဆွဲကာစွဲချက်တင်ခံရကြောင်း၊ နောက်ဆုံး မနေနိုင်၍ မြန်မာပြည်သို့ တရားမဝင် ပြန်လည်ဝင်ရောက်ရာမှ နယ်စပ်တွင် မိသားစုအလိုက် အဖမ်းခံရပြီး မြန်မာပြည်ရှိ နာရသိန်ထဲ ကျရောက်နေစဉ် ယင်းအဖြစ်အပျက်များကို စာရေးသူအား ပြန်လည်ပြောပြခြင်းဖြင့် ဆောင်းပါးကို ရေးသားဖြစ်ခဲ့ကြောင်း ဖတ်ရှုရမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ၁၉၅၃-၅၄ ခုနှစ်တစ်ဝိုက်က ဆိုရှယ်လစ်စနစ်အရ အကျဉ်းထောင်များ မထား၊ အုတ်နံရံမဲ့ အကျဉ်းစခန်းတွေသာ ထားရှိသည်ဟူသော မူဝါဒအရ ထိုစဉ်က တရုတ်နိုင်ငံ၏ ဘုံစနစ်ကို သိရှိနိုင်မည်ဖြစ်ပြီး ထိုဘုံစနစ်မှ လွတ်မြောက်အောင် ထွက်ပြေးခဲ့သော တရုတ်မိသားစုသည် မြန်မာနိုင်ငံ၌လည်း ထောင်နန်းစံရသည့်အကြောင်း ထူးထူးခြားခြားသိမှတ်ရမည်ဖြစ်ပါသည်။ စာအုပ်ကို တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဧဝရက်တောင်ထိပ်ပိုင်းတောင် နှစ်မြုပ်နိုင်တဲ့နေရာ

တောင်များ(Mountains)နှင့်တောင်ကြား၊ ချိုင့်ဝှမ်းများ(Valleys)တို့သည် နီးကပ်စွာတည်ရှိပြီးဆက်စပ်မှုရှိကြောင်း သိရှိကြပေမည်။ အကြောင်းရင်းမှာ တောင်များတအိအိလှုပ်ရာမှ လှိုင်းပမာမို့မောက်နိမ့်ဝှမ်းကာ တောင်ကြား၊ ချိုင့်ဝှမ်းများဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့အတူရေအောက်ချိုင့်ဝှမ်းများ ဖြစ်ပေါ်လာရန်လည်း ရေအောက်ရှိတောင်စဉ်တောင်တန်းများက ဖန်တီးလုပ်ဆောင်ထားခြင်းဖြစ်သည်။ ဥပမာတစ်ခုဖြင့်ပြရမည်ဆိုလျှင် မာရီယန်နာချိုင့်ဝှမ်း(Mariana Trench)သည် ကမ္ဘာပေါ်တွင်အနက်ရှိုင်းဆုံးနေရာဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်ပိုင်းအထိပင် နှစ်မြုပ်နိုင်စွမ်းရှိသည်။ ယင်းမှာသမုဒ္ဒရာအတွင်းရှိ အလွန်နက်သောချိုင့်ဝှမ်းကြီးတစ်ခုဖြစ်သည်။

—Source: Wisdom Monthly Digest

## တစ်ပတ်တာကံကြမ္မာ

မေ ၁၁ ရက် မှ ၁၇ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အတိုက်အခံများ၊ အခက်အခဲများနှင့်ထိပ်တိုက်တွေ့ရမည်။ မှန်းသည်ကတစ်မျိုး လက်တွေ့ကတစ်မျိုးဖြစ်မည်။ မူလလမ်းကြောင်းမှသွေဖည်မည်။ တစ်ပါးသူအတွက် လိုက်လံကူညီရင်း မိမိအတွက် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ငွေပေးငွေယူသတိရှိပါ။ အမှားအယွင်းများရှိမည်။ အပျက်အစီး၊ အပျောက်အရှများမည်။ ယာဉ်မောင်းနှင်မှုများတွင် သတိရှိရမည်။ ငွေကြေးလက်လွယ်၍ လက်လွန်မည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ချမ်းမြေ့စရာများရှိမည်။ အညှိအဆိုးများကင်းစင်မည်။ အပြိုင်အဆိုင်များအားကျော်လွှားနိုင်မည်။ အလှူအတန်းကိစ္စများပါဝင်ပတ်သက်ရမည်။ မင်္ဂလာပွဲများသို့ သွားရောက်ရင်း ထူးခြားသောလာဘ်ပွင့်၊ ကံပွင့်ခြင်းများရှိမည်။ ပျို့ရွယ်သူများ မေတ္တာရေးကံကောင်းမည်။ အိမ်ထောင်ရေး ဆုံးဖြတ်ချက်များ အခိုင်အမာချမှတ်ရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အိမ်တွင်းရေးအညှိရှိသည်။ လူမှုရေးတွင် အတိုက်အခံများကြုံမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် အခက်အခဲများနှင့်ရင်ဆိုင်ရခြင်းရှိမည်။ ရန်မလိုသူများ အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့ကြုံရမည်။ စာရွက်စာတမ်းများ လက်မှတ်ရေးထိုးခြင်း၊ ငွေကြေးလက်လွှဲလက်ပြောင်းသတိရှိပါ။ အလောတကြီးဆောင်ရွက်မှုကြောင့် နစ်နာဆုံးရှုံးတတ်သည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကြန့်ကြာခက်ခဲ၍ စိတ်အနှောင့်အယှက်ဖြစ်နေသောကိစ္စမှန်သမျှ ပြေလည်သွားမည်။ စိတ်ချမ်းမြေ့ရမည်။ ဆိုင်းငံ့ရပ်တန့်ထားသည်များအား ပြန်လည်လုပ်ကိုင်ရမည်။ ရှေ့ဆက်၍ မလုပ်တော့ဟု ပြီးပြီးပြတ်ပြတ်စဉ်းစားဆုံးဖြတ်ပြီးကာမှ ထိုကိစ္စများအား ပြန်လည်လုပ်ကိုင်ရမည်။ သဘာဝဒဏ်ကြောင့်ဖြစ်သော အပျက်အစီးအပျောက်အရှများအတွက် ငွေကုန်များမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အကြံအစည်သစ်၊ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်ရန် အခါကောင်းကျရောက်သည်။ ဖြစ်ပေါ်လာသောအကြောင်းအရာများကိုအခြေခံ၍ ကောင်းသောအကျိုးဆက်များရရှိမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ နေရာအပြောင်းအလဲကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အလုပ်သစ်၊ စီးပွားသစ်များ ဆောင်ရွက်အောင်မြင်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ အချိန်တိုကာလအတွင်း သတ်မှတ်ထားသောကိစ္စများ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စဆောင်ရွက်သမျှအဆင်ပြေမည်။ လူယုံမထားရ။ သူတစ်ပါးအား ယုံကြည်လွှဲအပ်ပြီးလုပ်သောကိစ္စများ တလွဲတချော်ဖြစ်မည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ စေတနာ ဝေဒနာဖြစ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာအဆင်ပြေမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ လူမျိုးခြားအကျိုးပေးမည်။ ပြည်ပခရီးကံကောင်းမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် ပါဝင်ပတ်သက်ရမည်။ စီးပွားလုပ်ငန်းရေးရာများတွင် အောင်မြင်မှုအပြည့်အဝရရှိမည်။ လုပ်ငန်းမရှိသူများ လုပ်ငန်းရမည်။ ပညာရှာသူများ အဆင့်မြင့်အောင်မြင်မှုများ အပြည့်အဝရရှိမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်အနှောင့်အယှက်များကြုံမည်။ ရန်အတိုက်အခံများကြုံရမည်။ အနီးကပ်လူယုံဒုက္ခပေးမည်။ ရုတ်တရက် ဆုံးဖြတ်ပြီး ဆောင်ရွက်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ စိတ်မြန်လက်မြန်လုပ်တတ်သောကိစ္စများ တလွဲတချော်ဖြစ်မည်။ အကောင်းအဆိုးရောထွေးမည်။ အရာရာ စနစ်တကျသိုသိုသိပ်သိပ်ဆောင်ရွက်က အခက်အခဲများအား ကျော်လွှားနိုင်မည်။ လျှို့ဝှက်ချက်ပေါက်ကြားမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက်များအောင်မြင်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း အလုပ်ကံကောင်းမည်။ အလှူအတန်းကိစ္စများကိုလည်းဆောင်ရွက်ရမည်။ အကြံသစ်များ အကောင်အထည်ဖော်ရမည်။ မြှုပ်နှံထားသောငွေကြေးမှ အကျိုးအမြတ်ကောင်းရရှိမည်။ အိမ်တွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မည်။ သူတစ်ပါးအပေါ် ဦးဆောင်ရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလုပ်အကြံအောင်မည်။ အခါတိုင်းထက်ပို၍ငွေဝင်မည်။ လာဘ်ပွင့်မည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်အဆင့်တိုးတက်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ စိတ်ကူးသလောက် ဆောင်ရွက်အောင်မြင်မည်။ ဥစ္စာဓနတိုးပွားမည်။ လက်လွှန်ထားသောငွေများပြန်ရမည်။ ပြန့်ကျဲနေသောငွေများ ပြန်လည်စုစည်းနိုင်မည်။ စကားအလွယ်တကူပြောခြင်းများရှောင်ပါ။ မေတ္တာရေးကံကောင်းမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ငွေကုန်ကြေးကျများမည်။ ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးရေးရာများ ဦးစားပေးရမည်။ အလုပ်ကိစ္စများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမည်။ စိတ်ပန်း လူပန်းဖြစ်မည်။ ပေါ်ပေါက်လာသောရန်အနှောင့်အယှက်များအား ပြေလည်အောင်မြင်မည်။ ကိုယ်ပိုင်စိတ်ကူးဖြင့် ဆောင်ရွက်လိုက်သည်များအောင်မြင်မည်။ ခရီးသွားခြင်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ ခြံ၊ ကား၊ အခန်းအဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်းရှိမည်။ ခရီးသွားရန်စီစဉ်ထားဆဲ မိသားစုကျန်းမာရေးအတွက် စိတ်ပူပန်ရခြင်းများကြုံရမည်။ အချို့သောအစီအစဉ်များအား ရွှေ့ပြောင်းဆောင်ရွက်ရမည်။ ငွေကြေးစီးပွားရေးရာကိစ္စများတွင် အခက်အခဲများကြုံပြီးမှ တိုးတက်အောင်မြင်ခြင်းများဖြစ်ပေါ်မည်။ ပြည်ပခရီးကံပွင့်မည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



# သမိုင်းတွင်မည့် စစ်ဆင်ရေး

ကြည်နေဝင်းမင်း






အယ်လ်ကိုင်ဒါအဖွဲ့ တည်ထောင်သူ ခေါင်းဆောင်အိုစမာဘင်လာဒင်အား အမေရိကန် နာမည်ကျော် ကြည်း၊ ရေ၊ လေ အထူးတပ်ဖွဲ့(၆)က ပါကစ္စတန်နိုင်ငံတွင် ဝင်ရောက်ရှင်းလင်းခဲ့ခြင်းမှာ သမိုင်းတွင်မည့် စစ်ဆင်ရေးဖြစ်ကြောင်း အငြိမ်းစား အမေရိကန်ဗိုလ်ချုပ်ကြီးတစ်ဦးကပြောဆိုပါသည်။

“ဒါဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ အအောင်မြင်ဆုံး အထူးစစ်ဆင်ရေးအဖြစ် သမိုင်းတွင်သွားလောက်ပါတယ်”ဟု အမေရိကန်ကြည်းတပ် အထူးစစ်ဆင်ရေးကွပ်ကဲမှုအကြီးအကဲဟောင်း ဒုတိယဗိုလ်ချုပ်ကြီး တယ်ရီစကော့က ဘော်စတွန်ဟာရယ်လ်သတင်းစာအားပြောဆိုခဲ့သည်။

ရေတပ် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် (Navy SEALs)နှစ်ဒါဇင်သည် အာဖဂန်နစ္စတန် ဂျလာလာဘတ်မြို့မှနေ၍ ပါကစ္စတန်နိုင်ငံ အက်ဘော့တာဘတ်မြို့သို့ ရဟတ်ယာဉ်နှစ်စီးဖြင့် မိုင်ပေါင်း ၁၅၀ ခရီးကို မေလ ၁ရက်နေ့ အရှေ့တက်ချိန်မတိုင်မီ ထွက်ခွာလာခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင်မူ နေ့လယ်ခင်းအချိန်သာရှိပါသေးသည်။

ဒေသစံတော်ချိန် ည ၁နာရီခန့်အချိန်တွင် အင်ဂျင်နှစ်လုံးတပ် UH-60 Black Hawk ရဟတ်ယာဉ်နှစ်စင်းသည် ဘင်လာဒင်၏ ခြံဝင်းအပေါ်တွင် ဝဲပျံနေစဉ် အထူးတပ်ဖွဲ့ဝင်များက ကြိုးများဖြင့် ဆင်းသက်ခဲ့ကြသည်။ တစ်ဦးချင်းစီအတွက် တာဝန်များကို အတိအကျသတ်မှတ်ထားပြီးဖြစ်ရာ ရဟတ်ယာဉ်တစ်စင်း ဘေးစောင်းပျက်ကျခဲ့သော်လည်း စစ်ဆင်ရေးမှာ အထစ်အငေါ့မရှိခဲ့။ ထိခိုက်ဒဏ်ရာရသူလည်းမရှိခဲ့။ SEALs များက တစ်ခန်းပြီး တစ်ခန်းရှင်းလင်းနေစဉ်တွင် ၎င်းတို့၏ စစ်ဆင်ရေးအား အိမ်ဖြူတော် အထူးအခြေအနေခန်းမှ စောင့်ကြည့်နေသော အမျိုးသားလုံခြုံရေးအဖွဲ့မှာလည်းရင်တမမ(အထူးတပ်ဖွဲ့ဝင်များ၏ ဦးထုပ်တွင် တပ်ဆင်ထားသော ကင်မရာများမှ မြင်တွေ့နေရခြင်းဖြစ်သည်)

ထောက်လှမ်းရေးသတင်းများအရ အက်ဘော့တာဘက်ခြံဝင်းတွင် ဘင်လာဒင်ရှိနိုင်ခြေမှာ ၆၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားသာ သေချာသည်ဟုသိရှိထားရာ စီအိုင်အေညွှန်ကြားရေးမှူးပါနက်တာမှာ စိတ်မရှည်နိုင်။ အထူးတပ်ဖွဲ့ဝင်များက စစ်သုံးစကားများဖြင့် အစီရင်ခံတိုင်း “ကောင်းပြီ။ အဲဒါ ဘာအဓိပ္ပာယ်လဲ”ဟူ၍ အထူးစစ်ဆင်ရေး ကွပ်ကဲရေးမှူး ဒုတိယရေတပ်ဗိုလ်ချုပ်ကြီးမက်ရေဗင်အား တမေးတည်းမေးနေသည်။ နောက်ဆုံးတွင် ‘Geronimo’အား အထူးတပ်ဖွဲ့ဝင်များက တွေ့ရှိသွားပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးမက်ရေဗင်ကဆိုလိုက်ကာမှ ပင့်သက်ချနိုင်ကြောင်း မစ္စတာပါနက်တာက ပြောပါသည်။ (Geronimo မှာ ဘင်လာဒင်အား လျှို့ဝှက်စကားဖြင့် ရည်ညွှန်းခြင်းဖြစ်သည်) နောက်ထပ် ၁၅ မိနစ်အကြာ ခြံဝင်းအတွင်းမှ ရဟတ်ယာဉ်များ ထွက်ခွာသွားခဲ့ရာ တစ်ခန်းလုံး လက်ခုပ်သံများဖြင့်ဝေစည်သွားခဲ့သည်။

စစ်ဆင်ရေးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့၊ မြေပြင်၌ မိနစ် ၄၀ သာ ကြာမြင့်သော စစ်ဆင်ရေးတွင် အမှန်တကယ် အပြန်အလှန်ပစ်ခတ်ခဲ့သည့် အချိန်က ငါးမိနစ်မျှသာ။ အမေရိကန်ကကမ္ဘာပေါ်တွင်၎င်းတို့အလိုအရှိဆုံး အကြမ်းဖက်သမားကို အသေရယူသွားခဲ့လေပြီ။

မှတ်မိပါသေးသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ပြီး ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင်ဘင်လာဒင်အားအသေရရ၊ အရှင်ရရ အလိုရှိကြောင်း သမ္မတဟောင်းဂျော့ချ်ဒဗလျူဘုရှ်ကကြေညာခဲ့သည်။ ‘တွင်းအောင်းနေလျှင်ပင် မီးခိုးတိုက်၍ ထွက်လာအောင်လုပ်မည်’ဟု ကြွေးကြော်ခဲ့သည်။ ယင်းနှစ်မှာပင် အာဖဂန်နစ္စတန်စစ်ပွဲကို စတင်ခဲ့သည်။ အစ္စလာမ်ကို တိုက်ခိုက်ခြင်းမဟုတ်။ အစွန်းရောက်အကြမ်းဖက်သမားများအဖွဲ့ အယ်လ်ကိုင်ဒါကို နှိမ်နင်းရေးဟုပြောဆိုခဲ့သည်။ ဘင်လာဒင်တိုရာဘိုရာဒေသတွင် ခိုအောင်းနေသည်ဟုသတင်းရ၍ စိစိညက်ညက်ကြေအောင်တိုက်ခိုက်ခဲ့သော်လည်း လက်မတင်လေးလွတ်မြောက်သွားခဲ့ပြီး အိုစမာ ဘင်လာဒင်မှာ အစအနရှာမရအောင် ပျောက်ချင်းမလှပျောက်သွားခဲ့သည်။ လူပျောက်သွားသော်လည်း ဗီဒီယိုများ၊ အသံသွင်းတိပ်ခွေများဖြင့် အမေရိကန်အား ခြောက်အိပ်မက်ပေးသည်။ ဘုရှ်၏ ဒုတိယသမ္မတသက်တမ်းကုန်ဆုံးသွားသော်လည်း ဘင်လာဒင်ဇာတ်လမ်းကို အဆုံးမသတ်နိုင်ခဲ့။

မစ္စတာအိုဘားမား အမေရိကန်သမ္မတဖြစ်လာသောအခါ အယ်လ်ကိုင်ဒါခေါင်းဆောင်အားရှာဖွေတွေ့ရှိရေးမှာ စီအိုင်အေ၏ ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။ အယ်လ်ကိုင်ဒါအပေါ် ဆင်နွှဲသည့်စစ်ပွဲတွင် ဘင်လာဒင်အား သတ်ဖြတ်ရေး (သို့မဟုတ်) ဖမ်းဆီးရေးမှာ ထိပ်တန်းဦးစားပေးအစီအစဉ်ဖြစ်ကြောင်း စီအိုင်အေဒါရိုက်တာလီယွန်ပါနက်တာအား ညွှန်ကြားခဲ့သည်။

ထောက်လှမ်းရေးအရာရှိများက အကြမ်းဖက်ခေါင်းဆောင်၏ လူယုံဆက်သားတစ်ယောက်ကို နှစ်ပေါင်းများစွာစောင့်ကြည့်နေခဲ့သည်။ ၎င်းဆက်သားအကြောင်းကို ၉/၁၁ နောက်ပိုင်း ဖမ်းဆီးခဲ့ပြီး ဂွါတာနာမိုအကျဉ်းစခန်းတွင် ထိန်းသိမ်းခံထားရသူများထံမှ ကြားသိရခြင်းဖြစ်သည်။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုများ စီမံခဲ့သူ ခါလစ်ရှိတ်မိုဟာမက်၏ တပည့်လက်သားတစ်ဦးအား အထူးယုံကြည်စိတ်ချရာ ၎င်းမှာ ဘင်လာဒင်နှင့်ပင် အတူနေဖွယ်ရှိသည်ဟု စုံစမ်းသိရှိခဲ့ကြသည်။ သို့သော် ၎င်းလူယုံ လှုပ်ရှားရာနယ်မြေကိုသိရှိရန် ၎င်းအား အက်ဘော့တာဘတ်နှင့်အယ်လ်ကိုင်ဒါခေါင်းဆောင်နှင့် ဆက်နွယ်နေကြောင်း ခြေရာခံနိုင်ရန် နောက်ထပ်အချိန် ၂နှစ်ကြာမြင့်ခဲ့သည်။ သို့တိုင် မသေချာသေး။ လပေါင်းများစွာ ထောက်လှမ်းရေးသတင်းများ ထပ်မံစုဆောင်းရသည်။ သမ္မတအိုဘားမားကိုလည်း ယင်းသတင်းများ အနှစ်ချုပ်အစီရင်ခံနေပြီဖြစ်သည်။

စီအိုင်အေခေါင်းဆောင်နှင့် လက်ထောက်များ ခေါင်းချင်းရိုက်ကြသည်။ အက်ဘော့တာဘတ်ခြံဝင်းအတွင်း ဘင်လာဒင် ပုန်းအောင်းနေနိုင်ကြောင်း ယုံကြည်ရလောက်သော အထောက်အထားများ တွေ့ရှိရသော်လည်း လက်ဆုပ်လက်ကိုင်မပြနိုင်။ ရာနှုန်းပြည့်မသေချာ။ ဂြိုဟ်တုထောက်လှမ်းရေးကလည်း တိတိကျကျသက်သေမပြနိုင်။ ၆၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားသာသေချာသည်။ သို့သော် ယင်းအခြေအနေကိုပင် သမ္မတသို့တင်ပြရန်လုံလောက်သည်ဟု စီအိုင်အေအကြီးအကဲက ဆုံးဖြတ်လိုက်သည်။

မည်သို့သော စစ်ဆင်ရေး ပြုလုပ်မည်ကို အမျိုးသားလုံခြုံရေးကောင်စီအဖွဲ့ဝင်များ ခေါင်းချင်းရိုက်ကြရပြန်သည်။ အမြင့်ပျံ ဘီ-၂ ဗုံးကြဲလေယာဉ်များဖြင့် ဗုံးကြဲမည်လား၊ ပစ်မှတ်ရှာ ပဲ့ထိန်းဒုံးကျည်များဖြင့်တိုက်ရိုက်ပစ်ခတ်မည်လား။ သို့ဆိုလျှင် ဆက်စပ်ပျက်စီးမှု အလွန်များပြားနိုင်ခြေရှိသည်။ အထူးစစ်ဆင်ရေးဖြင့် ဝင်ရောက်တိုက်ခိုက်မည်လား။ Black Hawk Down သွားခဲ့လျှင် မည်သို့ရှိမည်နည်း။ မိုဂါဒစ်ရှူးကလည်း အမှတ်ရစရာ. . .

ယင်းရွေးချယ်စရာများထဲမှ အထူးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆင်ရေးပြုလုပ်ရန် စစ်သေနာပတိချုပ် အိုဘားမားကဆုံးဖြတ်သည်။ စီအိုင်အေညွှန်ကြားရေးမှူး ပါနက်တာက အထူးတပ်ဖွဲ့ဝင်များ ကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီးအား ထပ်ဆင့်ညွှန်ကြားသည်။ သမိုင်းတွင်မည့် စစ်ဆင်ရေး မွေးဖွားခဲ့လေသည်။

*—Ref: Time/The Sky News/ Obama's Speech/Internet*



T & H
AFTER SCHOOL MATHS FOR KIDS

T & H After School Maths for Kids
ကို ဆက်သွယ်လိုက်ပါ . . .

Room (104), First Floor, Building (C), Delta Plaza,
Near Shwegondine Hotel, Shwegondine Road, Bahan Township, Yangon.

7DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



# ပလတ်စတစ်အိတ်အကြည် သုံးစွဲမှုများလာ

အိဖြူလွင်

**ရန်ကုန်၊ မေ-၇**


ရန်ကုန်မြို့ရှိကြွပ်ကြွပ်အိတ်ထုတ်လုပ်သောစက်ရုံများအားလုံးပိတ်သိမ်းရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဧပြီလတွင်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ယခုလမှစတင်ပြီး သုံးစွဲသူများသည် ပလတ်စတစ်အိတ်ပျော့အကြည်များကို ပြောင်းလဲသုံးစွဲလာကြသည်။

ရန်ကုန်မြို့တွင် ဆွေးမြည့်ရန်ခက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ကြွပ်ကြွပ်အိတ်များကိုထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်းများအား ၂၀၁၀ပြည့်နှစ်ဧပြီလကတည်းမှစ၍ပင်တရားဝင်တားမြစ်ထားခဲ့သော်လည်း ဈေးကွက်ထဲတွင် ကြွပ်ကြွပ်အိတ်များရှိနေသေးသဖြင့် အဆိုပါ ကြွပ်ကြွပ်အိတ်များကိုသာ ဆက်လက်သုံးစွဲခဲ့ကြသည်။ ယခုဒုတိယအကြိမ် တားမြစ်ချက်ထုတ်ပြန်ပြီးမှသာ အိတ်ပျော့အကြည်များကို ပြောင်းလဲသုံးစွဲခဲ့ကြခြင်းဖြစ်သည်ဟု သုံးစွဲသူများက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်ကြေညာချက်စတင်ထုတ်ပြန်စဉ်ကစူပါမားကတ်အများစုတွင်အိတ်ပျော့အကြည်များကိုတားမြစ်သုံးစွဲခဲ့ကြပြီး အချို့သောမြို့နယ်ရပ်ကွက်ဈေးများတွင်လည်း အိတ်ပျော့အကြည်များကိုပြောင်းလဲသုံးစွဲခဲ့ကြသည်။

ထိရောက်သော အရေးယူမှုများမရှိဘဲ ကြွပ်ကြွပ်အိတ်များ ဈေးကွက်အတွင်း ဝင်ရောက်နေခြင်းကြောင့် နောက်ပိုင်းတွင်အချို့သော စူပါမားကတ်များနှင့် ဈေးဆိုင်များက ဈေးနှုန်းပိုမိုသက်သာသော ကြွပ်ကြွပ်အိတ်များကို ဆက်လက်သုံးစွဲခဲ့ကြခြင်းဖြစ်ကြောင်း သုံးစွဲသူများကပြောကြားသည်။

ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ကြိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းများအားလုံး ဆက်လက်ထုတ်လုပ်ခြင်းမပြုရန်၊ ပြန်လည်အသုံးပြုနိုင်သောအိတ်အပျော့များကိုသာ ထုတ်လုပ်ရန် ၂၀၁၁ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆိုပါလုပ်ငန်းများသို့ကြေညာချက်ထုတ်ပြန်သတိပေးတားမြစ်ခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ကြွပ်ကြွပ်အိတ်သုံးစွဲသူများကို အရေးယူမည်ဟုကြော်ငြာထားသော ဆိုင်းဘုတ်နှင့် ပလတ်စတစ်အကြည်အိတ်သုံးစွဲသူတစ်ဦး*

ထိုကြေညာချက်ထုတ်ပြန်ပြီးချိန်တွင်မှ မြို့နယ်ရပ်ကွက်ဈေးများရှိ ဈေးရောင်းသူများအားလုံးကပါ အိတ်ပျော့အကြည်များကိုသုံးစွဲနေကြပြီး ကြွပ်ကြွပ်အိတ်များကိုလည်း ရောင်းချခြင်းမပြုတော့ဟုဈေးရောင်းသူများက ပြောကြားသည်။

"အခုဆိုပဲပြုတ်သည်ကအစ အိတ်အကြည်ကိုပဲသုံးတော့တယ်။ ငါးသည်တွေလည်းအိတ်ပျော့နဲ့ပဲထည့်ပေးတာတွေ့ရတယ်။ သတိထားမိတာဆိုရင် တစ်ပတ်လောက်ရှိပြီ"ဟု နေ့စဉ်ဈေးဝယ်ထွက်သူအိမ်ရှင်မတစ်ဦးကပြောသည်။

သို့သော် အိတ်ပျော့အကြည်များသည် ကုန်ကျစရိတ်ပိုမိုပြီး ဈေးနှုန်းမြင့်သောကြောင့် ဈေးရောင်းသူများမှာမူ အိတ်ပျော့အကြည်ဖြင့် ထည့်ပေးရခြင်းမှာ ကုန်ကျစရိတ်ပိုများသည်ဟု ဈေးသည်များက ပြောသည်။ "အသုပ် ၂၀၀ တန်တစ်ထုပ်ဝယ်ပြီး ဟင်းခါးကတစ်ထုပ်၊ အချဉ်ကတစ်ထုပ်ဆိုရင်တော့ တစ်ယောက်ထဲကို အိတ်သုံးအိတ်ကုန်သွားပြီ။ မထည့်ပေးနိုင်ဘူးပြောရင်လည်း အပေါက်ဆိုးတယ်ပြောဦးမယ်။ ဈေးကလည်း မကိုက်တော့ ဘယ်လိုလုပ်ရမလဲမသိ"ဟုအိတ်ပျော့အကြည်ကို သုံးစွဲသူတစ်ဦးက ပြောသည်။

## စာ(၃၂) ခဏအတွင်း ချင်းချင်းဝါ မှ

ပိတောက်ပင်၏ ပန်းရနံ့တို့က အနံ့သာမဟုတ်။ ပွင့်ချပ်များပါ မိုးဖွဲဖွဲရွာချနေသလို ကြွေကျနေပြန်သည်။ စောစောက ရပ်ထားသော ဆလွန်းကားဖြူဖြူလေးပေါ်မှာ ပန်းပိတောက်ကြွေတို့က ဝေနေသည်။ "တစ်ခဏအတွင်းလေးမှာပဲ ချင်းချင်းဝါသွားတာပါလား"ဟု နှစ်ယောက်သားရေရွတ်မိလိုက်သည်။

ဟုတ်ပါသည်။ ပန်းပိတောက်တွေ မြေပေါ်မှာရော ရပ်ထားသောကားများပေါ်မှာပါဝါဝါချင်းချင်း အလှချင်းပြိုင်၍ မြေမှာကြွေကျနေကြသည်။ ဤသည်ပင်ကြွေလို့ဝေဆာနေခဲ့တာလား၊ ဝေဆာဖို့အတွက် ကြွေနေခဲ့တာလား။ တွေးနေမိသည်။ ဝေဆာနေခဲ့တာသည် ကြွေဖို့အတွက်လား အရာအားလုံးဟာ ကြွေဖို့အတွက် ဝေခဲ့တာလား။ သို့ဆိုလျှင် မဝေခဲ့ဘဲနှင့် ကြွေခဲ့တာရော မရှိခဲ့ဖူးလား။ ကြွေပြီးမှ ဝေဆာခဲ့ကြတာလား။ ဘယ်အတွက်လဲဟု အပြန်ပြန် အလှန်လှန် တွေးနေမိပြန်သည်။

ဤလူ့ဘဝများသည် အဆင်ပြေကြ၊ မပြေကြနှင့် လည်ပတ်ရစ်နှောင် ကူးလူးယှက်သန်း ဆက်ဆံနေကြရသည်။ တစ်ဘဝ တစ်သံသရာ တစ်ခဏတာသာဖြစ်လေသည်။ အရာအားလုံးကို ဆန်းစစ်ကြည့်လိုက်တော့ ဘာမျှမဟုတ်ပါလား။ ဘာမျှမဟုတ်သည်ကို ဟုတ်သည်အထင်နှင့် အပြေးအလွှားလိုက်နေကြရသည်။ ဟုတ်သည်အထင်နှင့် သူတကာလိုက်အောင် မာန်တက်ကာ ပြေးနေမိကြပြန်သည်။ အဘယ်မှာ ဟုတ်သည်များရှိနေသနည်း။ နောက်ဆုံးတော့ မဟုတ်ခြင်းသည်သာ ကျန်ခဲ့ရမည်လေ။

သမားရိုးကျဘဝသံသရာတွင်းက ရုန်းမထွက်နိုင်ခဲ့ကြဘဲ သူက ပြေးလိုက်၊ ကိုယ်က လိုက်လိုက်၊ ကိုယ်က ပြေးလိုက်၊ သူက လိုက်လိုက်နှင့် အပြေးပြိုင်ပွဲကျင်းပနေသည်နှယ်ဖြစ်နေပါသည်။ ဘဝတစ်ခုအတွင်းမှာ ကိုယ်က ပြေးသူဖြစ်လိုက်၊ လိုက်သူဖြစ်လိုက်နှင့် မာနတွေ ပြိုင်ကြ၊ ပကာသနတွေ ဆိုင်နေကြသည်။ တကယ်တမ်းတော့လည်း ဘာမျှမဟုတ်ခဲ့ပါလေ။ နောက်ဆုံးတွင် မောသည် အထင်နှင့် ရပ်နားနေကြသည်။ ဘာမျှမဟုတ်သည်ကို ဘာမျှမဟုတ်မှန်း သိသယောင်ယောင်ရှိလာကြပြန်သည်။ အသိတရားမှန်ဖြင့် သိမြင်ခြင်း မဟုတ်သောကြောင့် မာနတွေ ပကာသနတွေနှင့် တစ်ဖန် အပြေးပြိုင်ပွဲကျင်းပကြပြန်သည်။

ထို့ကြောင့် ဆရာကြီးဇော်ဂျီက "ငါနိုင်သူနိုင်၊ ထပ်၍ပြိုင်လည်း၊ မနိုင်မရှုံး၊ ပြိုင်မဆုံးတည့်၊ နိုင်ရှုံးနတ္ထိ၊ကျိုးမရှိ၍"ဟု စပ်ဆိုခဲ့သည်ထင်၏။

နောက်ဆုံးတွင် ပြေးမည်၊ မာနတွေနှင့်ပြိုင်ဦးမည်၊ ပကာသနတွေ တသီကြီးဖြင့် ဝှန်းဒိုင်းကြဲကြဦးမည်ဟု မာန်တင်းကာ ထားလိုက်ချိန်တွင် တစ်ဘဝ တစ်နေရာင်က ဝင်တော့မည်။ ဘာမျှမလုပ်နိုင်တော့။ သို့သော် ကိုယ်ရခဲ့သော နောင်တများစွာအတွက် သူတစ်ပါးကို ပေးခဲ့ချင်ကြပြန်ပါသည်။သိစေချင်ခဲ့ပြန်ပါသည်တဲ့။

ငါဟူသော အတ္တကို ထင်ဟပ်စေလိုခြင်းလား။ ပေးပြခဲ့ချင်၊ ရေးပြခဲ့ချင်တာလား။ ဆရာလုပ်ချင်နေခဲ့တာလား။ ပြန်ပြီး စဉ်းစားမိပြန်သည်။ "ငါဟဲ့ရယ်လို့လက်မထောင်နိုင်ဖို့" သမိုင်းတွင် ရစ်ခဲ့ချင်တာလားလည်း မပြောတတ်ပါလေ။ ကိုယ်လုပ်ရမည့်အလုပ်သာ မှန်မှန်လုပ်နေဖို့ လိုအပ်ပါသည်။ ဘာမှမဟုတ်၊ အရာအားလုံးကို ထားခဲ့ရမည်လေ။ သယ်ယူသွား၍ ရမည့်အရာများကို သယ်ဆောင်ဖို့ ကျပြန်တော့ အချိန်ကား နှောင်းလေပြီထင့်။ သယ်ရမည့်အရာကား သီလ၊ သမာဓိ၊ ပညာတို့သာဖြစ်ပါသည်။

တစ်ချိန်က ဘဝကို ဝေဆာမှုတွေနှင့် နေ့တွေကုန်ခဲ့သည်။ လတွေကုန်ခဲ့သည်။ နှစ်တွေကုန်ခဲ့သည်။ အသက်တွေကြီးလာခဲ့သည်။ နေရမည့်ရက်များ လျော့လျော့လာခြင်းဖြစ်ပြီး အသက်ကြီးလာခြင်းမဟုတ်ဘဲ အသက်ငယ်လာခြင်းသာဖြစ်သည်။ တကယ်တော့ ဘဝတစ်ခုမှာ ဝေဆာနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူစရာကောင်းလှသည်ဟု ဆိုကောင်းဆိုနိုင်သော်လည်း ရရှိထားသောဘဝတစ်ခုကနေ ဘဝများစွာအတွက် အဘယ်မျှ အကျိုးပြုနိုင်ခဲ့ပါသနည်း။ ဘဝများစွာအတွက်ထက် ပိုင်ဆိုင်သည်ဟု ထင်ရသော ဘဝတစ်ခုအတွက်ရော အပြစ်ကင်းကင်းနှင့် ရှင်သန်ရပ်တည်နိုင်ခဲ့ပါသလော။

အချို့ကျပြန်တော့လည်း အကင်းတဖြုတ်ဖြုတ်ဆိုသလို ဘဝအတွက် ဝေဆာမှုတွေပင် မရလိုက်၊ သူတစ်ပါးအတွက်လည်း ပီတိတွေ မဝေဆာစေနိုင်ခဲ့ဘဲ အကြွေစောခဲ့ရလေသည်။ အချို့ကျပြန်တော့ ဝေဆာနေကာမှ ဖြုတ်ချည်းရုတ်ချည်း ကြွေကျခဲ့ရသည်။ ဝေဆာမည့်ဆဲဆဲ အညွှန့်တလူလူတက်နေကာမှ ကြွေကျခဲ့ရသည်။ ဘဝတစ်ခုသည် ဝေဆာသည်ဖြစ်စေ၊ မဝေဆာခဲ့သည်ဖြစ်စေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကြွေကာကျကြရမည်လေ။ အဘယ်အတွက် ကြွေနေကြရပါသလဲ။ ဝေဆာဖို့အတွက်လား၊ မဟုတ်ပါ။ အရာအားလုံးကို အနှစ်ချုပ်လိုက်တော့ ဘာမှ မဟုတ်တော့ပါ။ ကိရိယာမျိုးစုံဖြင့် အတတ်ပညာမျိုးစုံဖြင့် နည်းပညာမျိုးစုံဖြင့် ရှာကြည့်စမ်းပါလေ။ ရှာရင်းရှာရင်းကပင် ဘာမှ မဟုတ်ဘဲ ကြွေခဲ့ကြရမည် မဟုတ်ပါလား။ ဘာမှ မဟုတ်သည်ကို ဘာမှမဟုတ်မှန်းကိုမသိနိုင်ကြဘဲ လိုက်နေကြ၊ ပြေးနေကြရသည်။

ပိတောက်ပန်းတွေလည်း မြေပြင်ပေါ်မှာတစ်ခဏတွင်း ချင်းချင်းဝါလို့နေစဉ်"သြော်. . တို့ဘဝတွေလည်း မာန်မာနတွေ တစ်ပုံတစ်ပင်နှင့်ဝေဆာနေသည်" ဟု ထင်ကြသည်။ လူ့ဘုံလောကမှာ ရွှေဂုဏ် ငွေဂုဏ် ရာထူးဂုဏ်များသည် ဘဝတစ်ခုအတွက် ဝေဆာခြင်းအစစ်ဟုတ်ပါ၏လား။ အကယ်စင်စစ် ဆန်းစစ်ကြည့်လိုက်တော့ အကာများသာဖြစ်လေ၏။ အဘယ်အရာကများ ကိုယ့်အလိုအတိုင်းလိုက်ပါနိုင်ခဲ့ပါသနည်း။ ခံစားမှုမျိုးစုံနဲ့သာယာနေခဲ့ကြသည်များကရော၊ ချမ်းသာခြင်းအစစ်ဟုတ်ပါ၏လော။ ဆင်းရဲခြင်းအစစ်အဖြစ် အမှန်မြင်မိပါ၏လား။ ဘယ်အရာများ အမြဲရှိနေခဲ့သည်ဟုတ်ပါရိုးလား။

သြော်. . တကယ်တမ်း စစ်ကြည့်တော့ ပန်းပိတောက်တွေလည်း တစ်ခဏတွင်းမှာ ချင်းချင်းဝါလို့။ သြော်. . တို့ဘဝတွေလည်း ခဏတွင်းမှာ . . .။ ။

MDG
MYANMAR DISTRIBUTION GROUP

**Vacancy Announcement**
(Local Service Only)

| | | |
|---|---|---|
| (1) | Area Sales Manager (For Ygn / Mdy) | M/F (2) Posts |
| (2) | Assistant Sales Manager (For Ygn) | M/F (2) Posts |

- Any graduate under 35-years old, with at least 3-years experience in related field at managerial level.
- Should have excellence interpersonal skill, communication skill and well knowledge in sales field.

(3) Sales Supervisor (For Ygn / Mdy) M/F (4) Posts

- Any graduate, under 30- years old, with at least 3-years experience in related field at supervisory level.
- Should have excellent interpersonal skill, communication skill and well knowledge in sales field.

(4) Brand Manager (For Ygn) M/F (5) Posts


- Any graduate, under 35-years old, with at least 3-years experience in FMCG sales & marketing field.
- Should have excellence interpersonal skill, communication skill and well knowledge in sales and marketing field.

All candidates should have good motivate, active, positive attitude and willing to travel.

**The Interested and qualified candidates should submit their application letter, CV and relevant documents together with photograph to the following address not later than (20th May'11).**

No (16-E), East Race Course Road, Tamwe Township, Yangon, Myanmar.
Tel: 400533, 400544, 401182, 401183, 401184, Fax: 400912

International Cruise Line နှင့် Five Star Hotel များတွင် တာဝန်ထမ်းဆောင်လိုသူများအတွက်



| Five Star Hotel | Cruise Line |
|---|---|
| 1. Waiter / Waitress | 1. Cabin Stewardess (HSK) |
| 2. Housekeeping Attendant | 2. Asst. Cook (Hot Kitchen) |
| 3. Laundry Attendant | 3. Provisions Personal |
| 4. Bell Men / Buggy Driver | 4. Waiter / Waitress |
| 5. Stewarding | 5. Tailors |
| 6. Pool Cleaner | 6. Ice Carvers |
| 7. Commis | 7. Pastry Men |
| | 8. Baker |

20.3.2011

# Commodity Watch

7 Day News Journal
Vol.10, No.8 · MAY 12, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ မေလ(၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1" | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေ (၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်း ရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၃ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၇,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၄၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၄၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၆) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၀,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၇၀၀-၈၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀-၆၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀-၆,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၆၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေ (၆) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၈၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၃၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၄၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

မေ(၇)ရက်ကကြည့်မြင်တိုင်ဗဟိုစိပ်ပြင်ငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဂူကီး ဝက်ဂွန် R⁺ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအော့ ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဂူကီး R- (2Way) | - | ၁၀/၂၀ | ၁၅၀ ကျော် |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၈၅ | ၅၀ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

မေ (၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ် ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | April (30) | May (1) | May (2) | May (3) | May (4) | May (5) | May (6) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# မီဒီယာကော်နာများကို မြို့တွင်းခြောက်မြို့နယ်တွင် ဦးစွာဖွင့်လှစ်မည်

ဥက္ကာကိုကို

ရန်ကုန်၊ မေ - ၅

စာနယ်ဇင်းများကို အဓိကထားကာ မီဒီယာနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးမည့် မီဒီယာကော်နာခေါ် ဆိုင်ခန်းငယ်များအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဦးစီး၍ ယခုလ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့တွင်းခြောက်မြို့နယ်တွင်ဦးစွာဖွင့်လှစ်သွားမည်ဖြစ်ကာ ဆက်လက်၍ ကျန်မြို့နယ်များအပြင် မန္တလေးနှင့်အခြားအချက်အချာကျသောမြို့ကြီးများတွင်လည်း ဖွင့်လှစ်သွားဦးမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တော်ခန်းမရှေ့တွင် မေလ ၂ ရက်၌ စတင်ဖွင့်လှစ်ခဲ့သော မီဒီယာကော်နာ

ဓာတ်ပုံ - ဥက္ကာကိုကို

လမ်းဆုံ လမ်းခွများတွင် တည်ဆောက်ထားသော မီဒီယာဆိုင်ရာ ဆိုင်ခန်းများဖြစ်သည့်အတွက် မီဒီယာကော်နာဟု ခေါ်ဝေါ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့အတွင်း ဆိုင်ခန်းများကို အငှားချဖွင့်လှစ်စေမည်ဖြစ်ကာ ကနဦးခွင့်ပြုထားသော ဆိုင်ခန်းပေါင်း ၁၄ ခုအနက်မှ ယခုလ ၂ရက်နေ့တွင် လေးဆိုင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီဒီယာကော်နာများဖွင့်လှစ်ရခြင်းမှာ စာဖတ်ရှုန် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ စာဖတ်ပရိသတ် တိုးပွားလာစေရန်နှင့်စာနယ်ဇင်းများ၏ဖြန့်ချိရေးကွန်ရက်ကို ပိုမိုခေတ်မီစေရန်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် စာနယ်ဇင်းဖြန့်ချိသူများအား အင်အားသစ်တစ်ရပ်အနေနှင့် တိုးချဲ့စည်းရုံးသွားရန်နှင့် ယင်းအဖွဲ့အတွက် ရန်ပုံငွေရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မီဒီယာကော်နာစီမံကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) က ဖွင့်ပွဲတွင်ရှင်းလင်းပြောကြားသည်။

ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်သော လမ်းမတော်၊ လသာ၊ ပန်းပဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များတွင် စမ်းသပ်ဖွင့်လှစ်ပြီး ဒုတိယအဆင့်အနေဖြင့် ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ ကြည့်မြင်တိုင်၊ တာမွေ၊ အလုံ၊ စမ်းချောင်းမြို့နယ်များနှင့် ရန်ကုန်လေဆိပ်၊ ရန်ကုန်ဘူတာကြီးနှင့် သင်္ဘောဆိပ်များတွင် မီဒီယာကော်နာများဖွင့်လှစ်သွားမည်ဖြစ်သည်။

မန္တလေးမြို့နှင့် အချက်အချာကျသော မြို့ကြီးများတွင်လည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆိုင်ခန်းများအား ပုဂ္ဂလိကသို့ အငှားချထားရာတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်ပြီး၊ ဈေးပြိုင်စနစ်ဖြင့် အမြင့်ဆုံးပေးနိုင်သူဖြစ်ခြင်း၊ လက်ရှိ ဖြန့်ချိထုတ်ဝေနေသူဖြစ်ခြင်းတို့ကို ဦးစားပေးကာ စံများနှင့်ကိုက်ညီသည့် လုပ်ငန်းအဆိုပြုလွှာ ၁၄ နေရာကိုဦးစွာခွင့်ပြုထားကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခွင့်ပြုပြီး နေရာများကို ယခုမေလနှင့် ဇွန်လအတွင်း အပြီးသတ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မီဒီယာကော်နာဆိုင်ခန်းများဖွင့်ပွဲကို ယခုလ ၂ရက်က ရန်ကုန်မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလပန်းခြံအနီးတွင်စတင်ပြုလုပ်ခဲ့ကာပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး အပါအဝင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားသက်ဆိုင်ရာများတက်ရောက်ခဲ့ကြသည်။

# စာ(၄၁) သစ်တောထိန်းသိမ်းခြင်းနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည် မှ

ဆွေးနွေးပွဲသို့တက်ရောက်မည့် ပုဂ္ဂိုလ်တစ်ဦးကပြောသည်။ ယင်းဆွေးနွေးပွဲကို အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်၊ သစ်တောရေး ရာဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်တို့က ပူးပေါင်း၍ ကျင်းပပြုလုပ်မည်ဟုသိရသည်။ ကမ္ဘာပေါ်တွင် ယင်းနည်းလမ်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော UNFCC တွင် ၂၀၁၂ ခုနှစ် လုပ်ရမည့် လုပ်ငန်းစဉ်၌ ထည့်သွင်းခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အသေးစိတ်အချက်များပေါ်ထွက်လာရန် ဆွေးနွေးခဲ့ကြသည်။

REDD နည်းလမ်းနှင့်ပတ်သက်၍ အီတလီနိုင်ငံ မီတာအိုရှိ University of Tuscia မှ Riccardo Valentini က သက်တမ်းရင့် သစ်တောများက သက်တမ်းနုသစ်တောများထက် ကာဗွန်များ စုပုံထိန်းသိမ်းထားနိုင်သဖြင့် ယင်းသက်ရင့်သစ်တောများကို ထိန်းသိမ်းခြင်းမှာ သစ်ပင်များစိုက်ပျိုးခြင်းထက် ကမ္ဘာလုံးဆိုင်ရာဆွေးနွေးမှုကိုကိုင်တွယ်နိုင်သည့် ပိုမိုကောင်းမွန်သောမူဝါဒ ဖြစ်သည်ဟု ၂၀၀၂ ခုနှစ် Carbo-Europe မှ အချက်အလက်များအား စပိန်နိုင်ငံ၊ ဗလင်စီယာမြို့တွင် တင်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် REDD ကို ယခင်သစ်တောရေးရာဝန်ကြီးဟောင်းဦးသိန်းအောင် လက်ထက် ၂၀၀၉ ခုနှစ်တွင် ပထမဆုံးအကြိမ် နေပြည်တော်၌ UNDP နှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် ယခုအသစ်တာဝန်ထမ်းဆောင်နေသောသစ်တောရေးရာပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဧပြီလဆန်းပိုင်းတွင် UNDP နှင့် ဒုတိယအကြိမ် ထပ်မံဆွေးနွေးခဲ့ပြီးနောက် ရက်ရှည်သည့်အမြင်ဖြင့် ဆွေးနွေးပွဲကြီး ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပမည်ဖြစ်သောရေရှည်ဆွေးနွေးပွဲ အစည်းအဝေးသည် REDD အကောင်အထည်ဖော်လာမည့် ကောင်းမွန်သောလမ်းစတစ်ခုဖြစ်လာနိုင်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်အချို့က သုံးသပ်သည်။

"REDD အခုနောက်ပိုင်း အကောင်အထည်ဖော်လာဖို့ အခြေအနေ ကောင်းလာနိုင်တယ်။ လက်တွေ့လုပ်ဆောင်ရမယ့် အသေးစိတ်အချက်တွေက သေချာကို လုပ်ရမှာ"ဟု ဧပြီလဆန်းပိုင်းတွင် UNDP နှင့် သစ်တောရေးရာပြည်ထောင်စုဝန်ကြီး တွေ့ဆုံပွဲတွင် ပါဝင်ခဲ့သူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် လက်ရှိသက်တမ်းရင့်သဘာဝသစ်တောများပိုင်ဆိုင်မှုသည်ဟက်တာပေါင်း ၃၄ သန်းကျော်ပိုင်ဆိုင်ထားကြောင်း ထက်ဝက်မျှသော ဟက်တာ ၁၇ သန်းခန့်ကိုထိရောက်စွာထိန်းသိမ်းထားပါက လုံခြုံမှုရှိနိုင်ကြောင်း ကျန်ဧရိယာကို ကွန်းပင်များခုတ်လှဲခြင်း သစ်တောပြန်လည် စိုက်ပျိုးရန်နှင့် လူထု သစ်တောစိုက်ပျိုးမှုများအတွက် ချန်လှပ်ထားနိုင်ကြောင်း ယင်းအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်း၏ ကမ္ဘာလုံးဆိုင်ရာပူနွေးမှု၊ ရာသီဥတု ပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ လုပ်ဆောင်ရမည့် ကဏ္ဍစာတမ်းတွင် ဖော်ပြသည်။ ၎င်းပုဂ္ဂိုလ်၏စာတမ်းတွင် နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်းသည် ၅,၂၀၀ စတုရန်း ကီလိုမီတာရှိနေပြီး ယင်းပမာဏသည် တိုင်းပြည်ဧရိယာ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိနေသဖြင့် အာဆီယံနိုင်ငံများထဲတွင်ဖိလစ်ပိုင်နိုင်ငံနှင့်အတူ အမြင့်ဆုံးနှုန်းဖြစ်နေကြောင်း ဖော်ပြထားသည်။

# သုတစွယ်စုံ စာပေဆုချီးမြှင့်

ဥက္ကာကိုကို

ရန်ကုန်၊ မေ - ၅

ဆဌမအကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယခုလ ၁ရက်က ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် ချီးမြှင့်နေကျ ဆုအမျိုးအစားပေါင်း ဆယ်မျိုးအနက် ဆုခုနစ်မျိုးကိုသာ ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် ၂၀၀၉ ခုနှစ်အတွက် စာပေဆုချီးမြှင့်ခြင်းဖြစ်ပြီး စာပေဆုရရှိသော စာရေးဆရာကြီးများမှာ ဆရာကြီးမင်းယုဝေ၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာဖေမြင့်၊ ဆရာကြီးမောင်မိုးသူ၊ ဆရာကိုဆွေ(ပန်နိုရားမား)၊ ဆရာကြည့်ရွန်း၊ ဆရာဝင်းထွန်းဇော်တို့ဖြစ်ကြသည်။

သုတစွယ်စုံ တစ်သက်တာစာပေဆုကို ဆရာကြီးမင်းယုဝေက ရရှိခဲ့ပြီး စာပေသမ္ဘာရင့်မှု၊ ပြုစုရေးသားထားသော စာပေအစုစုတို့၏ အကျိုးသက်ရောက်မှု၊ စာပေဝန်ကို ကာလရှည်ကြာစွာ မဆုတ်မနစ် ထမ်းဆောင်ခဲ့မှု၊ လက်ရာစုံမှုနှင့် ပရိသတ်လက်ခံမှု စသော အကြောင်းအရာတို့နှင့် ယှဉ်၍ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။သုတစွယ်စုံစာပဒေသာဆုကို ဆရာမောင်ခင်မင်(ဓနုဖြူ) က 'အိုဆာကာညှော့သည်' စာအုပ်ဖြင့်ရရှိခဲ့ပြီး သုတစွယ်စုံရည်ညွှန်းစာပေဆုကို ဆရာဖေမြင့်က 'စာအုပ်ကမ္ဘာ' စာအုပ်ဖြင့်ရရှိခဲ့သည်။

သုတစွယ်စုံ ဝိဇ္ဇာစာပေဆုကို ဆရာမောင်မိုးသူက 'လွမ်းတော်မူဖို့စာကိုစီတယ်' စာအုပ်ဖြင့်ရရှိခဲ့ကာ သုတစွယ်စုံသိပ္ပံစာပေဆုကို ဆရာကိုဆွေ(ပန်နိုရားမား) က 'အတိုင်းမသိစကြဝဠာ' စာအုပ်ဖြင့်ရရှိခဲ့သည်။

သုတစွယ်စုံ ဘာသာပြန်စာပေဆုကို ဆရာကြည့်ရွန်းက 'စီးပွားအောင်ခြင်း' စာအုပ်ဖြင့် ရရှိပြီး သုတစွယ်စုံလူမှုစီးပွားစာပေဆုကို ဆရာဝင်းထွန်းဇော်က 'နိဂုံးမဟုတ်သောနိဂုံး(သို့မဟုတ်)ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ' စာအုပ်တို့ဖြင့် အသီးသီးရရှိခဲ့ကြခြင်းဖြစ်သည်။ ဆုရရှိသော စာရေးဆရာကြီးများအား စာပေဆုချီးမြှင့်ငွေအဖြစ် ဘာသာရပ်တစ်ခုချင်းစီအတွက် ငွေကျပ်သုံးသိန်းစီနှင့် တစ်သက်တာ စာပေဆုအား ငွေကျပ်ခြောက်သိန်းချီးမြှင့်ပေးအပ်ခဲ့ကာ ယခုနှစ်တွင် လူငယ်စာပေ၊ နိုင်ငံတကာရေးရာနှင့် အသုံးချသိပ္ပံဘာသာရပ်စာအုပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိခဲ့ကြောင်းသိရသည်။

သုတစွယ်စုံစာပေဆုကို သုတစွယ်စုံစာပေတိုက်၊ စွယ်စုံမီဒီယာဂရုပ်ဖ်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးဒေါက်တာခင်မိုးမိုးတို့က ၂၀၀၄ ခုနှစ်တွင်စတင်ပေးအပ်ခြင်းဖြစ်ပြီး ၂၀၀၄ခုနှစ်အတွက် ငါးဆု၊ ၂၀၀၅ ခုနှစ်အတွက် ခုနစ်ဆု၊ ၂၀၀၆ ခုနှစ်အတွက် ဆယ်ဆု၊ ၂၀၀၇ ခုနှစ်အတွက် ဆယ်ဆု၊ ၂၀၀၈ ခုနှစ်အတွက် ကိုးဆု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ပခုက္ကူ စာပေဆုပေးပွဲ မေ ၁၆ တွင် ကျင်းပမည်

သန်းဌေး

ရန်ကုန်၊ မေ-၂

ပခုက္ကူဦးအုံးဖေ တည်ထောင်ခဲ့သော ပခုက္ကူစာပေဆုပေးပွဲအား မေ ၁၆ ရက်တွင် ပခုက္ကူမြို့ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ယခုနှစ် ပခုက္ကူစာပေဆုရ ပုဂ္ဂိုလ်များအား ရန်ကုန်မြို့ရှိ စာပေဗိမာန်တွင် ရုံးခန်းဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်းနံပါတ် ၀၁ ၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ အဆိုပါ အခမ်းအနားကျင်းပရာတွင် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုပေးပွဲပါတစ်ပေါင်းတည်းကျင်းပပေးမည်ဖြစ်၍ ရန်ကုန်မြို့ရှိပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကျွမ်းကျင်သူ)ဦးထွန်းလှ၊ဖုန်း-၀၁ ၅၄၈၅၄၀ သို့အမြန်ဆုံးဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

ယခင်က ပခုက္ကူဦးအုံးဖေစာပေဆုဟူ၍ ခေါ်တွင်နေရာမှ ကျန်ရစ်သူမိသားစုများ၏ ခွင့်ပြုချက်အရ ပိုမိုကျယ်ပြန့်လာစေရေးအတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်းပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲတွင်ပြောသည်။

# စာ(၄၂) ပေလီကမ်းခြေတွင် တစ်ယူနစ်ကျပ်လေးရာနှုန်းဖြင့် လျှပ်စစ်မီးပေးရန် စီစဉ် မှ

ထို့ပြင် ယခုလတတိယပတ်အတွင်း ရခိုင်ပြည်နယ်ဝန်ကြီး ချုပ်လာရောက်စဉ်ကသံတွဲမြို့နယ်တွင်ဆောက်လုပ်လက်စ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ဥဿျစ်ပင်မဟာဓာတ်အားလိုင်းမှလျှပ်စစ်ဓာတ်အားကိုမျှဝေသုံးစွဲမည်ဆိုပါက ရခိုင်ပြည်နယ်မှပြည်သူများ၏ လက်ရှိအခက်အခဲကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာများအားအကြံပြုပြောကြားခဲ့ကြောင်းသိရသည်။

သံတွဲမြို့တွင် ဧပြီလ ၁ ရက်မှစတင်၍ ဖိုးသီးချိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီကတစ်ယူနစ်လျှင် ၅၅၀ ကျပ်နှုန်းဖြင့် တစ်ရက်လျှင် ၆ နာရီ မီးပေးလျက်ရှိသည်။

# Environment

7 Day News Journal
Vol.10, No.8 • MAY 12, 2011

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်လှူဒါန်းလာ

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၆**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်သီးပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားလာမှုကြောင့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပြည်တွင်းအလှူရှင်များပေါ်ပေါက်လာကာ ကျပ်သိန်းပေါင်း ရာချီသည့် လှူဒါန်းမှုများအထိ ရှိလာကြောင်း ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများထံမှ သတင်းရရှိသည်။

ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ ရန်ပုံငွေသည်ပြည်ပနိုင်ငံများ၏ အကူအညီများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းအသီးသီးများမှ ရရှိကြခြင်းဖြစ်သည်။ သို့သော် ရန်ပုံငွေများသည် အခြားနိုင်ငံများနှင့် မျှဝေ သုံးစွဲနေရခြင်းကြောင့် ပြည်တွင်း လူမှုရေးအဖွဲ့အစည်း အချို့တွင် ငွေကြေးဆိုင်ရာ အခက်ခဲများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းအလှူရှင်များပေါ်ပေါက်လာခြင်းသည် အလွန်ကောင်းမွန်ကြောင်း သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ပြောသည်။

"အားလုံးကို မေတ္တာရပ်ခံချင်တာတစ်ခုက ဘုရားတည်၊ ကျောင်းဆောက်မှ အလှူလို့မည်တာမဟုတ်ဘူး။ သစ်ပင်စိုက်တာကလည်း အလှူတစ်ခုပါပဲ။ သစ်ပင်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားနိုင်တယ်လို့ စကားပုံလည်းရှိခဲ့တယ်မဟုတ်လား။ သစ်ပင်တစ်ပင်ဟာ သက်ရှိသတ္တဝါအားလုံးကို တကယ်ပဲကောင်းကျိုးပေးတဲ့ အရာပါ။ ပြီးတော့ အလှူရှင်ကိုဘဲ အားကိုးလို့မရပါဘူး။ ပြည်တွင်းအားလည်း လိုပါတယ်။ ဖွံ့ဖြိုးရေးဆိုတာကိုယ်ကိုယ်တိုင်က အားသွန်ခွန်စိုက်လုပ်မှ အောင်မြင်တာပါ"ဟု ဦးအုန်းက ဆက်လက်ပြောကြားသည်။

အင်းလေးကန်ရေခန်းခြောက်မှုဖြစ်ပြီးနောက် ယင်းကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်တွင်းအလှူရှင်များပေါ်ပေါက်ခဲ့သည်။ ကန်ထိန်းသိမ်းရေးအတွက် အလှူငွေမှာ ကျပ်သိန်း ၆၆၀ ရရှိခဲ့သည်။ ထို့အပြင်စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်စိမ်းလန်းစိုပြေရေးအတွက် ကျပ်သိန်းပေါင်း ၁၀၀ လှူသော အလှူရှင်တစ်ဦးကလည်း ထပ်မံပေါ်ပေါက်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိအလှူရှင်များရှိလာခြင်းကိုပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သည့် Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက. . .

"စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားတာ ကောင်းပါတယ်။ လုပ်ဖို့တစ်ခု စဉ်းစားထားတာရှိတယ်။ အလှူရှင်ကို အားမကိုးဘဲ ကိုယ့်ဒေသ၊ ကိုယ့်နေရာကို ကောင်းမွန်အောင် လုပ်တဲ့နည်းတစ်ခုပေါ့။ ဥပမာပြောရရင် ချင်းပြည်နယ်က မြို့တော်တော်များများကရေကိုတောင်ကျချောင်းတွေ၊ စိမ့်စမ်းရေတွေအားကိုးနေရတာ။ ရေဆိုတာကလည်း သစ်တောရှိမှ ထိန်းသိမ်းနိုင်မှာလေ။ အခုတောတွေပြုန်းတီးလာတော့ ရေထွက်တွေလည်း ကြာလာရင် ပျောက်သွားနိုင်တယ်။ သစ်ခုတ်တဲ့သူက တောတောင်မှာနေတဲ့ ကျေးရွာလူတန်းစားတွေလေ။ ရေထွက်မပျောက်အောင်လုပ်ဖို့က ရေလိုအပ်နေတဲ့သူက ပံ့ပိုးရမယ်။ ကျေးရွာလူတန်းစားတွေ စားဝတ်နေရေးပြေလည်အောင် ကူညီပေးရမယ်။ သူတို့တွေအဆင်ပြေနေရင် သစ်တောကို မထိနိုင်ဘူး။ တစ်ကယ်တမ်းလုပ်ရင်စနစ်တကျနဲ့ ပေးတဲ့သူကို ယုံကြည်အောင် လုပ်ရမှာပေါ့"ဟုအထက်ပါပုဂ္ဂိုလ်ကထပ်လောင်းပြောကြားသည်။

## Environment Cartoon




## သစ်တောထိန်းသိမ်းခြင်းနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**အိဖြူမွန်** **ရန်ကုန်၊ မေ- ၇**

မူလရှိပြီးသား သစ်တောများကို ထိန်းသိမ်းခြင်းနှင့် ပျက်စီးနေသော တောများကိုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းကို အထောက်အကူဖြစ်စေသော သဘာဝဓာတ် ငွေ့များလျှော့ချခြင်းနည်းလမ်းများ အသက်ဝင်လာစေရန်အမြင်ဖြင့် ဆွေးနွေးခြင်းအစည်းအဝေးကို နေပြည်တော်တွင် မေလ ၁၂နှင့် ၁၃ ရက်တို့တွင် ကျင်းပမည်ဟု သတင်းရရှိသည်။

"အရှေ့တောင်အာရှနိုင်ငံတွေက ကိုယ်စားလှယ်တွေ အကြံပေးပုဂ္ဂိုလ်တွေပါပါပြီး တကယ့်ကို ကြီးကြီးကျယ်ကျယ် လုပ်မယ်ကြားတယ်။ ပြည်တွင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေ၊ အဖွဲ့တွေလည်းပါမယ်။ နိုင်ငံတကာရန်ပုံငွေအပြင် ဖွံ့ဖြိုးဆဲတိုင်းပြည်အချင်းချင်း ဆက်စပ်လုပ်ဖို့လည်းဆွေးနွေးကြမယ်လို့အကြမ်းဖျင်းသိရတယ်"ဟု အထက်ပါ Reduction of Emission FromDeforestation and Froest Degradation(REDD)

*စာ(၄၀) သို့*

# အအေးပိုသည့် ရာသီဖြစ်စဉ်ကြောင့် ဆောင်းခိုငှက်များ ဧပြီလကုန်အထိ နေရပ်မပြန်



*အင်းလေးကန်သို့ လာရောက်ဆောင်းခိုသော စင်ရော်ငှက်များကို တွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အိဖြူမွန်**

ရန်ကုန်၊ မေ- ၆

ယခုနှစ်အတွင်း ပုံမှန်မဟုတ်သည့် အအေးပို ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့လာခြင်းကြောင့် နေရပ်မပြန်သော ဆောင်းခိုငှက်များကို ဧပြီလကုန်အထိ ဆောင်းခိုငှက်အများဆုံးလာရောက်သည့် ရေတိမ်ကန်များ၌ တွေ့ခဲ့ရကြောင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးများမှ သတင်းရရှိသည်။

"သင်္ကြန်ပြီးတဲ့အထိ မပြန်သေးတဲ့ ဆောင်းခိုငှက်တွေ တွေ့နေရတုန်းပဲ။ ရာသီဥတုအေးလို့ မပြန်ကြသေးတာထင်တယ်"ဟု အင်းတော်ကြီးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးဟောင်းက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

အင်းတော်ကြီးကန်နှင့်အတူ အင်းလေးကန်တွင်လည်း နေရပ်မပြန်သေးသော ဆောင်းခိုငှက်များ တွေ့ရှိရကြောင်း၊ တွေ့ရှိရသော ဆောင်းခိုငှက်အများစုမှာ စနိုက်အုပ်စုဝင်ငှက်အမျိုးအစားနှင့် စစ္စလီအုပ်စုဝင် ငှက်အမျိုးအစားများဖြစ်ကြောင်း ယင်းဘေးမဲ့တောများမှ သတင်းရရှိသည်။

၂၀၁၀ပြည့်နှစ်တွင်အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ပူပြင်းခြောက်သွေ့မှုများ ခံစားခဲ့ရပြီး ထိုနှစ်အောက်တိုဘာလမှစ၍ ဆောင်းခိုငှက် ဝင်ရောက်သည့် ရာသီအစတွင် ဝင်ရောက်မှု လျော့နည်းခဲ့သည်။

"ရာသီအစတုန်းက လာတာနည်းတယ်။ ဒါပေမဲ့ ရာသီဥတုအေးလို့ဆောင်းခိုငှက်ပြန်တာနောက်ကျတယ်။ အဲဒါကြောင့် ခါတိုင်းနှစ်တွေကလိုပဲ ပုံမှန်လာရောက်ကြပါတယ်"ဟု အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အပူချိန်လျော့ကျမှုနှင့်အအေးပိုမှုများကိုဆောင်းရာသီသာမကဘဲ ယခု ၂၀၁၁ ခုနှစ် နွေရာသီကာလများတွင်ပါ ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင်နွေရာသီ၌အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းများအပြင် ပူပြင်းသောမတ်လတွင်လည်း အအေးပိုသောကြောင့် အနွေးထည်များဝတ်ဆင်ရသည်အထိ အအေးပိုခဲ့သည်။



Tourism
7Day News Journal
Vol.10, No.8 • MAY 12, 2011

ခရီးသွားလမ်းညွှန်

သီဟ

**တောင်တန်းများ ပတ်လည်ဝန်းရံလျက်ရှိကာနံဘေးတွင် မြစ်ကလေးတစ်စင်းက ပတ်ချာလည် စီးဆင်းနေသည့် မြို့လေးတစ်မြို့သို့ အလည်အပတ်သွားရောက်လိုသူများ ရှိခဲ့မည်ဆိုလျှင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိသီပေါမြို့လေးသို့သွားရောက်လည်ပတ်ကြရန် အကြံပြုလိုပါသည်။**



*သီပေါမြို့၏ ညနေခင်းရှုခင်းအလှအား သိမ်တောင်ပေါ်မှရိုက်ကူးထားစဉ်* ဓာတ်ပုံ-စောစည်သူမိုး

# တောင်တန်းများအလယ်က သီပေါမြို့

သီပေါဟူသည့်အမည်သည် မြန်မာ့သမိုင်းတွင် မစိမ်းသည့် နာမည်တစ်ခုပင်ဖြစ်ပါသည်။မြန်မာရာဇဝင်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် သီပေါမင်းသည် ထိုမြို့လေးအား အပိုင်စားရသော မင်းသားဘဝမှ ဘုရင်ဖြစ်လာသည့်အတွက်ထိုမင်းအားမြန်မာ့သမိုင်းတွင်သီပေါမင်းဟု လူသိများကြခြင်းပင်ဖြစ် သည်။

ထို့ကြောင့် သီပေါဟူသော အမည်သည် မြန်မာတိုင်းနှင့် မစိမ်းသည့် အမည်နာမတစ်ခုဖြစ်သည်။ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၁၃၉၈ပေသာမြင့်သည့်ထိုမြို့လေးသည်တောင်ပေါ်မြို့လေးတစ်မြို့ဟု ဆို၍မရသည့်တိုင် ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်များတွင်ရှိတတ်သည့်ပုံရိပ်များဖြင့် လာရောက်လည်ပတ်သူများကိုဖမ်းစားနေမည်သာဖြစ်သည်။

မျှော်ကြည့်လေရာ နေရာတိုင်းတွင် တောင်တန်းပြာပြာများရှိနေခြင်း၊ အင်္ဂတေအုတ်များဖြင့် ဆောက်လုပ်ထားသည့် လုံးချင်းအိမ်လေးများရှိနေခြင်း၊လမ်းမများသည် အတက်အဆင်းအချိုးအကွေ့များခြင်းစသည့်မြင်ကွင်းများမှာ ရှမ်းပြည်နယ်၏ မြို့နယ်များတွင်မြင်တွေ့ရတတ်သည့် သင်္ကေတများပင်ဖြစ်တော့သည်။

သီပေါမြို့တွင် လည်ပတ်စရာနေရာများများစားစားမရှိသော်လည်း နိုင်ငံခြားသားများ အဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိကြသည်ဟု ဒေသခံများကပြောသည်။

ထိုသို့လာရောက်လည်ပတ်ကြခြင်းမှာလည်း စော်ဘွားခေတ်နေထိုင်မှုစရိုက် အတော်များများသည် သီပေါတွင် ကျန်ရှိနေသေးသောကြောင့်ဖြစ်သည်ဟု သိရသည်။

"သီပေါမြို့ကိုနည်းနည်းလည်ပတ်ကြည့်လိုက်မယ်ဆိုရင် ရွာတွေဘက်မှာ စော်ဘွားလက်ထက်ကနေထိုင်မှုစရိုက်လေးတွေ ကျန်နေသေးတာတွေ့ရမယ်" ဟု သီပေါမြို့ခံတစ်ဦးကပြောသည်။

ထို့အပြင် သီပေါတွင် ယခင်ကသီပေါစော်ဘွား၏ ဟော်နန်းသို့ ဝင်ရောက်လည်ပတ်နိုင်ပြီး ယခုနောက်ပိုင်းမှ လည်ပတ်ခွင့်ရပ်ဆိုင်းလိုက်ကြောင်း ဒေသခံများကပြောကြားသည်။

လည်ပတ်စရာ များများမရှိသော်လည်း သီပေါမြို့ အဝင်ဘော်ကြိုရွာ၌တည်ထားကိုးကွယ်ထားသည့်ရှေးဟောင်း သမိုင်းဝင်ဘော်ကြိုမုဒြောစေတီမှာ နာမည်ကျော်ပြီး အဆိုပါစေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်အားနှစ်စဉ်တပေါင်းလတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

အလားတူသီပေါမြို့ မဟာမြတ်မုနိဘုရားကြီးသည်လည်း ဆိတ်ငြိမ်အေးချမ်းသည့် လည်ပတ်စရာနေရာ တစ်ခုဖြစ်သည်။

ထို့အပြင် တစ်မြို့လုံးအားအပေါ်စီးမှရှုမြင်ခံစားနိုင်ပြီးမြို့၏အပေါ်စီးအလှအားဓါတ်ပုံမှတ်တမ်းတင် ရိုက်ကူးနိုင်မည့်အပြင် ရာသီဥတုသာယာသည့်နေ့များတွင် နေဝင်ချိန်ရှုခင်းကိုပါကြည့်ရှုခံစားနိုင်မည့် သီပေါမြို့ပေါ်ရှိ သိမ်တောင်အမည်ရှိ တောင်ပေါ်သို့လည်း သွားရောက်လည်ပတ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

သီပေါမြို့လေးသည်မြို့တွင်း၌လည်ပတ်စရာ အနည်းအကျဉ်းသာရှိသော်လည်း ပတ်ဝန်းကျင်မြို့များဖြစ်သည့် ကျောက်မဲနှင့် လားရှိုးမြို့များသို့လည်း သီပေါမြို့မှ တစ်ဆင့်သွားရောက်လည်ပတ်နိုင်သည်။

ကျောက်မဲသို့ သွားရောက်လည်ပတ်ပြီးပါက သီပေါနှင့် ကျောက်မဲကြားရှိ ရေပူစမ်းတွင် ရေပူစိမ်ကာ အပန်းဖြေနားနေနိုင်သည်။ ကျေးလက်၏ အငွေ့အသက်များကို ခံစားရင်း ရိုးသားသည့် ရှမ်းလူမျိုးတို့၏ ချစ်စရာဓလေ့စရိုက်များကို လေ့လာခံစားနိုင်သည့် သီပေါမြို့လေးသို့ တစ်ခါတစ်ခေါက်သွားရောက်လည်ပတ်ဖို့ အကြံပြုလိုက်ရပါသည်။

## ငပလီကမ်းခြေတွင် တစ်ယူနစ် ကျပ်လေးရာနှုန်းဖြင့် လျှပ်စစ်မီးပေးရန်စီစဉ်

### ဟိုတယ်လုပ်ငန်းရှင်အချို့က လျှပ်စစ်သုံးစွဲခ စျေးပိုသက်သာစေချင်နေ

မြတ်စုမွန်

**ရန်ကုန်၊ မေ - ၂၇**

ငပလီကမ်းခြေ၌ ၂၄ နာရီ လျှပ်စစ်မီးပေးဝေရာတွင် ကမ်းခြေဟိုတယ်များက လျှပ်စစ်ဓာတ်အားများဝယ်ယူသုံးစွဲကြရန် ဟိုတယ်အသီးသီးမှ တာဝန်ရှိသူများအား သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူးက ခေါ်ယူတွေ့ဆုံပြောကြားခဲ့ကြောင်း Amazing ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ဖြန့်ဖြူးပေးမည့် လျှပ်စစ်ဓာတ်အားယူနစ်နှုန်းများမှာ တစ်ယူနစ်လျှင် လက်ရှိ ၅၅၀ ကျပ်ကောက်ခံရာ ၁၅၀ ကျပ်လျှော့၍ ၄၀၀ ကျပ်ကောက်ခံသွားမည်ဟုသိရပြီး လာမည့်ဇွန်လခန့်တွင် ၂၄ နာရီ မီးပေးသွားနိုင်ရန် စီစဉ်သွားမည်ဟုလည်း ပြောဆိုကြောင်း သိရသည်။

"တစ်ယူနစ် ၄၀၀ ဆိုရင်တောင်မှ လက်ရှိကိုယ့်ဘာသာ ကိုယ်ဂျင်နရေတာမောင်းပြီး သုံးနေရတာက ပိုအဆင်ပြေတယ်။ ကျွန်တော်တို့မှာ ကကိုယ်ပိုင်ဂျင်နရေတာတွေဝယ်ထားပြီးသား။ ၂၄ နာရီပေးမယ်ဆိုတဲ့မီးက စိတ်ချလို့ရ၊ မရမသေချာသေးဘူး။ တစ်ခုခုဖြစ်ရင် ဧည့်သည်ကိုဖြေရှင်းလို့ မရဘူးလေ။ စိတ်ချရရင်တော့သုံးမယ်" ဟု ငပလီကမ်းခြေဟိုတယ်ဇုန် ဥက္ကဋ္ဌဦးကျော်စွာမောင်က 7Day News သို့ပြောသည်။ငပလီကမ်းခြေဟိုတယ်လုပ်ငန်းများတွင် အစိုးရကပေးသော လျှပ်စစ်ဓာတ်အားများ ရရှိနိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း များလည်း ပိုမိုပီပြင်လာနိုင်ကြောင်း ဒေသခံဟိုတယ်လုပ်ငန်းရှင်တစ်ဦးကသုံးသပ်သည်။



*ဧည့်သည်များဖြင့် စည်ကားနေသော ငပလီကမ်းခြေအား ဧပြီလအတွင်းက တွေ့ရစဉ်* ဓာတ်ပုံ-မြတ်စုမွန်

"ဟိုတယ်တွေက တစ်ရက်ကိုအကြမ်းဖျင်း ဒီဇယ်တစ်လုံးစီသုံးနေရတယ်။ အစိုးရဓာတ်အားလိုင်းတွေက မီးရရင် ဟိုတယ်စျေးနှုန်းတွေကျလာနိုင်မယ်။ ဝန်ဆောင်မှုတွေပိုပေးလာနိုင်မယ်။ဟိုတယ်မှာရှိတဲ့ဒေသခံဝန်ထမ်းတွေကိုလည်း လစာတွေထပ်တိုးပေးလာနိုင်မယ်" ဟု Me-Mento Resort ပိုင်ရှင်ဦးဖိုးရီအောင်က ပြောသည်။ **စာ(၄၀) သို့**


စာ(၄၀) သို့



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



## The Cartoon Logo


























7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# ဘင်လာဒင် သေဆုံးခြင်းကြောင့် စင်ကာပူတွင် လုံခြုံရေးတင်းကျပ်



စင်ကာပူ၊ မေ - ၃


စင်ကာပူအစိုးရသည် အိုစမာဘင်လာဒင်သေဆုံးပြီးနောက်ပိုင်း နိုင်ငံနယ်စပ်နှင့် ပြည်တွင်းဝင်ပေါက်များတွင် လုံခြုံရေးတင်းကျပ်မှုများ ကိုတိုးမြှင့်လိုက်ကြောင်း စင်ကာပူ ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ စင်ကာပူ လက်ထောက်ဝန်ကြီးချုပ် ဝမ်ကန်ဆင်းက လုံခြုံရေးတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ လုံခြုံရေးတွင် စိတ်ချရပြီဆိုသည့် အနေအထား မည်သည့်အခါမှမရှိကြောင်း၊ ဘင်လာဒင်ကို အသေဖမ်းဆီးမိ၍ အကြမ်း ဖက်ဝါဒ အဆုံးသတ်သွားမည် မဟုတ်ကြောင်းဆိုသည်။

သတင်းစာရှင်းလင်းပွဲ၌ ၎င်းက "အမှန်ကတော့ ဘင်လာဒင်သေဆုံးတာဟာ အချို့ သောအကြမ်းဖက်အုပ်စုတွေကို တန်ပြန်လုပ်ဆောင်ဖို့ စိတ်တက်ကြွစေသလိုတောင်ဖြစ် နိုင်ပါတယ်"ဟုပြောသည်။ ထို့ပြင် စင်ကာပူပြည်ထဲရေးဝန်ကြီးဌာနက ဘင်လာဒင်အား သတ်ဖြတ်ခဲ့ခြင်းကြောင့် နောက်ဆက်တွဲတိုက်ခိုက်မှုများကို မျှော်လင့်ထားရမည်ဖြစ်ကြောင်းပြောကြားထားသည်။ ဝန်ကြီးဌာနက ဘင်လာဒင် သေဆုံးခြင်းကြောင့် ဒေသတွင်း၌ အယ်လ်ကိုင်ဒါနှင့်ဆက်နွယ်သော အဖွဲ့များဖြစ်သည့် ဂျမားအစ္စလာမ်မီးယားကဲ့သို့ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများပေါ် လာနိုင်ကြောင်းဆိုခဲ့ပြီး ဒေသတွင်းရှိ အခြားအစိုးရ အဖွဲ့များသည်လည်း လုံခြုံရေးတင်းကျပ်မှုများကို ပြုလုပ်ထားကြပြီးဖြစ်ကြောင်းဆိုသည်။

*—Ref: AFP*







# နယ်စပ်ပစ်ခတ်မှုများဖြစ်ပွားပြီး အရပ်သားအားလုံးကို နေအိမ်ပြန်ပို့ပြီးဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်ဆို

ဖနွမ်းပင်၊ မေ - ၄

မကြာသေးမီက ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်တွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများမှ ကယ်ဆယ်ထားခဲ့သည့် အရပ်သားများအားလုံးကို နေရပ်ဇာတိသို့ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားဝန် ကြီးချုပ် ဟွန်ဆန်ကပြောကြားလိုက်သည်။ ပြီးခဲ့သည့် မေလ ၃ ရက်က ဖနွမ်းပင်ရှိ ဘုရားတစ်ဆူတွင်ပြုလုပ်ခဲ့သော အခမ်းအနားတစ်ခု၌ ဝန်ကြီးချုပ်ဟွန်ဆန်က ထိုသို့ပြောခဲ့ခြင်းဖြစ်သည်။

၎င်းက "ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ဇုန်တွေအတွင်း အိမ်တွေပစ်ပြီး ထွက်ပေးလာခဲ့တဲ့ လက်ကျန်မိသားစု ၂၀၀ ကို ဒီမနက်မှာပဲ နေအိမ်ပြန်ပို့ပေးလိုက်ပါပြီ"ဟုပြောသည်။

ထို့ပြင် ဝန်ကြီးချုပ်က မေလ ၄ ရက်မှစ၍ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာဇုန်များတွင် မည်သည့်လက်နက်ပေါက်ကွဲသံမှ မကြားခဲ့ရတော့ကြောင်း အတည်ပြုခဲ့သည်။

၎င်းက "အခုတော့ နှစ်ဖက်စလုံးဟာ ရှေ့တန်းတပ်ဖွဲ့တွေအချင်းချင်း အပစ်အခတ်ရပ်စဲဖို့ သဘောတူထားကြပါတယ်။ သူတို့ဟာ အပြန်အလှန်ယုံကြည်မှုကိုတည်ဆောက်နေကြပါပြီ"ဟု ပြောသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်တွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများကြောင့် ကမ္ဘောဒီးယားစစ်သားကိုးဦး၊ ထိုင်းစစ်သား ရှစ်ဦးနှင့် ထိုင်းအရပ်သားတစ်ဦး စုစုပေါင်း ၁၈ ဦး သေဆုံးခဲ့ရပြီး နှစ်ဖက်လုံးမှ အရပ်သားတစ်သိန်းခန့်မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။

*—Ref: Xinhua*



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## ဘင်လာဒင်သေဆုံးကြောင်း အိုဘားမား ကြေညာသည့် မိန့်ခွန်းကို လူ ၅၆ သန်းကြည့်ရှုခဲ့

**လော့စ်အိန်ဂျလိစ်၊ မေ - ၃**

အိုစမာဘင်လာဒင်သေဆုံးကြောင်းကြေညာပြီး မိန့်ခွန်းပြောခဲ့သည့် သမ္မတအိုဘားမား၏ ရုပ်သံမိန့်ခွန်းကိုစောင့်ကြည့်ခဲ့သူ အမေရိကန်လူမျိုး၅၆သန်းခန့်ရှိခဲ့ကြောင်း မေ ၂ရက်နေ့က ထုတ်ပြန်ခဲ့သောစာရင်းများအရသိရသည်။ အမေရိကန် အရှေ့ဘက်ကမ်းခြေဒေသတွင် ထိုမိန့်ခွန်းထုတ်လွှင့်ချိန်သည် မေ ၁ရက်(တနင်္ဂနွေ)နေ့ ညသန်းခေါင်မတိုင်မီ အချိန်ဖြစ်သော်လည်း အိုဘားမား၏ ရုပ်သံမိန့်ခွန်းမှာ ယခင်ပြည်ထောင်စုမိန့်ခွန်းနှစ်ခုထက် ကြည့်ရှုသူပိုများခဲ့သည်။ မိန့်ခွန်းကြည့်ရှုသူ အရေအတွက်ကို ရုပ်သံကြည့်ရှုသူဦးရေအပေါ် အခြေခံ၍ Nielsen သုတေသနကုမ္ပဏီက ကောက်ယူခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်မတ်လက လစ်ဗျားနိုင်ငံတွင် အမေရိကန်တို့က စစ်ရေးအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အိုဘားမား၏ တစ်နိုင်ငံလုံးသို့ ပြောကြားသော မိန့်ခွန်းကို ကြည့်ရှုသူ ၂၅ ဒသမ ၆ သန်းသာရှိခဲ့ရာ ယခု ဘင်လာဒင်သေဆုံးကြောင်းမိန့်ခွန်းကြည့်ရှုသူများမှာ နှစ်ဆကျော်များခဲ့သည်။ အိုဘားမား၏ ပထမ ဆုံးပြည်ထောင်စုမိန့်ခွန်းမှာ ၂၀၁၀ ဇန်နဝါရီလတွင် ကြည့်ရှုသူ ၄၈ သန်းနှင့် ၂၀၁၁ တွင် ၄၂ ဒသမ ၈ သန်းရှိခဲ့သည်။ အိုဘားမား၏ ကြေညာချက်ကို အမေရိကန်ရုပ်သံကိုးခုမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး သတင်းကြောင့် ပျော်ရွှင်ခဲ့သော အမေရိကန်များသည် ဝါရှင်တန်တွင် အိမ်ဖြူတော်အပြင်ဘက်၌လည်းကောင်း၊ နယူးယောက်တွင် ပြိုလဲသွားသော ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံအနီး၌လည်းကောင်း၊ တိုင်းမ်စကွဲယား ရင်ပြင်၌လည်းကောင်း စုရုံးခဲ့ကြသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ဘင်လာဒင်နှင့်ပတ်သက် စုံစမ်းစစ်ဆေးရန် ပါကစတန်အား အမေရိကန်တိုက်တွန်း မှ



အယ်ကိုင်ဒါခေါင်းဆောင် ဘင်လာဒင်သည်ပါကစ္စတန်နိုင်ငံတွင် ထောက်ပံ့ရေးကွန်ရက်တစ်မျိုးမျိုးရှိနိုင်ကြောင်း၊ သို့သော် ယင်းကွန်ရက်တွင် အစိုးရအရာရှိများပါဝင်ခြင်း ရှိ မရှိကိုမသိရကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။ ယင်းကိစ္စကို အမေရိကန်က စုံစမ်းစစ်ဆေးရမည်ဖြစ်ကြောင်းနှင့်ပါကစ္စတန်အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးရန် ပို၍ အရေးကြီးကြောင်း စီဘီအက်စ်အင်တာဗျူးတွင် အိုဘားမားက ပြောကြားသည်။

—*Ref: BBC*

## Leader's Profile

# ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်အကြီးအကဲ အာချင်စတိန်းနာ



ရဲမင်း

အာချင်စတိန်းနာသည် သဘာဝပတ်ဝန်းကျင် နိုင်ငံရေးကျွမ်းကျင်သူ ဂျာမနီနိုင်ငံသားဖြစ်သည်။ ၂၀၀၁ မှ ၂၀၀၆ ခုနှစ် အထိ သဘာဝနှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းစောင့်ရှောက် ရေး နိုင်ငံတကာအဖွဲ့ကြီး(IUCN)၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဇွန်လမှစ၍ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

စတိန်းနာသည် ငယ်စဉ်က ဘရာဇီးနိုင်ငံတွင် ကြီးပြင်းခဲ့ပြီး အင်္ဂလန်နိုင်ငံ ဒိုဗာကောလိပ်တွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ ယင်းမှ အောက်စဖို့ဒ်တက္ကသိုလ်တွင် ဆက်လက်တက်ရောက်ခဲ့ပြီး ဒဿနိက၊ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးဘာသာရပ်များကိုလေ့လာခဲ့သည်။ သဘာဝပတ်ဝန်းကျင်မူဝါဒ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဆိုင်ရာစီမံကိန်းများ ချမှတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစီးပွားရေးပညာ ဘာသာရပ်များကိုအထူးပြု၍ လန်ဒန်တက္ကသိုလ်မှ မာစတာဘွဲ့ရရှိခဲ့သည်။

ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေး အင်စတီကျူဒ်နှင့် ဟားဗတ်စီးပွားရေးကျောင်းတို့တွင်လည်း ဧည့်သည်သိပ္ပံပညာရှင်အဖြစ် သွားရောက်ခဲ့သည့် အာချင်သည် တက္ကသိုလ်ပညာရေး ပြီးဆုံးချိန်တွင် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းနောက်တွင်မှ ဝါရှင်တန် IUCN တွင်စတင်အလုပ်လုပ်ကိုင်ပြီး အာရှ၌လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ အရှေ့တောင်အာရှတွင် မဲခေါင်မြစ်ရေဝေရေလဲဒေသများ ရေရှည်ထိန်းသိမ်းနိုင်ရေး အစီအစဉ်များ ဖော်ထုတ်ခဲ့ပြီး ဒေသခံပြည်သူများ အခြေပြု သဘာဝရင်းမြစ်စီမံခန့်ခွဲရေးအစီအစဉ်များတွင် လုပ်ကိုင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ဆည်ကြီးများကော်မရှင်၏ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းရာထူးတွင် တာဝန်ထမ်းဆောင်စဉ် အာချင်စတိန်းနာသည် ဆည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပုဂ္ဂလိက၊ အစိုးရနှင့် လူမှုအဖွဲ့အစည်းများပါဝင်စေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် IUCN သို့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြန်လည်ရောက်ရှိလာခဲ့ပြီး နိုင်ငံပေါင်း ၄၂ နိုင်ငံတွင် ခန့်အပ်ထားသည့် ဝန်ထမ်းပေါင်းတစ်ထောင်ကျော်ကို ကွပ်ကဲထိန်းကျောင်းရသည်။ အာချင်စတိန်းနာသည် ရာသီဥတုပြောင်းလဲမှုအကြောင်း၊ အစိမ်းရောင်စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းများအကြောင်း ဟောပြောပို့ချရာတွင်လည်း လူသိများထင်ရှားသည်။

၂၀၀၆ ခုနှစ်တွင် အာချင်စတိန်းနာအား ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)၏ ဦးဆောင်ညွှန်ကြားရေးမှူးနေရာအတွက် ထိုစဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမည်စာရင်းတင်သွင်းခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့တွင် ဒုတိယ သက်တမ်းအတွက် ထပ်မံရွေးချယ်ခံရသည်။

—*Ref: Wikipedia*

## ကဒါဖီ အသက်ရှင်လျက်ရှိကြောင်း ကန်ထောက်လှမ်းရေးအကြီးအကဲ ပြောကြား

**ဝါရှင်တန်၊ မေ - ၃**

သားဖြစ်သူ သေဆုံးသွားသည်ဟု သတင်းများ ထွက်ပေါ်လာသည့် နေတိုးဒုံးကျည်တိုက်ခိုက်မှုနောက်ပိုင်း လူထုမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့သည့် လစ်ဗျားခေါင်းဆောင် မာမွမ်ကဒါဖီသည် အသက်ရှင်လျက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန် ထောက်လှမ်းရေးအရာရှိများက ယုံကြည်လျက်ရှိသည်ဟု ကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီအကြီးအကဲ လီယွန်ပါနက်တာကပြောကြားသည်။

“ကဒါဖီအသက်ရှင်နေသေးတယ်လို့ ကျွန်တော်တို့ အကောင်းဆုံး ထောက်လှမ်းရေးသတင်းရထားတယ်”ဟု ပါနက်တာက NBC သတင်းဌာနနှင့် အင်တာဗျူးတွင်ပြောသည်။

၁၉၆၉ ခုနှစ် စစ်ဘက်အာဏာသိမ်းမှုဖြင့် လစ်ဗျားနိုင်ငံခေါင်းဆောင်ဖြစ်လာခဲ့သည့် ကဒါဖီသည် ဧပြီလ ၃၀ ရက်နေ့တွင် ထရီပိုလီမြို့ရှိ၎င်း၏နေအိမ်အား ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရပြီးနောက်ပိုင်း လူထုမြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ကဒါဖီသည် ယင်းတိုက်ခိုက်မှုမှ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း လစ်ဗျားအရာရှိများကပြောကြားသည်။ သို့သော် တိုက်ခိုက်မှုကြောင့် ၎င်း၏အငယ်ဆုံးသားနှင့် မြေးသုံးဦး မှာ သေဆုံးခဲ့ရသည်။

လစ်ဗျားနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ လေကြောင်းတိုက်ခိုက်မှုမှာ တစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ကဒါဖီ၏ သစ္စာခံတပ်ဖွဲ့ဝင်များနှင့် လက်နက်ချိတ်ထားသော သူပုန်များကြား တိုက်ခိုက်မှုများ ဆက်လက်ရှည်ကြာနေဆဲဖြစ်သည်။

—*Ref: Reuters*

## ဩစတြေးလျလူငယ် သုံးပုံတစ်ပုံခန့်မှာ ပုံမှန်ထက်ပို ကာမဆက်ဆံချင်ကြဟု စစ်တမ်းကဆို

**ဆစ်ဒနီ၊ မေ - ၃**

ဩစတြေးလျနိုင်ငံတွင် မကြာသေးမီက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ အသက် ၁၆နှစ်မှ ၂၄ နှစ်အရွယ်ရှိ ဩစတြေးလျအမျိုးသားသုံးပုံတစ်ပုံ(၃၁ ရာခိုင်နှုန်း) ခန့်သည် ပုံမှန်ထက် ပို၍ ကာမဆက်ဆံချင်ကြကြောင်းတွေ့ရှိရသည်ဟုသိရသည်။ အဆိုပါ သုတေသနကို ဩစတြေးလျနိုင်ငံတစ်ဝန်းမှ သုတေသီအဖွဲ့တစ်ဖွဲ့က ဆန့်ကျင်ဘက်လိင်များနှင့်သာ လိင်ဆက်ဆံသူ အသက် ၁၆ နှစ်မှ ၂၄နှစ်အရွယ် အမျိုးသား ၄,၃၀၀နှင့် အမျိုးသမီး ၄,၄၀၀ ဦးကိုအခြေပြုကာ စုံစမ်းမေးမြန်း၍ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ စစ်တမ်း၏ရလဒ်များအရ အသက် ၁၆နှစ်မှ ၂၄နှစ်အရွယ် အုပ်စုမှ ၁၂ရာခိုင်နှုန်းမှာ ပုံမှန်အောက် လျော့နည်း၍ ကာမဆက်ဆံလိုကြကြောင်း ဖော်ပြခဲ့ကြသည်။ သုတေသနတွင် ပါဝင်ခဲ့သော သုတေသီတစ်ဦးဖြစ်သူ နယူးဆောက်သ်ဝေးလ်တက္ကသိုလ် လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးပညာပါမောက္ခ ဂျူးလိယက်ရစ်ချာက “အခုရရှိတဲ့ကိန်းဂဏန်းက အနည်းစုဖြစ်ပေမယ့် အခြားအသက်အပိုင်းအခြားအုပ်စုတွေထက်ပိုပြီး ဒီအုပ်စုက သာလွန်ခဲ့တာစိတ်ဝင်စားစရာပါ။ ယောကျ်ားလေးတွေဟာ ဆက်ဆံမှုတွေမလုံလောက်ဘဲ ပိုလိုအပ်နေကြပါတယ်”ဟုရိုက်တာသတင်းသို့ပြောသည်။ သူမက လွန်ခဲ့သောငါးနှစ်က ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုတွင်လည်း ယခုကဲ့သို့ ရလဒ်မျိုးပေါ်ထွက်ခဲ့ကြောင်းဆိုသည်။ စစ်တမ်းအရ အသက် ၃၅ နှင့် ၄၄နှစ်အကြား အမျိုးသား ၅၇ ရာခိုင်နှုန်းမှာ ပုံမှန်ထက် ဆက်ဆံမှုပိုကာ ယင်းအရွယ် အပိုင်းအခြားအုပ်စုမှ အမျိုးသမီး ၂၈ ရာခိုင်နှုန်းကသာ ထိုကဲ့သို့ပိုကြောင်းဖြေခဲ့သည်။ ကျန် ၁၄ရာခိုင်နှုန်းကမူ ပုံမှန်ထက် လျော့နည်း၍သာ လိုချင်ကြောင်းဖြေခဲ့သည်။ ထို့ပြင် အသက် ၅၅ မှ ၆၄ နှစ်အရွယ် အမျိုးသားအုပ်စု၏ ၅၀ ရာခိုင်နှုန်းမှာပုံမှန်ထက် ပိုမိုဆက်ဆံချင်ကြောင်းဖြေခဲ့ပြီး ယင်းအရွယ်အုပ်စုမှ အမျိုးသမီး ၂၇ရာခိုင်နှုန်းကလည်း ထိုကဲ့သို့ လိုချင်ကြောင်း ဖြေကြားခဲ့ကြသည်။

—*Ref: Xinhua*

JOB VACANCY

7Day News Journal

- Marketing Executive F (2) posts

7 DAY NEWS

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011





# သန့်ရှင်းသောမီးဖိုများရရှိရေး ပူးပေါင်းဆောင်ရွက်နေသူ ဟီလာရီကလင်တန်၊ ဂျူလီယာရောဘတ်တို့နှင့် ထူးထူးခြားခြားတွေ့ဆုံခြင်း

**ကျော်မျိုး**

အမေရိကန်ရဲ့ လက်ရှိ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ နိုင်ငံရေးလောကမှာ ကျော်ကြားသူဖြစ်ပြီး ဟောလိဝုဒ်မင်းသမီးဂျူလီယာရောဘတ်ကတော့ ကမ္ဘာ့ရုပ်ရှင်လောကမှာ ကျော်ကြားသူတစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ထိပ်ဆုံးက အောင်မြင်နေကြတဲ့ အမျိုးသမီးတွေဖြစ်တာချင်းတူညီသလို ကိုယ်တိုင်လည်း အလုပ်လုပ်ကိုင်ပြီး အိမ်ထောင်ကိုထိန်းကျောင်းနေတဲ့မိခင်တွေworking momsဖြစ်နေတာကလည်းတူညီနေပါတယ်။ နောက်ထပ် တူညီတာတစ်ချက်ကတော့ သူတို့နှစ်ဦးဟာ အမေများနေ့မှာ ရုပ်သံကနေလွှင့်မယ့် 'ထူးထူးခြားခြား အမေများ' (Extraordinary Moms) အစီအစဉ်မှာ တွဲဖက်ပါဝင်ထားသလို Global Alliance for Clean Cookstoves လူမှုရေးအဖွဲ့မှာလည်း အတူတကွပူးပေါင်းလုပ်ကိုင်နေကြသူတွေပါ။ ဒါကြောင့် ပြီးခဲ့တဲ့ မေ ၂ရက်နေ့က တိုင်းမ်မဂ္ဂဇင်းမှာ ဟီလာရီကလင်တန်နဲ့ ဂျူလီယာရောဘတ်နှစ်ဦးစလုံးကို အင်တာဗျူးလုပ်ထားတာလေးကိုပဲ လုံးစေ့ပတ်စေ့ မြန်မာလိုပြန်လည်တင်ဆက်ပေးလိုက်ရပါတယ်။

**မေး - နိုင်ငံခြားရေးဝန်ကြီးနဲ့ စူပါစတားသရုပ်ဆောင်ဆိုတာ သိပ်မလိုက်ဖက်တဲ့အတွဲမျိုးပါ။ ဝန်ကြီးနဲ့မင်းသမီးတို့နှစ်ယောက်ကို ဘာနဲ့တွဲဖက်မိသွားစေတာလဲ။**

**ဟီလာရီ**(ရယ်လျက်) - ဟုတ်ကဲ့။ ကျွန်မက သူနဲ့ကောင်းကောင်းမသိခင်ကတည်းက ဂျူလီယာရဲ့ ပရိသတ်ဖြစ်ခဲ့တာပါ။ သူနဲ့ သိကျွမ်းတာ နှစ်တွေကြာလာတော့ ကျွန်မက အခု သူ့ရဲ့ အမာခံပရိသတ်ကိုဖြစ်နေပြီလေ။ ပြီးတော့ သူကလည်း ဒီအံ့သြစရာ အထူးအစီအစဉ် Extraordinary Moms မှာ ပါဝင်ထားခဲ့တယ်။ ကျွန်မအထင်တော့ အမေများနေ့ဝန်းကျင်လောက်မှာ ရုပ်သံကလွှင့်မယ်ထင်တယ်။ ဟုတ်တယ်မဟုတ်လား။

**ဂျူလီယာ** - ဟုတ်ပါတယ်။ မေ ၇ ရက်နေ့ပါ။

**ဟီလာရီ** - ဒါကြောင့် ကျွန်မတို့ အဲဒီကိစ္စကို အချိန်ပေးပြီး အတူတကွလုပ်ရပါဦးမယ်။ သူ ဒီကိုရောက်လာတုန်းက ကျွန်မက လည်း 'သန့်ရှင်းသော မီးဖိုရရှိရေး ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့' Global Alliance for Clean Cookstoves မှာ အားကြိုးမာန်တက်အလုပ်လုပ်နေတာပါ။ သူနဲ့အတူ အဲဒီအကြောင်းကို အချိန်ပေးပြီးပြောဆိုဆွေးနွေးဖြစ်တော့ သူလည်း သိပ်စိတ်ဝင်စားလာခဲ့တယ်။ ဂျူလီယာက ကျွန်မတို့အဖွဲ့အတွက် ကမ္ဘာလုံးဆိုင်ရာသံတမန်ဖြစ်တော့မှာမို့ ကျွန်မ သိပ်ပျော်ရွှင်မိပါတယ်။

**မေး - ထမင်း၊ ဟင်းချက်တဲ့ မီးဖိုတွေဆိုတာက ဝန်ကြီးတို့ နှစ်ဦးစလုံးအတွက် သိပ်သေးငယ်တဲ့ကိစ္စလေးတစ်ခုလိုပါပဲ။ ဘာကြောင့် ဒါကိုရွေးချယ်ရတာပါလဲ ဂျူလီယာ။**

**ဂျူလီယာ** - ဒီကိစ္စက တကယ်တမ်းတော့ မသေးဘူးရှင့်။ ဒါက ကမ္ဘာတစ်ဝန်းမှာ ကိုယ့်မိသားစုကို စောင့်ရှောက်ဖို့ကြိုးစားနေတဲ့ မိန်းမတွေ၊ မိခင်တွေနဲ့ပတ်သက်လို့ ပြဿနာတွေအများကြီးပြောပြနိုင်ပါတယ်။ ပြီးတော့ မိသားစုအတွက် ထမင်း၊ ဟင်းချက်ပြုတ်နေစဉ်မှာ သူတို့ရလိုက်ကြတဲ့ အဆိပ်အတောက်တွေအကြောင်းလည်း ပြောနိုင်ပါတယ်။ ကျွန်မမှာ နေ့တိုင်း ထမင်း၊ ဟင်းချက်ပြုတ်ရတာသိပ်ပျော်စရာပါ။ ဒါပေမဲ့ အဲဒါက ကမ္ဘာတစ်ဝန်းက အမျိုးသမီးတွေကိုလည်း ကြောက်စရာအန္တရာယ်ပေးနေတာပါ။

**မေး - ဒါဆို ပြဿနာက သူတို့ရဲ့ ချက်ပြုတ်ပုံမှာဖြစ်တာလား။**

**ဟီလာရီ** - လူတိုင်းကတော့ (မီးဖိုနဲ့) ချက်ပြုတ်ထားတဲ့ အစားအစာကိုပဲ စားနေကြတာလေ။ တချို့ကတော့ သိပ်ပိန်ပြီး တချို့ကျသိပ်ဝနေကြတယ်။ ဒါပေမဲ့ ကမ္ဘာတစ်ဝန်းမှာ လူနှစ်သန်းနီးပါးလောက်ကတော့ အများစုက မိန်းမနဲ့ကလေးတွေပေါ့လေ။ နှစ်စဉ်နှစ်တိုင်းပဲ ဒီ ကျွန်မတို့ ကာကွယ်လှုပ်ရှားနေတဲ့ ချက်ရေးပြုတ်ရေးကိစ္စကြောင့်ပဲ သေဆုံးနေကြရတာ။ ဘာလို့လဲဆိုတော့ သူတို့က (ချက်ပြုတ်ရေးမှာ မီးဖိုသုံးရင်း) ထင်းလို၊ နောက်ချေးခြောက်လို၊ ကောက်ရိုးလို လောင်စာတွေသုံးရင်းက ထွက်လာတဲ့မီးခိုးတွေကို ရှူရှိုက်မိနေကြလို့ပါ။ ဒီနှုန်းက နှစ်တိုင်း ငှက်ဖျားနဲ့ တီဘီရောဂါတွေနဲ့ သေဆုံးကြရတဲ့ လူအရေအတွက်စုစုပေါင်းနီးပါးလောက်ကိုရှိနေတယ်။ အဲဒါနဲ့ ကျွန်မတို့လည်း ကိုယ်တွေအားလုံးအပေါ်မှာရှိနေတဲ့ ဒီပြဿနာကိုမြင်လာခဲ့တာပါ။ အကြောင်းက ကမ္ဘာကြီးရဲ့ မီးခိုးငွေ့ကာဗွန်ဓာတ်ထုတ်လွှတ်မှုငါးပုံတစ်ပုံကလည်း မီးခိုးတွေဆီက နေလာတာပါ။ ကျွန်မတို့က လာမယ့်နှစ်ပေါင်းများစွာအတွင်း နေအိမ်သန်းပေါင်းများစွာမှာ ပိုပြီးထိရောက်တဲ့၊ သန့်ရှင်းတဲ့ မီးဖိုတွေရှိနေစေဖို့ရည်ရွယ်လုပ်ဆောင်နေတာပါ။



**မေး - ဝန်ကြီးရော၊ မင်းသမီးပါ အောင်မြင်တဲ့ အလုပ်တစ်ဖက်နဲ့ မိခင်တွေ ဖြစ်နေကြပါတယ်။ တခြားအလုပ်တစ်ဖက်နဲ့ မိခင်တွေအတွက်ရော ဘာများအကြံပေးချင်သလဲ။**

**ဂျူလီယာ** - သူနဲ့ ကျွန်မ အလုပ်တစ်ဖက်နဲ့ မိခင်တွေဖြစ်ရတဲ့အကြောင်း ဆွေးနွေးမိတော့ နိုင်ငံခြားရေးဝန်ကြီးက တကယ်အရေးကြီးတဲ့ကိစ္စတစ်ခုကိုပြောပါတယ်။ အဲဒါကတော့ ရှင်ဟာ တချို့ကိစ္စတွေကို သူ့ဟာသူထားရမယ်တဲ့။ ကိုယ့်ဘဝနဲ့ကိုယ် နေတာတွေကိုလည်း ကိုယ်အာရုံကျရာမှာ ဖြည်းဖြည်းချင်းနဲ့ သိမ်သိမ်မွေ့မွေ့ပြန်လည်ဦးစားပေးလုပ်ပါတဲ့။ ဒီလိုမျိုး စိတ်ချမ်းသာစရာကို သိပ်ပြီးပြည့်စုံတဲ့တစ်စုံတစ်ယောက်၊ သမီးချောလေးတစ်ယောက်ကို ပျိုးထောင်ခဲ့တဲ့သူ့လိုတစ်ယောက်ဆီက ကြားရတာလေးပါ။ သူက စိတ်သက်သက်သာသာနေပါတဲ့။

**မေး - ဒါဆို ပြန်လည်ဦးစားပေးတာထဲမှာ (ဗြိတိန်)တော်ဝင် မင်္ဂလာပွဲကို စောင့်ကြည့်တာရော ပါခဲ့သေးလား။**

**ဂျူလီယာ** - ကျွန်မကတော့ (မင်္ဂလာပွဲကို) သမီးဟေဇယ်နဲ့အတူ ထိုင်ကြည့်ခဲ့တယ်။ သိပ်စိတ်လှုပ်ရှားစရာကောင်းပါတယ်။

**ဟီလာရီ** - အိုး. . . ကျွန်မလည်း အဲလိုပဲ။ ကျွန်မက သမီးနဲ့ အီးမေးလ်ပို့ရင်းကြည့်ဖြစ်တယ်။ ကျွန်မတို့နဲ့အတူနေတဲ့ ကျွန်မရဲ့ ၉၂ နှစ်အရွယ်အမေကလည်း ကြည့်ဖြစ်ခဲ့တယ်။ ဒီတော့ ကျွန်မ မိသားစုမှာ မျိုးဆက်သုံးဆက်စလုံးက မိန်းမတွေဟာ တော်ဝင်မင်္ဂလာပွဲကိုကြည့်ဖြစ်ခဲ့တာပေါ့။ နေ့တိုင်း ကမ္ဘာတစ်ဝန်းမှာဖြစ်နေတာနဲ့ ပတ်သက်လို့ ခက်ခဲတဲ့၊ နာကျင်ရတဲ့ ဆုံးဖြတ်ချက်တွေ အများကြီးလုပ်နေရတော့ ဒီလူငယ်နှစ်ဦး (မင်းသီးဝီလီယံနှင့် ကိတ်မစ်ဒယ်တန်ကိုရည်ညွှန်းသည်)ရဲ့ ပျော်ရွှင်မှုကို ကျွန်မလည်း ပီတိဖြစ်ခဲ့ရပါတယ်။

**မေး - မစ္စဟီလာရီခင်ဗျ။ ဂျူလီယာက ဝန်ကြီးကို သူ့ပထမဆုံးဇာတ်ရုပ်တွေထဲက တစ်ခုဟာ လစ်ဒီဒိုးလ်အဖြစ် သရုပ်ဆောင်ခဲ့တာပဲဆိုတာရော ပြောပြခဲ့ဖူးလား။**

**ဟီလာရီ**(ရယ်လျက်) - ဟုတ်ကဲ့။ လစ်ဒီဒိုးလ်ကတော့ ကျွန်မ မိတ်ဆွေတစ်ဦးပါ။ ဒါပေမဲ့ ဂျူလီယာကို အဲဒီလို သရုပ်ဆောင်တာမမြင်ဖူးပါဘူး။

**ဂျူလီယာ** - အဲဒါကတော့ ကျွန်မ ကျောင်းသူဘဝမှာ နိုင်ငံရေးအရ စမ်းသပ်တီထွင်မှုလုပ်ခဲ့တာရဲ့ တစ်စိတ်တစ်ပိုင်းပါ။ ဒါကြောင့် အဲဒါ တကယ်သရုပ်ဆောင်ခဲ့တာတော့ မဟုတ်ပါဘူး။ အဲဒါက နိုင်ငံရေးပါ။

*—Ref: Times*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.8 • MAY 12, 2011



## ပြည်ပဖျော်ဖြေပွဲတွေမှာ ပွဲထိန်းတော်တဲ့ ချစ်သုဝေ

**အေးသူစံ**

**ရန်ကုန်၊ မေ ၇**

အဆိုတော် ချစ်သုဝေသည် ပြည်ပဖျော်ဖြေပွဲများ၌ သွားရောက်ဖျော်ဖြေသည့်အခါများတွင် ပြည်ပရောက်မြန်မာများ၏ လှိုက်လှိုက်လှဲလှဲအားပေးမှုကိုရရှိလေ့ရှိပြီး ရှိုးပွဲပရိသတ်များအပေါ် ပွဲထိန်းသည့် ပါဖောမန့်ကိုလည်း ကျွမ်းကျင်သည့်အတွက် ပြည်ပဖျော်ဖြေပွဲအတွေ့အကြုံကို မေးကြည့်ရာ ယခုကဲ့သို့ ပြောပြသည်။

“ထရီဇာ နိုင်ငံခြားသွားလို့ရှိရင် ထရီဇာ့ကို ပရိသတ်တွေက အရမ်းအားပေးကြတယ်။ အရမ်းချစ်ကြတယ်။ နွေးလည်းနွေးထွေးတယ်။ နိုင်ငံခြားမှာရှိတဲ့မြန်မာတော်တော်များများဟာ ရုန်းကန်ကြရတာများတော့ သူတို့အတွက် သီချင်းမြူးမြူးလေးတွေ များများရွေးတယ်။ သူတို့နဲ့ စကားလေးတွေလည်းပြောပေးတယ်။ ထရီဇာ သူတို့အပေါ်မှာ မေတ္တာထားလို့လားမသိဘူး။ အရုပ်တွေပေး၊ သူတို့စုထားတဲ့ ပိုက်ဆံတွေပေးနဲ့ မေတ္တာရောင်ပြန်ဟပ်တာပေါ့။ မလေးရှားမှာ 8 Ladies Show သွားဆိုတုန်းကလည်း မလေးရှားပရိသတ်တွေက ထရီဇာကို ဆုတွေ ပေးကြတယ်။

စာ(၄၉)သို့



## C talk ဇော်ဝင်းထွဋ်

ချမ်းခိုက်ခိုက်


**အင်ပါယာတီးဝိုင်းရဲ့ပွဲကိုင်ရှင်လို့ ပြောရမယ့် ရော့ခ်အဆိုတော်ကြီးဇော်ဝင်းထွဋ်ဟာ ၂၀၀၈ ခုနှစ်ကုန်ပိုင်းက အရှိန်အဟုန်ကောင်းကောင်းနဲ့ပေါ်ပေါက်လာတဲ့ အွန်လိုင်းမီဒီယာများထဲကတစ်ခုဖြစ်တဲ့ Bagan FM ရေဒီယိုလိုင်းမှာ Program Consultant အနေနဲ့ တာဝန်ယူလုပ်ကိုင်နေပါတယ်။ အဆိုတော်ဘဝကနေ မီဒီယာသမားဖြစ်လာခဲ့တဲ့ ဇော်ဝင်းထွဋ်က သူ့ရဲ့မီဒီယာသမားဘဝကိုယခုလို ပြောပြခဲ့ပါတယ်။**

နဂိုတည်းက ကျွန်တော် ရေဒီယိုတစ်ခုလုပ်မယ်ပေါ့နော်။ ဒါလည်း ဖျော်ဖြေရတဲ့အလုပ်တစ်ခုပဲလေ။ အဆိုတော်တစ်ယောက်အနေနဲ့ကျတော့ သိပ်တာဝန်မရှိဘူးပေါ့နော်။ လူတွေသိတဲ့၊ လူတွေ နားထောင်ချင်တဲ့သီချင်းတွေကို ဆိုပြရတာ။ အခုကျတော့ သီချင်းဆိုတာမဟုတ်ဘဲနဲ့ တာဝန်တစ်ခုအနေနဲ့ ပိုပြီးဒီ့ထက်ပိုလေးနက်တဲ့၊ လူတွေ မျက်စိပွင့်၊ နားပွင့်ဖြစ်စေမယ့်အပိုင်းကို သွားချင်တယ်။ ဒီအပိုင်းကျတော့ ရေဒီယိုက ပိုကောင်းတယ်။ ရေဒီယိုလုပ်ဖို့ ကျလာတဲ့အခါကျတော့ လုပ်ဖြစ်လိုက်တယ်။

ရေဒီယိုဆိုတာ စလွှင့်ကတည်းက ရပ်လို့မှမရတာ။ အတွေ့အကြုံကလည်း တစ်ရက်နဲ့တစ်ရက် မတူဘူးပေါ့။ မနက်မိုးလင်းတာနဲ့ ငါးနာရီကနေစပြီး အသံထွက်ရတာကိုး။ ည ၁၁ နာရီအထိဆိုတော့ အဲဒီတောက်လျှောက် ပရိုဂရမ်တွေအချိန်မီပြီးအောင်၊ အဲဒီပရိုဂရမ်တွေရဲ့အဆင့်အတန်းပေါ့။ ဒီပရိုဂရမ်တစ်ခုက အဆင့်အတန်းမီရဲ့လား။ မက်ဆေ့ချ်တစ်ခုခုရရဲ့လား စတဲ့တာဝန်တွေ အများကြီးရှိသွားတယ်။ ကျွန်တော့်အတွက် တစ်ခုကံကောင်းတာက ခြောက်လလောက်အတွင်းမှာ ကျွန်တော့်ရုံးကခန့်ထားတဲ့ ဝန်ထမ်းတွေကအရမ်းအားကိုးရလို့ အဆင်ပြေသွားတယ်။

အစက ရေဒီယိုဆိုတာ ဘယ်ကအသံထွက်မှန်းတောင် မသိဘူး။ ရေဒီယိုရဲ့သဘောကတော့ Live ဖြစ်နေဖို့လိုတာပေါ့။ ပုံသေကြီးပဲဆို ပျင်းစရာကောင်းတယ်။ ရေဒီယိုဆိုတာ ခန့်မှန်းရခက်ရမယ်။ အမြဲတမ်းပြောင်းလဲနေရမယ်။ အခုကျတော့ ကိုယ့်လက်ကိုယ့်ခြေအကုန်လုပ်ရတာကိုး။ တိုင်ကအစ ကိုယ်တိုင်ထောင်၊ ဘယ်နှကီလိုဝပ်သုံးမလဲဆိုတာကအစ ကိုယ့်ဟာကိုယ်လုပ်ရတော့ တော်တော်လေးကို ဗဟုသုတရတယ်။ လွှင့်တဲ့အပိုင်းကတော့ စိတ်ကို ရှင်းရှင်းပဲထားပါတယ်။ ဘာကြီးတွေလွှင့်ပြလိုက်မယ်လို့မရှိပါဘူး။

စာ(၄၉)သို့



## အိမ်ထောင်ရေး ပြဿနာကြောင့် သီချင်းမဆိုနိုင်မှာ ကြောက်ခဲ့ရတဲ့ ရှာနီယာတွိန်း

**လော့စ်အိန်ဂျလိစ်၊ မေ - ၅**

အမေရိကန်ကျေးလက်ဂီတအဆိုတော် ရှာနီယာတွိန်းသည် အိမ်ထောင်ရေးပြိုကွဲမှုကြောင့် စိတ်ဒုက္ခရောက်ကာ နောက်ထပ် သီချင်းမဆိုနိုင်တော့မည်ကိုကြောက်ရွံ့မိနေကြောင်း မကြာမီက ဝန်ခံပြောကြားလိုက်သည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ပထမဆုံး ရုပ်သံအင်တာဗျူးအဖြစ် အော်ပရာဝင်းဖရေးနှင့်တွေ့ဆုံခဲ့ရာတွင် တွိန်းက ယခုကဲ့သို့ ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။ သူမက ၂၀၀၈ ခုနှစ်တွင် သူမ၏ အခင်ဆုံးသူငယ်ချင်းနှင့်ခင်ပွန်းသည်တို့ဇာတ်လမ်းဖြစ်ခဲ့ပြီးနောက် အကြီးအကျယ်စိတ်ဓာတ်ကျခဲ့ရကြောင်းဆိုသည်။ ဝင်းဖရေးနှင့် အင်တာဗျူးတွင် ဂရမ်မီဆုငါးကြိမ်ရ အဆိုတော်တွိန်းက “ကျွန်မဟာ စိတ်ဓာတ်ပိုင်းအရ နောက်ထပ်သီချင်းလုံးဝမဆိုချင်တော့လောက်အောင်ကို ဖြစ်ခဲ့ရပါတယ်။ ကျွန်မက ခင်ပွန်းဟောင်း ရောဘတ်ဂျွန်မပါဘဲ သီချင်းတစ်ပုဒ်မှမရေးတတ်တော့တာ ၁၄နှစ်တောင်ရှိခဲ့တာပါ။ ကျွန်မ ဘယ်လိုသီချင်းရေး၊ သီချင်းဆိုရပါ့မလဲ”ဟုပြောသည်။ တွိန်း၏ ခင်ပွန်းဟောင်းဂျွန်သည် သူမ၏သီချင်းများကို တွဲဖက်ရေးသားပေးသူဖြစ်ရုံသာမက သူမ၏ ထုတ်လုပ်သူလည်းဖြစ်ခဲ့သည်။ ရှာနီယာတွိန်းသည် ရောဂတ်ဂျွန်နှင့် ၁၄ နှစ်ကြာ အိမ်ထောင်ကျခဲ့ပြီးနောက် အိမ်ထောင်ရေးပြိုကွဲချိန်မှစ၍ သီချင်းမဆိုနိုင် ဖြစ်ခဲ့ရပြီး ဂီတလောကနှင့် တဖြည်းဖြည်းကင်းကွာသွားခဲ့သည်။ သူမသည် ယခုအခါ လာမည့်ဇွန်လတွင်ပြုလုပ်မည့် ကျေးလက်ဂီတအသင်းပွဲတော်သို့ပြန်လည်တက်ရောက်ရန်ကြေညာထားပြီး ဘဝမှတ်တမ်းစာအုပ်တစ်အုပ်နှင့် ရုပ်သံမှတ်တမ်းရုပ်ရှင်တစ်ကားထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ တွိန်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁ရက်မှစ၍ တစ်ချိန်က သူမ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်ဖူးသူ အမျိုးသမီးတစ်ဦး၏ ခင်ပွန်းဟောင်း ဖရက်ဒရစ်သီဘော့နှင့် လက်ထပ်ထားသည်။ —*Ref: Reuters*

## အိုင်ဖုန်းကြောင့် ထိုင်းလေဆိပ်မှာ တစ်နေ့ကုန်သောင်တင်ခဲ့ရတဲ့ ထွန်းထွန်း

**အေးသူစံ**

**ရန်ကုန်၊ မေ - ၅**

နှင်းဆီအဖွဲ့သားများနှင့်အတူ နယူးဇီလန်နိုင်ငံသို့ ဖျော်ဖြေရေးသွားရောက်ခဲ့သော အဆိုတော် ထွန်းထွန်း(Examplz)သည်အပြန်ခရီးတွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်၌လေယာဉ်ပြောင်းစီးရန် ရောက်ရှိစဉ် သူ၏အိုင်ဖုန်းမှာပျောက်သွား၍ ပြန်ရှာရင်း လေယာဉ်ထွက်ချိန်မမီလိုက်သဖြင့် လေဆိပ်၌ တစ်နေ့ကုန် စောင့်ဆိုင်းနေခဲ့ရကြောင်း ထွန်းထွန်း၏ မိခင်ဖြစ်သူကပြောသည်။



နယူးဇီလန်နိုင်ငံမှအပြန် ထိုင်းလေဆိပ်တွင် ရန်ကုန်သို့ ပျံသန်းမည့် ထိုင်းလေကြောင်း Check-in ကောင်တာအရောက် ထွန်းထွန်းသည် သူ၏ဖုန်းကိုရှာရာမတွေ့တော့သဖြင့် ထိုင်းလေဆိပ်၌ ခေတ္တနားရာနေရာတွင် ကျန်ရစ်ခဲ့သည်အထင်နှင့် ထိုနေရာသို့ သွားရောက်ရှာဖွေရင်း လေယာဉ် ထွက်ချိန်မမီတော့သဖြင့် ညနေထွက်ခွာမည့်လေယာဉ်အားထိုင်စောင့်နေခဲ့ရသည်။

“သားက ဖုန်းကို အမြဲ ဘောင်းဘီအိတ်ထဲ ထည့်ထားတာ။ လေယာဉ်ထွက်ခါနီး ဖုန်းကို အိတ်ထဲပြန်စမ်းကြည့်တော့မတွေ့တော့ ကျောပိုးအိတ်ထဲရှာတယ်။ ကျောပိုးအိတ်ထဲကိုသေချာ မရှာဘဲ သူ့ဖုန်းပျောက်ပါပြီဆိုပြီး နားပြီးအင်တာနက်သုံးခဲ့တဲ့နေရာကိုသွားပြန်ရှာတာ။ သူ အဲဒီ့နေရာကို ပြေးသွားတဲ့အချိန်မှာပဲ ဖုန်းက ကျောပိုးအိတ်ထဲက ပြန်ရှာတွေ့နေပြီ။ အားလုံး အော်ခေါ်တာတောင် သူက မကြားတော့ဘူး။ အဲဒါနဲ့ သူနဲ့ အန်တီတို့နှစ်ယောက်ကျန်ခဲ့တယ်”ဟု ထွန်းထွန်း၏ မိခင်ကပြောသည်။

ထိုင်းလေဆိပ်တွင်ထွန်းထွန်းနှင့် နှင်းဆီအဖွဲ့သားများ ခဏတာနားနေခဲ့သည့်နေရာနှင့် ရန်ကုန်သို့ ထွက်ခွာမည့် လေယာဉ်ရပ်နားရာ ထိုင်းလေကြောင်းလိုင်းကောင်တာနေရာမှာ အလွန်ဝေးကွာသဖြင့်လေယာဉ်မမီခဲ့ခြင်းဖြစ်ကြောင်းရှင်းပြသည်။

7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## ကိုယ်ပိုင်သံစဉ်ဖန်တီးမှု မြင့်တက်လာ

**နေလင်းအောင်**

**ရန်ကုန်၊ မေ-၂**

စတူရီယိုခေတ်ဦးကာလမှ စတင်၍ နှစ်ပေါင်း ၄၀ ကျော် ကော်ပီသီချင်းများနှင့် အသားကျခဲ့သော ဂီတလောကတွင် ကိုယ်ပိုင်သံစဉ်ဖန်တီးမှုများ ယခုနှစ်ပိုင်းတွင်မြင့်တက်လာကြောင်း ဂီတလောကသားများက ပြောကြားသည်။

ခေတ်ပေါ်ဂီတများဖြစ်သည့် Pop, Rock, R&B အစရှိသည့် တေးဂီတဖန်တီးသီဆိုမှုများတွင် ယခင်က နိုင်ငံတကာမှ သီချင်းကောင်းများကို မြန်မာမှုပြုသီဆိုခဲ့ကြရာမှ ယခု ၂ နှစ်၊ ၃ နှစ်တာကာလအတွင်း ကိုယ်ပိုင်သံစဉ်များ သိသာစွာအောင်မြင်လာကြောင်း သိရှိရသည်။

ယင်းသို့ ပြောင်းလဲလာခြင်းမှာ အဓိကအားဖြင့် လူငယ်ဂီတသမားများကြောင့်ဖြစ်ပြီး ဖန်တီးလေ့လာမှုတွင် ပိုမိုအားကောင်းလာပြီး ခေတ်အခြေအနေအရလည်း ပရိသတ်များ၏ အကဲဖြတ်အားပေးမှု ပုံစံများပြောင်းလဲလာခြင်းကြောင့်ဖြစ်ကြောင်း ဂီတပညာရှင်တစ်ဦးဖြစ်သူ အဆိုတော်မိရာမိုရ်ကဆိုသည်။

"Own Tune တွေကတော့ သိသိသာသာလေးများလာတယ်။ ဒါက ကောင်းတဲ့အခြေအနေတစ်ရပ်ပေါ့။ဘာကြောင့် Own Tune တွေ အောင်မြင်မှုများလာတယ်ဆိုရင် လူငယ်တွေ သတ္တိကောင်းလာတယ်။ နောက် Team Work လေးတွေနဲ့ ဆိုတော့Own Tune ကတစ်ယောက်တည်းကောင်းလို့ လုပ်လို့မရဘူး။ အတီး၊ အဆို၊ အသံဖမ်း၊ Mixing ကအစပေါင်းလုပ်မှ ကောင်းတာဆိုတော့ အခုလူငယ်တွေမှာ ဒီအပိုင်းတွေ တော်တော်လေး ကောင်းလာတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကြောင့် လို့လည်းမြင်ပါတယ်" ဟု မိရာမိုရ်က သုံးသပ်ပြောကြားသည်။

ထို့ပြင် ၂၀၀၀ ခုနှစ်နောက်ပိုင်းနှစ်များတွင် အဆိုတော်တစ်ဦးတည်း မဟုတ်ဘဲ အဖွဲ့လိုက် ပုံစံဖြင့် ဖန်တီးသည့်လူငယ်အဖွဲ့များများစွာ ပေါ်ထွက်ခဲ့ပြီး လက်ရှိကာလတွင် ကိုယ်ပိုင်သံစဉ်သီချင်းများမှာယင်းလူငယ်များထံမှအများဆုံးထွက်ပေါ်နေကြောင်း သိရသည်။

တီးဝိုင်းများ၏ အဆိုအရ လက်ရှိတွင်လူငယ်တေးဂီတအဖွဲ့များမှာ ၃၀ ဝန်းကျင်ခန့်ရှိနေကြောင်း သိရသည်။


ယင်းနှင့်ပတ်သက်၍ ကီးဘုတ်အတီးသမားတစ်ဦးက "အခုတက်လာတဲ့ လူငယ်တွေ တော်ပါတယ်။ Reason (အောင်လ)တို့၊ Raymond တို့ ဖန်တီးထားတာလေးတွေက တော်တော်လေး ပရိသတ်နဲ့ အံ့ဝင်ခွင်ကျဖြစ်တယ်။ တေးဂီတဖန်တီးမှုပိုင်းမှာတော့ Idiot က Raymond ကို ပိုကြိုက်တယ်" ဟု ဆိုသည်။

လူငယ်ဂီတသမားများနည်းတူ ယခင်က နိုင်ငံတကာရှိရော့ခ်သီချင်းများနှင့် အောင်မြင်မှုအလုံးအရင်းရရှိခဲ့သောအိုင်းရင်းခရော့ခ်အဖွဲ့မှအဆိုတော်ကြီးများလည်းကိုယ်ပိုင်သံစဉ်များဘက်လမ်းကြောင်းပြောင်းလဲခဲ့ပြီး Own Tune ကိုယ်ပိုင်သံစဉ် သီးသန့်ရေးသားဖန်တီးသည့် တေးရေးအများအပြား ပေါ်ထွက်လာခဲ့သည်။

လက်ရှိ ကိုယ်ပိုင်သံစဉ် ဖန်တီးမှုများနှင့်ပတ်သက်၍ တက်သစ်စလူငယ်တေးသံရှင် တစ်ဦးကမူ "ပြောရရင်တော့ ကျွန်တော်တို့လည်း ကော်ပီတွေနဲ့ပဲ ကြီးပြင်းခဲ့တာပါပဲ။ ဒါပေမဲ့ ကြာနေပြီဗျာ။ ကြိုက်တယ် ကော်ပီတွေ။ ဒါပေမဲ့ မလုပ်ချင်တော့ဘူး။ တော်ပြီးပေါ့ ဒီလောက်ယူပြီးသွားကြရင် ကျွန်တော့်အနေနဲ့ကတော့အဆင့်မီတယ်ပြောပြော၊

စာ(၄၉)သို့

## ၂၀၁၁ ၏ ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် ရိုဆီဟန် တင်တန်ဝစ်တလေ သတ်မှတ်ခံရ



**လန်ဒန်၊ မေ - ၄**

ဗြိတိန်မှ Victoria's Secret အဝတ်အထည်များ၏ ပင်တိုင်ကြော်ငြာမော်ဒယ် ရိုဆီဟန်တင်တန်ဝစ်တလေသည်နာမည်ကျော်အမျိုးသားမဂ္ဂဇင်း Maxim ၏ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်း People မဂ္ဂဇင်း၏ဝက်ဘ်ဆိုက်ကဖော်ပြလိုက်သည်။ အဆိုပါ Maxim မဂ္ဂဇင်းသည် ပြီးခဲ့သည့် မေလ ၃ ရက်က ၎င်း ၏ နှစ်စဉ်ထုတ်ပြန်နေကျ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီး ၁၀၀ စာရင်းကိုထုတ်ပြန်လိုက်ရာ ဟန်တင်တန်ဝစ်တလေက ၂၀၁၁ ၏ နံပါတ်တစ် ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။ ဟန်တင်တန်သည် ယခုနွေရာသီတွင်ထွက်ရှိခဲ့သော Transformers: Dark of the Moon ဇာတ်ကားတွင် မင်းသားရှီယာလဲဘော့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ပြီးခဲ့ သည့်နှစ်က မဂ္ဂဇင်း၏ နံပါတ်တစ် ဆွဲဆောင်မှုအရှိဆုံးဆုရခဲ့သူ မီဂန်ဖောက်စ်မှာမူ ယခုနှစ်စာရင်းတွင် နံပါတ် ၁၇ နေရာချိတ်ခဲ့သည်။ ယခုနှစ် မဂ္ဂဇင်း၏စာရင်းတွင် တော်ဝင်မင်းသမီးဖြစ်လာသူ ကိတ်မစ်ဒယ်တန်မှာ နံပါတ် ၂၆၊ ဟယ်ရီပေါ်တာဇာတ်ကားများ၏ မင်းသမီးငယ် အမ်မာဝပ်တ်ဆန်မှာ နံပါတ် ၆၉၊ မိုင်လေးဆိုင်းရပ်စ် မှာ နံပါတ် ၆၄ ရခဲ့သည်။ ကင်မရွန်းဒိုင်ယက်ဇ်မှာ နံပါတ် ၄၊ စကားလက်ဂျိုဟန်ဆင်မှာ နံပါတ် ၁၄၊ လင်ဆေးလိုဟန်မှာ နံပါတ် ၃၈ နေရာအသီးသီးရခဲ့သည်။

*—Ref: People*




## မင်္ဂလာနှစ်ပတ်လည်မှာ အမြွှာပူးလေးမွေးခဲ့တဲ့ မာရီယာကာရေး

**နယူးယောက်၊ မေ - ၃**

အမေရိကန်ပေါ့ပ်အဆိုတော် မာရီယာကာရေးသည် ခင်ပွန်းသည် နစ်ခ်ကင်နွန်နှင့် အိမ်ထောင်သက်လေးနှစ်ပြည့် နှစ်ပတ်လည်တွင် မိသားစု၏ ပထမဆုံး ကလေးများဖြစ်သည့် အမြွှာမောင်နှမကို မွေးဖွားခဲ့ကြောင်း အမ်တီဗီဝက်ဘ်ဆိုက်ကဖော်ပြခဲ့သည်။ ဂရမ်မီဆုငါးကြိမ်ရ နာမည်ကျော်အဆိုတော် မာရီယာကာရေးသည် ယင်းအမြွှာမောင်နှမကို လော့စ်အိန်ဂျလိစ်ဆေးရုံတွင် မေလ ၃ ရက် နေ့လယ် ၁၂ နာရီ ၇မိနစ်တွင်မွေးဖွားခဲ့ခြင်းဖြစ်သည်။ ကလေးများ အောင်မြင်စွာ မီးဖွားနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ကာရေး၏ခင်ပွန်းသည် ကင်နွန်က ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်တွင် "ကျွန်တော့်ဇနီးကတော့ မင်္ဂလာနှစ်ပတ်လည်နေ့မှာပဲ ဘဝမှာ ကျွန်တော်ရဖူးသမျှ အထူးခြားဆုံးလက်ဆောင်ကိုပေးခဲ့ပါတယ်"ဟု ဝမ်းသာအားရဖော်ပြခဲ့သည်။ အမေရိကန်ရှိ လိုက်ဖ်အင်စတိုင်လ်မဂ္ဂဇင်းကလည်း ကာရေးတို့ဇနီးမောင်နှံသည် မင်္ဂလာနှစ်ပတ်လည်တွင် ကလေးများ မွေးဖွားခဲ့သည့်အတွက်ပျော်ရွှင်ဝမ်းမြောက်ကာ ဆေးရုံ၌ အော်ဟစ်ခဲ့ကြကြောင်း၊ ၎င်းတို့၏ အိပ်မက်များ တကယ်ပင်ဖြစ်လာကြောင်း ဖော်ပြခဲ့သည်။

*—Ref: Xinhua*





7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

## အမျိုးသမီးအဆိုတော် ၁၂ ဦး၏ လိုက်ဖ်ရှိုးဖျော်ဖြေပွဲ ကျင်းပမည်

**အေးသူစံ**

ရန်ကုန်၊ မေ- ၇

အမျိုးသမီးအဆိုတော် ၁၂ ဦး၏ လိုက်ဖ်ရှိုးဖျော်ဖြေပွဲကို အမျိုးသားကဇာတ်ရုံ၌မေလ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ရန်ပုံငွေအဖြစ် အဆိုပါအသင်းနှင့် ပုစွန်မီဒီယာအန်တာတိန်းမန့်တို့ပူးပေါင်းတင်ဆက်ခြင်းဖြစ်သည်။

ရန်ပုံငွေဖျော်ဖြေပွဲတွင် ကော်နီ၊ ချစ်သုဝေ၊ ချမ်းချမ်း၊ အယ်လ်ဆိုင်းဇီ၊ အန်ကိုင်ရာ၊ ဂျင်းနီ၊ မေစပယ်ညို၊ သီရိဆွေ၊ ရတနာမိုင်၊ အိမ့်ချစ်၊ စွဲလန်းဖြူနှင့် Twin Stars တို့ သီဆိုမည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ညနေ ၅ နာရီခွဲတွင် နှစ်ပိုင်းခွဲ ပြုလုပ်မည်ဖြစ်ပြီး ပထမပိုင်းတွင် အဆိုတော်တစ်ဦးလျှင် နှစ်ပုဒ်စီဖြင့် ၂၄ ပုဒ် သီဆိုမည်ဖြစ်သည်။ ဒုတိယပိုင်းတွင်လိုက်ဖ်ရှိုးကို ဒီဗီဒီရိုက်ကူးမည်ဖြစ်ပြီး သီချင်းအသစ်နှင့်အဟောင်းများကို အကအဖွဲ့များဖြင့် မြိုင်ဆိုင်စွာ ရိုက်ကူးတင်ဆက်မည်ဖြစ်သည်။ "ကျွန်တော်တို့ ပုစွန်အန်တာတိန်းမန့်ကို မိဘမဲ့ကလေးတွေကို ကူညီဖို့၊ မသန်စွမ်းတွေကို အားပေးဖို့နဲ့မိဘမဲ့ကလေးတွေ ပညာသင်ကြားဖို့အတွက် ရည်ရွယ်တည်ထောင်လိုက်တာပါ။ ပွဲဦးထွက်အနေနဲ့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရဲ့ရန်ပုံငွေပွဲကို ပြုလုပ်ခွင့်ရခဲ့ပါတယ်။ အစီအစဉ်တွေရဲ့ကြားထဲမှာ အလှူငွေပေးအပ်ပွဲနဲ့ ဖိုက်စတားအဖွဲ့ရဲ့ပျက်လုံးများကိုလည်း ကြည့်ရှုခံစားနိုင်ကြမှာပါ" ဟု ပုစွန်အန်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မက်တယ်ဇုန်တီးဝိုင်းဖြင့်တီးခတ်ဖျော်ဖြေမည်ဖြစ်ပြီး ကျော်ကျော်ဗိုက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်မည်ဖြစ်သည်။

## စာ(၄၇) - ပြည်ပဖျော်ဖြေပွဲတွေမှာ ပွဲထိန်းတော်တဲ့ ချစ်သုဝေ မှ

သူတို့ပင်ပင်ပန်းပန်းရှာထားတဲ့ပိုက်ဆံတွေနဲ့ ပေးကြတာဆိုတော့ပျော်လည်းပျော်တယ်။ စိတ်လည်းမကောင်းဘူး။ ဒါကြောင့် ရတဲ့ပိုက်ဆံတွေကိုစုပြီး သူတို့အတွက် အလှူလေးတွေ ပြန်လုပ်ပေးပါတယ်"ဟု ချစ်သုဝေက ပြောသည်။

စင်ကာပူနိုင်ငံ၌ မေလ ၁ ရက်က ကျင်းပခဲ့သည့် ရှိုးပွဲတွင်လည်း အမျိုးသမီးအဆိုတော်များထဲမှ ချစ်သုဝေ၏ သီဆိုဖျော်ဖြေမှုအပေါ် ပရိသတ်များပိုမိုစိတ်ဝင်စားခဲ့ပြီး မေတ္တာလက်ဆောင်ပစ္စည်းများလည်း ထူးထူးခြားခြားသူမတစ်ဦးတည်းသာ အများဆုံးရရှိခဲ့သည်ကိုပြည်တွင်းရုပ်သံလိုင်းတစ်ခုမှ ထုတ်လွှင့်သည့်အစီအစဉ်တွင် မြင်တွေ့ကြည့်ရှုခဲ့ရသည်။

## စာ(၄၈) - ကိုယ်ပိုင်သံစဉ်ဖန်တီးမှု မြင့်တက်လာ မှ

မမီဘူး ပြောပြော ဒါငါတို့လုပ်တဲ့သီချင်း၊ ငါတို့ပိုင်တဲ့သီချင်း၊ မြန်မာတွေဖန်တီးတဲ့သီချင်းဆိုပြီး ပြလို့ရရင်ပြီးပြီ။ အခုက ဂီတသမားတွေက နိုင်ငံတကာနဲ့ကင်းလို့မရတော့ဘူးလေ။ အဲဒီတော့ သူများသီချင်းကြီးကိုတော့ သူများနိုင်ငံရှေ့မှာ မဆိုချင်တော့ဘူး။ ဒါပါပဲ" ဟု ၎င်း၏အမြင်ကို ပြောသည်။

သိသိသာသာအားဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ Own Tune ခွေများ အစုအပြုံလိုက်ထွက်ရှိလာခဲ့ပြီး အောင်မြင်ရခြင်းအကြောင်းအရင်းမှာ ဂီတပုံစံအသစ်များအား လူငယ်ပရိသတ်များ လက်ခံလာခြင်း၊ ဖန်တီးသူများအနေဖြင့် လေ့လာနိုင်မှု အခွင့်အလမ်းများပြားလာခြင်းနှင့် တေးစီးရီးထုတ်လုပ်မှု ပမာဏများ သိသိသာသာမြင့်တက်လာခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်းသိရှိရသည်။




**အေးသူစံ**

■စိန်ဂေဟာစူပါစင်တာ (ပါရမီ)တွင် Top Royal ရုပ်ရှင်ရုံကို မေလ ၂ ရက်က ယင်းစင်တာတည်ရှိရာ အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းရုပ်ရှင်ရုံတွင် မြို့လယ်ရုပ်ရှင်ရုံများနှင့်တန်းတူ မြန်မာရုပ်ရှင်ဇာတ်ကားသစ်များနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို ပွဲချိန်လေးချိန်ဖြင့် ပြသသွားမည်ဟု သိရသည်။

■မြဝတီရုပ်မြင်သံကြားမှ စီစဉ်ပြီး ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွန်းရိုက်ကူးမည့် တပ်မတော်နောက်ခံ 'အသက်ထက်မြတ်တဲ့ဂုဏ်' မြန်မာဇာတ်လမ်းတွဲကို လူမင်း၊ မျိုးသန္တာထွန်းတို့နှင့် ရိုက်ကူးလျက်ရှိသည်။ ယင်းဇာတ်လမ်းတွဲကို မြသန်းစံက ဇာတ်ညွှန်းရေးသားပြီး တပ်မတော်ဂုဏ်ပြုဇာတ်လမ်းများတွင် လူကြိုက်များခဲ့သော 'ဝေလည်းမွေး၊ ကြွေလည်းမွေး' ဇာတ်ကား၏ ကျောရိုးကိုယူကာ ရေးဖွဲ့ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။

■ မာရဇ္ဇနှင့် သမီးဖြစ်သူ လုလု၊ အဆိုတော်မင်းယုတို့သုံးဦးသီဆိုထားသော 'အစဉ်အလာဖျက်ခြင်း' တေးစီးရီးကို မေလ ၅ ရက်က စတင်ဖြန့်ချိခဲ့ပြီး မာရဇ္ဇ၊ လင်းမောင်မောင်နှင့် မင်းယုတို့ရေးသားထားသော သီချင်းများပါဝင်သည်။ အိုအေစစ်၊ မက်တယ်လ်ဇုန်တီးဝိုင်းများဖြင့် တီးခတ်ထားပြီး ကိုမြင့်ဇော်က Mixing ဆွဲပေးထားသည်။

## စာ(၄၇) - ဇော်ဝင်းထွဋ် မှ

ဒီဒေသကလူတွေဘာနားထောင်ချင်လဲ၊ ဘာ တွေကြိုက်တတ်လဲ၊ ဘာတွေသီချင်လဲကို လွှင့်မယ့်နေရာဒေသကလူတွေနဲ့ စကားပြောကြည့်တယ်။ တစ်ခုတော့ရှိတယ်။ အဆိုတော်နဲ့ မီဒီယာသမားဘဝကမတူဘူး။အဆိုတော်ဖြစ်ကတည်းက တောက်လျှောက်အင်တာဗျူး တွေဖြေလာတာ။ ကိုယ်တိုင်အင် တာဗျူးလုပ်ကြည့်တော့မှ မလွယ် ဘူးဆိုတာသိလာတယ်။ မေးချင် တိုင်းလည်းမေးလို့မှ မရတာ။ အရှင်ဆန္ဒာဓိက၊ ဒေါက်တာ အောင်ထွန်းသက်၊ ဆရာကျော်ဝင်းတို့ကို အင်တာဗျူးမယ်ဆိုရင် စာအုပ်တွေပြန်ဖတ်၊ လေ့လာပြီးမှ မေးရတယ်။ အရင်ကဆို ဒါတွေမဖတ်ဖူးဘူး။ ခုကျတော့ ဒီအလုပ်ကြောင့် စာလည်းဖတ်ဖြစ်သွားတယ်။ ကိုယ်မ ဆုံဖူးတဲ့လူတွေနဲ့လည်းဆုံရတယ်။ ပျော်စရာ လည်းကောင်း တယ်။

ကိုယ်က အဆိုတော်ဇော်ဝင်းထွဋ်ဖြစ်နေတဲ့အတွက် တခြားသူတွေထက်စာရင် သတင်းရယူမှုအပိုင်းမှာ ပိုပြီးလွယ်ကူတဲ့အဖြစ်အပျက်မျိုးလေးတွေရှိတယ်။ ရိုးရိုးတန်းတန်း ကျွန်တော်၊ ကျွန်မက ပုဂံအက်ဖ်အမ်ကပါလို့ ပြောတာထက် ကျွန်တော်က ဖုန်းကြိုဆက်ပေးထားပြီး ကျွန်တော့်ဆီက ကလေးတစ်ယောက်ယောက် လွှတ်လိုက်ပါ့မယ်ဆိုရင်သွားရတာ ပိုအဆင်ပြေတာမျိုးတွေရှိပါတယ်။ မသိတဲ့လူဆိုတာ ဒီလောကထဲမှာ သိပ်မရှိတော့ ကိုယ်နဲ့သိတဲ့သူလည်း အနိုင်ကျင့်လို့ရတာပေါ့။ ဇော်ပိုင့်ဆိုရင်လည်း အဆိုအကြောင်းမေးတာထက်ဟင်းချက်ပေးကွာတို့၊ ချစ်သုဝေကိုဈေးဝယ်ခိုင်းပြီး ဟင်းချက်ခိုင်းတာတို့ အနိုင်ကျင့်လို့ရတာပေါ့။ (ရယ်လျက်)

ကျွန်တော်တို့က ချင်းပြည်နယ်၊ ဟားခါးမှာထောင်တယ်။ ကနေဒီတောင်မှာထောင်တယ်။ ဂန့်ဂေါမှာသွားထောင်တယ်။ တို့လွှင့်မယ့်နေရာတွေ ကလေးတို့၊ ကလေးဝတို့ အကုန်ရောက်သွားတာပေါ့။ တမူးတောင်ရောက်တယ်။ အဲဒီဘက်မှာကျတော့ ပုံစံတစ်မျိုးဖြစ်တယ်။ အဲဒီဘက်မှာက အင်္ဂလိပ်သီချင်းတွေ၊ ချင်းဘာသာသီချင်းတွေပဲ နားထောင်ကြတာများတော့ အင်္ဂလိပ်အစီအစဉ်ကို လေးငါးခုလောက်ထည့်ထားတယ်။ မကွေးကလူတွေဆို အင်္ဂလိပ်အစီအစဉ်တွေများလို့ဆိုပြီး ပြောနေတယ်။ ဒါကြောင့် အင်္ဂလိပ်သီချင်း အစီအစဉ်တွေဆိုရင် နားထောင်ချင်စဖွယ်ဖန်တီးရတာပေါ့။

အစီအစဉ်တွေကတော့ အမြဲတမ်းပြောင်းလဲ နေမှာပဲလေ။ ပရိုဂရမ်တစ်ခုကို ဘယ်လောက်ရောက်ရင် ရပ်မလဲ၊ နောက်တစ်ခုပြောင်းဖို့ဘယ်လိုလုပ်မလဲဆိုတာ အမြဲစဉ်းစားတယ်။ ပြီးတော့ ဒီပရိုဂရမ်ကို တာဝန်ယူ တင်ဆက်တဲ့ တင်ဆက်သူ (Announcer)ကို ပေါက်စေချင်တယ်။ အန် တာတိန်းမန့်တစ်ဝက်၊ ဖျော်ဖြေရေးတစ်ဝက်ပေါ့။

ကျွန်တော် တို့ ဆီကနေ သီချင်းဆုပေးပွဲတော့ လုပ်မှာမဟုတ်ဘူး။ သူများကို အကဲဖြတ်ရတာဝါသနာမပါသလို ကိုယ့်ကိုအကဲဖြတ်ရင်လည်း သိပ်ဂရုမစိုက်တတ်ဘူး။ ဒါကြောင့် ပုဂံအက်ဖ်အမ်အနေနဲ့ ဂီတဆုပေးပွဲဆိုတာတော့ လုပ်မှာမဟုတ်ပါဘူး။ ကျွန်တော့်ဆီမှာလွှင့်တဲ့ သီချင်းဟာ ကျွန်တော်ကိုယ်တိုင် ခံစားရလို့ လွှင့်တာပဲ။ ဘယ်အဆိုတော်ကိုမှ အကဲမဖြတ်ချင်ဘူး။ အခုအဆိုတော်အသစ်တစ် ယောက်ရဲ့ သီချင်းကိုနားထောင်တာလည်း ထုတ်လွှင့်တာလည်း ကျွန်တော်ကြိုက် လို့ပဲ။

ကျွန်တော်တို့ပုဂံအက်ဖ်အမ်က ရန်ကုန်မှာ ပြေလကုန်လောက်ကစပြီး နားထောင်လို့ရပါပြီ။ မန္တလေး၊ စစ်ကိုင်းနဲ့ နေပြည်တော်တစ်ဝိုက်မှာလည်းနားထောင်နိုင်ပါပြီ။

ဘာပဲလုပ်လုပ်ပရိုဂရမ်တိုင်းသည် ဗဟုသုတတစ်ခုခုရရမယ်။ ပြည်သူတွေမျက်စိပွင့်၊ နားပွင့်မယ့်ပရိုဂရမ်လေးတွေဖြစ်ရမယ်။ ကျွန်တော့်သဘောက ၅၀ ရာခိုင်နှုန်းလောက်က ပတ်ဝန်းကျင်ကို ချစ်တတ်အောင်လို့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ပရိုဂရမ်ပါတယ်။ ကျွန်တော်တို့ပုဂံအက်ဖ်အမ်ရဲ့အဓိက Theme ကပတ်ဝန်းကျင်ကိုချစ်တတ်အောင်ပါပဲ။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Fast Five | N/A | ၈၆,၁၉၈,၇၆၅ | ၁ |
| ၂။ | Rio | 20th Century Fox | ၁၀၄,၀၁၄,၈၅၁ | ၃ |
| ၃။ | Tyler Perry's Madea's Big Happy Family | Lionsgate, The Tyler Perry Company | ၄၀,၈၉၁,၀၄၃ | ၂ |
| ၄။ | Water for Elephants | Fox 2000 | ၃၂,၄၈၀,၂၁၄ | ၂ |
| ၅။ | Prom | Walt Disney Pic. | ၄,၇၂၁,၆၃၈ | ၁ |
| ၆။ | Hoodwinked Too! Hood vs. Evil | The Weinstein Company | ၄,၁၀၈,၆၃၀ | ၁ |
| ၇။ | Soul Surfer | Enticing Entertainment, Tristar Pic., Film District | ၃၃,၈၄၃,၀၁၉ | ၄ |
| ၈။ | Insidious | Film District | ၄၈,၃၀၉,၉၁၂ | ၅ |
| ၉။ | Hop | Universal Pic. | ၁၀၅,၄၀၃,၂၈၅ | ၅ |
| ၁၀။ | Source Code | Summit Entertainment, LLC | ၄၈,၈၈၇,၁၈၈ | ၅ |

## Movie Review

### Bridesmaids




အယ်နီ၏ဘဝမှာ ရှုပ်ထွေးပွေလီနေသည်။ သို့သော် သူမ၏ ငယ်စဉ်ကတည်းကတွဲလာခဲ့သည့် အချစ်ဆုံးသူငယ်ချင်း လက်ထပ်တော့မည်ဆိုသောအခါ သူငယ်ချင်း၏ သတို့သမီးအရန်နေရာရယူရန် အယ်နီက စိတ်ပိုင်းဖြတ်ထားသည်။ သူကိုယ်တိုင် အချစ်ကိုတမ်းတနေပြီး ပိုက်ဆံတစ်ပြားမှမရှိသော်လည်း အယ်နီသည် မင်္ဂလာပွဲအတွက်ပြင်ဆင်သည့်အခမ်းအနားများကို လိမ်လည်၍တစ်မျိုး၊ ညာဖြီး၍တစ်ဖုံဖြတ်သန်းသည်။ ကိုယ်ချစ်တဲ့ သူငယ်ချင်းအတွက် အယ်နီတစ်ယောက် ဘယ်လောက် အနစ်နာခံကြိုးပမ်းသွားမလဲဆိုတာ၊ အယ်နီတစ်ယောက် ဘယ်လောက်ပေးဆပ်ရမလဲဆိုတာ. . . .

Kristen၊ Rose Byrne၊ Chris O'Doud၊ Maya Rudolph တို့ ပါဝင်ထားသည့် ဟာသဇာတ်ကားအား Paul Feig က ရိုက်ကူးထားသည်။ Universal Pictures က မေလ ၁၃ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# မြန်မာသိုင်းပညာရှင်တစ်ဦး ဥရောပတွင် လှည့်လည်သင်ကြားရန် ဖိတ်ကြားခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၄**

ဥရောပတွင် မြန်မာ့သိုင်းပညာရပ်များအား သွားရောက်သင်ကြားပြသရန် မြန်မာ့သိုင်းပညာရှင်တစ်ဦးအား အပြည်ပြည်ဆိုင်ရာ သိုင်းဗန်တိုအဖွဲ့အစည်း (ITBA)မှ ကမ်းလှမ်းထားကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သိုင်းသရုပ်ပြအဖွဲ့သည်ပြီးခဲ့သည့် မတ်လအတွင်းက ဆွစ်ဇာလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ မြန်မာ့သိုင်းပညာရပ်များ သွားရောက်သရုပ်ပြသခဲ့ပြီး ၎င်းခရီးစဉ်တွင် မြန်မာသိုင်းအဖွဲ့မှ ဆရာကြီးဦးမင်းယက္ခအား (International Thaing Bando Association-ITBA ) အဖွဲ့က ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ITBA အဖွဲ့က ကျွန်တော်ကို မြန်မာ့သိုင်းပညာရပ်အကြောင်းတွေနဲ့ပတ်သက်ပြီး မေးမြန်းပါတယ်။ နောက်သူတို့ဆီမှာ ခြောက်လလောက် မြန်မာ့သိုင်းပညာရပ်တွေ လာရောက်သင်ကြားပြသဖို့ ဖိတ်ခေါ်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပါတယ်"ဟု ဦးမင်းယက္ခကပြောသည်။



မြန်မာသိုင်းပညာရှင်ဦးမင်းယက္ခက မြန်မာ့သိုင်းပညာနှင့်ပတ်သက်၍ နိုင်ငံခြားသားများအား ရှင်းပြစဉ်

ITBA သည် ဆွစ်ဇာလန်နိုင်ငံ၊ လော့ဆမ်မြို့တွင် ရုံးစိုက်သည့် အပြည်ပြည်ဆိုင်ရာ သိုင်းဗန်တိုအဖွဲ့အစည်းဖြစ်သည်။

"သူတို့ကိုတော့ မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနနဲ့ သိုင်းအဖွဲ့ချုပ်က တစ်ဆင့် တရားဝင်ကမ်းလှမ်းဖို့ ပြောပြခဲ့ပါတယ်။ ဒီက ခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လည်း သွားရောက်သင်ကြားပြသပေးမှာပါ။ တကယ်လို့ သွားရောက်ခွင့်ရရှိမယ်ဆိုရင်တော့ မြန်မာ့သိုင်းပညာရပ် ကမ္ဘာကိုဖြန့်နိုင်ဖို့ ပထမဆုံးခြေလှမ်း(သင်ကြားမှုဆိုင်ရာ) ဖြစ်မှာပါ။သူတို့ကတော့ ဗန်တိုနဲ့ ဓားတစ်လက်သိုင်းကို အဓိကသင်ကြားပေးဖို့ ပြောထားပါတယ်"ဟုဦးမင်းယက္ခက ပြောသည်။

# ဖူဆယ်လိဂ် ဝင်ရောက်ယှဉ်ပြိုင်ရန် Rolay Land F.C ကျပ်သိန်းနှစ်ရာကျော် သုံးစွဲမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၇**

လာမည့်ဇွန်လအတွင်း ကျင်းပမည့် ဖူဆယ်လိဂ်(အမှတ်ပေး)ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် Royal Land FC အသင်းအနေဖြင့်ပြိုင်ပွဲအတွက် ကျပ်သိန်းနှစ်ရာကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ ၂၀၁၀ ကစပြီး၊ အပျော်တမ်းဖူဆယ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ လာမယ့် ဖူဆယ်လိဂ်ပြိုင်ပွဲကိုလည်း အကောင်းဆုံးဝင်ပြိုင်နိုင်ဖို့ပြင်ဆင်နေပါတယ်။ ဒီပြိုင်ပွဲအတွက် ကျပ်သိန်းနှစ်ရာကျော်လောက်သုံးစွဲသွားဖို့ ခန့်မှန်းထားပါတယ်"ဟု Royal Land FC အသင်း၏ အမှုဆောင်အရာရှိချုပ် ဦးကျော်ဆွေကပြောသည်။

Royal Land FC အသင်းအနေဖြင့် ကစားသမား ၁၆ ဦးအား ပြီးခဲ့သည့် မေလ ၄ ရက်က ခြောက်လသက်တမ်းရှိ စာချုပ်များ ချုပ်ဆိုခဲ့ပြီး အသင်းနည်းပြအဖြစ် လက်ရှိတွင် ဦးမျိုးဝင်းညွန့်နှင့် ဂိုးနည်းပြအဖြစ် ဦးအေးထွန်းတို့က တာဝန်ယူဆောင်ရွက်နေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည့်ဖူဆယ်လိဂ်(အမှတ်ပေး)ပြိုင်ပွဲကို လာမည့် ဇွန်လ ၅ ရက်မှစတင်၍ ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂) မိုးလုံလေလုံဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းအား ဆုဖလားဆုတံဆိပ်နှင့် ဆုငွေကျပ်သိန်း၆၀၊ဒုတိယရရှိသည့်အသင်းအား ကျပ်သိန်း ၃၀ နှင့် တတိယရရှိသည့် အသင်းအား ကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

# ယူ-၁၉ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် လူရွေးပွဲများ ပြုလုပ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ- ၄**

မဲခေါင်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းအတွက် ခြေစမ်းပွဲများပြုလုပ်၍ ကစားသမားများရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါခြေစမ်းပွဲများကို မေလ ၁၃၊ ၁၅၊ ၁၇ ရက် သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ နံနက်ပိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"လက်ရှိအပျော်တမ်းလိဂ် ဝင်ပြိုင်နေတဲ့ ယူ-၁၉ အသင်းက ကစားသမားတွေရယ် နောက် MNL အသင်းတွေနဲ့ Amature (အပျော်တမ်း)သင်းတွေက ခြေစွမ်းရှိပြီး အသက်မီသေးတဲ့ကစားသမားတွေ စုစုပေါင်းငါးဆယ်ဝန်းကျင်လောက်ရှိပါတယ်။ သူတို့ကို ခြေစမ်းပွဲတွေကစားစေပြီး မြန်မာယူ-၁၉ အသင်းအတွက် ရွေးချယ်သွားမှာပါ"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

မဲခေါင်အားကစားပြိုင်ပွဲကို မေလ ၂၁ ရက်မှ ဇွန်လ ၄ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီးမြန်မာယူ-၁၉ အသင်းအားဝင်ရောက်ယှဉ်ပြိုင်စေခြင်းမှာ လာမည့် စက်တင်ဘာလတွင် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံက လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲမတိုင်မီအတွေ့အကြုံရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း (MFF) မှတာဝန်ရှိသူကပြောသည်။




# မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် ဦးဆန်းဝင်းကိုခန့်အပ်



ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ- ၄

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ လက်ထောက်နည်းပြအဖြစ် ဦးဆန်းဝင်းကို တရားဝင် ခန့်အပ်လိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ၏ ထုတ်ပြန်ချက်အရသိရသည်။

ဦးဆန်းဝင်းသည် MNL ပြိုင်ပွဲဝင် ကမ္ဘောဇအသင်း၏ နည်းပြချုပ်ဖြစ်ပြီး (MFF) သည် ဇေယျာရွှေမြေအသင်း၏ ဂိုးနည်းပြဖြစ်သူ ဦးမျိုးချစ်အား လက်ရွေးစင်အသင်း၏ ဂိုးနည်းပြအဖြစ် တာဝန်ပေးခဲ့ကြောင်းလည်းသိရသည်။

ပြီးခဲ့သည့် AFC Challenge Cup ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်ဆုံးအဆင့်၌ ရပ်တည်ခဲ့ပြီးနောက် လက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြနှင့် ဂိုးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားသားနည်းပြနှစ်ဦးမှာ အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရပြီး ယခုကဲ့သို့ ပြည်တွင်းနည်းပြများဖြင့် ပြန်လည်အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအသင်း၏ နည်းပြချုပ်ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်နှင့် တွဲလုပ်ကိုင်ရန် လက်ထောက်နည်းပြဖြစ်လာသော ဦးဆန်းဝင်းသည် မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်အဖြစ် ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့ဖူးပြီး ၎င်းတာဝန်ယူစဉ်ကာလအတွင်း မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၀၆ မာဒေးကားဖလားပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အနီးကပ်ဆုံးပြိုင်ပွဲအဖြစ် လာမည့် ဇွန် ၂၉ ရက်နှင့် ဇူလိုင်လ ၃ ရက်တို့တွင် မွန်ဂိုလီးယားအသင်းနှင့် ကမ္ဘာ့ဖလားပထမအဆင့်ခြေစစ်ပွဲအဖြစ်ယှဉ်ပြိုင်ကစားရန်ရှိသည်။

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား ရှုံးထွက်ပွဲစဉ်များပေါ်ထွက်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ- ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား ၂၀၁၁ ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

ယင်းပွဲစဉ်များအား မဲနှိုက်ရွေးချယ်ခြင်းအခမ်းအနားကိုယခုလ ၆ ရက်၊ နေ့လယ်ပိုင်းက MFF ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပွဲစဉ်မဲနှိုက်ရေးဆွဲမှုအရ ရတနာပုံအသင်းက ရောဝတီယူနိုက်တက်အသင်းနှင့်လည်းကောင်း၊ ဆောက်သမ်းမြန်မာအသင်းက နေပြည်တော်အသင်းနှင့်လည်းကောင်း၊ ရန်ကုန်ယူနိုက်တက်အသင်းက ဥဿာယူနိုက်တက်အသင်းနှင့်လည်းကောင်း၊ ကမ္ဘောဇအသင်းက မနောမြေအသင်းနှင့်လည်းကောင်း၊ ရက္ခပူရအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇေယျာရွှေမြေနှင့် မကွေးအသင်းတို့မှာ ၁၆ သင်းအဆင့်တွင် အပျော်တမ်းလိဂ်မှ အသင်းများနှင့် တွေ့ဆုံမည်ဖြစ်သည်။ MFF သည် ၎င်းပြိုင်ပွဲကို MNL အသင်း ၁၂ သင်းနှင့် ကျင်းပပြုလုပ်ဆဲ ၂၀၁၁ အပျော်တမ်းအမှတ်ပေးဘောလုံးပြိုင်ပွဲမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးလေးသင်းတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

MFF Cup 2011 ရှုံးထွက်ပြိုင်ပွဲအား မေလ ၂၅ ရက်မှ စတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့များ၌ တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် သုဝဏ္ဏကွင်းနှင့်အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်သည်။ ၎င်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ ဥဿာယူနိုက်တက်အသင်းဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာလှေ(Rowing) လှေလှော်ပြိုင်ပွဲသို့ မြန်မာအဖွဲ့သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ- ၄

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ နှစ်ရပ်သို့ မြန်မာလှေလှော်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

စင်ကာပူနိုင်ငံတွင် မေလ ၂၈ ရက်မှ ဇွန်လ ၅ ရက်အထိ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ (South East Asian Rowing Championship) နှင့် အာရှဖလား (Asian Cup) အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ နှစ်ရပ်သို့ မြန်မာလှေလှော်အဖွဲ့မှ စုစုပေါင်း အားကစားသမား ဆယ်ဦး(အမျိုးသားငါးဦးနှင့်အမျိုးသမီးငါးဦး) ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်ချုပ်နည်းပြ၊ ဒိုင် စုစုပေါင်း ၁၃ ဦး သွားရောက်မည်ဖြစ်ကြောင်းမြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာလှေလှော်အဖွဲ့သည် အရှေ့တောင်အာရှလှေလှော်ပြိုင်ပွဲတွင် တစ်ယောက်လှော်၊ နှစ်တက်လှော်နှင့်လေးတက်လှော်ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ အာရှဖလားပြိုင်ပွဲတွင်မူ တစ်ယောက်လှော်(ကျား/မ) တစ်မျိုးတည်းတွင်သာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟုသိရသည်။



မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် လာမည့် အင်ဒိုဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာအပြည်ပြည်ဆိုင်ရာ လှေလှော်အသင်းအတွက် ဩစတြေးလျနိုင်ငံသား နည်းပြဆရာတစ်ဦးနှင့် ကနူးကယက် လှေလှော်အသင်းအတွက် ဟန်ဂေရီနိုင်ငံသား နည်းပြဆရာတစ်ဦးတို့အား ငှားရမ်းရန် သဘောတူညီမှုရရှိထားပြီး ၎င်းနည်းပြဆရာများသည် ဇွန်လဆန်းတွင် မြန်မာလှေလှော်အသင်းများအားစတင်လေ့ကျင့်ပေးမည်ဖြစ်ကြောင်းသိရသည်။


"လာမယ့်အင်ဒိုဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ၊ ကနူးကယက်၊ ရိုးရာလှေပြိုင်ပွဲပွဲစဉ် ၃၆ မျိုးဝင်ရောက်ယှဉ်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး လက်ရှိအဖွဲ့ချုပ်မှာ အားကစားသမား စုစုပေါင်း ၁၀၉ ဦးစခန်းသွင်းလေ့ကျင့်နေပါတယ်"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။









7 DAY NEWS JOURNAL
Vol.10, No.8 · MAY 12, 2011

# မန်ယူကလွဲလို့ အသင်းကြီးတွေအားလုံး အိမ်ကွင်းပွဲတွေကစားရမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၇) ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)မှာ ဇယားထိပ်ဆုံး အသင်းတွေထဲက မန်ယူတစ်သင်းပဲ အဝေးကွင်းမှာ ကစားရမှာဖြစ်ပြီး ကျန်အသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူးတို့ကတော့ အိမ်ကွင်းပွဲတွေကစားရမှာဖြစ်လို့ ကြည့်ကောင်းမှာအမှန်ပါပဲ။ ချယ်လ်ဆီးအနေနဲ့ လတ်တလောမှာ ခြေကျနေတဲ့ နယူးကာဆယ်ကို နိုင်ခြေရှိနေသလို အာဆင်နယ်က ဗီလာကို၊ မန်စီးတီးက စတုတ်စီးတီးကို နိုင်ခြေရှိနေပါတယ်။

__၁၄ မေ၊ စနေ__

**ညနေ ၆း၁၅ နာရီ**
**ဘလက်ဘန်း - မန်ယူ**
**ပ-ကျော့ရလဒ် ၁-၇**

မန်ယူဟာ ဘလက်ဘန်းနဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးကြိမ်မှာ တစ်ကြိမ်သာ သရေကျခဲ့ပြီး လေးကြိမ်နိုင်ထားပါတယ်။ ပထမအကျော့တုန်းက အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ခဲ့သလို ဒီပွဲမှာလည်း အဝေးကွင်းနိုင်ပွဲ မဖြစ်မနေရှာသွားမှာပါ။ ချန်ပီယံလိဂ်ဖိအားရှိနေတာမို့ မန်ယူတို့ ဂိုးနည်းနိုင်ပါတယ်။

**ညနေ ၆း၁၅ နာရီ**
**ဘလက်ပူးလ် - ဘော်လ်တန်**
**ပ-ကျော့ရလဒ် ၂-၂**

နှစ်သင်းစလုံး တန်းဆင်းဇုန်ထိပ်နားမှာ ရုန်းကန်နေရဆဲဖြစ်ပြီး ပထမအကျော့တုန်းကလည်း သရေကျခဲ့တာမို့ ဒီပွဲမှာ အနိုင်ပြတ်သားမှုဖြစ်မှာပါ။ အိမ်ကွင်း ရှုံးပွဲနည်းတဲ့ ဘော်လ်တန်တို့ အဝေးကွင်းမှာတော့ ရှုံးပွဲများနေတာကြောင့် သရေပွဲလောက်ပဲ မှန်းချင်ပါတယ်။

**ညနေ ၆း၁၅ နာရီ**
**ဆန်းဒါးလန်း - ဝုလ်**
**ပ-ကျော့ရလဒ် ၂-၃**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဝုလ်က နှစ်ကြိမ်နိုင်ထားပါတယ်။ လတ်တလောမှာ ဝုလ်တို့ ဇယားအောက်ခြေမှာရောက်နေပြီး ဆန်းဒါးလန်းကို အဝေးကွင်းမှာ ကစားရမှာမို့ မလွယ်ပါဘူး။ ဆန်းဒါးလန်းတို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ဖို့များပါတယ်။



**ညနေ ၆း၁၅ နာရီ**
**ဝက်စ်ဘရွန်း - အဲဗာတန်**
**ပ-ကျော့ရလဒ် ၄-၁**

ပထမအကျော့တုန်းက အဲဗာတန်အိမ်ကွင်းမှာ ဝက်စ်ဘရွန်းတို့ ဂိုးပြတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဗာတန်ဟာ ပွဲစဉ်(၃၅)ပြီးတဲ့အထိ မန်စီးတီး၊ စပါးတို့နဲ့အတူ အဝေးကွင်းရှုံးပွဲခြောက်ပွဲသာ ရှိသေးတဲ့အသင်းဖြစ်ပါတယ်။ ဧည့်သည်အဲဗာတန်ကို ယုံကြည်သင့်ပြီး နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။

__၁၅ မေ၊ တနင်္ဂနွေ__

**ည ၇း၀၀ နာရီ**
**ချယ်လ်ဆီး - နယူးကာဆယ်**
**ပ-ကျော့ရလဒ် ၁-၁**

ချယ်လ်ဆီးဟာ နယူးကာဆယ်နဲ့ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ သုံးကြိမ်နိုင်ထားပြီး နှစ်ကြိမ်သရေကျထားပါတယ်။ အိမ်ကွင်းမှာ ကစားရမယ့် ဒီပွဲမှာ ချယ်လ်ဆီးတို့ တိုက်စစ်ဖိကစားနိုင်ပြီး အနိုင်သုံးမှတ်ယူသွားမှာပါ။ ဂိုးနည်းမယ့်ပွဲပါပဲ။

**ည ၉း၃၀ နာရီ**
**အာဆင်နယ် - ဗီလာ**
**ပ-ကျော့ရလဒ် ၄-၂**

အာဆင်နယ်ဟာ ဖဘရီဂတ်စ်မပါပေမယ့် မန်ယူကို အနိုင်ကန်ခဲ့ပြီး ပရီးမီးယားလိဂ်တစ်ခုတည်း အာရုံစိုက်ဖို့ရှိတာကြောင့် ဒီပွဲကို မဖြစ်မနေ အနိုင်ကန်မှာပါ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ အာဆင်နယ်က နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ် သရေကျထားပါတယ်။ အာဆင်နယ်တို့ နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**
**ဘာမင်ဂမ် - ဖူလ်ဟမ်**
**ပ-ကျော့ရလဒ် ၁-၁**

အိမ်ရှင်ဘာမင်ဂမ်ဟာ တန်းဆင်းဇုန်ထိပ်နားမှာရှိနေဆဲဖြစ်ပြီး နောက်ဆုံးပွဲစဉ်တွေမှာ ရှုံးပွဲလုံးဝမရှိအောင်ကစားရမှာပါ။ ဧည့်သည်ဖူလ်ဟမ်ကလည်း ဒီပွဲနိုင်ရင် ဥရောပဝင်ခွင့် မျှော်လင့်နိုင်တာကြောင့် အကြိတ်အနယ်ကစားမှာပါ။ ဖူလ်ဟမ်ကိုပိုကြိုက်ပါတယ်။ ဂိုးနည်းနိုင်တယ်။

**ည ၉း၃၀ နာရီ**
**လီဗာပူး - စပါး**
**ပ-ကျော့ရလဒ် ၁-၂**

လီဗာပူးဟာ ဆွာရက်ဇ်၊ ဒါကောက်တို့ရဲ့တိုက်စစ်နဲ့ နိုင်ပွဲတွေရလာနေပြီး ဒီအိမ်ကွင်းပွဲမှာလည်း စပါးကိုနိုင်ခြေရှိနေပါတယ်။ ဒ့ါအပြင် လီဗာပူးဟာ ဒီရာသီမှာ အိမ်ကွင်းရှုံးပွဲ နှစ်ပွဲသာရှိသေးတာမို့ စပါးကို အပြန်အလှန်သွင်းဂိုးတွေနဲ့အနိုင်ယူသွားမှာပါ။

**ည ၉း၃၀ နာရီ**
**ဝီဂန် - ဝက်စ်ဟမ်း**
**ပ-ကျော့ရလဒ် ၁-၃**

အိမ်ရှင်ဝီဂန်တို့ ဇယားအောက်ခြေက အသင်းဖြစ်တာမို့ ဒီအိမ်ကွင်းပွဲမှာ အနိုင်သုံးမှတ်လိုအပ်နေပါတယ်။ ပထမအကျော့တုန်းက ဝက်စ်ဟမ်းနိုင်ခဲ့ပေမယ့် ဒီပွဲမှာတော့ အိမ်ကွင်းမှာ ရုန်းမယ့် ဝီဂန်ကိုရွေးချင်ပါတယ်။

__၁၈ မေ၊ ဗုဒ္ဓဟူး__

**နံနက် ဝ၁း၁၅ နာရီ**
**မန်စီးတီး - စတုတ်**
**ပ-ကျော့ရလဒ် ၁-၁**

မန်စီးတီးဟာ အာဆင်နယ်ကိုမီဖို့ အမှတ်လိုသေးပေမယ့် ဒီပွဲနိုင်ခဲ့ရင် ထိပ်ဆုံးလေးသင်းစာရင်းထဲ ပါနေဦးမှာမို့ ကြိုးစားကစားသွားမှာပါ။ မန်စီးတီးတို့ ဒီရာသီမှာ အိမ်ကွင်းရှုံးပွဲနှစ်ပွဲသာရှိပြီး ရလဒ် ကောင်းနေတာကြောင့် စတုတ်ကို နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်ပါတယ်။






7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011



# ဘင်လာဒင်၏ ဓာတ်ပုံများ ထုတ်ပြန်မည်မဟုတ်ဟုဆို

**ဝါရှင်တန်၊ မေ - ၅**

သေဆုံးနေသော အိုစမာဘင်လာဒင်၏ဓာတ်ပုံများကို မထုတ်ပြန်သင့်ဟု အမေရိကန်သမ္မတဘားရက်အိုဘားမားက ဆုံးဖြတ်လိုက်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ဘင်လာဒင် သေဆုံးခြင်းမရှိကြောင်း လုပ်ကြံဇာတ်လမ်းများအားတန်ပြန်ရန် ဘင်လာဒင်၏ရုပ်အလောင်းပုံများ ထုတ်ပြန်ရမည်လားဆိုသည်ကို အမေရိကန်အရာရှိများက ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

သို့သော် ၎င်းဓာတ်ပုံများသည် ခံစားချက်များကို မီးလောင်ရာလေပင့်ဖြစ်စေနိုင်သည်ဟု မစ္စတာအိုဘားမားက ယုံကြည်နေပြီး "ဒါတွေကို ဆုဖလားတွေအနေနဲ့ လှည့်လည်ပြသနေမှာ မဟုတ်ပါဘူး"ဟု အိုဘားမားကပြောကြားသည်။

မေလ ၁ရက်နေ့ကပြုလုပ်ခဲ့သည့် အမေရိကန်အထူးတပ်ဖွဲ့များ၏ စစ်ဆင်ရေးတွင် အိုစမာဘင်လာဒင်အား ပစ်သတ်နိုင်ခဲ့သည်။

CBS တယ်လီဗေးရှင်းမှ ထုတ်လွှင့်မည့် မိနစ် ၆၀ အစီအစဉ်တွင် မစ္စတာအိုဘားမားက ၎င်း၏ဆုံးဖြတ်ချက်ကို ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

အမေရိကန်အစိုးရက ကမ္ဘာကြီး၏ တုံ့ပြန်မှုကိုစောင့်ကြည့်အကဲခတ်နေကြောင်း၊ ဘင်လာဒင်သေဆုံးသွားသည်ဟု အယ်လ်ကိုင်ဒါအဖွဲ့က ယုံကြည်သွားသည်မှာ သံသယရှိစရာမလိုကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျေကာနီကလည်းပြောကြားသည်။

"ဒီကိစ္စကို ငြင်းဆန်နေတဲ့လူတချို့ရှိပါလိမ့်မယ်။ သေချာတာကတော့ ဒီကမ္ဘာမြေပေါ်မှာ ဘင်လာဒင်လမ်းလျှောက်နေတာကို ခင်ဗျားမြင်တွေ့ရမှာမဟုတ်တော့ဘူး"ဟု မစ္စတာအိုဘားမားက ပြောကြားသည်။

*—Ref: BBC*

# အမေရိကန်က ဘင်လာဒင်အားသတ်ဖြတ်ခဲ့ခြင်းအတွက် ဟားမားစ်ခေါင်းဆောင် ရှုတ်ချ

**ဂါဇာ၊ မေ - ၃**

အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်အား အမေရိကန်က သတ်ဖြတ်ခဲ့ခြင်းကို ဟားမားစ်အဖွဲ့ခေါင်းဆောင် အစ္စမေးဟာနီယက်က ရှုတ်ချပြောဆိုလိုက်သည်။

သို့သော် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်ကမူ ဘင်လာဒင် သေဆုံးခြင်းမှာ ငြိမ်းချမ်းရေးအတွက် ကောင်းကြောင်းပြောကြားသည်။

"ဒါဟာ ရက်စက်ယုတ်မာတဲ့ အမေရိကန်ရဲ့မူဝါဒကို ဆက်လက်လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်" ဟု ဟားမားစ်အဖွဲ့ခေါင်းဆောင်က ဂါဇာမြို့တွင် သတင်းထောက်များအားပြောကြားသည်။

အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အစ္စရေးနိုင်ငံတို့က အကြမ်းဖက်အဖွဲ့အစည်းဟု မှတ်ယူထားသည့် ဟားမားစ်အဖွဲ့သည် ယခုရက်သတ္တပတ်အတွင်း အီဂျစ်နိုင်ငံကိုင်ရိုမြို့တွင် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ဦးဆောင်သည့် ဖတာအဖွဲ့နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

လောလောဆယ်တွင် ဟားမားစ်အဖွဲ့က ဂါဇာဒေသကို ထိန်းချုပ်ထားပြီး မာမွတ်အဘတ်စ်၏ ဖတာအဖွဲ့က အနောက်ဘက်ကမ်းခြေဒေသအား အုပ်ချုပ်နေကြောင်းသိရသည်။

*—Ref: Bloomberg*




# ဘင်လာဒင်အား လုပ်ကြံပုံဇာတ်ကား ရိုက်ကူးရန်ပြင်ဆင်

**ဘော့ဂျင်း၊ မေ - ၃**

နာမည်ကျော် Hurt Locker ဇာတ်ကားကို ဖန်တီးခဲ့သည့် ဒါရိုက်တာ ကတ်သရင်းဘစ်ဂျလိုသည် မကြာသေးမီက သေဆုံးခဲ့သည့်အယ်လ်ကိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်အား လုပ်ကြံပုံအကြောင်း ရုပ်ရှင်ကားကိုစတင်ရိုက်ကူးရန် ပြင်ဆင်နေပြီဖြစ်ကြောင်းသိရသည်။ ဘစ်ဂျလိုသည် ၂၀၀၈ ခုနှစ်အတွက် အော်စကာဆုကို Hurt Locker ဇာတ်ကားဖြင့် ရရှိထားသူဖြစ်သည်။

ဟောလိဝုဒ် ရီပိုတာသတင်းဝက်ဘ်ဆိုက်၏အဆိုအရ ဘစ်ဂျလိုသည် ထိုရုပ်ရှင်အမည်ကို Kill Bin Laden ဟုအမည်ပေးထားပြီး ယခင်က မဟာမိတ်တပ်ဖွဲ့များက ဘင်လာဒင်အား ဖမ်းဆီးမိရန်ကြိုးပမ်းခဲ့ပုံများကို အခြေခံထားခြင်းဖြစ်သည်ဟုသိရသည်။ ဘစ်ဂျလိုသည် ယင်းဇာတ်ကားအတွက် The Hurt Locker တွင်ဇာတ်ညွှန်းရေးခဲ့သူ မာ့ခ်ဘိုအယ်လ်နှင့်ပူးတွဲကာ သရုပ်ဆောင်များ ရှာဖွေနေချိန်တွင် မကြာသေးမီက ဘင်လာဒင်သေဆုံးသည့်သတင်းကိုကြားခဲ့ရသည်။ ယခုအခါ ဘင်လာဒင်သေဆုံးသွားပြီဖြစ်၍ ဒါရိုက်တာဘစ်ဂျလိုသည် ဇာတ်လမ်းကို အနည်းငယ်ပြင်ဆင်ကာ ရိုက်ကူးရန်ပြင်ဆင်နေသည်ဟုလည်း နီးစပ်သူတစ်ဦးကပြောသည်။ အမေရိကန် အထူးတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် မေလ ၁ ရက်နေ့တွင် ပါကစ္စတန်၌ ဘင်လာဒင်အား အသေဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

*—Ref: Xinhuanet*



7 DAY NEWS JOURNAL
Vol.10, No.8 • MAY 12, 2011

# အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တိုးတက်အောင်လုပ်ဆောင်ရန် ပါကစ္စတန်အား နေတိုးတိုက်တွန်း



**ဘရပ်ဆဲလ်၊ မေ - ၅**
အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးတွင် တိုးတက်မှုရှိအောင်လုပ်ဆောင်ရမည်ဟု နေတိုးအဖွဲ့အကြီးအကဲက ပါကစ္စတန်နိုင်ငံအား တိုက်တွန်းပြောကြားခဲ့ပြီး အိုစမာဘင်လာဒင်အား ရှင်းလင်းရေး အစ္စလာမာဘတ်မြို့အနီး၌ ပြုလုပ်ခဲ့သည့် ကွန်မန်ဒိုစစ်ဆင်ရေးမှာ တရားမျှတကြောင်းပြောကြားသည်။

အကြမ်းဖက်သမားများ၊ အစွန်းရောက်များအား တိုက်ဖျက်ရေးတွင် ပိုမိုအားဖြည့်လုပ်ဆောင်ရန် ပါကစ္စတန်အာဏာပိုင်များအား တိုက်တွန်းအားပေးခဲ့ကြောင်း၊ အထူးသဖြင့် ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ်ဒေသတွင် ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း နေတိုးအဖွဲ့အတွင်းရေးမှူး အန်ဒါစ်ဖော့ဂ်ရက်မတ်ဆန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်ပြောသည်။

နယ်စပ်ဒေသတွင် အကြမ်းဖက်သမားများနှိမ်နင်းရေးနှင့်ပတ်သက်၍ နေတိုးအဖွဲ့ကလည်း ပါကစ္စတန်အစိုးရ၊ ပါကစ္စတန်စစ်ဘက်နှင့် ပိုမိုပူးပေါင်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း မစ္စတာရက်မတ်ဆန်က ဆက်လက်ပြောကြားသည်။

အမေရိကန်ကွန်မန်ဒိုများက ရှင်းလင်းခဲ့သည့်အချိန်အထိ အယ်လ်ကိုင်ဒါခေါင်းဆောင် ဘင်လာဒင်သည် ပါကစ္စတန်မြို့တော်အနီးအနားမှာပင် အိမ်ကြီးအိမ်ကောင်းနှင့် မည်ကဲ့သို့ အနှောင့်အယှက်ကင်းကင်း နေထိုင်နေနိုင်သည်ဆိုခြင်းနှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံက ကာကွယ်ပြောဆိုနေရသည်။

သို့သော် နေတိုးအဖွဲ့အနေဖြင့် ပါကစ္စတန်နှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရက်မတ်ဆန်က အခိုင်အမာပြောကြားသည်။—*Ref: AFP*

## ပါကစ္စတန်ရှိ အမေရိကန်သံရုံး ရက်အကန့်အသတ်မရှိ ပိတ်

**အစ္စလာမာဘတ်၊ မေ - ၄**
အယ်လ်ကိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သေဆုံးခဲ့ရာ ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးအား နိုင်ငံသားများ၏ အရေးပေါ် ဝန်ဆောင်မှုများမှလွဲ၍ရက်အကန့်အသတ်မရှိပိတ်ထားလိုက်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံမြို့ကြီးများတွင် အနောက်တိုင်းဆန်သည်ဟု ထင်မြင်ယူဆခံရသော နေရာဒေသများ၌ ပြင်းထန်သည့် ကန့်ကွက်ဆန္ဒပြမှုများ အချိန်မရွေးဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်သံရုံးက ၎င်း၏ နိုင်ငံသားများအား သတိပေးထားသည်။

လာဟိုးမြို့၊ ပက်ရှ်ဝါမြို့နှင့် ကရာချိမြို့ရှိ အမေရိကန်သံတမန်ကိုယ်စားလှယ်များကိုလည်း အရေးပေါ် ဝန်ဆောင်မှုများအတွက်မှလွဲ၍ ပိတ်ထားမည်ဖြစ်ကြောင်း သံရုံးက ကြေညာချက်ထုတ်ပြန်ထားသည်။ ပုံမှန် ပြန်လည်ဖွင့်လှစ်မည့်ရက်ကိုလည်း သံရုံးက ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။

လှုပ်လှုပ်ရှားရှားနှင့် မရေရာသည့်လက်ရှိအခြေအနေများကြောင့် အမေရိကန်နိုင်ငံသားများအနေဖြင့် နေအိမ်၊ ဟိုတယ်ပြင်ပသို့ ခရီးသွားခြင်းကိုကန့်သတ်သင့်ပြီး လူစုလူဝေးများဖြင့် ဆန္ဒပြပွဲများအားရှောင်ရှားနေသင့်ကြောင်း သံရုံးကတိုက်တွန်းထားသည်။

ကမ္ဘာတစ်ဝန်းရှိ အမေရိကန်အစိုးရရုံးများ၊ ဌာနများတွင်လည်း လုံခြုံရေးသတိရှိမှုမြှင့်တင်ထားကြောင်း သံရုံးကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ —*Ref: UPI*

# ဖူကူရှီးမားစက်ရုံအနီး ပင်လယ်ကြမ်းပြင်တွင် ရေဒီယိုသတိကြွမှုမြင့်မားနေ



**တိုကျို၊ မေ - ၃**
မကြာသေးမီက ဂျပန်ငလျင်လှုပ်ခတ်မှုကြောင့် ပေါက်ကွဲခဲ့သော ဖူကူရှီးမားအမှတ်-၁ နျူကလီးယားဓာတ်အားပေးစက်ရုံအနီး ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်တွင် တိုင်းတာချက်အရ ယင်းနေရာ၌ ရေဒီယိုဓာတ်ရောင်ခြည်သတ္တိကြွမှုမှာ ပုံမှန်ထက် ပိုမိုမြင့်မားနေကြောင်း တွေ့ရသည်ဟု ဒေသခံမီဒီယာများက ဖော်ပြလိုက်သည်။ ဂျပန် ကျိုဒိုသတင်းဌာန၏ ဖော်ပြချက်အရ အဆိုပါ ပင်လယ်ကြမ်းပြင်ရှိ အောက်ခြေအနက် မီတာ ၂၀ မှ ၃၀ အတွင်း နေရာကို မြေသားနမူနာယူ၍ စမ်းသပ်ကြည့်ခဲ့ရာ ရေဒီယိုဓာတ်ရောင်ခြည်သတ္တိကြွမှုအလွန်မြင့်မားနေကြောင်းတွေ့ရသည်ဟု ယင်းနျူကလီးယားစက်ရုံကို လည်ပတ်နေသော တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီကပြောသည်။ ဂျပန်အစိုးရနှင့် ယင်းနျူကလီးယားစက်ရုံတာဝန်ရှိသူများသည် ပေါက်ကွဲခဲ့သောစက်ရုံမှ ဓာတ်ရောင်ခြည်ဖြာထွက်မှုကိုထိန်းချုပ်နိုင်ရန် ကြိုးစားနေရဆဲဖြစ်သည်။ သတင်းများအရ ယင်းစက်ရုံသည် ရေဒီယိုဓာတ်ရောင်ခြည်သတ္တိကြွဓာတ်ပစ္စည်းများ ယိုစိမ့်ထွက်နေဆဲဖြစ်ကြောင်းသိရသည်။

—*Ref: Xinhua*

# အယ်လ်ကိုင်ဒါအဖွဲ့၏ လက်စားချေတိုက်ခိုက်မှုများရှိနိုင်ဟု အမေရိကန်သတိပေး



**ဝါရှင်တန်၊ မေ - ၃**
အမေရိကန်တပ်ဖွဲ့များ၏ လက်ချက်ကြောင့် အိုစမာဘင်လာဒင်သေဆုံးခဲ့သည့်အတွက် အမေရိကန်၊ ဥရောပနှင့် ကမ္ဘာတစ်ဝန်းရှိ အနောက်နိုင်ငံပစ်မှတ်များအား လက်တုံ့ပြန်တိုက်ခိုက်မှုများ ရှိလာနိုင်ကြောင်း အမေရိကန်အစိုးရက သတိပေးပြောကြားသည်။

အယ်လ်ကိုင်ဒါအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခြင်းကြောင့် အမေရိကန်ပြည်တွင်းနှင့် နိုင်ငံရပ်ခြားရှိ အမေရိကန်၊ အနောက်နိုင်ငံများနှင့်ပတ်သက်သည့် နေရာဌာနများအား လက်စားချေတိုက်ခိုက်မှုများဖြစ်ပေါ်လာနိုင်သည်ဟု ထောက်လှမ်းရေးအသိုင်းအဝိုင်းက သုံးသပ်ထားကြောင်း အမေရိကန်အမိမြေလုံခြုံရေးဌာနကပြောကြား သည်။

ယင်းတိုက်ခိုက်မှုများအား ပါကစ္စတန်နိုင်ငံ၏ လူမျိုးစုများနေထိုင်ရာဒေသရှိအမာခံအယ်လ်ကိုင်ဒါအဖွဲ့ဝင်များကသော်လည်းကောင်း၊ အယ်လ်ကိုင်ဒါ ပြည်ပအဖွဲ့အစည်းများမှသော်လည်းကောင်း၊ ၎င်းတို့နှင့်ပတ်သက်သူများမှသော်လည်းကောင်း ပြုလုပ်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

တောင်အာရှတွင် တုံ့ပြန်မှုအပြင်းထန်ဆုံးဖြစ်လာနိုင်သည်ဟု မျှော်လင့်ထားသော်လည်း အခြားကမ္ဘာ့နေရာများတွင်လည်း တုံ့ပြန်မှုများရှိနိုင်ကြောင်း၊ ဥရောပတွင်လည်းဖြစ်ပေါ်နိုင်ကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ တိုက်လိုက်မှုများဖြစ်ပေါ်ပြီးနောက်ပိုင်း ဖွဲ့စည်းခဲ့သည့် ထောက်လှမ်းရေးအသိုင်းအဝိုင်း (IC)၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ —*Ref: AFP*





# လစ်ဗျားခေါင်းဆောင်များအပေါ် ဖမ်းဝရမ်းများ ထုတ်ပြန်ဖွယ်ရှိ

ကုလသမဂ္ဂ၊ မေ - ၄

လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်း စွဲချက်များဖြင့် လစ်ဗျားအရာရှိကြီးသုံးဦးအပေါ် ဖမ်းဝရမ်းများ ထုတ်ပြန်နိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သည်ဟေ့ဂ်မြို့အခြေစိုက် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး(ICC)၏ ဥပဒေအရာရှိတစ်ဦးကပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီရှေ့မှောက်၌ အစီရင်ခံရာတွင် ICC ဥပဒေအရာရှိ မစ္စတာလူးဝစ် မိုရီနိုအိုကန်ပိုက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီအား အရပ်သားများအပေါ် အင်အားသုံးနှိမ်နင်းခြင်းနှင့် ပတ်သက်၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တညီတညွတ်တည်းတိုက်တွန်းခဲ့ကြသည်။

စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုဆိုင်ရာအထောက်အထားများတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများအား ပစ်ခတ်ခြင်း၊ အကွက်ချ၍ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ နှိပ်စက်ခြင်း စသည့်ပြစ်မှုများပါဝင်ကြောင်း ICC ဥပဒေအရာရှိက ပြောကြားသည်။

စစ်ပွဲအတွင်း ရာဇဝတ်မှုများကို မူဝါဒချမှတ်၍ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်း အီဂျစ်နှင့်တူနီးရှားနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် လစ်ဗျားလုံခြုံရေးတပ်ဖွဲ့များသည် လစ်ဗျားနိုင်ငံ၌ ဖြစ်ပေါ်လာနိုင်သည့် ကန့်ကွက်ဆန္ဒပြမှုများအတွက် ပြင်ဆင်နေခဲ့ကြောင်း၊ ဇန်နဝါရီလခန့်မှစ၍ နိုင်ငံခြား ကြေးစားစစ်သားများ ငှားရမ်း၍ လစ်ဗျားနိုင်ငံသို့ ခေါ်ယူခဲ့ကြောင်း နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရား ရုံးရှေ့နေက ဆက်လက်ပြောကြားသည်။

*—Ref: NY Times*



7DAY NEWS JOURNAL

# International


Vol.10, No.8 · MAY 12, 2011

**Interview** စာမျက်နှာ(၄၆)သို့



သန့်ရှင်းသောမီးဖိုများရရှိရေး ပူးပေါင်းဆောင်ရွက်နေသူ ဟီလာရီကလင်တန်၊ ဂျူလီယာရောဘတ်တို့နှင့် ထူးထူးခြားခြားတွေ့ဆုံခြင်း

**News Analysis** စာမျက်နှာ(၃၆)သို့



သမိုင်းတွင်မည့် စစ်ဆင်ရေး

## လစ်ဗျားနိုင်ငံ မစ်စရာတာမြို့လေဆိပ်အနီး တိုက်ခိုက်မှုများ ပြင်းထန်လျက်ရှိ




**ထရီပိုလီ၊ မေ - ၉**

နေတိုးလေယာဉ်များက အစိုးရ၏ လက်နက်သိုလှောင်ရုံများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေစဉ်မှာပင် လစ်ဗျားနိုင်ငံအနောက်ပိုင်း မစ်စရာတာလေဆိပ်အနီးတွင် မွမ်မာကဒါဖီသစ္စာခံတပ်များနှင့် သူပုန်များ ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြကြောင်းသိရသည်။

မစ်စရာတာမြို့မှာ ရက်သတ္တပေါင်းများစွာ တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ရာနေရာဖြစ်ပြီး ကဒါဖီတပ်ဖွဲ့များနှင့် သူပုန်များအကြား တိုက်ပွဲများကြောင့် လူပေါင်းရာချီ၍ သေဆုံးခဲ့ပြီဖြစ်သည်။ သူပုန်များက ၎င်းမြို့အား ကဒါဖီတပ်ဖွဲ့များက သိမ်းပိုက်မသွားစေရန် ခုခံကာကွယ်နေကြသည်။

မစ်စရာတာမြို့မှာ ဆိပ်ကမ်းမြို့ဖြစ်၍ သူပုန်များ၏ အောင်နိုင်ရေးအတွက်အရေးပါသည့်အပြင် လစ်ဗျားနိုင်ငံအနောက်ပိုင်းတွင် သူပုန်တို့ နောက်ဆုံးထိန်းချုပ်ထားနိုင်သည့်မြို့လည်းဖြစ်သည်။

ထရီပိုလီမြို့အနောက်တောင်ဘက် ဇင်တန်ဒေသရှိ လက်နက်တိုက်များကို နေတိုးတပ်ဖွဲ့ဝင်များက ပစ်မှတ်ထား၍ တိုက်ခိုက်နေခြင်းကြောင့်လည်း အနောက်ဘက်တောင်ပေါ်ဒေသများတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။ သို့သော် အခြားနေရာဒေသများတွင် အခြေအနေမှာ ဆက်လက်၍ လိပ်ခဲတည်းလည်းဖြစ်နေပြီး ဘင်ဂါဇီအပါအဝင် နိုင်ငံအရှေ့ပိုင်းမြို့များကို သူပုန်များက ထိန်းချုပ်ထားကာ မြို့တော်ထရီပိုလီနှင့်အခြားနိုင်ငံအနောက်ပိုင်းမှ မြို့ရွာများအား အစိုးရတပ်များက ထိန်းချုပ်ထားကြောင်း သိရသည်။

—*Ref: Reuters*

## ချူစွမ်းအင်အသုံးပြုမှုနှင့်ပတ်သက် အာဆီယံခေါင်းဆောင်များ ဆွေးနွေး

**ဂျကာတာ၊ မေ - ၈**

ဂျပန်နိုင်ငံတွင် နျူကလီးယားအကျပ်အတည်း ဆက်လက်ဖြစ်ပေါ်နေသော်ငြားလည်း အနာဂတ်တွင် နျူကလီးယားစွမ်းအင်အသုံးချရေး အလားအလာကို အာဆီယံနိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။



(၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲပြီးဆုံးခြင်းအခမ်းအနားတွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အရှေ့တောင်အာရှမှ အချို့နိုင်ငံများသည် နျူကလီးယားစွမ်းအင်အသုံးပြုရေးအတွက် စိတ်ဝင်စားနေကြောင်းပြသခဲ့သည်ဟု အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုကပြောကြားသည်။

သို့သော် မကြာသေးမီက ဖူကူရှီးမားတွင်ဖြစ်ပေါ်ခဲ့သည့် အကျပ်အတည်းများကြောင့်လည်း နျူကလီးယားစွမ်းအင်၏ကောင်းကျိုး၊ ဆိုးကျိုးများကို အပြည့်အဝသိရှိနားလည်နိုင်ရန် ဘက်ပေါင်းစုံက အလိုရှိကြောင်း၊ အန္တရာယ်များကို ကိုင်တွယ်ရန် အဆင်သင့်ဖြစ်သော နိုင်ငံအတွက် နျူစွမ်းအင်အသုံးချရန် ရွေးချယ်နိုင်သော်လည်း အသင့်မဖြစ်သေးသောနိုင်ငံအတွက် ရွေးချယ်စရာမဖြစ်နိုင်ကြောင်း အင်ဒိုနီးရှားသမ္မတက ဆက်လက်ပြောကြားသည်။


ဂျပန်နိုင်ငံတွင် မတ်လ ၁၁ ရက်ကဖြစ်ပေါ်ခဲ့သည့် မြေငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမား ဒိုင်အီချိနျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲခဲ့ပြီးနောက် ဂျပန်အစိုးရသည် ၎င်းတို့၏ အဏုမြူဓာတ်ပေါင်းဖို ၅၄ လုံးအား ဘေးကင်းလုံခြုံမှုရှိ မရှိ ပြန်လည်စစ်ဆေးသုံးသပ်လျက်ရှိသည်။

အာဆီယံအစည်းအဝေးတွင် နျူကလီးယားစွမ်းအင်၏ ဘေးအန္တရာယ်များအပြင်အပြသဘောဆောင်သည့် အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

—*Ref: Antara News*

## ဘင်လာဒင်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ပါကစ္စတန်အား အမေရိကန်တိုက်တွန်း

**ဝါရှင်တန်၊ မေ - ၉**



ယခင်ရက်သတ္တပတ်က သတ်ဖြတ်ခံရသည့် အချိန်အထိ ၎င်းပုန်းအောင်းရာနေရာတွင်အိုစမာဘင်လာဒင်ဆက်လက်နေထိုင်နိုင်ရန် ထောက်ပံ့နေခဲ့သော ကွန်ရက်အား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပါကစ္စတန်နိုင်ငံအား တိုက်တွန်းလိုက်သည်။

အယ်လ်ကိုင်ဒါခေါင်းဆောင်ရှိနေသည့်နေရာကို ၎င်း၏ အရာရှိများသိနေသလားဆိုသည်ကို ပါကစ္စတန်အစိုးရက ဖော်ထုတ်ရမည်ဟု မစ္စတာအိုဘားမားက စီဘီအက်စ်တယ်လီဗေးရှင်း၏ မိနစ် ၆၀ အစီအစဉ်တွင်ပြောကြားသည်။ ထိုအတောအတွင်း ပါကစ္စတန်နိုင်ငံက ထိန်းသိမ်းထားသည့် ဘင်လာဒင်၏ ကျန်ရစ်သူဇနီးများကိုလည်း အမေရိကန်က စကားပြောကြားလိုကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံကမူ အိုစမာဘင်လာဒင်တစ်ယောက် အက်ဘော့တာဘက်မြို့တွင် ပုန်းအောင်းနေသည်ကို မသိရှိပါဟု ငြင်းဆိုသည်။

စာမျက်နှာ(၄၅)သို့

